
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ထုတ်ဝေသူ .... .... .... .... | ဦးထွန်းဝင်း မှတ်ပုံတင်အမှတ် .... (၀၂၀၈) ၂၇၆၊ ဘားလမ်း ရန်ကုန်၊ |
| မျက်နှာဖုံးပန်းချီ.... .... .... | ဦးစန်းလွင်၊ |
| ဘလောက် .... .... .... .... | ခေတ်ဆန်းဘလောက်တိုက်၊ ၇၈အထက်ပန်းဆိုးတန်း ရန်ကုန်၊ |
| ပုံနှိပ်ဌာန .... .... .... .... | ဦးချစ်စိုး၊ မှတ်ပုံတင်အမှတ်........ ၀၁၉၉၊ သီရိဗလ ရောင်စုံပုံနှိပ်တိုက်၊ ၇၈ အထက်ပန်းဆိုးတန်း၊ရန်ကုန် |

ပြည်လုံးကျွတ် စာပေဖြန့်ချိရေးဌာန

ဖလင်စတားစာပေ

အမှတ် ၂၇၆၊ ဘားလမ်း၊ ရန်ကုန်မြို့။


ဗိုလ်မှူး တာရာ (ရဲဘော်သုံးကျိပ်)

# တောင်တန်းဇာကရီ (ဒုတိယပိုင်း)

☆

## တမန်ကြီး၏ဆုံးမခန်း

တလက်မခန့်ထူသော ဗိုလ်ကြီးအောင်မင်းကျော်၏ ဒုတိယ နေ့စဉ်မှတ်တမ်းစာအုပ်ကို ကျွန်တော်သည် တုံလှုပ်သောလက်များဖြင့် စာပွဲပေါ်သို့ ပစ်၍ ချလိုက်မိသည်။ စာအုပ်မှာ အတော်ဟောင်းနွမ်းသလောက် အေးက ကုလားနားသားတွေသည် စုတ်ပြတ်ပြီး ရာသီဥတုဒဏ် နှင့် လက်ပြောင်း လက်လွှဲဒဏ်ကို နှစ်ရှည် လများကောင်းစွာခံစားခဲ့ရကြောင်းကို သက်သေခံနေရှာပါသည်။

ကျွန်တော်၏ဂေါင်းကို ညာဘက်လက်ဖြင့်ပွတ်သပ်ပြီး မတန်ကြာဆောင် ဟာကိုယ်တည်း မတုံမလှုပ် စဉ်းစားနေမိသည်။ ဦးနှော်လည်း ဝေခမန်းဆူပွက်လာခမန်း နေ့စဉ်မှတ်တမ်းတွင်းမှ အချက်အလက်များ၊ အကြောင်းအရာများ၊ အတွေးအခေါ်များအကြောင်းကို အဖန်တလဲလဲစဉ်းစားနေမိ၏။ မကြာခဏပင် သံသယစိတ်တွေသည် ဟိုမှ ဒီမှ တဖွားဖွားပေါ်ပေါက်ခဲ့မိ၏။ စိတ်ကူးယဉ်သော စာရေးနည်းမျိုးလားဟူသောမေးခွန်းသည် ပဌမဦးစွာကျွန်တော်၏

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှ ထွက်ပေါ်လာသောမေးခွန်းအဖြစ် ရုတ်တရက် ထွက်ပေါ်လာတော့၏။ သံသယတွေလည်း ဖြစ်စရာ အခြေအနေရောက်နေသောကြောင့်ပင်ဖြစ်ပေ၏။

ဗိုလ်ကြီး အောင် မင်း ကျော်၏ ရိုးသား ပွင့် လင်း သ လောက် ယောကျ်ားပြီသပြီး တည်ကြည်လှသော ဗမာ့သားကောင်းတယောက်၏မျက်နှာကို ကျွန်တော်သည် ကွက်ကနဲ ပြန်လည်ကာ မြင်ထင်လာတော့၏။ သူ၏ရာဇဝင်တလျှောက်ကလည်း အမဲကွက် မရှိသော အသောက်အစားကင်းသော အပျော်အပါးကင်းသော- စကားနည်းသော အလုပ်တာဝန်မှန်သမျှကို ကျေပြွန်လှသော တပ်ခွဲမှူးတာဝန်ထမ်းဆောင်ခဲ့သူတယောက်အဖြစ်ကို ပြန်လှန်၍သတိရမိ၏။ ဗမာ့ကာကွယ်ရေးတပ်မတော် အရာရှိကြီးပိုင်းက ဗိုလ်ကြီးအောင်မင်းကျော်နှင့်ပတ်သက်၍ အဖက်ဖက်၌ တည်ကြည်သော နူတ်လုံသော အရာရှိတဦးဖြစ်ကြောင်း ထောက်ခံချက်ကိုလည်း ပြေးကာသတိရမိ၏။ ထိုထက် သူနှင့်ကျွန်တော် နှစ်ဦးချင်းတွေ့စဉ်က....

"ကျွန်တော်ကို လူတွေက စိတ်မနှံ့ဘူးလို့ ထင်နေကြတယ်၊ အမှန်ကတော့ ကျွန်တော်ဟာ စိတ်ကောင်းပါတယ်-ကျွန်တော်သိတာတွေ-မြင်တာတွေ-ကြားရတာတွေ- ခံစားချက်ဇာတ်ကြောင်းတွေကို ပြန်လှန်ပြောရရင် ယုံကြည်မဲ့ သူတဦးတလေမှ မရှိတာနဲ့ ကျွန်တော့ဇာတ်အကြောင်းကို မြှုပ်ပြီး အသာငြိမ်နေခဲ့ရပါတယ်"

ဟူသောသူ၏ ရိုးသားပွင့်လင်းစွာပြောဆိုခဲ့သည့် စကားကြောင်းစကားရင်းတွေကြောင့် သူ၏နေ့စဉ်မှတ်တမ်းတွင်း၌ ပါရှိသည့်အကြောင်းအရာများသည်စိတ်ကူးယဉ်သက်သက် ရေးသားခြင်းမဟုတ်နိုင်ကြောင်းကို ကျွန်တော်သဘောပေါက်လာပါတော့သည်။

သူ၏ ဒုတိယနေ့စဉ်မှတ်တမ်းစာအုပ်ကို ကျွန်တော်သည် ဖွင့်ကာ ရက်တပါတ်ခန့် စာပိုဒ်တကြောင်းစီကို ကျကျ နန ကရုတစိုက်လေ့



လာဖတ်ရှုခဲ့၏။ အဓိပ္ပါယ်မရှင်းလင်းသော စာပိုဒ်တွေကို လေးငါးကြိမ် အဖန်တလဲလဲဖတ်ခဲ့ပြီး အဓိပ္ပါယ်ရုပ်လုံးပေါ်အောင်စဉ်းစားခဲ့ပေ၏။ ထူးဆန်းလှသော အဖြစ်အပျက်ရက်စွဲများကို ခဲတန်အနီတားပြီး ထိုစာမျက်နှာ၏ထိပ်ပိုင်း၌ စာရွက်နီကလေးကို ပင်အပ်တချောင်းနှင့်ထိုးကာ ထူးခြားချက်အမှတ်အသားပေါ်ပြမှတ်တမ်းတင်ထားခဲ့၏။ သူ၏လက်ရေးလက်သားများမှာ အင်မတန်လှပသောလက်ရေးလက်သားများကဖြင့် မဟုတ်ကြပေ။ အချိန်ကိုလုကာ-သူ၏ နေ့စဉ်ကိုယ်တွေ့ အကြောင်းအရာများကို ကမန်း ကတန်း အချိန်ကိုလုကာ မှတ်တမ်းတင်ခဲ့ရပုံတွေ့ရတော့သည်။ ထိုကြောင့်လည်း စိတ်ကူးယဉ်ယဉ်အခန်းတွေရေးရမှာကလည်း မဖြစ်နိုင်ကြောင်းကို ကျွန်တော်နားလည်မိ၏။ စိတ်ကူးယဉ်ခန်းတွေ ရေးရသောအချိန်အခါသည် စိတ်အေးလက်အေး နှင့် အချိန်ပိုတွေ အဆမတန်ရနေသည့်အခါ၌ စာတလုံးကို လှလှပပ လက်ရေး ကောင်းကောင်းနှင့် ရေးရမည်ဟု ကျွန်တော်တွက်ဆမိပါသည်။

ကျွန်တော့်အနေနှင့်ဗိုလ်ကြီးအောင်မင်းကျော်ကိုအထူးချီးကျူးလိုသောအချက်အလက်များမှာ သူ၏ရိုးသားပွင့်လင်းလှသော အတွေးအခေါ် နှင့် စိတ်နေသဘောထားများပင်ဖြစ်ပေ၏။ ဥပမာသူသည် တောင်တန်းကေရီသခင်မနှင့်တွေ့စဉ် သူ၏စိတ်တွင်း၌ တသက်တွင် တခါမှမပေါ်ပေါက်ဘူးသော မေတ္တာနှင့်သစ္စာအရင်းခံသည့်စိတ်လှုပ်ရှားမှုဝေဒနာ ရုတ်တရက် ကောက်ရလိုက်သလို ခံစားနေရကြောင်းမှတ်တမ်းသည် သူ၏ရိုးသားပွင့်လင်းမှုကို သက်သေခံခြင်းသာဖြစ်၏။

မှတ်တမ်း တရက်တွင် တောင်တန်းကေရီ သခင်မက နာမ် အကြောင်း ရုပ်အကြောင်း ဆွေးနွေးရင်း အင်မတန် နက်နဲလှသော ရုပ်ပိုင်း နာမ်ပိုင်းခန်းများ အခြေအနေအထိ ဆွေးနွေးကြစဉ်တွင်

www.burmeseclassic.com



ဗိုလ်ကြီးအောင်မင်းကျော်အဘို့ တောင်တန်းကေရီ သခင်မ၏ပညာ ပါရမီကို သူ လိုက်မမှီခဲ့ခြင်း၊ ဗုဒ္ဓဘာသာဆိုသည်မှာ မလွယ်လှကြောင်း၊ သူကိုယ်တိုင်အချိန်ရလျှင် သဒ္ဒါသင်္ဂြိုဟ်ကို ပြန်၍တက်ပြီး ရုပ်ပိုင်း- စိတ်ပိုင်း ခွဲသည့်ပညာရပ်ကို ပြန်လှန် လေ့လာရမည်ဖြစ်ကြောင်းကို ဝန်ခံဖော်ပြခဲ့သောနေရာ၌ ဗိုလ်ကြီးအောင်မင်းကျော်အဘို့ သူမသိလျှင်မသိကြောင်း မတတ်လျှင်မတတ်ကြောင်းရိုးသားစွာဝန်ခံတတ်သော "စိတ်ရင်းမှန်" သူတယောက်အဖြစ်ကိုကျွန်တော် တွေ့ရှိရ၏။

နေ့စဉ်မှတ်တမ်း ဒုတိယတနေရာ ရက်ပိုင်းတရက်တွင် သူ၏လက်တွေ့ရောက်ရှိနေရသော ထူးခြားလှသော တောင်တန်းကေရီသခင်မ စံပျော်ရာ အသက်မြို့တော်၏ သာယာမှုများကြောင့် ဘေးနှင့်ပါတ်ဝန်းကျင်တတိုက်၏ အေးငြိမ်းသာယာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံမှုကြောင့် သူ့အဘို့ ဘဝကူးရတဲ့ - မပြောင်းရဘဲနှင့် ကမ္ဘာသစ်တခု သို့မဟုတ် သုဂတိဘုံတခုခု- နတ်ပြည်- နတ်ဘုံ တခုခုသို့ ရောက်ရှိနေသလားဟု စဉ်းစားမိကြောင်းကို သူ၏ အခြေမှုအရင်းခံကာ မှတ်တမ်းတင်ခဲ့သည်။ မှတ်တမ်းတနေရာတွင် သူ၏မျက်စေ့အောက်တွင် တောင်တန်းကေရီသခင်မနှင့် သူ၏အတွင်းပုဂ္ဂိုလ်ကြီးများက နက်နဲလှသော မြန်မာလူမျိုးများ၏ ပညာရပ်များကိုပြသခြင်း၊ သူနှင့် ဗမာတပ်မတော်ရဲမက်များသိရန် တွေ့လိုသော ပုဂ္ဂိုလ်ကြီးများ၏ လက်ငင်းအခြေအနေနှင့် စိတ်ထားကိုသိရှိရန် ရုပ်မြင်သံကြားစက်မှ ဖွင့်ပြသလို ဆေးပြုရောင်ချယ်လှယ်ထားသည့် နန်းတော်တွင် စက်ကိရိယာတစုံတရာ စက်အူတချောင်း ဓါတ်ကြိုး တချောင်းမှမသုံးဘဲ "အမြင်" စခမ်းလို ပြသခြင်းနှင့်ပတ်သက်၍ ဗိုလ်ကြီးအောင်မင်းကျော်သည် အတော်တုန်လှုပ်တွေဝေသွားပုံ တွေ့ရပေ၏။ သူ၏မှတ်တမ်း၌ ငါတို့အား သခင်မကြီးက မျက်လှည့်ပညာ



ရုပ်နှင့်လှည့်စားရအောင်ကလည်း ငါသည် သခင်မကြီး အပေါ်၌ ရိုးသားပွင့်လင်းသောမေတ္တာနှင့် သစ္စာကို ပုံအပ်ပေးလိုက်ခဲ့ပြီဖြစ်၍ တစုံတရာလှည့်စားစရာအကြောင်းမရှိပါ၊ ငါနှင့် တပ်စုမှူးသုံးဦးတို့ အဘို့ ပေါင်းလေးဦးသား၏ မျက်ဝါးထင်ထင် ထူးခြား လှသော "အမြင်" ရုပ်ပုံလွှာများကြောင့် အဖြေရှာမရသော ဆင်ကျင်တုံ တရားများဖြင့် တည်ဥ်လုံးငါ့အဘို့ အိပ်မပျော်နိုင်အောင် စဉ်းစား နေမိတော့၏။ သူ၏ထူးခြားစွာ တွေ့ကြုံမှု အကြောင်းရင်းခံကာ စိတ်ဝေဒနာခံစားမှုကို မှတ်သားမှတ်ချက်များအနေနှင့် တွေ့လိုက်ရပေ၏။

ကျွန်တော်အနေနှင့် ဗိုလ်ကြီး အောင်မင်းကျော် ကိုယ်တွေ့ အကြောင်းအရာများကို သူ၏နေ့စဉ်မှတ်တမ်းတွင် ပါရှိသည့်အတိုင်း စာဖတ်ပရိသတ်များသို့တင်ပြရန်သာ တာဝန်ရှိပေ၏။ ဗိုလ်ကြီးအောင်မင်းကျော်၏ ဖြစ်ပျက်ခဲ့သော ထူးဆန်းလှသည့် ဘဝလမ်းကြောင်းပေါ်မှအတွေ့အကြုံများ၊ နာမ်ဝါဒထွန်းကားမှု-ဆန်းကြယ်မှုများ၊ အတွေးအခေါ်များ-နာမ်၏ တန်ခိုးသတ္တိ အကြောင်းအရာများနှင့်ပတ်သက်၍ စာဖတ်သူများသဘောအတိုင်း ဆုံးဖြတ် ယူဆပိုင်ခွင့်ရှိပေတော့သည်။ စာရေးသူအနေနှင့်လည်း လက်ခံနိုင်သော အပိုင်းများကိုလက်ခံပြီး ခေါင်းထဲ၌ လက်မခံနိုင်သောအချက်များ နာမ်သဘောတရား၏ နက်နဲမှုများနှင့်ပတ်သက်၍ ထူးဆန်းမှု-မယုံကြည်နိုင်စရာ အချက်အလက်များနှင့် ပတ်သက်သော ကိစ္စများကို စဉ်းစားရန် လေ့လာရန် သက်ဆိုင်ရာဗုဒ္ဓဘာသာရေးတွင်ပရိယတ္တိ ပရိပတ္တိဘက်၌ ထွန်းပေါက်ကျော်ကြားသူ ပညာရှိပုဂ္ဂိုလ်ကြီးများနှင့် အချိန်ယူ၍ ဆွေးနွေးတင်ပြရန်ဟူသော မှတ်ချက်များနှင့်သာ မှတ်ထားရ၏။ ဗိုလ်ကြီးအောင်မင်းကျော်၏ နေ့စဉ်မှတ်တမ်း ဒုတိယပိုင်းကို ဆက်လက်၍ရေးသားဖော်ပြသွားပါတော့မည်။ သူ၏ဘဝ

www.burmeseclassic.com

www.burmeseclassic.com



တလျောက်၌ အတွေ့အကြုံများသည် မယုံကြည်နိုင်စရာ အချက်အလက်များရှိနေစေကာမူ အထွေထွေဗဟုသုတအနေနှင့် စာဖတ်ပရိသတ်များသည်မှတ်သားပြီး ဗိုလ်ကြီးအောင်မင်းကျော်၏ အစီရင်ခံခဲ့သော ပညာရပ်များ မှန် မမှန် ကိုယ်တိုင်လေ့လာ ကြည့်ရှုကာ လက်တွေ့စမ်းသပ်နိုင်ကြရန် အထူးပန်ကြား မေတ္တာရပ်ခံအပ်ပါကြောင်း။

× × × ×

အရပ်အမောင်းခန့်ညားသလောက် ဥပတိရုပ်အင်္ဂါ ထူးမြတ်လှသော တမန်ကြီး၏ ဘီးလူးရုပ်စီး တောင်ဝှေးသည် မြေကြီးပေါ်သို့ ဒုန်းတန်ကျရောက်သည့်တပြိုင်နက်ထဲ တမန်ကြီးသည် မျက်စေ့နှစ်လုံးကိုစုံမှိတ်ကာ တစုံတရာအာရုံသွင်းနေပုံတွေ့ရသည်။တခဏ၌ ဒုန်းကနဲတောင်ဝှေးသံအဆုံးတွင် ဝုန်းကနဲ ကောင်းကင်ယံမှ အသံကြီးတသံသည် မမျှော်လင့်ဘဲ ပေါ်ထွက်လာပြီး နေ့ခင်းကြောင်တောင်တွင် လျှပ်တွေပြက်ကာ ဝင်းကနဲ လက်ကနဲ အရောင်တွေ ရုတ်တရက်ပေါ်ထွက်လာပြီး စက္ကန့်ပိုင်းအတွင်း၌ တမန်ကြီး၏ တောင်မွေးအတွင်းသို့ စုပြုံဝင်ရောက်လာပြီး မြေကြီးသည် ဝေါကနဲ ဟီးထွက်သွားပါတော့သည်။

“ဟိတ်-ဘယ်နဲ့ဖြစ်တာလဲ နေ့ခင်းကြီး”

တပ်စုမှူး ဗိုလ်ညွန့်မောင်သည် တုံ့လှုပ်အံ့သြသဖြင့်ယောင်ယမ်းကာ အော်ဟစ်လိုက်မိ၏။ ဗမာတပ်မတော်သား အားလုံး အဘို့၌ အကြီးအကျယ် တုံ့လှုပ်စရာဖြင့် မိမိတို့ခံကတုပ်များ အတွင်းမှ အထက်မြို့တော်မှ တမန်ကြီး၏ အံ့သြထူးဆန်းလှသော လှုပ်ရှားမှုကို ပါးစပ်အဟောင်းသားနှင့် အကြောင်သားကြည့်နေမိကြ၏။



ဝေါကနဲဟီးကာ ထွက်သွားသောအသံကြီးအဆုံးတွင် ရက္ခဗလနှင့်မြင်းတပ်, ခြေလျင်တပ်များ စုဝေးရပ်တည်နေသော မြေတပြင်လုံးသည် အဆတ်ဆတ်တုန်ကာ-ခုံကာ လှုပ်ရှားလာသည့်တပြိုင်နက်ထည်း ကြောက်မက်ဘွယ်ရာအော်ဟစ်သံများသည် တခဲနက် ထွက်ပေါ်လာတော့သည်၊ ရက္ခဗလစီးနင်းသောမြင်းများနှင့် မြင်းစီးသူရဲဘော်များသည်လည်းကောင်း၊ ခြေလျင်တပ်သားများသည်လည်းကောင်း၊ ဆောက်တည်ရာမရနိုင်သည့်ပမာ ဆွေ့ဆွေ့ခုန်ကာ မခံမရပ်နိုင်သောမျက်နှာများ၊ အသံနက်ကြီးများနှင့် အူလှိုက် အသဲလှိုက်အော်ဟစ်နေကြပါသည်။

အင်မတန်ပူလောင်သော သံပြားကြီးပေါ်၌ ခြေချမိသော အဆင်ကျဉ် ကင်းမဲ့သောသူများအဖြစ်မျိုးကဲ့သို့လည်းကောင်း၊ လျှပ်စစ်ဓါတ်ကြိုးပေါ်၌ ခြေစုံရပ်မိသော သူများ၏အန္တရာယ်ကျရောက်မိကြသော သူများအဖြစ်ကဲ့သို့ လည်းကောင်း - ဆွေ့ဆွေ့ခုန်ကာ စူးစူးဝါးဝါးအော်ဟစ်ရင်း လိမ်ကောက်ကာ လက်သီးလက်မောင်းများတန်းခြင်း ကွေးခြင်း၊ တဖြတ်ဖြတ် ရိုက်ခတ်ခြင်းစသည့် အင်မတန်ဝေဒနာခံစားနေရသည့်အသွင်ဖြင့် ရက္ခဗလနှင့် တပ်သားများခံစားနေရသည်ကို တောင်ကုန်းပေါ်မှ မြင်လိုက်ရသော ဗမာ့တပ်မတော်သားများအဘို့ တဝေါဝေါအရေးတကြီး အော်ဟစ်ပြောဆိုသံများ ရုတ်တရက် ထွက်ပေါ်လာတော့၏။

“သိပ်ထူးဆန်းတာဘဲ ဗိုလ်စံလှဘော်.... ဘယ်နဲ့ဖြစ်ကုန်တာလဲဟင်”

ဗိုလ်စိန်ပန်းက အရေးတကြီးမေးလိုက်၏။

“ကမ္ဘာပျက်နေကြပြီဗိုလ်ကြီး-တကဲ့ကိုကြောက်စရာဘဲခင်ဗျာ”

ဗိုလ်ညွန့်မောင်သည် တုန်လှုပ်နေသောအသံကြီးနှင့် တပ်စုမှူးတို့ကို ရုတ်တရက်မေးလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရက္ခဗလ၏ ဝေဒနာခံစားနေသောမျက်နှာမှာ နဂိုရိက အရုပ်ဆိုးနေရာမှ ပိုမို၍အရုပ်ဆိုးဝါးပြီး အလွန်တရာပြင်းထန်သော ဝေဒနာကို ခံစားနေရပြီး ခေါင်းမှ မောက်တိုပင်လျှင် မြေကြီးပေါ်သို့ ကျွတ်ကာကျသွားလေပြီတကား ... ။

“ကိုင်း-မှတ်လော့ရက္ခဗလငမိုက်သား....ဒါဟာပဌမနဲ့ နောက်ဆုံးအကြိမ် သင်ကဲ့သို့သော ငမိုက်သားကို တောင်တန်းကေရီသခင်မကြီး၏ တမန်တော်ဘိုးအာဏာ သတိပေးဆုံးမခြင်းဖြစ်တယ်”

တမန်ကြီးသည် ဘီလူးရုပ်စီးထားသော တောင်ဝေ့ကို မြေပြင်သို့ ဝုန်းကနဲပြန်၍ထောက်လိုက်သည့်နောက်၌ စက္ကန့်ပိုင်းအတွင်း၌ မြေကြီးတုန်ဟီးသံကြီးသည် တန့်သွားလေတော့၏။

“ယခုဒီနေရာက- အကျွန်ုပ်ငမိုက်သားနဲ့ အပေါင်းပါတွေကို မတွေ့မြင်ဘို့ ယခုဤနေရာမှ အမြန်ဆုံးရှောင်ရှားဆုပ်ခွာကြလော့”

ခတ်ထန်သောအသံကြီးဖြင့် ဘိုးအာဏာ- သို့မဟုတ် တောင်တန်းကေရီ၏ တမန်တော်ကြီးက အောက်မြို့တော်ဆီသို့ လက်ညှိုးညွှန်ကာ အမိန့်ပေးလိုက်သည့် တပြိုင်နက်ထည်း နောင်ကြိုးများမှ ရုတ်တရက်ဖြေလွှတ်လိုက်သော ကျွဲ-နွားတိရစ္ဆာန်များအလား ရက္ခဗလနှင့် ၎င်း၏စစ်သူကြီးများမြင်းစီးရဲမက် ခြေလျင်ရဲမက်များသည် သူ့ထက်ငါအလျင်ဦးအောင်ဤမျှကြောက်မက်ဘွယ်ကောင်းသော တမန်ကြီးရှေ့မှောက်နှင့် အန္တရာယ်နယ်မြေမှ လွတ်မြောက်ရန် အတွက် တာကျိုးပေါက်သော ရေအရှိန်အတိုင်း ဝေါကနဲပြေးရှောင်သွားကြသည်မှာ ဖုံများ ထောင်းကနဲ ဖြစ်သွားအောင် ပြေးလွှား ရှောင်ရှားကြပါတော့သည်။

“အင်း....ငမိုက်သားတွေ-ငမိုက်သားဘုရင်ရူးနဲ့ စစ်သူကြီးတွေ [illegible]တဲ့ အမှား လိုက်ခဲ့ကြရင် ဒီထက် ဆိုးဝါးတဲ့ ဘေး [illegible]နဲ့ ရင်ဆိုင်ရမယ်ဆိုတာ နားလည်ကောင်းပါရဲ့လေ....၊



ဘုန်းခြင်းကံခြင်းမတူ- ပါရမီခြင်းမတူဘဲ ဗြမ္မာစိုရိုတရားကင်းမဲ့တဲ့ စိတ်ဆန္ဒတွေနဲ့ ကြံလို့ မှန်ကြပါမလားကွယ်တို့...”

ဘီးလူးရုပ်စီးထားသည့်တောင်ဝေ့ကို ညာဘက်လက်နှင့်အိခြေ ရရထောင်ကာ ဘေးမှ သူ့နောက်ပါအပေါင်းအဖေါ်များကိုပြောသလိုလို၊ ဗိုလ်ကြီးအောင်မင်းကျော်တို့ ဗမာ့တပ်မတော် ရဲမက်များကိုပြောသလိုလိုနှင့် တကိုယ်တည်းပင်ပြောကြားနေသလိုလို အမူအရာဖြင့် တည်ကြည်သောအသံကြီးဖြင့် ပြောကြားလိုက်ပါသည်။

”ဗမာကြီးမှ-ဗမာပါဗိုလ်ညွှန့်မောင်--ကြည့်စမ်း-ခေါင်းပေါင်းထားပုံ၊ ဝတ်ပုံစားပုံ--ဇာတ်တော့ထဲက ဝန်ကြီးတွေ အဆင်အယဉ်ပုံအတိုင်းဘဲဗျို့”

ဗိုလ်စိန်ပန်းသည် လေသံခတ်အုပ်အုပ်နှင့် တမန်ကြီးကိုကြည့်ကာ ဝေဘန်လိုက်သည်။

ဗိုလ်ကြီးအောင်မင်းကျော်အဘို့ တမန်ကြီး၏အမည်မှာ “ဘိုးအာဏာ”ဖြစ်ကြောင်းကို ကရုတစိုက်မှတ်ယူလိုက်ပြီးဖြစ်ပါသည်။ သို့ရာတွင် သူသည် မည်သူကိုမျှ စကားတခွန်းတလေမှမပြောကြားဘဲ သူ တကိုယ်တည်းလေးနက်စွာ စဉ်းစားခဏ်းထုတ်နေမိရှာပါသည်။ ထိုနောက် ဗိုလ်ကြီးအောင်မင်းကျော်သည်-

“ငါသိတာကတော့ ဘိုးသက်ရှည်၊ ဆံပင်ဖြူဖြူနဲ့ အဘိုးကြီး....၊ ခု-တမန်ကြီးက ဘိုးအာဏာ ဘယ်လိုဆက်စပ်နေသလဲဘဲ-သူတို့ချင်းတော့ ကောင်းကောင်းသိကြမှာပါဘဲလေ”

တကိုယ်တည်း ခတ်တိုးတိုးပြန်၍မေးမြန်းနေမိပါတော့သည်။

“ဟဲ့-မင်းလုလင်နှစ်ယောက် အောက်မြို့တော်ကိုပြန်ဘို့ အသင့်ပြင်ကြလဟဲ့၊ မယဉ်ကျေးတဲ့ လူယောကျ်ားတွေကို အလိုအလျော် ယဉ်ကျေးအောင် ဆုံးမသွန်သင်ခဲ့ပြီးကြပြီ-အကျွန်ုပ်တို့ သခင်ကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ရဲမက်တွေကို အခမ်းအနားနဲ့ ကြိုဆိုညွှန်ခံဘို့ရာ စီစဉ်ချက်တွေလုပ်ဆောင်ပြင်ဆင်ကြရအုံးမယ်''

တမန်ကြီးသည် မြင်းဖြူစီးနင်းသော လုလင်နှစ်ဦးကို ချက်ခြင်းအမိန့်ပေးလိုက်ရာ မကြာမီမြင်းဖြူနှစ်ကောင်က သောရထားသည် တမန်ကြီးခြေရင်းသို့ဆိုက်ရောက်လာတော့၏။

ဗိုလ်ကြီးအောင်မင်းကျော်အတွက် မိမိတို့၏အသက်စည်းစိမ်ကို တမင်ကလာ လာရောက်စောင့်ရှောက်ပေးသော မိမိတို့နှင့်တစုံတရာ ရင်းနှီးသိကျွမ်းခြင်းမရှိသေးသည့် တမန်ကြီး ဘိုးအာဏာကို ကျေးဇူးတင်နှုတ်ဆက်ရန်ဆန္ဒရှိသည့်အတိုင်း လှမ်း၍နှုတ်ဆက်ရန် ရှေ့သို့ အတိုးလိုက်တွင်....

''သခင်ကြီးနဲ့ ရဲမက်များ စံမြဲစံနေတော်မူကြပါအုံး၊ သီးခံပြီးအောက်မြို့တော်ကို ချီတက်ရမဲ့အချိန်အခါကို စောင့်လင့်တော်မူကြပါ- မကြာမတင်ကာလမှာ အကျွန်ုပ်နှင့်သက်ဆိုင်ရာ တာဝန်ခံများကိုယ်တိုင် အမြန်ရောက်ရှိပြီး သခင်ကြီးခြေတော်ရင်းမှာ အောက်မြို့တော်ကို ကြွချီဘို့အခါတော် သင့်ကြောင်း လျှောက်တင်ပါ့မယ် သခင်ကြီးရဲ့''

မိမိမေးလိုသောစကားကို တမန်ကြီးဘိုးအာဏာက ကြိုတင် သိလိုက်သကဲ့သို့ မိမိတို့အား လက်ရှိတပ်ချထားသောနေရာတွင် ဆက်လက်စောင့်ဆိုင်းရန် ကျိုးနွံရိုးသားစွာဖြင့် မိမိဆီသို့ မတ်တပ် ရပ်လျက် တောင်းပန်နေသော တမန်ကြီး ဘိုးအာဏာကို ဗိုလ်ကြီးအောင်မင်းကျော်နှင့် ရဲမက်များသည် အံ့သြခြင်း အရင်းခံသော ကျေးဇူးတင်ကြသည့်မျက်နှာတွေနှင့်ကြည့်နေရာမှ ဗိုလ်ကြီးအောင်မင်းကျော်က သူ၏အမိက ရည်ရွယ်ချက်ကို ချက်ခြင်းသတိရကာ--

''ထယိတ်တောင်တန်းကေရီသခင်မကို မောင်တော် သခင်ကြီးက အင်မတန်ဖူးတွေ့လိုကြောင်း လျှောက်ထားလိုက်ပါအဘိုးရယ်''



လှစ်ကနဲအောင်ဟစ်၍ပြောကြားလိုက်ရာ....

''စိတ်ချတော်မူပါသခင်ကြီး၊ တောင်တန်းကေရီသခင်မ ခမျာလဲ အရှင်သားလိုဘဲ သခင်ကြီးကို အောင့်မေ့တသသနဲ့ ရှိနေရှာတော့မယ့် အကြောင်းဥသုံအလုံးစုံကို တမန်ကြီးဘိုးအာဏာ လျှောံထားသံတော်ဦးတင်လိုက်ပါ့မယ် အရှင်သား''

ဦးညွှတ်ကာ ပန်ကြားနှုတ်ဆက်ပြီး တမန်ကြီး ဘိုးအာဏာသည် လာရင်းလမ်းအတိုင်း မြင်းဖြူကြီးနှစ်ကောင် က သောရထားယဉ်ကို အောက်မြို့တော်ဘက်သို့ ခတ်တွင်တွင်မောင်းနှင်ကာ ထွက်ခွါသွားပါတော့သည်။

ဗမာတပ်သားများ၏ ဝမ်းမြောက်ဝမ်းသာ ပြောကြားသံများ လတ်တလောအတွင်း သူတို့မျက်စေ့အောက်မှ ယုံကြည်ရန် ခဲယဉ်းလှသော လက်တွေ့အဖြစ်အပျက်မြင်ကွင်းများကို ပြန်လှန်ပြောကြရင်း တရှုန်းရှုန်းဆူညံနေကြပါတော့သည်။

''တသက်မှာတခါဘဲဟေ့-မှတ်ကြီးရဲ့- အစကတော့ငါတော့င်မျက်စေ့ မှားရသလားလို့ နောက်တော့မှ ဘုရင်ရှူးနဲ့ စစ်သားတွေ ချွေ့ချွေ့ခုန်နေကြမှ တကယ်ဒုက္ခဖြစ်မှန်းသိရတယ်၊ တကယ်ကို အံ့သြစရာပါဘဲကွာ''

ရဲဘော်တယောက်က ကတုပ်တွင်းမှ မတ်တင်ရပ်ရင်းပြောလိုက်သည်တွင်—

''ဒီတချီမှ ဘုရင်ရှူးနဲ့ သူ့စစ်သားတွေ အမြီးကုပ်ပြီး ဆောက်တည်ရာမရစတမ်းတချိုးထဲလက်မြှောက်တော့တာဘဲဟေ့ တွန်းရွှေ''

''ဘယ့်နှဲ့ လဲဆရာ-ဇော်ဝင်း၊ ကျုပ်တို့ဒီတခါ တိုက်စစ်မှာ ရက်ရက်ရောရောထူးဆန်းတဲ့အဖြစ်အပျက်တွေတွေ့နေရတယ်ဗျ''

အချင်းချင်း ဆူညံစွာပြောဆိုဝေဘန်နေကြခိုက်တွင် အောက်မြို့တော်သားများသည် ပေါက်တူးများ တူရွင်းများနှင့်ရောက်ရှိလာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူတို့ဘက်မှ ကျဆုံးသော ၁၀ စစ်သားအလောင်းများကို ခတ်သွက်သွက်တူးကာ မြှုပ်နှံကြပြီး ဇဏ်ရာရရှိသော စစ်သားတွေကို ထမ်းပိုးကာ အမြန်ဆုံးဗမာ့တပ်စခမ်းအနီးမှ ထွက်ခွါသွားကြတော့၏။

"ငါတို့ရဲဘော်တွေ ကင်းကိုချမြဲချ၊ အရင်လက်ရှိတာဝန်အတိုင်း ရှိကြစေ၊ ဘယ်တပ်စိပ်မှ တာဝန်ပေါ့လျော့ခြင်းမရှိရဘူး"

ဗိုလ်ကြီးအောင်မင်းကျော်သည် သူ၏တပ်ဖွဲ့ကို ချက်ခြင်း ပြန်လည်စုစီးကာ တာဝန်အသီးသီးခွဲဝေပေးလိုက်ပြီး-

"ဆက်သွယ်ရေးတပ်စု ဌာနချုပ်ကိုဆက်သွယ်ရေးပို့ဘို့ အသင့်ပြင်"

ဆက်လက်၍အမိန့်ပေးလိုက်ပြီး သူတို့ရောက်ရှိသောနယ်မြေဒေသ ထူးဆန်းသော အကြောင်းအရာများ နှင့် နောက်ထပ် ဌာနချုပ်မှ အမိန့်ညွှန်ကြားချက်များကို တောင်းခံရန် စီစဉ်လိုက်ပါတော့သည်။ ရုံးအုပ်နှင့် ဆက်သွယ်ရေးတာဝန်ကိုယူရသော ဗိုလ်ညွန့်မောင်နှင့် တပ်ကြပ်လေးဦးတို့သည် အသံလွှင့်စက်ကြီးများကို လုံခြုံရာတိုက်အတွင်းမှဆွဲထုတ်လာပြီးအသံလွှင့်သတင်းပို့ရန်ပြင်ဆင်လိုက်ပါသည်။

"အဆင်သင့်ဖြစ်ပြီလား ဗိုလ်ညွန့်မောင်"

ဗိုလ်ကြီးအောင်မင်းကျော်ကမေးမြန်းလိုက်ရာ....

"ခဏနေပါအုံးဗိုလ်ကြီး....အသံလွှင့်စက်တွေ လွှင့်လို့မရ- ဖမ်းလို့မရဖြစ်နေတယ်.... ဟိုဘက်က စက်အသစ်တလုံး ပေးစမ်း ဆရာရွှေအောင်"

အသံလွှင့်စက်အသစ်တလုံးကိုဖွင့်ကာ စမ်းသပ်ကြည့်လိုက်ပြန်ပါသည်။ဗိုလ်ညွန့်မောင်သည် နဖူးမှချွေးပေါက်တွေကျလာအောင် တခုပြီးတခု စက်ကိရိယာများကို လိုက်လန်စစ်ဆေးကြည့်ရှုလိုက်၏။ သို့ရာတွင် ချို့ယွင်းချက်တစုံတရာမျှ မတွေ့ရဘဲ အသံပို့မရ၊ ဖမ်း၍



မရသည့်ကြောင့် ဗိုလ်ညွန့်မောင်နှင့် တပ်ကြပ်ကြီး လေးဦး တို့သည် ကရုတစိုက်ချို့ယွင်းချက်မှန်သမျှကို ရှာဖွေရင်းတိုင်ပင်နေကြစဉ်....

"ဘယ်လိုဖြစ်ထာလဲ-ဗိုလ်ညွန့်မောင်- တောင်ပေါ်က ဆင်းလာတုံးက ဒီစက်တွေကို တခုခုနဲ့ထိခိုက်မိသလား....လားတွေပေါ်က ကျခဲ့သလားဗျာ"

"ဘာမှမဖြစ်ခဲ့ပါဘူးဗိုလ်ကြီး.... ဟောဒီက ဆရာ-ရွှေအောင်နဲ့ ကျွန်တော်တို့ကိုယ်တိုင်စောင့်ကြပ်ပြီး တစုံတရာထိခိုက်မှုမရှိရအောင် ချ ယူခဲ့တာပါဘဲ၊ တဆိတ်ဗိုလ်ကြီးစစ်ဆေးကြည့်ပါ-ဘာမှ မချို့ယွင်းဘဲနဲ့ အသံပို့လို့၊ဖမ်းလို့မရတာ အင်မတန်အစဉ်းစားရခက်နေပါတယ်"

အသံလွှင့်ပညာရပ်ကို တတ်မြောက်ခဲ့သော ဗိုလ်ကြီးအောင်မင်းကျော်သည် စိုးရိမ်သောမျက်နှာဖြင့် အသံလွှင့်စက်များကို အသေးစိပ်ကိုင်တွယ်၍ စက်ကိရိယာအစိပ်အပိုင်းတခုစီ စစ်ဆေး၏၊ဝါယာကြိုးပြတ်ခြင်း၊ ဝက်အူပြုတ်ခြင်း၊ မီးလုံးကျွမ်းခြင်း ဖြစ်မဖြစ်ဖြုတ်၍ ချတ်၍ စနစ်တကျစစ်ဆေးကြည့်ရှုပြီး တစုံတရာချို့ယွင်းချက်မတွေ့မှ စက်ကိုဖွင့်ကြည့်၏။ စက်ဖွင့်၍ရသော်သည်း အသံဝင်ခြင်း၊အသံမိခြင်း တစုံတရာမပေါ်တော့ချေ။

"အရေးထဲမှာကွာ ငါ့နှယ် ဘာတွေဖြစ်နေတယ်မသိရဘူး"

စိတ်မရှည်သည့်မျက်နှာဖြင့် ငြီးတွားရင်း စက်တလုံးပြီးတလုံးကို စစ်ဆေးကြည့်ရှုနေပြန်ပါသည်။ အရာရှိသုံးဦးနှင့် ဆက် သွယ် ရေး ဘက်ဆိုင်ရာ တပ်ကြပ်ကြီးများပါ အသေးစိပ် အပြန်အလှန် စက်တလုံးပြီးတလုံးကို စစ်ဆေးခဲ့ကြပါသည်။ သို့ရာတွင် နှစ်နာရီ နီးပါး ကျိုးစားပန်းစား စစ်ဆေးခဲ့သော်လည်း အသံပို့မရခြင်း ဖြစ်ရမှု အသံတစုံတရာ လက်မခံ၍ မရခြင်း စသည့် အင်မတန် ထူးဆန်းလှသောအဖြစ်အပျက်ကြောင့် အကြောင်းရှာ၍ မရနိုင်သည့် အဆုံး၌

www.burmeseclassic.com

www.burmeseclassic.com



လက်လျော့ကာ စက်ပြင်ဆင်မှုလုပ်ငန်းများကို ခေတ္တ ရပ်နားထား လိုက်ရပါသည်။

"စက်တွေကောင်းနေရက်နဲ့ အသံပို့လို့-ဖမ်းလို့မရတာလော် အခံရခက်ထာ မရှိဘူးဗိုလ်ညွှန့်မောင်"

နဖူးမှ ချွေးပေါက်ကြီးများကို သုတ်ရင်း ဗိုလ်ကြီး အောင်မင်း ကျော်သည် စက်ကြီးများကိုကြည့်ရင်း မှတ်ချက် ချလိုက်တော့၏။

"ကျွန်တော်တို့ ခေါင်းတွေပူနေလို့ ချို့ယွင်း ချက် တခုခု ကို မတွေ့တာလဲဖြစ်နိုင်ပါတယ်ဗိုလ်ကြီး၊ ဒါကြောင့် အေးအေး ဆေး ဆေး အချိန်အခါကြမှဘဲ ဆက်ပြီး ပြင်ဆင် စမ်းသပ်ကြည့်ဘို့ပါအဲ ခင်ဗျာ-၊ ဒါထက် ရက္ခဗလကတော့ ကျွန်တော်တို့ ဗမာ့တပ်သား တွေအပေါ် တသက်လုံးကျေတော့မှာမဟုတ်ဘူး.... အကြီးအကျယ် အရှက်ကွဲထားခဲ့တာကိုး၊ ပြီးတော့ သူ့လက်ရုံးကောင်းဒိတ်ဆိုတဲ့ စစ်သူကြီးနဲ့ စစ်သားတွေလဲ အတုံးအရုံးကျအောင် လုပ်ခဲ့မိတာ ကိုး"

"ဘယ်တတ်နိုင်မှာလဲဗျာ....ဒီအကောင်မျက်နှာ မြင်ရမြင်ရခြင်း ဘယ်လိုအကြောင်းလဲမသိဘူး ပြစ်ပြစ်ခါးခါးမုန်းတယ်၊ အမှန်အ တိုင်းပြောရရင် ဒီဘုရင်စုတ်ကို ကျွန်တော် လည်စေ့ညှစ်သတ်ချင် တဲ့ အင်မတန် ခက်ထန်ကြမ်းတမ်းတဲ့စိတ်တွေ ဟုန်းကနဲ ဖြစ်လာမိ တယ်ဗိုလ်ညွှန့်မောင်၊ ခုတင်က ကျုပ်ပစ်သတ်လိုက်မလို့ဘဲ- ကျုပ် တို့ညွှန့်သည်တွေကလဲဖြစ်ပြန်....ပြီးတော့ ကျုပ်တို့ ရှေ့ရေးတွေနဲ့ အောက်မြို့တော်သားတွေ ဆက်ဆန်ရေးအတွက် ငဲ့လိုက်လို့ပေါ့ ဗျား၊ ဟင်း....ရိုင်ဖယ်ထဲ ကျည်ဆန်တောင်သွင်းပြီးပြီ"

ရုတ်တရက် ခက်ထန်လာသော မျက်နှာကြီးဖြင့် တပ်မှူး အောင် မင်းကျော်သည် ခတ်ဆတ်ဆတ်ပြောလိုက်ပါသည်။



ထိုအခိုက်တွင် ဦးအိုက်စလီတို့ ညီအစ်ကိုနှစ်ယောက်သည် ခါး ကုန်းကုန်းအမူအရာနှင့် အင်မတန်ရိုသေသော လက္ခဏာ များ ဖြင့် ဝင်ရောက်လာကြပြန်၏။

"ခြေဒ်....ဦးအိုက်စလီ မြင်ရဲ့မဟုတ်လား... ရက္ခဗလ· စစ်သား တွေ မြင်းတွေ ကျုပ်တို့ မိုင်းဗုံးနှုတ်ခမ်းစ နင်းမိတာနဲ့ မိုးယံပျံကုန် တာ ဘာမှမကြာကနဲ့နော်....ကျုပ်တို့အံ့ရင်ဖြစ်ပြီးမှ ဦးအိုက်စလီ တို့ ပူရမှာပါ-ဟုတ်လား"

ရင်းနှီးစွာဖြင့် ဦးအိုက်စလီနှင့် သူ၏ညီကို ပွေ့ဖက်ပြီးနှုတ်သိမ် လိုက်သည်။ သို့ရာတွင် ဦးအိုက်စလီတို့ညီအကိုဗျား တပ်မှူး အောင် မင်းကျော်ကို ခါတိုင်းကဲ့သို့ ရင်းရင်းနှီးနှီးမဆက်ဆန်ဝံ့ဘဲ ယခင် ကထက် ပိုမိုရိုသေကိုင်းရှိုင်းနေသည့် လက္ခဏာအမူအရာတွေ ပေါ် လွင်နေတော့သည်။

"ဘာဖြစ်နေကြတာလဲ ဦးအိုက်စလီ ရင်းရင်းနှီးနှီးရှင်းရှင်းလင်း လင်းပြောဆိုဆက်ဆန်ကြပါဗျာ....ကျွန်တော်နဲ့ပတ်သက်လို့ ဘာ တွေမကျေနပ်တာရှိသလဲ၊ ချို့ယွင်းချက်ရှိရင် ခုချက်ခြင်းတင်ပြပါ ဗျာ-ကျွန်တော် ဒီနေရာမှာဘဲ ပြင်ဆင်ပေးပါမယ်"

ရူးစမ်းသောမျက်လုံးကြီးများနှင့်တပ်မှူးအောင်မင်းကျော်သည် ဦးအိုက်စလီတို့ကို အနူးအညွတ်တောင်းပန်လိုက်မှ....

"အို....ဒီလိုမဟုတ်ပါဘူးဗိုလ်ကြီးသခင်ကြီးရဲ့၊ ကျွန်-ကျွန်-ကျွန် တော်တို့ ဗိုလ်ကြီးသခင်ကြီးကို အင်မတန်ရိုသေလွန်းလို့ပါ- ဟော ဟို အောက်ကနေပြီး အထက်မြို့တော်ရဲ့ ဟာမန်ကြီးပြေးသွားမှဗိုလ် ကြီး သခင်ကြီးအကြောင်း ရိပ်မိခဲ့ပါတယ်၊ ဒါကြောင့် အရင်တုန်း ကာလက ကျွန်တော်တို့အမိုက်အမဲတွေ မသိလို့ မုံခန့်ခြင်းမိတာ တွေ ခွင့်လွှတ်ပါလို့ တောင်းပန်ပါရစေခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ….ခက်ပါပြီ၊ အောင်မင်းကျော်ဟာ အောင်မင်းကျော်ပါဘဲဦးအိုက်စ်လီရယ်….ကျွန်တော်ဘာမှ အာရုံမထား အမှတ်မထားခဲ့ပါဘူး- ကျွန်တော်ဟာ ဦးအိုက်စလီတို့လို သွေးသားနဲ့ကိုယ်ဖြစ်တဲ့ မနုဿလူသားစစ်စစ်ကောင်ပါဘဲဗျာ-တမန်ကြီးဘိုးအာကာကတော့ ပြောသွားခဲ့ပါတယ်၊ ကျွန်တော်လဲ အဓိပ္ပါယ်သိပ်ရှင်းရှင်းကောက်လို့မရခဲ့ပါဘူး…သူနဲ့ မြို့တာဝန်ခံ ပုဂ္ဂိုလ်တွေကြိုဆိုရေး လုပ်ငန်းတွေလုပ်ပြီး- ကျွန်တော်တို့ အထက်မြို့တော်ကိုခေါ်မယ်ဆိုတာလောက်ဘဲသဘောပေါက်ခဲ့ပါတယ်၊ ကိုင်းပါလေဒီလိုမတ်တပ်ရပ်ပြီး စကားပြောရတာ ဇိမ်မရှိပါဘူး- ဟောဒီပေါ်က ကွပ်ပစ်ပေါ် ဝိုင်းထိုင်ပြီး ရှေ့အစီအစဉ်တွေ ဆွေးနွေးကြရအောင်လာကြဗျာ"

ပြောပြောဆိုဆိုနှင့် သူတို့တပ်မှူးရုံးရှေ့ကွပ်ပစ်ပေါ်တွင် တပ်မှူးအောင်မင်းကျော်က ဦးအိုက်စလီတို့ညီအစ်ကို၏ လက်ကိုဆွဲကာ ရင်းရင်းနှီးနှီး၊ ဒိုးတူပေါင်ဖက်ရောနှောကာ ထိုင်လိုက်ပြီး….

"ဟော့-ရုံးတာဝန်ရဲဘော်….လ္ဘက်ရည်ကြမ်းတအိုးဆွဲခဲ့ပါဟေ့-ငါးခြောက်ကလေးဘာလေး ဖုတ်ယူခဲ့ကွာ"

လ္ဘက်ရည်သောက်ရင်း ဆွေးနွေးမှုကိုဖန်တီးလိုက်ပါသည်။

ဗိုလ်ကြီးအောင်မင်းကျော်၏ပရိယာယ်မှာ သူသည်သာမန်လူဖြစ်ကြောင်းနှင့် စိတ်ထားမပြောင်းကြောင်းကို ဦးအိုက်စလီတို့လူစုနှင့်ခါတိုင်းရင်းနှီးခဲ့သည်အတိုင်း ယခုအချိန်၌လည်းတစိတ်ထဲတဝမ်းထဲရှိနေကြောင်းကိုလက်တွေ့ပြသရန် စီစဉ်လိုက်ကာ လုပ်ဆောင်ခြင်းတရပ်သာဖြစ်ပေ၏။သူနှင့်နောက်လိုက် ငယ်သားများတို့ တပြေးထဲတသဘောထဲရှိမှ သူတို့၏စစ်ရေးစစ်ရာများ ရပ်တည်မှု၌ အောင်မြင်မည့်အချက်နှင့် သွေးကွဲခြင်း၊ ခြားနားခြင်း၊ စိတ်ဝမ်းကွဲခြင်းသည် ကောင်းသောအဖြစ်အပျက်မဟုတ်ကြောင်းကို တပ်မှူး အောင်မင်း



ကျော်က ကောင်းစွာသဘောပေါက်မိခြင်းကြောင့် ကြိုတင် ပြင်ဆင်လိုက်ကြောင်း ပရိယာယ်တရပ်လည်းဖြစ်ပေ၏။

မကြာမီတောင်ခြေတလျောက်သို့ အမှောင်ပြေဆင်းကာလွှည့်လည်နေသော တပ်မတော်သားရဲဘော်တစု၏ တဟားဟား ရယ်မောသံများထွက်ပေါ်၍လာချေ၏။ ထို့ကြောင့် တပ်မှူးအောင်မင်းကျော်သည် စကားပြောနေရာမှ လှမ်းကာကြည့်လိုက်ရာ နံနက်ခင်းကစွတွင် ရက္ခဗလ ကျွတ်ကျခဲ့သော မောက်တိုကြီးကို ရဲဘော်တယောက်က ကောက်၍ မာန်ပါပါနှင့်ဆောင်းကာလက်တဖက်က ဝါးခြမ်းပြားကို ဓါးလွှတ်ကိုင်သလို ကိုင်ဆွဲရင်း ရက္ခဗလ၏အမူအရာတွေကို အတုခိုးကာ ပျက်လုံးထုတ်နေသည်ကိုတွေ့ရပေ၏။

"သယ်"

ညာဘက်ခေါက်တွင်းမှ ဝါးခြမ်းပြားကို မြေကြီးဆောင့်ကာ ဓါးနှောင့်နှင့်ဆောင့်သလိုလုပ်ပြီး နောက်ပါရဲဘော်များကို ကြိမ်းဝါးလိုက်ပါသည်။

"မှန်ပါ…ကိုယ်ကြီး ဘာအလိုတော်မကျသလဲ-အမိန့်ရှိပါသာရမန်သခင်ကြီး"

ရက္ခဗလ-ပုံ တူလုပ်နေသော ရဲဘော်သည် တစုံတရာ ပြန်လှန်၍ မပြောဘဲ ရဲဘော်များကို ခတ်တည်တည်ဝိုင်း၍ကြည့်နေရာမှတဖန်--

"သယ်"

ထပ်မန်၍ ဟောက်လိုက်ပြန်၏။ အတန်ကြာမှ ထို ရက္ခဗလတု ရဲဘော်က….

"သင်တို့မကြားဘူးလား…ဘာငေးနေကြတာလဲ--၊ ဟောဒီက အမှိုက်တွေ ထင်းတွေ အသယ်ခိုင်းတာကွ"

ဝါး ကနဲ ရယ် မောကာ ချ လိုက် ရာ တောင် ကုန်း ပေါ်မှ ရဲဘော်များပင် ဂယက်ရိုက်ခတ်ကာ ဆူဆူညံညံ တဟားဟား ရယ်

www.burmeseclassic.com

www.burmeseclassic.com



မောလိုက်ကြရပါသည်။ ရက္ခဗလဝှတ်လုပ်နေသော ရဲဘော်ခေါင်းပေါ်မှ မောက်တိုကြီး အဖုံးကိုယခုအခါ၌စက္ကူကပ်ဘူပြားကို လုံးကာ ထိပ်တွင် ကြက်မောက်ပန်းတပွင့် စိုက်ထားသည့်ကြောင့် ယခုအခါ ရက္ခဗလသား ရင်း၏မောက်တိုဟောင်းကို ပြန်ဆောင်းပါက သာရမန်ဘုရင်ကြီးနှင့်မတူတော့ဘဲ ပွဲထဲကလူပျက်တယောက် အဖြစ်သို့ ရောက်ရှိမည်မှာ မလွဲတော့ချေ။

"သာရမန်ကြီး-စိတ်ညစ်နေသလားဘုရား....ဘယ်အရေးဘယ်အခင်းကြောင့် စိတ်ညစ်ပူပင်နေရသလဲဘုရား"

ရဲဘော်တဦးက အမတ်တဦးအသွင်လုပ်ကာ ပဆစ်ဒူးထုပ်ခစားရင်း လျှောက်လိုက်ရာ....

"မပြောပါနဲ့တော့ဟာ-ဒီနေ့မနက်ငါမဟာအရှက်တော်အိုးကြီးကွဲတာ နင်တို့အသိမဟုတ်လား ငါ့မျက်နှာ ခွေးလေးယားသီးနဲ့သာ ပေးစားပစ်ချင်တော့တယ်"

ပူလိုက်တဲ့- ရှက်ရတဲ့မျက်နှာကြီး ရက္ခဗလ အတုရဲဘော်က မန်ပါပါနှင့်ပြောလိုက်ရာ....

"ကိုယ်တော်ကြီး ပူတော်မမူပါနဲ့ မထူးတဲ့အတူ အူတော်မူပါဘုရား"

အမတ်လုပ်သူရဲဘော်က လက်နှစ်ဘက်ကို ဝန်ကြီးမာန်မျိုးနှင့်မ့ကာ မြှောက်ကာ လျှောက်ထားအကြံပေးလိုက်ရာ.... တပ်စခန်းတခုလုံး၌ အုံးကနဲရယ်မောသံကြီးသည် တခဲနက် ထွက်ပေါ်လာချေ၏။

အောက်မြို့တော်တစိုက်ကို ဝိုင်းကာထားသော တောင်တန်းကြီးများကား ပြာလဲ့လဲ့နှင့် အလှကိုဖော်ထုတ်နေသကဲ့သို့ပင်၊ နေချို့ချိကာလပေမို့ ကျေးငှက် တွေကလည်း မာကထာ ကြူး လျက်ပါတကား....။



## သူ့လမ်းနှင့်သူ့စခန်း

အစိမ်းနုရောင် သုတ်ချယ်ထားသော အဆောက်အဦ၏ အတွင်းခန်းတခုဖြစ်ပါသည်။ အခန်းထောင့်များတွင် လှပစွာချိပ်ဆွဲထားသော အမွှေးနံ့တကြိုင်ကြိုင်နှင့် သစ်ခွပန်းမျိုးစုံကိုလည်း ဝေဆာပွင့်လန်းလျက်၊ အရောင်တမိတ်မိတ် တောက်နေသော ကြမ်းပြင်ပေါ်တွင်မူကား-- အမွှေးဖွားဖွားနှင့် ကော်ဇော်ကြီးများ၊ သားတောင်များအရေများဖြင့် အကွက်ကျကျ ခင်းကျင်းထားပါသည်။ အခန်း၏ အရှေ့တောင်ဒေါင့်၌မူ ညောင်စောင်းတခုကို ငွေရောင်ချယ်ကာကတ္တီပါမှိုအုံးနီကြီးများခြံရံလျက် တွေ့မြင်နိုင်တော့သည်။ ညောင်စောင်း၏ခေါင်းရင်းတွင်မူကား- ငွေဖလားကြီးများ ငွေကလပ်ကြီးများ အစီအရီနှင့်သားသော စားပွဲတလုံးကို တွေ့နိုင်ပေ၏။ လပ်ဆပ်သော စားသချင့်ဘွယ် သစ်သီးမျိုးစုံနှင့် ငွေခရဖလားသောက်ရေခွက်များကလည်း အသီးသီး စားပွဲရှည်ကြီးပေါ်တွင် နေရာယူထားပေ၏။ အလှန်တရာအချိုးအစားကျပြီး မြန်မာအနုပညာပြီးသလှသည့် ပန်းတိမ်သည်များ၏လက်ရာကောင်းများဖော်ပြနေယာန်ဖြင့် ငွေထည်ငွေခွက်နှင့် ပန်းအိုးများကို ငွေသားတွင် ယိုးဒယားပန်းခက်-ပန်းနွယ်လူရုပ်၊ နတ်ရုပ်၊ ဘီးလူးရုပ်၊ တိရစ္ဆာန်ရုပ်များနှင့် ထုလုပ်စီစဉ်ထားခြင်းကိုလည်း တွေ့နိုင်ပေ၏။

ဖော်ပြပါ အဆောက်အဦနှင့်မလှမ်းမကမ်းတွင် တည်ရှိနေကြသော အဆောက်အဦများကလည်း မုလစ်မုချွန်များ- ပြသာဒ်များရွှေရောင်တဝင်းဝင်းတောက်ပစွာတွေ့နိုင်ပေတော့သည်၊ ဖော်ပြပါကျယ်ဝန်းသော အဆောက်အဦ ကြီးမှာပင် ပန်းမလ်မျိုးစုံတို့ စိုက်ပျိုးထားရာ ဥယျာဉ်ကြီးတစိုက် လူခြင်းထိခမန်း ဆောင့်မိခမန်းလှည့်လည်စောင့်ကြပ်နေသော အသွားဖွေးဖွေး ဓါး, လှံ, လေး,

www.burmeseclassic.com

www.burmeseclassic.com



မြား့ကိုင် ၀ံ့စစ်သား ရဲဘော်များကိုလည်း ခတ် ဝေးဝေး အရပ်၌ တွေ့မြင်နိုင်ပေလိမ့်မည်။ ဥယျာဉ် မက်မန်းများကို မှုပြင်နေသူ ရေလောင်းနေသူများအဘို့ အလုပ်ရှုပ်နေကြသလောက်၊ ပဌမဦးစွာ တွေ့ရှိရသည့် သီးသန့်အဆောင်တွင်း၌လည်း လူခြင်း ပူးပူး ကပ်ကပ် တိုးတိုးတိတ်တိတ်ပြောဆိုနေကြသော အမျိုးသမီးတစုအဘို့၌လည်း အလုပ်နှင့်လက်နှင့်မအားနိုင်ဖတမ်းရှိချေ၏။

အမျိုးသမီး ငါးယောက်တို့၏ အဝတ်အစားမှာ ရှုတ်တရက် ကြည့်ရခြင်းအားဖြင့် ရှမ်းအမျိုးသမီးဆန်လှသော အင်္ကျီလက်ရှည် တပ် ပိုးထမီခေါင်းတွင် ဖဲအနက် ပေါင်း၍ ရွှေကလားတော့ အကွက်တွေပေါ်အောင် ယက်လုပ်ထားသည့် ဖဲခေါင်းပေါင်းကိုယ်စီနှင့် ရုပ်ရေနုပျိုလှပလှသော အသက်နှစ်ဆယ်တွင်းရှိသည့်မိန်းမပျို ငါးဦးသည် ပန်းကုန်းတကုန်းကို စိတ်ရှည် လက်ရှည် သီကုန်းရင်း စကားခတ် တိုးတိုးလေသံများနှင့် ပြောဆို ဆွေးနွေးနေခိုက် ဖြစ်ပေ၏။

"တောင်ပေါ်က-သခင်မဘုရား မှာထားတဲ့ ဆေးမြစ်တွေလဲ ခုအထိ ရွာသားတွေလာမပို့ဆက်သေးပါကလားနန်းကြိုင်- သတ်မှတ်ထားတဲ့အချိန်နောက်ကျနေရင်-သခင်မကြီးအပြစ်တော်အတင် ခံရလိမ့်မယ်နော်၊ ခေါ်ပြီးမင်းလုလင်တွေ ချက် ခြင်း စေလွှတ်လိုက်ပါကွယ်"

မိန်းမပျိုတဦးသည် ပန်းတပွင့်ကို သီကုန်းနေရာမှ လေသံဖြင့် ပြောလိုက်သည်တွင်....

"ရွာစားတွေ ပေါ့လျော့တဲ့ကိစ္စပါဘဲ နန်းနုရယ်၊ မင်းလုလင် အိုက်ပုလိန်ကို စေလွှတ်လိုက်ပါမယ်၊ ဒါထက် သခင်မ- ဒီတပါတ် ဘုရားဆောင်မှာဝင်ထာ တယ်ကြာပါကလား၊ ဆေးစီရင်နေပုံဘဲ ထင်တယ်၊ နတ်ပွဲတွေအပြင်ခိုင်းလို့ မနက်က ချက်ခြင်းထပြီး စိတ်



သဘောကျ လုပ်ပေးပြင်ပေးခဲ့ရတယ်ကွယ်။ ဒါနဲ့ ဒို့ သာရမန်သခင်ကြီးလဲ ဖြုန်းဖြုန်း ဒိုင်းဒိုင်းနဲ့ စစ်သည်တော်တွေ- မြင်း တွေနဲ့ ခရီးထွက်သွားတာ ခုအထိ ဘာမှသတင်းမရသေးပါကလား- ဒီတခါ မကြာစဘူး ကြာလှချီသားနန်းနုရယ် -ဘာများသခင်မကြီးက အမိန့်တော်ရှိသလဲ"

"ဟီး....ညီးက ဘာလို့ ဒီလောက်သာရမန် သခင်ကြီးအပေါ် ထောက်စိုက်နေရပြန်ပြီလဲနန်းကြိုင်"

"ဟင်း... သာရမန်ကတော် မဟာဒေဝီကြီးနေရာကို ညီးက မှန်းများနေသလား မသိရဘဲကိုး"

"ကောင်မနော် သတိထား-ညီးအရင် ဟို-တောင်ပေါ် သခင်မက ဦးခြင်ဦးမှာအေရယ်"

"ဟို ချီမို့ ပြောရအုံးမယ်... သာရမန်သခင်ကြီးကလဲ အေ ရယ် ယောကျာ်းချေးဖျက်လိုက်တာ လွန်ပါရော- တောင်ပေါ် သခင်မကြီးရယ် မျက်နှာကို ရိပ်ခနဲ ကွက်ခနဲ တခါတွေ့လိုက်ရတာနဲ့ အေ ရယ်-တန်းတန်းစွဲ ငန်းငန်းစွဲဖြစ်နေရတာ ရယ်စရာကောင်းသလော့ ရှက်စရာပါဘဲအေရယ်"

"ဟိုကတော့ ဖုတ်လေတဲ့ငါးပိ ရှိတယ်တောင်မအောင်းမေ့ပုံဘဲ ဒို့လိုက်ရတဲ့လက်ဆောင်တော်တွေ တွက်လိုက်ချက်လိုက်ရတဲ့ ဗေဒင်တွေ၊ ချေလိုက်ရတဲ့ ရတြာတွေ၊ တောင်ပေါ် သခင်မကြီးကိုရဘို့ အားတိုင်းအားတိုင်း သူ့ လက်စွဲတော်ကြီးတွေဖြစ်တဲ့ သေနက စစ်သူကြီး၊ နန္ဒိယစစ်သူကြီးနဲ့ တိုင်ပင်လိုက်ရတာလဲအမောတခေါ်ကြီး ပါကွယ်"

"အင်း....ညီးပြောတော့လဲ အပြစ်တင်စရာဘဲ-နန်းနုရယ်၊ အမှန်ကတော့ ဒို့ မိဘ ဘိုးဘွားတွေ ကြားဘူး ပြောဘူး တာကတော့.... တောင်ပေါ် သခင်မကြီးလောက် ချောတဲ့ လှတဲ့ အမျိုး သမီးကို

www.burmeseclassic.com

www.burmeseclassic.com



သူတို့တသက်မှာ တခါမှမတွေ့ဘူးမမြင်ဘူးဘူးတဲ့ အေရယ်၊ အသား ကလဲ ဖြူဝင်းနေပြီး၊ ကြည့်ရင်းကြည့်ရင်းနှင့် ပဲ့ပြီး ကြေကျတော့မဲ့ အသွင်ဘဲဆိုဘဲနန်းနု၊ ဆံပင်တို့ မျက်ခုံးတွေကလဲ နက်မှောင်ပြီး အရောင်တွေ တဖိတ်ဖိတ်တောက်နေပြီး မျက်နှာကိုကြည့်မိရင်ယောကျ်ား ရင်မကြီးမပြောနဲ့ မိန်းမတွေတောင် မျက်တောင်မခတ်နိုင်စတမ်း အင်မတန်လှပကျော့ရှင်းတယ်ဆိုဘဲ၊ ပြီးတော့ တခုထူးခြားတာ ကတော့ တောင်ပေါ်သခင်မကြီးမျက်နှာကိုကြည့်မိတဲ့ ယောကျ်ား မိန်းမဖြစ်ဖြစ် ရင်ထဲမှာတခါထဲ အေးကျသွားပြီး သူတော်ကောင်း စိတ်တွေ တားမရအောင် တဖွားဖွားပေါ်နေတော့တယ်ဆိုဘဲ”

“ဒါဖြင့်… ဒို့သခင်မနဲ့ ဘယ်သူကလှပါလိမ့်မလဲ ကဲပြောစမ်း နန်းကြိုင်၊ ညီးက တောင်ပေါ်သခင်မကြီးကို တခါမှမဖူးမျှော်ရဘူး ဘဲနဲ့ ပြောသံကြားနဲ့ တရားနာလုပ်နေလိုက်တာ ဘယ်သူက ဒို့ အပေါ်မှာ ကျေးဇူးတွေရှိသလဲနန်းကြိုင်၊ ညီးတို့ငါတို့ဟာ သာရမန် ကြီးရယ့် ကျေးဇူးသစ္စာတော်နဲ့ နှမတော် သခင်မကြီးရဲ့ ကျေးဇူး သစ္စာကို စောင့်သိရမယ်နော်”

“ပြောတော့မှာပေါ့အေးရယ်….နန်းနုရယ်၊ ညီးက မကြာခင် သာရမန်ကြီးရဲ့ မဟာဒေဝီကြီးအဖြစ်ကို ရောက်တော့မှာကိုး၊ ငါလဲ မြင်လိုက်ပါတယ်အေရယ်…. တခါက အဆောင်ကူးလေးမှာလေ…. ညီးကို သာရမန်ကြီးက အတင်းဆွဲပြီး”

“ရှူး….ရှူး….နန်းကြိုင်တိုးတိုး အပြင်ကိုပေါက်ကြားသွားလို့ တဆွေလုံးတမျိုးလုံး ဓါးစာ ဖြစ်ကုန်ပါအုံးမယ်ကွယ်- ရင်တုံလှချည် နန်းကြိုင်ရယ်….အဲဒီ တုန်းက ငါအတင်းငိုယိုပြီး ရုန်းကန် ပြေးတုန်း သခင်မကြီးရောက်လာလို့ တော်သေးတာပေါ့ကွယ်၊ ရှက်လိုက်တာ လဲ သေချင်ပါရောကွယ်”



ထိုအခိုက်တွင် နန်းတော်၏အရှေ့ဆီမှ အချက်ပေးသည့် အသံ နှောင်ဒိုင်း ဟူသော အသံကြီးတသံ ရုတ်တရက် ထွက်ပေါ်လာပါ တော့၏။

အမျိုးသမီးတစုသည် ရုတ်တရက်သတိရကာ ပျာပျာသလဲ ဖြစ် သွားပြီး….

“ဟယ် ကောင်မတွေ….သခင်မကြီး အတွက် သစ်သီးပွဲ ပြင်ပြီး ပြီလား၊ သခင်မကြီး ဘုရားခန်းဝင်ပြီး ဆေးစီရင်တာပြီးလောက်လို့ ထွက်လာရင် ပွဲတော်တည်ချိန်မှာ အဆင်သင့် မဖြစ်ရင် အားလုံး ခေါင်းမီးကျသွားမယ်တော့…. ပြင်ကြဆင်ကြ”

အချင်းချင်းနှိုးဆော်ကာ အရေးတကြီး နံနက်စာသစ်သီးပွဲတော် တည်ရန် ပြင်ဆင်မှုများကို ခတ်သုတ်သုတ် ပြုပြင်ခင်းကျင်းလိုက်ပါ သည်။ မကြာမီ ဘုရားခန်းအတွင်းမှ ချောင်းသံတချက် ထွက်ပေါ် လာပြီးနောက် ပိုးကတ္တီပါအနီကို ဖြူဖွေးသောလက်ချောင်းကလေး များက အသာဆုပ်ကိုင်ကာ ကန့်လန့်ကာကြီးကို ဘေးသို့ဖယ်လိုက် သည်ကိုတွေ့ရပါသည်။ ပိုးကတ္တီပါကန့်လန့်ကာကြီး ရုတ်တရက် ပွင့် သွားပြီးတခဏ၌ ထောင်းကနဲရေမွှေးနံ့များလှိုင်ကာ အခမ်းအပြင် ဘက်သို့ ရုတ်တရက်ရောက်ရှိလာတော့၏။

“နန်းစု….နန်းကြိုင်….မားကမ်း”

ရှမ်းဘာသာဖြင့် နန်းစု၊ နန်းကြိုင် ခဏလာစမ်းဟူသော အမျိုး သမီး တဦး၏သာယာသောအသံတသံ ရုတ်တရက် ထွက်ပေါ်လာ သည်ကြောင့် သခင်မကြီး၏ဘုရားခန်းထဲသို့ တော်တော်တန်တန်နှင့် ဝင်ခွင့်မရခဲ့သော်လည်း ယခုအကြိမ် ထူးထူးခြားခြားလှမ်း၍ ဘုရား ခန်းထဲသို့ ဝင်ရန်ခေါ်ယူလိုက်သည်အတွက် နန်းစုနှင့် နန်းကြိုင်တို့ နှစ်ဦးသည် ခတ်သုတ်သုတ်သွားကာ ဘုရားခန်းထဲသို့ဝင်ရောက်ခစား မိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သာရမန်ကြီး သို့မဟုတ် အောက်မြို့တော်ဘုရင်ကြီး၏ နမတော် အရင်း 'စောခမ်းနွဲ့' ဟူသောဘွဲ့တော်ဖြင့် တပင်တိုင်မြန်နန်းစံ သခင်မကြီး ဖြစ်သည့်အတိုင်း ဘွဲ့တော်၊ဂုဏ်ဒြပ်တော်နှင့်ကိုက်ညီလှအောင် ရုပ်အဆင်းအင်္ဂါကလည်း လှပပါပေ၏။ ဖြူဆွတ်သော မျက်နှာပြင် ဝယ် မွှေးကော့သော မျက်ခုံး နှစ်သွယ် အောက်မှ တော့ံ့ခပြောင် ထက်မျက်သော မျက်လုံးအစုံတို့ ဘည့်လည်းကောင်း၊အဖျားအနည်း ငယ် ချွန်တန်ပြူသော နှာခေါင်းသည်လည်းကောင်း၊စေ့စပ် သေချာ သလော့ံ နီမြန်းနေသော နှုတ်ခမ်းအစုံသည်တဖုံ၊ လေထဲ၌ ပျံ့လွင့်နေသော ဆံပင်နောက်တွဲထုံးထားသည့် စောခမ်းနွဲ့၏ ရွှေမျက်နှာပြင်မှအလှနှင့် သူမ၏မပိန်လွန်း-မဝလွန်းသော ကိုယ်လုံး ကိုယ်ပေါက်နှင့် သေးသွယ်သောခါးအောက်မှ ပွင့်ကားနေသော တင်သားနှင့် ပြေပြစ်သောခြေသလုံးနှစ်သွယ်တို့မှာလည်း ယဥ်သလိုလိုလှသလိုလို ရှိနေသလောက် သူမ၏ ပိုးသားနနု အစိမ်းနုရောင် လက်ရှည်အင်္ကျီ အနို့တပ်အောက်မှ အချိပ်ဖဲထမီတို့မှာလည်း သူမ၏အလှကို ဆင့်ကဲအောင်ဖန်တီးနေစေပါသည်။သူမ၏သည်ပင်း၌ကား ထူးထူးခြားခြား ပုရင်းပုတီးတကုံးကို ကွခြွေရရဆွဲထားသည်ကို တွေ့လိုက်ရပေ၏။ စောခမ်းနွဲ့သည် ပင်ပန်းမောပန်းနေသောမျက်နှာကလေးဖြင့် သလွန်ထက်မှမှီအုံးကြီးကို အသာမှီကာ တစုံတရာ နက်နက်နဲနဲ စဥ်းစားနေသည့်အသွင်ဆောင်နေပါသည်။ သူမ၏ခေါင်းရင်းပိုင်း၌ ဖဲကတီပါအဝါကြီးကိုခင်းထားသည့် ဘုရားစင်ထက်တွင် ရွှေရောင် တွေ့ ဝင်းနေသော စေတီကလေးတဆူကိုတွေ့နိုင်ပေ၏။ ထိုဘုရားစင် အောက်၌ တတောင်ခန့်မြင့်သောခုံတန်းအရှည်ပေါ်၌ကား ကျော့ံကာ လင်ပန်းကြီးများ၊ ကြေးလင်ပန်းကြီးများနှင့် ကွက်လပ်မကျန် တမ်း ကန်တော့ထားသောနတ်ပွဲများကိုတွေ့နိုင်ပေ၏။ ဘုရားစေတီ၏ အင်္ဂါဒေါင့်၌ ဆီမီးတိုင်များနှင့် အမွှေး တိုင် များ သည် လည်း



မကောင်း၊ နတ်ပွဲများဆီမှ ရေမွှေးနံ့ များကလည်းရှူးရှူးဝါးဝါး မွှေးကြိုင်ပြီး တခမ်းလုံးမွှန်နေခမန်း အခြေအနေသို့ဖန်တီးနေလေသည်။ ကုန်းသီးများကို ရှမ်းဖြူရှမ်းနီများ၊ ပန်းများဖြင့် ပူဇော်ပသထားပြီး ရွှေချထားသောအရုပ်ကလေးများကိုလည်း သူ့ပွဲနှင့်သူ နေရာတကျ တွေ့နိုင်လေသည်။

လက်ပါးစေ ရံရွေတော်နှစ်ယောက် ပုဆစ်ဒူးချထိုင်မိသောအခါ စောခမ်းနွဲ့သည်....

"နောင်တော်သခင်ကြီး ခရီးထွက်ရာက ခုအထိ ပြန်မရော့ံသေး ဘူးလားကွယ်တို့....ဘယ်လိုများ သတင်းထူးကြားသလဲဘဲ နှန်းကြိုင်"

"ပြန်မရောက်သေးပါ သခင်မဘုရား၊ သတင်းတစုံတရာ မကြား မိကြောင်းပါ ထိပ်ထား"

စောခမ်းနွဲ့သည် တချက်ပြုံးလိုက်ပြီး....

"အေးပေါ့လေ၊နန်းကြိုင်တို့ ညီးတို့ဘာမှမသိပေမယ်လို့ သခင်မ ခုတင်က မိဋ္ဌာန်ပြီးအာရုံပြုကြည့်တော့ အကြောင်းအရာအစုံကို သိလိုက်ရပြီ၊ ညီးတို့လဲ မကြာခင် ဒီသတင်းမှန်ကိုကြားရတော့မယ် ကွယ်တို့၊ သခင်မတို့ ရွှေမျဥ်းကြောင်းနယ်နိမိတ်ထဲကို အလွန်သတ္တိရှိ ထက်မျက်တဲ့ ဟိုအဝေးရပ်အောက်နယ်က ဗမာစစ်ဗိုလ်နဲ့ စစ်သား တွေ ဝင်ရောက်ပြီးတပ်စွဲနေကြပြီ"

စောခမ်းနွဲ့သည် ပြောရင်း မျက်တောင်စင်းကာ မှိတ်ကာ ဝေးရပ်ဆီသို့ မှန်းဆကာစဥ်းစားနေသကဲ့သို့ဖြစ်သွားရာမှပြောလိုက်ခြင်း ဖြစ်ပေ၏။

"အင်း.... ခုမှသိရပြီ၊ မြင်ရပြီ၊ ဩြော်...သူ့ကို သခင်မ မြင်ဘူး ပါတယ်၊ ဘယ်မှာတုန်းက.... နေစမ်းအုံး.... နေစမ်းအုံး....ဟင်.... အလို...လက်စသပ်တော့ 'သခင်ကြီး' ပါကလား၊ အမယ်လေးနောင် ကြီးတောင့်ကြုံခဲ့လိုက်ခြင်း၊ ဟင်း....ဟင်း.... မောင်ဘုရား၏ သူ့ကိုပ

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ရန်မူမလို့၊ ဟော....မီးခိုးတွေနဲ့ ပေါက်ကွဲကုန်ပြီ၊ အကျိုးနဲ့ကုန်ပြီ၊ အလို....တမန်တော်ကြီး ရထားကြီးနဲ့ ရောက်လာပြီ၊ဘယ်လို အရေးလဲ....ထူးဆန်းလှချေကွယ်တို့ နန်းကြိုင်တို့၊ နန်းစုတို့ သိပြီသိပြီ၊ မဘုရားသိပြီ၊ ဖြစ်ရသေ မောင်တော် သခင်ကြီးရဲ့ အဝတ်အစားတွေပြောင်းခဲ့ပေမဲ့၊ ခန္ဓာနာမ်အိမ် ပြောင်းခဲ့ပေမဲ့ ရုပ်မျက်နှာကတော့ အရင်အကိုင်းပါကလား သခင်ကြီးရယ်.... မဘုရားကို မှတ်မိမှာမဟုတ်တော့ပါဘူးနော်....ရင်နာလှချေ သခင်ကြီးရယ်”

မျက်လုံးမှိတ်ထားရာက ရုိက်ကြီးတငင် ငိုကြွေးချလိုက်ပါတော့သည်။တခဏအတွင်း စောခမ်းနွဲ့အဘို အမောဆို့ သလို သလွန်ပေါ်၌ ပျော့ခွေ၍ ကျသွားပါတော့၏။ နန်းကြိုင်နှင့် နန်းစုတို့သည် ကပျာကယာထကာ ဆေးဆေးများနှင့်နှာနှပ်ပေးခြင်း၊ ယပ်တောင်ခတ်ပေးခြင်း၊ စောခမ်းနွဲ့၏ ငယ်ထိပ်ကို တပ်ကာ လေမှုတ်ပေးခြင်း၊ စသည့် သတိပြန်လည်ရရှိမှု၊ အရေးပေါ်ကုစားမှု လုပ်ငန်းများကို လုပ်ဆောင်နေကြသလောက် မျက်စေ့မျက်နှာတွေ ပျက်နေကြရှာတော့၏။ မကြာမီ စောခမ်းနွဲ့သည် အိပ်ပျော်ကျရာမှ ရုတ်တရက် သတိရသူပမာ ဖျတ်ကနဲမျက်လုံးတွေပွင့်ကာ ငုတ်တုပ်ထ၍ထိုင်လိုက်ပြီး....

“ထိပ်ထားဘာဖြစ်သွားတာလဲ နန်းကြိုင်”

ကြောင်တောင်တောင် မျက်လုံးကလေးများဖြင့် မေးလိုက်ပြီးမှ ထစ်ကနဲ သတိရမိပုံဖြင့်....

“ပြော်....သိပြီ-သိပြီ....သခင်မတို့ နယ်မြေထဲကို ရန်သူတပ်တွေ ရောက်တဲ့အကြောင်း”

တကိုယ်တည်းပြောဆိုလိုက်ပြီးနောက် ငိုင်ကာစဉ်းစားနေလိုက်ပြန်ပါသည်။



“ဟဲ့....နန်းကြိုင်တို့၊ မြန်မြန်ပြင်ကြဆင်ကြ၊ မကြာခင် နောင်တော် သခင်ကြီး နန်းတော်ထဲကိုပြန်ရောက်တော့မယ်၊ အခစားဝင်ရလိမ့်မယ်၊ ပြီးတော့ ညီးတို့ ကျော့နေအောင် မွန်းမန် ချယ်လှယ်ထားကြရမယ်၊ သခင်မတို့ခရီးထွက်စရာကိစ္စပေါ်လိမ့်မယ်မှတ်ထား၊ ကိုင်း....ခုထပြီး စီစဉ်ပေတော့”

ရေးကြီးသုတ်ပျာနှင့် အမိန့်တွေ တတန်းကြီး ပေးလွှတ်နေပါတော့သည်။

“ဟဲ့....နန်းနု၊ မဘုရား မြဘယှက်လည်ဆွဲကော....၊ ဘယ်မှာသိမ်းထားသလဲဟဲ့၊ မြန်မြန်ထုတ်ပြီးဆက်သ့စမ်း၊ နန်းမွေးက မဘုရား မြဘယက်တော်ကိုအသင့်ထုတ်ပြီး စောင့်နေ၊ နန်းယိန်က မဘုရားရဲ့ ဘိနပ်တော်တွေထဲက အပြာနုရောင်ကလေးကို ရွေးပြီးထားပေတော့၊ နန်းဘွေခိုင် ဘာကြည့်နေတာလဲ....လုပ်စရာရှိတာ လုပ်တော့လေ....မဘုရား ပန်ဆင်ဘို့ သဇင်ပန်းတွေကိုရွေးပြီးပြီလား”

အဆက်မပြတ်တမ်း အမိန့်ပေးသံများသည် စောခမ်းနွဲ့၏ နှုတ်များမှ တသီကြီး မနားတမ်းပေါ်ထွက်နေသလောက် ရံရွေတော်များမှာ ပျာယာခတ်နေအောင် ရက္ခပလာနှမတော်ပင်တိုင်စံထိပ်ထား စောခမ်းနွဲ့အတွက် လိုးပန်းနေကြပါသည်။ ရံရွေတော်များ ကိုယ်တိုင် ခတ်မှန်မှန်ခတ်ကုပ်ကုပ်နေခဲ့သော သူမတို့၏ထိပ်ထားသခင်မ၏ ရုတ်တရက်ကောက်ရသလိုထူးခြားမှုကြောင့် မစဉ်းစားတတ်အောင်ရှိနေကြပြီး အကြိမ်းအမောင်း အပြစ်တင်မခံရလေအောင် အလုပ်တာဝန်တွေကို အမြန်ပြီးစီးပြည့်စုံစေရန် လုပ်ဆောင်နေကြပါသည်။

မကြာမီ ရက္ခပလ၏ အထောက်တော်ဘက်မှ မင်းသုလင်တဦးသည် ရေးကြီးသုတ်ပျာနှင့် ပင်တိုင် နန်းတော်ဆီသို့ ဝင်ရောက်ကာ ပုဆစ်ဒူးတုပ်ချလျက် ပင်တိုင်စံ စောခမ်းနွဲ့ကို အရေးတကြီး လျှောက်တင်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သာရမန်သခင်ကြီး အရက်သေစာ အလွန်အကျွံ သောက်စားခဲ့ပြီး သတိလစ်နေသည့်အတွက် စောင့်ရှောက် ထိမ်းသိမ်းတော်မူပါ ထိပ်ထားသခင်"

"သာကြ... ငါမပြောဘူးလား နန်းကြိုင်၊ နောင်တော်ကြီးခရီးထွက် စစ်ရေးစစ်တာနယ်မြေက ပြန်ရောက်လာပြီလို့၊ အရေးကြီးတယ်၊ ညီးတို့ နောက်တော်က အပါလိုက်ခဲ့ကြ၊ မြန်မြန်ကွဲ့နော်"

မြအာဘက်ကို တယုတယခြုံလွှမ်းလိုက်ပြီး၊ ပင်တိုင်စံ စောခမ်းနွဲ့သည် အရှေ့တောင်ဒေါင့်ရှိ နောင်တော်သာရမန်ကြီး စံအိမ်တော်ဆီသို့ ထွက်လာခဲ့ပါတော့သည်။

ဒိုင်းကနဲ....ဗုန်းကနဲ အသံများ၊ ကွဲ့ရှသံများဖြင့် ဘရုံးသုံးကားအခြေအနေ ဆိုက်နေပုံရသည့် သာရမန်ဘုရင်ကြီး၏ အခမ်းတွင်းမှ အသံမျိုး....

"တိရစ္ဆာန်တွေ....ခွေးသားတွေ၊ အရှင်လတ်လတ်သွေးဖေါက်သောက်မယ်တော့ ...ရက္ခဗလတဲ့နော်"

ဟူသောအသံမျိုးနှင့် ကြိမ်းဝါးသံမျိုးနေရာနှောကာ အပြင်ဘက်သို့ ပျံ့လွင့်လာပါတော့၏။ စောခမ်းနွဲ့သည် ကျွန်ရှိရသော ခြေလှမ်းများဖြင့် နောင်တော်ကြီးအခမ်းတွင်းသို့ ဝင်ရောက်ခဲ့ကြသည်တွင် နောက်ပါရှ ရွှေတော်များကလည်း တပါတည်း လိုက်ပါခဲ့ကြပါတော့သည်။

"နောင်တော်ဘုရား သတိထားတော်မူပါ၊ နှမတော်တယောက်လုံးရှိနေပြီဆိုတာ သတိရတော်မူပါ"

ခတ်အုပ်အုပ် လေသံကလေးနှင့် လျှောက်တင် တိုက်သည်တွင် မျက်လုံးမဖွင့်နိုင်အောင် ခေါင်းမထောင် နိုင်ဘဲ မူးနေပြီဖြစ်သော သာရမန်ကြီးသည် မနည်းခေါင်းကိုထူကာ လေးလန်နေသည့် မျက်ခွံကြီးများကို ဖွင့်ကာ....



"ဘယ်သူလဲဟေ့....ဗမာစစ်သားကောင်တွေ အကုန်သတ်ပစ်မှ ကျေမှာဟေ့၊ စော်ကား-မော်ကားကွာ- ဟေ့ဘယ်သူလဲ....မေးတာမရဘူးလား"

"သတိထားတော်မူပါ ခေါင်တော်ဘုရား၊ မောင်တော်ဘုရားကိုယ်တိုင်က ခုလို စိတ်တော်မထိမ်းသိမ်းနိုင်ရင် ငယ်သားတွေအဘို ဘယ်လောက်အခံရဆိုးမယ်ဆိုတာ ရှေ့ဥာဏ်တော်ဆင်သ,ပါဘုရား"

"ညြော်....နှမတော်ပါလား၊ ဝမ်းနဲ့လွန်းလို့ပါကွယ်....၊ နှမတော် သိတ်ငြိမ်ရာ ဘုရား ကျောင်းဆောင်မှာဘဲ သစ်သီးစားပြီး တရားအားထုတ်နေပါကွယ်၊ နောင်တော်ကြီးနဲ့ အမျိုးတွေ အရှက်ကွဲခဲ့ပြီ နှမတော်၊ သေတာမှမြတ်သေးတယ်"

မချိဘင်ကဲအသံကြီးဖြင့် ရက္ခဗလသည် အဖက်ဖက်က သူရှုံးရခဲ့ခြင်းအတွက်ဒဏ်ချက်ကို အရက်နှင့်ဖြေဖျောက်ရင်း သူ၏နှမတော် စောခမ်းနွဲ့ကို သတ္တိကြောင်သောသူ ဟူသကဲ့သို့ သွယ်စိုက် စွာဖြင့် ခနဲ့လိုက်ခြင်းဖြစ်ပေ၏။

"စိတ်ကောင်းဝင်တုန်းမှာ နှမတော်ဟာ ပုတီးကိုင်ပေမဲ့၊ အမျိုးနဲ့ အရှက် ထိလာရင်တော့.... နှမတော်ဟာ နောင်တော် ဘုရားရဲ့ ထယ်ဘက်ဘေးက မြင်းတစီး၊ ဓါးတစင်းနဲ့ တွက်ပြီး သတ္တိခြင်း ပြိုင်ဝံ့ကြောင်း သံတော်ဦး တင်ပါရစေ.... နောင်တော် သာရမန်ကြီး ထက္ကဗလရဲ့ သွေးအစစ်ပါ နောင်တော်ဘုရား"

"နိုပ်ဟာ....ဘာတဲ့တုန်း၊ ဒါမှ ရက္ခဗလရဲ့နှမတော် အစစ်ကွ.... ခုတော့ကွာ ဘာမဟုတ်ရင်- ဘာမဟုတ်တိုင်း ထစ်ခနဲဆို ငါ့ကိုချိတ်နှိမ်နေတာချဲဘဲ၊ နေနှင့်ကြအုံး ဒင်းတို့တော့လား၊ တံခိုးအာဏာရှိတုန်း ထမင်းဝအောင်စားထားကြ၊ တောင်ပေါ်က လူတမျိုးမျိုး ယိုကောင်မကို ထိပ်ဆုံးက ငါကိုယ်တိုင်သတ်မယ်ဟေ့....ဒင်းတို့ ငါ

www.burmeseclassic.com

www.burmeseclassic.com



ပြောတာတွေကြားချင်လဲကြား၊ ငါ့ကို လာသတ်ချင်လဲသတ်ကြပေတော့”

သူ၏လက်ထဲမှဓါးရှည်ကိုဝင့်ကာ ဓါးနှောင့်နှင့် သလွန်တော်ကို ထုကာ-ထုကာ ဓါးကြိမ်း ကြုံးနေပြန်ပါသည်။

“တိုးတိုးတိတ်တိတ်အမိန့်ရှိပါ နှောင်တော်သခင်ကြီး၊ မကြားသင့်တာ အပြင်ပွင့်ရင် ကိုယ့်အကြံ မအောင်ခင် ရန်သူတွေ သိပြီး အရေးတော်မအောင်မြင်ဘဲ ရှိနေပါအုံးမယ် နှောင်တော်ရဲ့၊ နှစ်မတော်ဘုရား တယောက်လုံးဟာ နှောင်တော်ကြီး နောက်ကနေပြီး၊ အထက်မြို့တော်ကိုဖို့ခွင်းဘို့အရေး မနှေးတမ်း အကွက်ရိုက်ပြီး ကြံပေးပါမယ်၊ ဒါနဲ့ ရွှေမျဉ်းကြောင်းနယ်ထဲ ဝင်လာတဲ့ အော်ကျင်းမြေပြန့်က ဗမာလူမျိုးတွေရော သူတို့အထက်မြို့တော်ကိုတက်ကြမှာ မဟုတ်လား နှောင်တော်....သူတို့ ခုအထိ အောက်မြို့တော်ကို ဖြတ်မလာသေးဘူးလား....၊ သူတို့ ဒီမြို့ထဲကိုရောက်ဘို့ အရေး ကြီးတယ် နှောင်တော်”

“ဘာလဲ....ရန်သူကောင်တွေ၊တိရစ္ဆာန်ရိုင်းတွေကို ဖြတ်ခွင့်ပေးရမှာလား၊ ငါသေသေမပေးဘူးဟေ့၊နင်က အလိုတူအလိုပါလား”

ဒေါသသံကြီးနှင့် ရက္ခပလက ကြိမ်းဝါး ဟိန်းဟောက် လိုက်ရာ စောခမ်းနွဲ့သည် ဟားကနဲ တချက် ရယ်မောလိုက်ပြီး မျက်နှာထား တည်တည်နှင့်....

“ခက်တာဘဲ နှောင်တော်သခင်ကြီးဟာ ရန်သူတွေကို ခတ်ဝေးဝေး ထားရင် စိတ်မချရဘူး နှောင်တော်၊ ရန်သူကောင်တွေကို နီးနီးခေါ်ထားရင် သူတို့ပြန်ဆုတ်ဘို့ လမ်းပိတ်မနေဘူးလား၊ ရန်သူကို သတ်ဘို့ဟာ နည်းလမ်းတွေ အများကြီးရှိပါတယ် နှောင်တော်.... လက်နက်နဲ့သတ်မှလား၊.... ဥာဏ်ရှိသရွေ့ သုံးနိုင်ပါတယ်၊ ကိုင်း



မဆွတော်မျိုးတော် သခင်ကြီးတဦးကိုပါစော်ကားခဲ့တဲ့ ရန်သူတွေ ဘယ်မှာချမ်းသာပေးမှာလဲ နှောင်တော်ကြီး၊ ဒါကြောင့်”

ခေါင်းတချက်ညိတ်လိုက်ပြီး ရက္ခပလသည်....

“ဟင်း....ဟုတ်တယ်၊နှောင်တော် အထင်မှားသွားတာ ခွင့်လွှတ်ပါကွယ် နှမတော်၊ ကဲ....နှမတော် ဥာဏ်ရှိသလို ကြံပေတော့၊ ဒီ တိရစ္ဆာန်ကောင်တွေ အထက်မြို့တော်သွားဘို့အရေးမှာ သခင်ကြီးရဲ့ မြို့စွန်မှာ ခဏထားရလိမ့်မယ်၊ နှမတော်ကိုအခွင့်အာဏာအကုန်လွှဲလိုက်မယ်၊ ဟိုကြောက်စရာ တမန်ကြီးနဲ့လဲ တိုင်ပင်ပြီး နှမတော် ဥာဏ်ရှိသလိုကြည့်ပြီး လုပ်ကြံပေတော့”

ရက္ခပလသည် နှမတော် စောခမ်းနွဲ့အား ဗိုလ်ကြီး အောင်မင်းကျော်တို့ တပ်ဖွဲ့ကို ကြိုဆိုညှော်ခံရေးအတွက် တာဝန်လွှဲအပ်လိုက်ပါသည်။

အမှန်မှာ စောခမ်းနွဲ့သည် သူမ၏ နှောင်တော် စိတ်ကြိုက်လိုက်ကာ သူမ၏ရည်ရွယ်ချက်ဆန္ဒပြည့်ဝစေရန် ပရိယာယ်ကြွယ်ကြွယ်နှင့် ဗိုလ်ကြီး အောင်မင်းကျော်တို့ကို ရန်ပြုမည်ဟူသော အသုံးအနှုန်းကို မကြာခဏတင်စားကာ လျှောက်ထားလိုက်ခြင်း ဖြစ်ပေ၏။ သူမအဖို့ ဗိုလ်ကြီးအောင်မင်းကျော်၏ မျက်နှာကို မြင်ကတည်းက သူမ လူမှန်း-သူမှန်းသိသည့်အချိန်ကပင် စောင့်မျှော်ခဲ့သော တန်းတန်းစွဲ တဖက်သပ်ချစ်နေခဲ့ရသောချစ်သူတယောက်မှန်းကို သူမ၏ ပညာရပ်အရ သိရှိပြီးဖြစ်ပါသည်။

ရက္ခပလအဘို့၌လည်း သူ၏နှမတော် အကြံပေးချက်ကို မပယ်ရှားသင့်ချေ။ အကြောင်းမှာ အောက်မြို့တော် နယ်ပါယ်အရပ်ရပ်ကို အုပ်ချုပ်ရမည့်တာဝန်မှာ သူနှင့်ဝန်ကြီးလေးပါးသာမက နှမတော် စောခမ်းနွဲ့၏ဗြဟ္မာအာဏာများရှိမှ ပိုမိုခရီးရောက်အောင်အုပ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သော အချက်အလက်များနှင့်တကွ ပြည်သူလူထုအနေနှင့် စော ခမ်းနွဲ့ကို တော်တော်များများ ကြည်ညိုကြသော အကြောင်း အချက်များကြောင့် ဖြစ်ပါသည်။

ပင်တိုင်စံ စောခမ်းနွဲ့သည် သူမ၏အကြံအစည် အောင်မြင်သည့် နောက် သူမ၏ နောင်တော်ကြီးကို တကယ် မြတ်နိုးသည့် အမူ အယာများဖြင့် အမူးပြေရန်ပြုစုခဲ့ပြီး နှုတ်ဆက်ကာ သူမ၏ တပင် တိုင် မြနန်းတော်ဆီသို့ ပြန်ခဲ့ကြပါသည်။

ရက္ခဗလသည် တကိုယ်တည်း တဟားဟား ရယ်မောချလိုက်ပြီး....

"ဘာရမလဲ ရက္ခဗလတဲ့ ကွနော်....ရန်သူ တွေကို အ ပျော့ ပေး အလျော့ပေးရင် ရာဇဝင်ရိုင်းသွားလိမ့်မယ်၊ ဒါကြောင့်ဟေ့....အိုက် စိန္တ"

နန်းတွင်းလုလင်တယောက်ကို လှမ်းခေါ်လိုက်ပြီး ဆက်လက်၍....

"လက်နက်တိုက်ထဲမှာ မှူးနေတဲ့ ရောနကစစ်သူကြီးကိုသွားခေါ် စမ်း မြန်မြန်...."

မကြာမီ ဒယိမ်းဒယိုင်နှင့် သိုင်းကွက်နင်းနေသော ရောနက စစ် သူကြီးသည် သူ၏အရှင်သခင် သာရမန်ကြီးရှေ့မှောက်၌ ခစားမိ သည်တွင် သာရမန်ကြီးက....

"အိုက်စိန္တ... အပြင်ထွက်စမ်း"

မင်းလုလင်ကိုအပြင်ကိုနှင်ထုတ်လိုက်ပြီးမှ သူ၏လူယုံတော် ရော နကကြီးကို ရှေ့သို့အတိုးခိုင်းပြီး နားနားကပ်၍ တစုံတရာအမိန့်ပေး လိုက်တော့၏။

"ဖြစ်ပါ့မလား ကိုယ်တော်ကြီး၊ တမန်ကြီးနဲ့ စောခမ်းနွဲ့ သခင်မ သိသွားရင် ဒုက္ခမဖြစ်ပေဘူးလား ကိုယ်တော်ကြီး"

"တိတ်စမ်း....ငါခိုင်းတာ ဖြစ်အောင်လုပ်၊ နောက်ကိစ္စ ကြည့် ရှင်းမယ်၊ မင်းဆီက စိတ်ချရတဲ့ လူယုံတွေ ရွေးထုတ်ပြီးခိုင်း၊ ကိစ္စ



မပြီးခင် တစုံတရာမပေါ်ပေါက်စေနဲ့ ကြားလား၊ ဒါ သခင်ကြီးရဲ့ နောက်ဆုံးအမိန့်၊ ဘာမှပြန်ပြီး လျှောက်စရာ၊ စောဒက တက်စရာ မလိုဘူး၊ မြန်မြန်စီစဉ်ပေတော့ ရောနက"

"မှန်ပါ....အမိန့်အတိုင်းပါ ကိုယ်တော်ကြီး"

ရောနက စစ်သူကြီးသည် အစဉ်းစားရခက်သော မျက်နှာဖြင့် ပြန်၍လျှောက်ထား လိုက်ပါသည်။ ရက္ခဗလကား ရှေ့တွင်တမျိုး၊ ကွယ်ရာ၌တမျိုး ကောက်ကျစ်စဉ်းလဲသောပရိယာယ်ရှိသည့်အတိုင်း အတွင်းကြိတ် လျှို့ဝှက်သော ကိစ္စတရပ်ကို သူ၏လက်ရုံး ရောနက စစ်သူကြီးသို့ စေခိုင်းလိုက်ခြင်းသာဖြစ်ပါတော့သည်။

## မျှော် မျှော်သူ မောရှာရော့မယ်

နံနက် အချိန်အခါအတွဲ အေးငြိမ်းသာယာသော ရှုမျှော်ခင်း တွေနှင့်ပြည့်နက်နေသော ရွှေမျဉ်းကြောင်းနယ်နိမိတ် တဝိုက်ဒေသ ၌ ပဌမတန်းကြည်နူးစရာ သဘာဝတွေ ပေါ်လွင်နေပါတော့ သည်။

မြင့်မားလှသော တောင်တန်းကြီးတွေက မိုးတိမ်လွှာ များကို ပေါက်ထွက်ကာ ပြာလဲ့သော ရှုမျှော်ခင်း အသွင်များ အဖြစ်နှင့် ကောင်း၊ ဂုလိကြီး-အောင်မင်းကျော်တို့ တပ်စခမ်းချထားရာ နေရာ၌ တောင်မြေ တလျှောက်၌ ခေါင်းငုံ့ကတွေက အုပ်ဖွဲ့ကာ မြေပြန့်သို့ ဆင်းသက် အစာရှာဖွေကာ မာဂဓ ကြွေး ကြော် ကျက် တို့ တောကြက် တအုပ်၏ နီရဲရဲသဏ္ဍာန်များက လယ်စကွင်းပြင် များ တလျှောက်၌ စားရင်း တောင်ပံ တဖျတ်ဖျတ် ခတ်ကာ နယ် ပယ် သတ်မှတ်၍တမျိုး၊ သဘာဝသာယာမှုတွေကို ဖန်တီးနေပါ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တပ်စခမ်းချရာ တောင်ထိပ် ကွက်လပ်ပေါ်၌ ဗိုလ်ကြီး-အောင်မင်းကျော်နှင့် အထူးတပ်ဖွဲ့ဝင်များသည် ကင်းစောင့်များမှ တပါးတယောက်မကျန် ကျန်းမာရေးကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခဏ်းဆင်းနေခိုက်ဖြစ်တော့သည်။

"လက်မြှောက်ပြီး ထိုင်ထ လေ့ကျင့်ခဏ်း"

ဗိုလ်ကြီးအောင်မင်းကျော်၏ ယောကျ်ားပြီသ,ပြီး အောင်မြင်လှသော စစ်မိန့်သံကြီးနှင့်အတူ...

"စလုပ်....တစ်-နှစ်-သုံး-လေး"

စသည်ဖြင့် နံပါတ်စဉ် ကိုယ်လက်လှုပ်ရှားမှု အမိန့်ပေးလိုက်ပါသည်။ တပ်ဖွဲ့ဝင်များ အဘို့ စိတ်ပါလက်ပါ ကိုယ် လက် လှုပ် ရှားကစားနေကြပြီး၊ အဝေးမှကြည့်ရလျှင် အင်မတန် ညီညာလှသော ကိုယ်လက်လှုပ်ရှားနေသည့် လူထုအဖွဲ့အစည်း တခုကို မြင်နိုင်ပေလိမ့်မည် ဖြစ်၏။

"တပ်ဖွဲ့လေ့ကျင့်ခဏ်း ပြီးစီးရင် လုပ်စရာရှိတာတွေ၊ ပြင်ဆင်စရာတွေ ပြင်ဆင်ရမယ်၊ အစဉ်သဖြင့် ၎ါးမိနစ်အတွင်း အပြီးချီတက်နိုင်တဲ့အခြေအနေမျိုး အဆင်သင့်ပြင်ဆင်ပြီး ရှိစေရမယ်၊ ရန်သူကို အမြဲသတိထားပြီး ဘယ်တော့မှအလစ်ခံရခြင်း၊ အငိုက်မိခြင်း မရှိစေရဘူး၊ ကဲ....ဗိုလ်ညွှန့်မောင် တန်းဖြုတ်"

တပ်မှူး-အောင်မင်းကျော်သည် နံနက်ခင်း တန်းစီနှင့်ကိုယ်လက်လှုပ်ရှားမှု ပြီးဆုံးခဏ်းအပြင် တန်းဖြုတ်ခိုင်းလိုက်ပါသည်။

"တောင်ဘက်ဆီက မြင်းတွေ လှည်းတွေနဲ့ လူတွေ လာနေကြတယ်၊ နှစ်မိုင် အကွာအဝေး"

ကင်းစင်ပေါ်မှ ကင်းတပ်စိပ်မှူး၏ လှမ်း၍သတိပေးသံကြောင့် ဗိုလ်ကြီး-အောင်မင်းကျော်သည် မှန်ပြောင်းကို လည်ပင်း၌ လွယ်သိုင်းကာ ကင်းစင်ပေါ်သို့တက်ရောက်ကာ တောင်ဘက်တလွှားကို



ပိုက်စိပ်တိုက်၍ကင်းထောက်ကြည့်ရှုလိုက်ပါသည်။ရှေ့ဆုံးမှ မြင်းစီးသမားတအုပ်၊ နောက်မှမြင်းက,သောရထားသုံးစင်း၊ နောက်ဆုံးမှ လှည်းသုံးလေးစီးကို ခတ်ရေးရေးတွေ့လိုက်ရပြီး၊ ၎င်းတို့ အဖွဲ့အခြေအနေမှာ ခတ်မှန်မှန် မောင်းနှင်လာသည်ကို တွေ့ရသည်ကြောင့်....

"ရဲဘော်တွေ ကိုယ့်နေရာကိုယ်ယူထားကြ"

ချက်ခြင်း အမိန့်ပေးလိုက်ပြီး တပ်စခမ်း၏ အရပ်ရှစ်မျက်နှာကို လှည့်ကာပတ်ကာ ကင်းထောက် ကြည့်ရှုနေပြန်ပါသည်။ တပ်မှူးအောင်မင်းကျော်အဘို့၌ ရှေ့မှ အရောင်ပြကာ နောက်ကျောနှင့်ဘေးမှပတ်၍ အလစ်ဝင်တိုက်ခိုက်ခြင်း စစ်ပရိကာယ်ကိုကြိုတင် ကာကွယ်ရန်ပင် ဖြစ်ပေ၏။သူတို့ရောက်ရှိပြီး တပ်စခမ်းချနေသောနေရာမှာ သူတို့ကို ပစ်ပစ်ခါခါ မုန်းတီးနေသော သာရမန်ကြီးရက္ခဗလ၏ နယ်မြေပင် မဟုတ်ပါလော။ ထို့ကြောင့် အဇဧစအရာရာ နေမှုထိုင်မှုမှစ၍ သတိလက်ကိုင်ထားရန်လိုအပ်သည်ကြောင့် ဗိုလ်ကြီး-အောင်မင်းကျော်အဘို့ စစ်ရေးစစ်ရာဘက်၌ မလစ်ဟင်းစတမ်း ကျူးပမ်းဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။

နာရီဝက်ခန့်အကြာတွင် ၎င်းတို့တပ်စခမ်းဆီသို့ တန်းတန်းမတ်မတ်ချီတက်လာသော အောက်မြို့တော်ဆီမှ မြင်းသည်တော်- မြင်းရထားလှည်းစုကြီးကို ကောင်းစွာမြင်သာ ထင်သာ အကွာ အဝေးသို့ဆိုက်ရောက်ခဲ့တော့သည်။ ဗိုလ်ကြီးအောင်မင်းကျော်၏မျက်နှာမှာ ပါဂါရှိသောမှန်ပြောင်းကြီးက ခရီးသည်များ မည်သူမည်ဝါ ဖြစ်ကြောင်းကို အရှင်းသားဖော်ပြနေတော့သည်။ ရှေ့ဆုံးမှ မြင်းသည်တော် ဆယ့်နှစ်ယောက်၊ လှံရှည်ကြီးများ၊ ဓါးများ ဆွဲကိုင်လျက်တက်လာပြီး နောက်မှ မြင်းဖြူကြီးနှစ်ကောင် က,သော ရထားယဉ်ပေါ်၌ အင်မတန်ခန့်ငြား တည်ကြည်သော မျက်နှာ ထားဖြင့် သာမန်ကြီးဘိုးအာဏာကို တွေ့လိုက်ရပြီး၊ သူ၏ညာဘက်တွင် ဘိုးလူ

www.burmeseclassic.com



ရုပ်တောင်ဝှေးကိုထောင်လျက် ကိုင်ဆောင်ကာ ရှေ့မှ မင်းလုလင်တဦး မြင်းလှည်းကိုမောင်းနှင်ပြီး သူ၏နောက်အပါး၌ မင်းလုလင်တဦးသည် ပဆစ်ဒူးတုပ် ခစားနေလျက် လိုက်ပါလာသည်ကို တွေ့လိုက်ရပေ၏။

ဒုတိယ မြင်းနီချိတ် နှစ်ကောင် က,သော ရထားပေါ်၌ကား.... အမျိုးသမီးတစုကို တွေ့ရသည်ကြောင့် တပ်မှူး အောင်မင်း ကျော်အတွက် အတော် အံ့အားသင့်မိတော့၏။ ထပ်မံ၍ ဂရုတစိုက် မှန်ပြောင်းတွင်းမှ ကြည့်ရှုလိုက်ရာ- ရှေ့ဆုံးမှအမျိုးသမီးတဦးက မြင်းလှည်းကိုမောင်းနှင်ပြီး သူမ၏နောက်တွင် မှီအုံးတခုကို မခို့တရို့ မှီလျက် လိုက်ပါလာသော အမျိုးသမီးတဦး၏မျက်နှာကို ဗိုလ်ကြီး အောင်မင်းကျော် အမှတ်မထင် ကြည့်လိုက်ပါတော့၏။ ဗိုလ်ကြီး အောင်မင်းကျော် တွေ့ဘူး မြင်ဘူးခဲ့သော အမျိုးသမီးချောချော လှလှများအနက် ထိပ်ဆုံးက ဗိုလ်စွဲနိုင်လောက်အောင် ချောမော လှပပြီး ဖြူဖွေးသော အသားနှင့် ကြည်လင် စိုဝင်းသော မျက်နှာ ကလေးကိုတွေ့လိုက်ရပေ၏။ ကြည့်ရင်းကြည့်ရင်းပင် ဗိုလ်ကြီးအောင်မင်းကျော်၏စိတ်ထဲ၌ ယခုလက်တလောအတွင်း တွေ့လိုက်ရသည့် အမျိုးသမီးကို တနေရာရာတွင် ရင်းရင်းနှီးနှီး မြင်ဘူးတွေ့ဘူးခဲ့သည် ကို ချက်ခြင်းသတိရမိ၏။ ဘယ်နေရာ ဘယ်ဌာနတွင် တွေ့ဘူး မြင်ဘူး ရင်းရင်းနှီးနှီးနေခဲ့ ထိုင်ခဲ့ဘူးသည်ကိုမူ တိတိကျကျ မမှတ်မိ အောင်ရှိခဲ့သည်ကြောင့် သူ၏နောက်စေ့ကို လက်နှင့်ကိုင်ကာ စဉ်းစားနေမိပြန်သည်။

"ဘယ်မှာပါလိမ့်နော်....ငါနှယ် မှတ်မိသမှုသေသေချာချာပါ- သိပ်ပြီး ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးပါလေ"

တကိုယ်တည်းပြောလိုက်မိသော တပ်မှူးအောင်မင်းကျော်အဘို့ အစဉ်းစားကြပ်နေတော့၏။ ထိုနောက် ဆက်လက်၍ မှန်ပြောင်း



အတွင်းမှ ကြည့်လိုက်ရာ သူနှင့်အင်မတန်ရင်းနှီးခဲ့သည်ထင်ရသည့် အလှမယ်၏နောက်ပါး၌ ပဆစ်ဒူးတုပ်ကာ ခစားနေသောအခြား အမျိုးသမီးနှစ်ဦးကိုတွေ့ရပါသည်။

တတိယရထားတွင် မြင်းညိုနှစ်ကောင် က,လျက် ရထားမောင်း သည့်လုလင်၏နောက်တွင် နှုတ်ခမ်းမွေးကားကား ခေါင်းပေါင်းဖြူဖြူ မ[illegible]ထုံးထားကြသည့် အညိုရောင်ဝတ်စုံရှည်ကြီးများနှင့် ဟန်ရ ပန်ရထိုင်လျက် လိုက်လာကြသည့် အမတ်ကြီး လေးယောက် တို့ကို တွေ့လိုက်ရပြီး ရှေ့ဆုံးမှအမတ်ကြီးမှာ ရက္ခပုလတို့တပ်စခန်းဆီသို့ တက်မတိုက်ရန် တားဆီးခဲ့သော မဟာရာဇ္ဇအမတ်ကြီးဖြစ်ကြောင်း ကို ဗိုလ်ကြီး အောင်မင်းကျော်က ချက်ခြင်း မှတ်မိ လိုက်ပါတော့ သည်။

တာကာကြာသည့်နောက်တွင် ရှေ့ဆုံးမှ မြင်းတပ်က တောင်ခြေ ရင်းတနေရာတွင် ထိုးဆိုက်လာပြီး မြင်းပေါ်မှဆင်းနေကြပါသည်။ တမန်ကြီး၏ရထားသည် ထူးဆန်းလှသော အဖြစ်အပျက်တရပ်ကို ဖော်ပြသည့်အလား တပ်စခန်းတနေရာသို့ တည့်မတ်စွာ ခွဲထွက် လာပြီး တောင်ခြေတွင်ကပ်လိုက်ပါသည်။ ဗိုလ်ကြီး အောင်မင်း ကျော်သည် မိမိတပ်သားများ တောင်အောက်သို့ အညောင်းပြေ ဆင်းသက်သွားလာနိုင်ရင် မိုင်းဗုန်းများလွတ်သောတနေရာကို လျှို့ ဝှက်စွာ ရွေးပြီး သတ်မှတ်ကာ အရေးမကြီးသော အချိန်ကာလ၌ ဂုဏ်းဖော်ပြပါ မိုင်းဗုန်းထောင်ခြင်း ကင်းရှင်းရာလမ်းမှ ဆင်းသက်ခဲ့ ခြင်း၊ ယခုမှာမူ တမန်ကြီးဘိုးအာဏာသည် ထူးထူးခြားခြား ဖော် ပြပါ အမှတ်အသားမရှိသော အရှေ့တောင်ဒေါင့် တက်လမ်းအနီး သို့ ဆိုက်ကပ်ခဲ့ခြင်းဖြစ်ပေ၏။ ကျန်ရထားနှစ်စင်းကလည်းနောက် မှလိုက်ပါလာပြီး ရထားပေါ်မှ ဧည့်သည်များသည် အသီးသီး ဆင်းသက်ခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောင်ပေါ်ကိုတက်လာမလို့ထင်တယ်ဗိုလ်ကြီး ကျွန်တော်တို့ ဆင်းခေါ်ရမလား"

ဗိုလ်ညွန့်မောင်က အရေးတကြီးမေးလိုက်ရာ....

"ခဏစောင့်အုံးဗျ ဗိုလ်ညွန့်မောင်၊ သူတို့အရိပ်အခြေတွေ အကဲခတ်ရင်း စောင့်ကြည့်နေပါအုံး၊ ပြီးတော့-ကျွန်တော်ဘာတွေ လုပ်ရမယ်ဆိုတာပြောခဲ့မယ်"

တပ်မှူးအောင်မင်းကျော်သည် အေးဆေးသော အမူအရာဖြင့် လက်ပိုက်ကာ အောက်ခြေမှ ဧည့်သည်များ၏အမူအရာများကိုအကဲခတ်ရင်းကြည့်နေပါတော့သည်။

မကြာမီတောင်ခြေမှ....

"သခင်ကြီး အကျွန်ုပ်တို့သခင်ကြီးအပါး ခစားခွင့်ပြုတော်မူပါ"

တမန်ကြီးဘိုးအာဏာမှာ အလွန်ကျိုးနွံရှိသေစွာဖြင့် ပန်ကြားလိုက်မှ....

"ဗိုလ်ညွန့်မောင်နဲ့ ဆရာတက်တိုးတို့လေးယောက် တောင်ခြေဆင်းပြီး သွားပြီးကြိုယူပေါ့-မိုင်းဗုံးတွေမနင်းမိရအောင်သတ်မှတ်ထားတဲ့ခြေလမ်းအတိုင်း တက်ခဲ့ကြပါစေ"

ရုတ်တရက်အမိန့်ပေးလိုက်ပါသည်။

"ဒီက-ကျွန်တော်တို့ဆီက အကြိုလွှတ်လိုက်တဲ့ ရဲဘော်တွေနဲ့ တပါထဲကြွခဲ့ကြပါအဘိုး"

လှမ်း၍ အကြောင်းပြန်ကြားလိုက်ပြီး ဧည့်သည်များအတွက် ဧည့်ခံရေးအထွက် လတ်တလောပြင်ဆင်လိုက်ရပါသည်။

ရှေ့ဦးဆုံးမှာ တမန်ကြီးဘိုးအာဏာနှင့် နောက်ပါ ကွမ်းအစ်ရေတခေါင်းများ ကိုင်ဆွဲရင်း- ရွှေထီး တလက်မိုးကာလျက် လိုက်ပါလာကြသည့် ဗမာ့အဝတ်အစားနှင့် မင်းလုလင် နှစ်ယောက်၊ထို နောက်မှ ရက္ခဗလ၏နှမတော်ရင်း စောခမ်းနွဲ့နှင့်နောက်ပါရဲဘော်



များ၊ ထိုနောက်မှ အမတ်ကြီးလေးပါးတို့နှင့် လက်ဆောင်ပစ္စည်းများ၊ ငှက်ပျောသီး၊ အုန်းသီး ကြံရိုးပေါက်ပေါက်၊ လိမ္မော်သီး၊ သစ်တော်သီး၊ ပန်းသီး စသည့် သစ်သီးမျိုးစုံကို တောင်းကြီးများနှင့်ထမ်းကာ ပိုးဖဲ ကတ္တီပါစများကိုထမ်းလျက်တဖုံ လိုက်ပါလာကြသည်။ ကြိုဆိုရေးအဖွဲ့ဝင်များကို ဗိုလ်ညွန့်မောင် နှင့် ရဲဘော်လေးဦးက တောင်ခြေသို့ ခတ်သွက်သွက်ဆင်းသက်ကာ ဆည်းကြို၍ လမ်းပြခေါ်ဆောင်လာခဲ့ကြပါသည်။ မြင်းစီးသမားဆယ့်နှစ်ယောက်တို့သည် တောင်ခြေတွင် မြင်းများကို မြက်ကျွေးရင်းအမောဖြေနေရစ်ခဲ့ကြပါတော့သည်။

တောင်ထိပ်အဆုံးသို့ ဘိုးအာဏာရောက်လာသည့် တပြိုင်နက်ထဲ ဘိုးအာဏာသည် အလွန်ကြင်နာသောရိုသေခြင်းအပြည့်ရှိသည်အမူဖြင့် ညွှတ်တွားရင်း....

"ဥတုသပ္ပါယ မျှတပါရဲ့လားသခင်ကြီး....ခရီးကြမ်း ပင်ပန်းမှုဒဏ်တွေကြောင့် ဘိုးအာဏာသခင်ကြီးနဲ့ ရဲမက်တွေအတွက်စိုးရိမ်မိပါတော့တယ်"

"နေကောင်းပါတယ်အဘိုး....၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ....ဒါနဲ့ ဘိုးသက်ရှည်ရော ကျန်းမာချမ်းသာရဲ့လားခင်ဗျား"

"ဩော်-ဘိုးသက်ရှည်လား- အထက်မြို့တော် တောင်နန်းကေရီသခင်မကြီးဆီမှာ ခစားနေရပါတယ်သခင်ကြီး၊သူက သခင်မကြီးရဲ့အတွင်းရေးတာဝန်ခံပုဂ္ဂိုလ်ပါ၊အကျွန်ုပ်ကအပြင်တာဝန်ခံပုဂ္ဂိုလ်ဖြစ်၍ အရှင်ကြီးနဲ့ရဲမက်များကို တောင်ပေါ်မြို့တော်ဖြစ်တဲ့ ဥက္ကရံပူရမြို့တော်ကို ကြွချီတော်မူရန်လျှောက်ထားရန်လာရောက်ခြင်းဖြစ်ပါတယ်"

ဤတွင် ဗိုလ်ကြီး-အောင်မင်းကျော်သည် တစုံတရာ သတိရမိပုံဖြင့်....

www.burmeseclassic.com



"ဒါထက် အဘိုး....ကျွန်တော်တို့ခုစခမ်းချတဲ့နေရာကတော့ စစ်ရေး စစ်ရာအရ ဖြစ်သလိုစခမ်းချနေထိုင်ရတာမို့ နောက်ပါလာတဲ့ အမျိုးသမီးညည့်သည်များအတွက် အဆင်ပြေချင်မှပြေလိမ့်မယ် ခင်ဗျ၊ ဟောဒီတပ်ရိုးရှေ့မှာဘဲ သင်ဖျာတွေ၊ကျွန်တော်တို့မိုးကာတွေ ခင်းကျင်းပြီး ညည့်ခံဆွေးနွေးကြပါစို့ ခင်ဗျာ"

"သင့်မြတ်ပါတယ် သခင်ကြီး....၊ အကျွန်သာ သခင်ကြီးစေရာ နာခံရမဲ့ တမန်ကြီးဖြစ်တယ်ဆိုတာ မေ့တော်မမူပါနဲ့ သခင်ကြီး"

ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏ထူးဆန်းလှသော ဘဝကို ရုတ်တရက်စဉ်းစားကာ ငိုင်နေမိရှာပါသည်။ရှေ့ အဘို့ မည်သို့သော အဖြစ်အပျက်များ၊ဇာတ်လမ်းများ၊အကြောင်းအရာများခင်းကျင်းကာ လုပ်ဆောင်ရမည်ကို မစဉ်းစား နိုင်အောင် ရှုပ်ထွေး နေပါတော့သည်။

"လာလေ စောခမ်းနွဲ့ ဘိုးဘိုးတို့နဲ့ လာပြီး တစုတဝေး ထိုင်နိုင်ပါတယ် သမီးရဲ့"

တမန်ကြီး ဘိုးအာဏာ၏အသံကြောင့် စဉ်းစားနေရာမှ တပ်မှူး အောင်မင်းကျော်သည် ဖြုန်းကနဲသတိရကာ....

"ဩော်....ကြွပါ-ကြွပါ ဖြစ်သလိုထိုင်ပြီး ဆွေးနွေးကြဘို့ပါဘဲ၊ အားနာစရာဖြစ်နေပြီခင်ဗျာ"

စောခမ်းနွဲ့တို့ကိုလှမ်း၍ ဘိတ်ခေါ်လိုက်ပါသည်။ စောခမ်းနွဲ့သည် ငေးမော့နေသော မျက်နှာကလေးနှင့် ဗိုလ်ကြီး-အောင်မင်းကျော်ကို တချက်စိုက်၍ကြည့်လိုက်ပြီး၊ ဗိုလ်ကြီး-အောင်မင်းကျော် တင်ပလ္လင်ခွေထိုင်ရာဆီသို့ တည့်တည့်ကြီး ဣန္ဒြေရလှသော ခြေလှမ်းကလေးများဖြင့် ဝင်ရောက်လာပြီးနော် ဗိုလ်ကြီး-အောင်မင်းကျော်၏ ရှေ့တည့်တည့် နှစ်လှမ်းကွာလောက်တွင် ပုဆစ်ဒူးတုပ် ကျိုးနွံလှသော မျက်နှာကလေးနှင့် ဦးသုံးကြိမ်ချကာ ကန်တော့လိုက်ပါ



တော့သည်။ ဗိုလ်ကြီး-အောင်မင်းကျော်အဘို့ ဘာလုပ်ရမှန်း မသိအောင် အကြီးအကျယ်အံ့သြခြင်း၊တုံ့လှုပ်ခြင်းကြောင့် စောခမ်းနွဲ့အား မိမိသို့ ရှိမခိုးရန် တားမြစ်ရေးအတွက် ပါးစပ်မှပင် မဟာနိုင်အောင် ထူးခြားလှသော စိတ်လှုပ်ရှားမှုဝေဒနာတမျိုးကို ခံစားနေရခြင်းလည်း ဖြစ်ပေ၏။

ဦးသုံးကြိမ် ကန်တော့ပြီးသော စောခမ်းနွဲ့၏ ဖြူဖွေးနေသော မျက်နှာပြင်ဝယ် မျက်ရည်ပေါက်ကလေးတွေ အစီအရီကို ဗိုလ်ကြီး အောင်မင်းကျော်က အံ့အားသင့်နေရာမှတွေ့လိုက်ရပြီး၊ စောခမ်းနွဲ့ သည် အလွန်တရာကျေကွဲလှသော အသံကလေးဖြင့် ခတ်တိုးတိုး....

"ဩော်....မောင်တော်သခင်ကြီး-မောင်တော်သခင်ကြီး၊ မမှတ်မိရှာတော့ဘဲကိုး၊ဘဝတွေ-နှစ်တွေကခြားခဲ့သလောက် မောင်တော်သခင်ကြီးရဲ့အာရုံတွေနဲ့ မနောတွေက ပုထုဇဉ်သက်သက်ဘက် လှည့်နေခဲ့ပြီမို့၊ သူစိမ်းပြင်ပြင်ဖြစ်ခဲ့ရ-ကြုံခဲ့ရတဲ့ ဘဝဇာတ်ကြောင်းတွေ ပြန်ပြီးမမြင်နိုင်၊ မသိနိုင်၊ သတိမရနိုင်ရှာပြီကိုး သခင်ကြီးရယ်"

ငိုသံတွေပါလာပြီးအဆုံး၌ စောခမ်းနွဲ့သည် ရှိုက်ကြီးတငင်နှင့် ငိုကြွေးကာ ပိုးမျက်နှာသုတ်ပုဝါကလေးနှင့် သူမ၏ မျက်ရည်စများကို သုတ်ရှာသလောက် သူမ၏ခုန်နေသောရွှေရင်နှစ်စုံကလည်း နိမ့်တုံ့မြင့်တုံ့ ကဗျာဆန်လှပေတော့၏။

ဘေးမှတာဝန်အရ စောင့်ကြပ်နေကြရသော ဗမာ့တပ်မတော်ရဲဘော်များနှင့် အရာရှိများအဘို့ တသက်တွင် တခါမှမကြုံစဖူး ထူးဆန်းလှသော သူတို့၏တပ်မှူးကြီး၏ ဆန်းကျယ်လှသည့်ဖြစ်ရပ်များနှင့် တောကြီးခေါင်ခေါင် တောင်သေလာထွဋ်မိုးတိမ်ကိုဆွတ်နိုင်အောင် မြင့်မားလှသော ဤဒေသကြီးပေါ်မှ တခါမှမတွေ့ဘူး မကြုံဘူးသည့် အင်မတန် ချောလှသည့် အမျိုးသမီး တဦးက သူတို့တပ်မှူး ဗိုလ်ကြီးအောင်မင်းကျော်အား တကာယ်ရင်းနှီးခင်မင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြသည့် ပုဂ္ဂိုလ်အချင်းချင်းပမာ ရဲဝန့်ပိုင်နိုင်စွာ ပြောဆိုနေခြင်းကြောင့် ပါးစပ်အဟောင်းသားနှင့် အသက်ပင် ပြင်းပြင်းမရှူနိုင်စတမ်း အကြီးအကျယ်အံ့သြနေမိကြပါတော့သည်။

"ရင်နာလိုက်ပါဘိတော့တယ် သခင်ကြီးရယ်....ကိုယ်နှုတ် အမူအယာကလဲ ကြီးမားသလော့ သူစိမ်းပြင်ပြင်မကြင်နာတဲ့ စိတ်ထားအမူအယာတွေနဲ့ ဘုရားနှမ ဖူးတွေ့လိုက်ရတော့၊ ဟင်း....ဘယ်လိုခံစားနေရတယ်ဆိုတာ စဉ်းစားတော်မူပါ သခင်ကြီးရယ်၊ ဖြစ်ရတဲ့ဘဝတွေ မြတ်နိုးယုယခိုက်မှာ ကွဲခဲ့ရတဲ့ အဖြစ်ဆိုးကို ပြန်စဉ်းစားမိတိုင်း အသဲနာလှချီရဲ့ သခင်ကြီးရယ်"

တရှိုက်ငင်ငင်ငိုကြွေးနေရှာသော စောခမ်းနွဲ့ကို တပ်မှူး-အောင်မင်းကျော်သည် အတော်ဝမ်းနည်းလာသည့် စိတ်ထားဖြင့် ငေးစိုက်ကာ ရီဝေနေသော မျက်လုံးကြီးများနှင့်ကြည့်ကာ....

"ပြောရင်လဲခံရမှာဘဲခင်ဗျာ၊ ဒီကနှမကို ကျွန်တော်ဘယ်နေရာမှာလဲဘဲ ကောင်းကောင်းကြီးရင်းရင်းနှီးနှီး တွေ့ဘူးပါတယ်လို့ အောက်မေ့ခဲ့တယ်၊ ဒါပေမဲ့လေ....ခက်တာက ကျွန်တော်မှတ်ဉာဏ်မကောင်းလို့လား၊ အစဉ်းစားရကြပ်လှချီရဲ့ဗျာ၊ ဝမ်းနည်းပါတယ်နော်...."

ကျေကွဲနေသောအသံကြီးနှင့် တောင်းပန်ရင်း သံသရာ၏ ဆန်းကျယ်ပုံများကို နက်နဲစွာစဉ်းစားနေမိသည်တွင်....

"အမှန်တရားတွေ မုချပေါ်ရမယ် သခင်ကြီး၊ ဘုရားနှမ ဒီနေရာက နေပြီး သစ္စာအဓိဋ္ဌာန်ပြုလိုက်ပါတယ်၊ ဆုချီလိုက်ပါတယ်၊ ခံရလေခြင်းနော်....အင်မတန် မုန်းစရာ၊ စိတ်နာစရာ ကောင်းတဲ့ ဘဝအကျိုးပေးများနှယ်၊ ဘုရားနှမရင်ထဲမှာ ခွဲပြုလိုက်ချင်တော့တယ် သခင်ကြီးရယ်၊ သခင်ကြီးအပေါ် ဘုရားနှမ သစ္စာတွေဟာ...."

ရှေ့ဆက်လက်၍မပြောနိုင်ရှာဘဲ စောခမ်းနွဲ့သည် သူမ၏နဖူးကို



သူမ၏လက်ဝါးကလေးနှင့်ထုကာ ငိုကြွေးလိုက်ပြန်သည်တွင် ဘေးမှ တမန်ကြီး ဘိုးအာဏာသည် သက်ပြင်းကြီးတချက်ချကာ....

"သခင်ကြီး စိတ်ထိခိုက်လာအောင် ငိုမနေပါနဲ့တော့သမီးရယ် အဘလဲ ကောင်းကောင်းသိခဲ့ပါတယ်၊ ပြောရင်အသစ်- မေ့ပစ်ရင် အဟောင်းဆိုတဲ့စကားလို အတိတ်ကစိတ်မချမ်းသာစရာတွေ မေ့ပစ်လိုက်စမ်းပါ၊ အင်း....ဘဝသံသရာဆိုတာ အင်မတန် ကြောက်စရာ၊ မုန်းစရာ၊ ရွံစရာတွေချည်း ပါကလား....နိဗ္ဗာန်ရွှေပြည် မကူးနိုင်သမျှရလို့ ပရိဒေဝမီးတွေနဲ့ချည်း ရင်ဆိုင်ရမှာချည်းပါလား"

"ကိုင်း....ကိုင်း....ဘ-သမီး မျက်ရည် သုတ်ပေတော့၊ ချုပြန်ပြီး မျက်နှာခြင်းဆုံခွင့်ရမဲ့ဉစ္စာဘဲကွယ်၊ သခင်ကြီးဟာ ဇာတိသရဉာဏ် မပေါ်သေးတော့ မြုပ်နေတဲ့အခိုက်မှာ သမီး လျှောက်တင်တဲ့ အချက်တွေ သခင်ကြီးခမျာ ခေါင်းရှင်းမှာ မဟုတ်သေးဘူး၊ ဘဝ အကျိုးပေးများနှယ် ဆန်းကျယ်ရန်ကောကွယ်"

တရားလမ်းပြ ဆုံးမကာ စောခမ်းနွဲ့၏ အပူဇာတ်ကို ထိမ်းသိမ်းနိုင်းလိုက်ပါသည်။

"ကိုင်းလေ-နောက်အပါးကဝန်ကြီးလေးပါး ရှေ့တိုးခစားကြများတို့... ဝန်မင်းတို့အလုပ်ဘဲကျွန်တော့တယ်"

ရက္ခဗလကိုယ်စား ဝန်ကြီးလေးပါးကိုရှေ့သို့ တင်လိုက်ရင်း....

"တရားလက်မလွှတ်နဲ့ နော်သမီး-အဘိုးပြောမယ်၊ ခန္ဓာ နာမ် ထိမ်ပြောင်းရွှေ့ပြီး ဘဝတွေခြားနေရှာတဲ့ သခင်ကြီးကို အဘိုးတို့ နယ်မြေကိုပြန်ရောက်အောင် မနည်းကျိုးစားခဲ့ရတာ သမီးအသိဘဲ မဟုတ်လား၊ သခင်ကြီးအနေနဲ့လဲ ကုသိုလ်ဆက်ကလေး ပါရှိ ကလေးတွေက ရှိနေပြန်တော့- မျှော်လင့်စရာမရှိတဲ့ တိုင်းတပါး ရေမြေခြားတဲ့နေရာရောက်နေပေမဲ့ အချိန်ကြတော့ မနေနိုင်ဘဲ ကိုယ့်ရပ်ဌာနေအောင်မြေနယ်ထဲကို ဆိုက်ဆိုက်မြိုက်မြိုက်ကြွချီခဲ့နိုင်

www.burmeseclassic.com



ပြီမဟုတ်လား၊ ဒါကြောင့် ပါရမီအရင်းခံ တရား အရေးကြီးတယ် နော်-တရားလက်မလွှတ်စေနဲ့ ကြွားရဲ့လားသမီး”

ဆိုဆုံးမ ဩဝါဒများပေးနေတော့သည်။

ကြွားမှ ဗိုလ်ကြီးအောင်မင်းကျော်အဘို့ သူ့အား တန်းတန်း စွဲပြော၍နေသော ရက္ခဗလ၏သွေးသား စောခမ်းနွဲ၏ မျက်နှာကို မသိမသာကြည့်ကာ ရင်ထဲ၌ ဆွေးသလိုလို လွမ်းသလိုလို စိတ်ဝေဒ နာများ တဖွားဖွားပေါ်ပေါက်နေရှာတော့၏။ သူ့အဘို့ သူမကြာ ခဏနာမ်လောကအမြင်လည်းကောင်း၊အသံအားဖြင့်တယုံတွေ့ဆုံနေ ကြ တောင်တန်းကေရီသခင်မသက်ထားနဲ့ ယခုလော လော ဆယ် ရှေ့ဦးဆုံးတွေ့ကြုံခိုက်တွင် ရိုက်ကြီး ငင်ကြီးပူဆွေးစွာ ငိုကြွေးနေ ရှာသည့် ရက္ခဗလ၏နှမရင်း စောမမ်းနွဲနှင့် မည်သို့ ခြားနားသည် မည်သို့ဆက်စပ်နေသည်ကို အပြန်ပြန်အလှန်လှန် စဉ်းစား နေမိပါ တော့၏။

“အချိန် လိုပါသေးတယ်သခင်ကြီး၊ ဒီပြဿနာဟာမကြာခင် သခင်ကြီး ပြေလည်ပါလိမ့်မယ်၊ ဖြူန်းဖြူန်း ဒိုင်းဒိုင်းနဲ့ လောက သစ်ထဲရောက်ရှိလာတဲ့သခင်ကြီးအဘို့ ခေါင်းရှုတ် မခံဘဲ ရွှေစိတ် တော် ညစ်ညူးမှုမရှိအောင် ထိမ်းသိမ်းတော်မူပါ”

လွှတ်ကနဲ ဘိုးအာဏာက ဗိုလ်ကြီးအောင်မင်းကျော်၏ စိတ်အ တွေးအခေါ်ကိုသိနေသူပမာ သတိပေးလိုက်မှ ဗိုလ်ကြီးအောင်မင်း ကျော်အဘို့ ရှေ့သို့ပဆစ်ဒူးတုပ်ဝင်ရောက်လာသော ရက္ခဗလ၏ဝန် ကြီးလေးပါးကို ဆီးကြိုနှုတ်ဆက်ရန် မျက်နှာ လှဲ့လိုက်ရပေ တော့၏။

“ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပြောဆိုပြီး တိုတိုတုတ်တုတ်နဲ့ အလုပ်သဘောသာပြီးစီးအောင် ဆွေးနွေးကြဘို့ တောင်းပန်ပါ တယ်”



တပ်မှူးအောင်မင်းကျော်သည် သူ့အား များစွာ အရိုအသေ မပေးရန် လိုရင်းကိစ္စ မြန်မြန်ပြီးစီးစေရန်အတွက် ကြိုတင် တောင်း ပန်လိုက်ပါသည်။ ရက္ခဗသ၏ကိုယ်စလည်ဝန်ကြီး လေးယောက်သည် ယောကျ်ားပြီသသလောက် ခွန်အားဗလကောင်းမွန်လှပြီး လူချော ကြီးအောင်မင်းကျော်၏ရုပ်ကို ဝမ်းသာစွာကြည့်နေကြပြီးမှ ဝန်ကြီး မဟာရဝသည်ခေါင်းဆောင်၍....

“ကျွန်တော်မျိုးများတိုင်းပြည်ကို ကြွချီတော်မူဘို့ ပင့်လျှောက် ပါတယ်သခင်ကြီး၊ တာဝန်ကြီးလျက် ရွှေထီးဆြွင့်နန်းပင်ပိုင်ဆိုင်တဲ့ စိတ်မနိုင်သဘောမပြည့်သူ သာရမန်ကြီးရဲ့ အပြောအဆိုအပြုအမူ တွေအတွက် ကျွန်တော်မျိုးများ ဝတ်ထွားခစား သနား ခံအပ်ပါ ကြောင်း”

ရင်းတို့အသက် ဦးဆံပိုင်သာရမန်ကြီးကဲ့သို့ ရိုသေကျိုးနွံသော အသုံးအနှုန်းများ မဟာရဝသည် ရက္ခဗလ၏ အမှားကို ဖော်ပြကာ တောင်းပန်လိုက်ပါသည်။

“ကျေးဇူးတင်ပါတယ် ဝန်ကြီးမဟာရဝ၊ ကျွန်တော်တို့ သွား ရောက်လိုတဲ့ တောင်ပေါ်မြို့တော်ကို သွားလာနိုင်ဘို့ စီစဉ်ပေးကြ စေလိုပါတယ်၊လမ်းတလျှော်မှာဘဲ မလိုလားအပ်တဲ့တိုက်ခိုက်မှုတွေ မရှိကြအောင် စီစဉ်ပေးကြစေလိုပါတယ်၊ လူတယောက်ရဲ့ အသက် တချောင်းဟာ အင်မတန်ဖြစ်ခဲလှပါတယ်၊ ဒါကြောင့်လဲ ပျက်ခဲ စေချင်ပါတယ်၊ လမ်းတလျှောက်နဲ့ ဟောဒီတောင်ကုန်းတဝိုက် မှာ တိုက်ပွဲဖြစ်ရတဲ့ အတွက်လဲ အင်မတန်ဝမ်းနည်းလှပါတယ်၊ရှေ့ ကို ဒီလိုရုပ်ပျက်ဆင်းပျက်မဖြစ်ကြဘို့ စီစဉ်ပေးကြဘို့ပါဘဲ”

“မှန်လှပါ သခင်ကြီးအမိန့်ရှိတဲ့ သွေးထွက်သံယိုကိစ္စတွေ ရှေ့ ကို မဖြစ်ပွားရအောင် ဘုရားနှမနဲ့ ဝန်ကြီးလေးပါးတို့က အသက်နဲ့ လဲပြီ တာဝန်ယူအပ်ပါတယ်ဘုရား၊ သခင်ကြီးရဲ့ အသက်စည်းစိမ်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဟိုယခင်ကာလက ဘုရားနှမ အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ခဲ့သလို ယခုတဖန် ဘဝမှာလဲ ဘုရားနှမ အသက်ထက်မြတ်နိုးယူယရမဲ့သခင်ကြီး အသက် စည်းစိမ် အ တွက် ဘုရား နှမရဲ့ ရုပ်ရော-နာမ်ရော-စွန့်လွှတ်ဘို့ရာ ချိန်တိုင်းပြည့် ခါတိုင်း သင့်ရှိပါတယ်သခင်ကြီး၊ စိတ်တော်မငြိုငြင်ပါနဲ့ သခင်ကြီး"

"ကျွန်တော်မျိုးဝန်ကြီးလေးပါးကလည်း ပင်တိုင်စံသခင်မကြီးဂတိခံဝန်ချက်အတိုင်း တထပ်တည်းပါကိုယ်တော်ကြီး ကြွချီရေးအတွက်သာ အမိန့်ရှိပေတော့"

ဗိုလ်ကြီးအောင်မင်းကျော်အဘို့ သူသွားလိုသော တောင်တန်းကောရီသခင်မထံသို့ မဖြစ်မနေသွားရန်အတွက် ဆုံးဖြတ်လိုက်ပြီးဖြစ်ပါသည်။ ထို့ကြောင့် သူ၏တာဝန်အရ ဗမာ့တပ်မတော်စစ်ဌာနချုပ်သို့ အခြေအနေကို သတင်းပို့ရန် ဗိုလ်ညွန့်မောင်ကို အသံလွှင့်စက်များ ရလိုရငြား စစ်ဆေးကာ သတင်းပို့နိုင်ရေး အစီအစဉ်ကိုတာစန်ပေးလိုက်ပါသည်။ အသံလွှင့်စက်ကြီးများကို သူ့ရှေ့မှော်၌ချကာ ဗိုလ်ညွန့်မောင်ကိုဖွင့်စေပြီး တလုံးစီ စတင်ကာ စမ်းသပ်ကြည့်လိုက်ပါသည်။ စက်ကိရိယာတစုံတရာ ချို့ယွင်းချက် မတွေ့ရသော်လည်း အသံလွှင့်ခြင်း ပို့ခြင်း လက်ခံရယူနိုင်ခြင်း တစုံတရာမတွေ့ရ မမိသည်ကြောင့် တပ်မှူးနှင့် တပ်စုမှူးသုံးဦးတို့ တယောက်မျက်နှာ တယောက်ကြည့်ကာ စဉ်းစားနေကြသည်။

"လျှောက်တင်ပါရစေသခင်ကြီး၊ ရွှေမျဉ်းကြောင်း နယ်နိမိတ်ကနေပြီး ပြင်ပလောကကို မည်ကဲ့သို့ လှော်ကမေါ်တ်နည်း အား ဖြင့်ဆက်သွယ်သတင်းပို့လို့ မအောင်မြင်နိုင်ပါကြောင်း။ အကြောင်းရင်းမှာ စက်များ၏ချို့ယွင်းချက်မဟုတ်ဘဲ သခင်ကြီးတောင်ပေါ်မြို့တော်ရောက်ရှိသည့်အခါ ပြေလယ်စွာ ရွှေစိတ်တော်ကျသိတော်မူနိုင်ပါလိမ့်မယ်"



တမန်ကြီးဘိုးအာဏာသည် ရုတ်တရက် ဝင် ရောက်၍ လျှောက်ထားလိုက်မှ....

"ဟုတ်ပြီ ဒါကြောင့်ကိုး"

ဗိုလ်ကြီးအောင်မင်းကျော်သည် အဖြေရရှိသွားပြီးနောက်....

"ဒီတက်ဘို့အသင့်ပြင်--စစ်လက်နက် ပစ္စည်းဆိုရင် ကျည်ဆံခွံတစ္ဆ မျှမကျန်ရစ်ရအောင် ဆိုင်ရာတပ်စုမှူးတွေက ကြပ်မတ်စစ်ဆေးပြီး တန်းစီ ကင်းတွေက နေရာယူပြဲယူထားကြ၊ ပြီးရင်ကျုပ်ဆီသာပြီး ချက်ခြင်းသတင်းပို့ ဒီတက်ရေး အသေးစိပ်စီစဉ်မှုကို သတင်းပို့တဲ့အခါ ပေးမယ်"

အလူးတပ်ဖွဲ့မှ ရဲဘော်များအဘို့ ရက္ခဲဗလ၏နှမတော်စောခမ်းနွဲ့နှင့်အဖွဲ့ဝင်များယူဆောင်လာကြသည့် ငှက်ပြောသီး၊ သစ်တော်သီးအစရှိသည့် စားကောင်းသောက်ဘွယ်များကို ဝေငှကာစားသောက်နေကြပြီး သူတို့၏တပ်မှူးအောင်မင်းကျော်၏ ထူးခြားလှသော အဖြစ်အပျက်များ တစုတဝေးပြောဆိုနေကြပါသည်။ ဆိုင်ရာတပ်စုမှူးများ၏ပြင်ဆင်ရန်အမိန့်ကြောင့် သူတို့သည်စားသောက်သည့်အလုပ်ကိုရပ်နားပြီး စစ်ပစ္စည်းစစ်ကိရိယာများကို ချက်ခြင်းပြင်ဆင်လွယ်ပိုးကာ ဒီတက်ရေးအတွက်စီစဉ်လုပ်ဆောင်လိုက်ကြပါတော့သည်။

သူတို့ရှုံးခမ်းအတွင်း၌ ဗိုလ်ကြီး-အောင်မင်းကျော်နှင့် တပ်စုမှူးသုံးဦး၊ တပ်ကြပ်ကြီးများ၊ တပ်စိပ်မှူး များသည် အရေးတကြီးဆွေးနွေးလိုက်ကြပါသည်။

"ဒီတက်တဲ့အခါမှာ တစုတည်း မဒီတက်ရဘူး၊ တပ်စိပ်လိုက်တပ်ချင်းခွဲပြီး၊ တတပ်ဖွဲ့နဲ့ တတပ်ဖွဲ့ ဂိုက်ငါးဆယ်စီခွဲပြီးတက်ရမယ်၊ အဖက်ဖက်ကရန်သူပေါ်နိုင်တယ်၊တိုက်နိုင်တယ်၊ ရန်သူကစတိုက်ရင်ကျုပ်ကအလံနဲ့ အချက်ပေးမယ်၊ ဖြန့်တက်တဲ့တပ်စုတွေက ရန်သူကို

www.burmeseclassic.com



ပန်းတက်ပြီး တိုက်နိုင်အောင်တက်၊ အပြော အဆို အစစအရာရာ သတိပြု၊ စကားမများစေနဲ့၊ ကျွေးတိုင်းမစားနဲ့၊ မေးတိုင်းမဖြေနဲ့၊ မှတ်မိရဲ့လား၊ သူတို့လာပေးတဲ့ သစ်သီးတွေကို လားတွေကို စမ်းကျွေးပြီး ဘာမှမဖြစ်မှ ကျုပ်ရဲဘော်တွေကိုပေးတာ၊ နမူနာယူထား”

“နောက်ပြီး ရဲဘော်တိုင်းမှာ ရိက္ခာခြောက် ခုနစ်ရက်စာ ေး ထား၊ တကယ်လို့ လမ်းမှာဖြတ်ပြီး တိုက်ပွဲဖြစ်ရင် လူချင်းကွဲသွား တောင်မှ ရိက္ခာမပြတ်ဘိုဘဲ၊ တိုက်ပွဲဖြစ်ရင် ကိုယ့်စု ကိုယ်မကွဲဘို့ တပ်စုမှူးတွေက အုပ်ချုပ်ကွပ်ကဲနိုင်ရမယ်၊ ပြီးတော့ မြေပြောင်မှာ ဆိုတော့ ကျည်အားဖိသုံးကြ၊ ကျည်ဆံတွေ သယ်ရတာ ဒုက္ခများ နေပြီမို့ ကျည်ဆံ နှမြောစရာ မလိုဘူး၊ ကိုင်း....ဘာမေးအုံးမလဲ.... မေးစရာရှိရင်မေးနိုင်တယ်”

“မရှိပါဘူး....”

သံပြိုင်လိုပြောလိုက်ပါသည်။

“ကောင်းပြီ....နောက်ဆယ့်ငါးမိနစ်အချိန်ကစပြီး၊အမှတ်တစ် တပ်စုက ချီတက်မယ်၊ နောက်ကတပ်စုတွေ အစဉ်အတိုင်း လိုက်ကြ၊ ဒီကြားမှာ ကျုပ်တို့နဲ့ ပတ်သက်တဲ့ ပစ္စည်းတစုံတရာ မကျန်ရစ်ရအောင် ခြေရာလက်ရာတွေမှန်သမျှ အားလုံး ဖျောက်ခဲ့ဘို့ အချိန်ပေးလိုက်တယ်၊ ပြန်စစ်ဆေးကြ သွားနိုင်ပြီ”

“တန်းဖြုတ်....”

အမိန့်ပေးလိုက်ရာဗိုလ်ညွန့်မောင်က....

“အလေးပြု....”

ဟူ၍ ဗိုလ်ကြီး-အောင်မင်းကျော်ကို အလေးပြုဦးညွှတ်လိုက်ပြီး တန်းဖြုတ်ကာ ကိုယ့်တာဝန် ကျရောက်သော တပ်စုများ ဆီသို့ ခတ်သုတ်သုတ်ထွက်လာခဲ့ကြပါသည်။

ရွှေ့ဆုံးမှ ဝ,မြင်းစီးရရဲမက်ဆယ့်နှစ်ယောက်၊ ၎င်းမြင်းတပ်ဖွဲ့နောက်



မှ တမန်ကြီးမဟာရဝရထားယာဉ်၊ထိုနောက်မှ ဓောခမ်းနွဲ၏ယာဉ်၊ ထိုနောက်မှ ဗိုလ်ကြီး-အောင်မင်းကျော်နှင့် အထူးတပ်ဖွဲ့များ၊ နောက်ဆုံးမှ ဝန်ကြီးလေးပါးစီးနင်းလော ယာဉ်ရထားတို့ကို တတန်းကြီး ကသိကြီး အစုအဝေးအဖြစ်နှင့် အဝေးကပင် တွေ့မြင်နိုင်ပေသည်။

လမ်းမှာ ပေတရာခန့်ကျယ်ဝန်းစွာ ဖေါက်လုပ်ထားသောလမ်းကြမ်း သာသာမျှသာ ဖြစ်ပေ၏။ ဗိုလ်ကြီး-အောင်မင်းကျော်သည် တပ်ဦးမှ ခေါင်းဆောင်ကာ မှန်ပြောင်းတလက်နှင့် မသက်ာလျှင် မသက်ာအလို ရှေ့နှင့်ဝဲ-ယာတပိုက်သို့ကြည့်ရှုခြင်း ခြေလျင်ချီတက်နေကြပေသည်။ မကြာမီ လူနေအိမ်ခြေ နှစ်ရာခန့်ရှိသော ကျေးရွာကလေးတရွာအနီးမှ ဖြတ်သန်းချီတက်ခဲ့ကြသည်တွင် ရွာသူရွာသားများသည် လမ်းဘေးတဖက်တချက်မှ လာရောက်၍ ခရီးဦးကြို ပြုလုပ်ကြပါသည်။ ရွာသူရွာသားများ ဝတ်ပုံစားပုံကို ကြည့်ရှုလိုက်သော် ဗိုလ်ကြီး-အောင်မင်းကျော်အဘို့ ယောကျ်ားများမှာ ရှမ်းအမျိုးသား အဝတ်အစားဖြစ်သည့် တိုက်ပုံအင်္ကျီ၊ ဘောင်းဘီရှည်အပွများဝတ်ဆင်ပြီး၊ အမျိုးသမီး များမှာလည်း ဤခေါ်ရှိလှသော အင်္ကျီလက်ရှည်-ထမီများဖြင့် ပန်းစီးပန်းကိုင်းများကိုတွေ့ရမ်း နှုတ်ဆက်ကာ ဝမ်းပန်းတသာရှိနေပုံတွေ့ရပေ၏။

ကျေးရွာမှ အကြီးအကဲနှင့် တူသည့် လူကြီးတစုသည် သစ်သီးမျိုးစုံ ပန်းမျိုးစုံဘင်ထားသော ဝါးစင်ကလေး နောက်တွင်ရပ်ကာ တမန်ကြီးနှင့်ဓောခမ်းနွဲတို့ကို ရိုသေသမှု ရှိခိုးနေကြပါသည်။ အိမ်များမှာ မြန်မာလည်းမကျ၊ ယိုးဒယားလည်းမဆန်လှသော သက်ငယ်မိုး၊ ဝါးထရံကာ အိမ်များဖြစ်ပြီး ဆောက်ပုံပြုပုံမှာလည်း ရှေးဆန်လှ ကျလှတော့သည်။ အိမ်၏ဦးပိုင်း၌ အချွန်အတက်များ၊ ပြဿဒ်ပုံလိုလို ပန်းဆိုင်းပန်းဆွဲများဖြင့်လှပမှုကိုသရုပ်ဖေါ်ကာ ဆောက်လုပ်ထားပြီး၊ နှစ်ထပ်အိမ်များအဖြစ်ကိုတွေ့ရပေ၏။ စေခိုင်းသော ကျွ

www.burmeseclassic.com

များ နွားများကိုလည်း ချည်တိုင်များ၊ ခြံများအတွင်း၌ အုပ်လိုက်တွေ့လိုက်ရပြီး၊ စပါးကျီများ၊ ပုတ်များနှင့် ရိက္ခာပြည့်စုံမှုကို ဖေါ်ပြနေသည်။ စီးပွါးရေး အခြေအနေတို့ကိုလည်း ဗိုလ်ကြီး-အောင်မင်းကျော် အကဲခတ်လိုက်မိသည်။

ရှေ့ဆက်၍လမ်းပန်းအခြေအနေမှာ သိသိသာသာကြီးကောင်းမွန် ချောမွေ့လာချေ၏။ လူနေအိမ်ခြေနှင့် ကျေးရွာများကလည်း တရွာနှင့်တရွာပိုမိုနီးကပ်လာတော့သည်။ လယ်ယာကိုင်းကျွန်း လုပ်ခင်း ဆောင်တာများကလည်း စိမ်းလန်းစိုပြေနေသလောက် ထိုနေ့အဘို့ အရေးကြီးသော အခါ ဖြစ်၍ ရွာသူရွာသားများအဘို့ လယ်လာ လုပ်ငန်းများတွင်မတွေ့ရဘဲ ကျေးရွာများတွင် စုရုံးနေရသောအချိန်အခါမျိုးဖြစ်ပေ၏။ မကြာမီ ခတ်မေှးမှောင်နှင့် အတက်လမ်းမကြီး တခုဆီသို့ ဆိုက်ရောက်ခဲ့ကြတော့သည်။ ဤတွင် စောခမ်းနွဲ့သည် လှည်းပေါ်မှဆင်းသက်ခဲ့ပြီး၊ ဗိုလ်ကြီး-အောင်မင်းကျော်ဆီသို့ ရှင်ကြည်သော မျက်လုံးကြီးများနှင့် စွဲစွဲလန်းလန်းကြည့်ရင်း ချဉ်းကပ်လာပြီး နှစ်ယောက်သားဘေးချင်းယှဉ်တွဲကာ တပ်ဦးမှချီတက်ခဲ့ကြသည်။

စောခမ်းနွဲ့အဘို့ သူမ၏အကြည်နူးဆုံးအချိန်အခါဖြစ်စေသည်။ ဗိုလ်ကြီး-အောင်မင်းကျော်နှင့် ယှဉ်တွဲကာ လမ်းလျှောက်ရသည်အတွက် အကြီးအကျယ် ဝမ်းသာနေသလောက် ဗိုလ်ကြီး-အောင်မင်းကျော်အဘို့၌လည်း ကျေနပ်သောအချက်တချက်လည်းရှိပေ၏။ ထိုအချက်မှာ အကယ်၍ ရက္ခဗလသည် လမ်းခရီးတွင် တစုံတရာမကောင်းကြံကာ ခြုံခို၍ တိုက်ခိုက်ခဲ့ပါလျှင် ဗိုလ်ကြီး-အောင်မင်းကျော်သည် ရက္ခဗလ နှမရင်း စောခမ်းနွဲ့ကို ချက်ခြင်း ဖမ်းဆီးကာ တံဆာခံအဖြစ် အသုံးပြုရန် အကွက်ကို စဉ်းစားမိခြင်းကြောင့် ဖြစ်ပေ၏။



"ဘယ့်နှယ် စောခမ်းနွဲ့၊ ခြေဖဝါးတွေကြိမ်းပြီး လမ်းမလျှော်နိုင်ဘဲ ဖြစ်နေပါအုံးမယ်၊ ခြေလျှင်လျှောက်ရတယ်လို့"

ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏ဘယ်ဘက်ဘေးတွင် ယှဉ်တွဲလာသော ကတ္တီပါဘိနပ်ပါးပါးကလေးကို စီးနင်းကာလိုက်ပါလာသူ ရက္ခဗလ၏သွေးရင်း နှမတော်-စောခမ်းနွဲ့ကိုမေးလိုက်ရာ....

"ဘဝ-ဘဝက သခင်ကြီးရဲ့ ထံပါးမှ ဇးဖဝါးမကွာပရမီဖြည့်ပြီး မေးအတူ-ပူအမျှ သံသရာအဆုံး ခရီးအထိ လိုက်ပါနိုင်ပါစေလို့ ဆုတောင်းခဲ့တဲ့ ဘုရားနှမတော်အတွက် စိုးရိမ်တော်မမူပါနဲ့ သခင်ကြီးရဲ့၊ ကိုယ်ကာယ ချစ်ရေးနဲ့ ကျရင်သာ တံခိုးအာဏာရှင် တောင်ပေါ် သခင်မကြီးတက်က ရက်ရက်ရောရော ရတိပြုတ်သဘောနဲ့ သခင်ကြီးပါ မျှားဘို့ကို ဘုရားနှမ သတိပေးပါရစေနော်"

ဤစကားများကား ဗိုလ်ကြီး-အောင်မင်းကျော်ကို ချည်နှောင်လိုက်သော စကားများသာ ဖြစ်ကြောင်းကို ဗိုလ်ကြီး-အောင်မင်းကျော်က ချက်ခြင်းရိပ်မိလိုက်ပေ၏။

"အချိန်တွေအများကြီးရှိသေးတယ်မဟုတ်လား စောခမ်းနွဲ့ရယ် စိတ်ပူပန်မှုတွေရှိမနေပါနဲ့၊ ဒါထက် ရက္ခဗလတယောက် ဘယ်မှာ ကျန်ရစ်ခဲ့သလဲ—ဘယ်လိုများ ဘဝအကျိုးပေးဖန်လာတယ် မသိဘဲ စောခမ်းနွဲ့၊ တယောက်နဲ့ တယောက် ရန်ညှိုး ကြီး ရလေအောင်"

"နောင်တော်ဘုရား အတွက် စိုးရိမ်ဘော်မမူပါနဲ့ သခင်ကြီး ရယ် ရှုးရှုးမူးမူးနဲ့ နောင်တော်ရဲ့ ဘဝအခြေအနေနဲ့ ဘုန်းရှင်ကျော် သခင်ကြီးနဲ့ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး၊ သာရမန်နောင်တော် ကို ဘာ ပုပ်ချင်လုပ်ချင် ဒီက နှမတော်ဘုရားရဲ့ ဩဇာအာဏာကို ကျော်လွန်ပြီးမလုပ်ဝန့်ပါဘူး သခင်ကြီးရယ်"

www.burmeseclassic.com



နာရီဝက်ခန့်ချီတက်ခဲ့ကြသည့်နောက်တွင် တဟောဟော ရေစီးသံတွေ့ ကြားလိုက်ရပြီးနောက် ဂိုက်သုံးရာခန့်တွင် ချောင်းကူးတံတားကြီး တခုကို ဗိုလ်ကြီး-အောင်မင်းကျော်က တွေ့လိုက်ရပေ၏။ ချောင်းထဲ တဖက်ကမ်းထိပ်၌ ထူထပ်စွာ ပေါက်ရောက်နေသော သစ်တောကလေးတအုပ်ကိုတွေ့ရပြီး၊ တံတား၏ အကျယ်အဝန်းမှာ ပေအစိပ်ခန့်ကျယ်ဝန်းလျက် ကြီးမားသော ကြိုးကြီးများ၊ နွယ်ပင်များ၊ သစ်သားများဖြင့် စီမံဆောက်လုပ်ထားသော ကြိုးတံတားမျိုးဖြစ်ကြောင်းကိုလည်း တွေ့လိုက်ရပေ၏။ ရှေ့ဆုံးမှ မြင်းစီးသူရဲတပ်စိပ်က တံတားထိပ်သို့ ရောက်ခါနီး၌ တမန်ကြီး-ဘိုးအာဏာသည် ထိုင်ရာမှ ရုတ်တရက်ရပ်ကာ သူ၏နောက်ပါ အဆောင်ကိုင် တဦးကို အရေးတကြီး အမိန့်ပေးလိုက်သည်တွင် အဆောင်ကိုင် တဦးသည် မြင်းလှည်းပေါ်မှခုန်ကာ ရှေ့ဆုံးမြင်းစီးသူရဲများဆီသို့ ပြေးတက်သွားပြီး တစုံတရာအမိန့်ပေးလိုက်ပါသည်။

ရှေ့ဆုံးမှ ကင်းထောက်များအနေဖြင့် ချီတက်ခဲ့သော မြင်းစီးသူရဲများသည် ဘိုးအာဏာ၏ အမိန့်ကို ရသည် တပြိုင်နက်ထည်း ရှေ့သို့တလှမ်းမျှမတိုးတော့ဘဲ မြင်းများကို ရပ်ထားလိုက်ပါသည်။ မကြာမီ အောက်မြို့တော်တာဝန်ခံ ဘိုးအာဏာသည် တောင်ဝှေးကိုထောက်ကာ မြင်းလှည်းပေါ်မှ ဆင်းလာခဲ့ပြီး၊ စောခမ်းနွဲ့နှင့် ဗိုလ်ကြီး အောင်မင်းကျော်တို့ ချီတက်လာရာဆီသို့ ရောက်ရှိလာပါတော့သည်။

“အကြံပက်စက်ရှချိလား သမီးရယ်၊ မသူတော်တွေတော့ ဒီတခါ မှတ်လောက်အောင် ဆုံးမဘို့အချိန်ရောက်နေပြီ သမီး၊ တွေ့ရဲ့ မြင်ရဲ့မဟုတ်လား”

စောခမ်းနွဲ့သည် သူမ၏မျက်လုံးများကို တခဏမျှမှိတ်ကာ စဉ်းစား သလို လုပ်လိုက်ပြီးမှ....



“ဟင်း....ရိုင်းလိုက်လေတယ်နော်.... တွေ့ပြီ အဘိုး၊ ကြည့်စမ်း၊ ဒီလောက် ယုတ်မာရအောင် တကြောင်း မထောက် တကြောင်း ကြောက်ဘို့ကောင်းပါရက်နဲ့ အဘိုးနဲ့ သမီးကိုအရှက်ခွဲတဲ့နည်းဟဲ့”

“ဘာဖြစ်မှာလဲ သမီးရယ်၊ အထက်မြို့တော် တောင်တန်းစီကောရီ ဘုရင်မကြီးရဲ့အာဏာနဲ့ လွှဲအပ်ထားခြင်း ခံရတဲ့ တမန်ကြီး-ဘိုး အာဏာဆိုတာ ဒင်းတို့မေ့နေပြီထင်တယ်၊ ဒင်းတို့ကြံသမျှ လုံးစေ့ ပတ်စေ့ အကုန်သိတတ်တယ်ဆိုတာ ဒင်းတို့မမှတ်မိဘူးလား၊ တာဝန် ရှိတဲ့လူကို ပင့်မပေါ်အောင် စစ်ဆေးပြီး ဟောဒီက အတွင်းဝန် လေးပါးနဲ့ သမီးတို့ ဒီအမှုကို ဒီနေရာမှာဘဲစီရင်ပြီးအဖြစ်နဲ့ ဆုံးဖြတ် အပြစ်ပေးပေတော့၊ ကိုင်း....ငမိုက်သားတွေ ကြံစီတဲ့နေရာက ခု မျက်ချင်း မပုန်းကွယ်နိုင်စတမ်း ငါ့ခြေရင်းအမြန်ရောက်စေဟဲ့”

တခွန်းတည်းအမိန့်သံနှင့် ဘီလူးရုပ်တောင်ဝှေးကြီးကို မြေပြင်သို့ ဆောင့်ကာ တချက်ချလိုက်ပါတော့သည်။ ဒိုင်းကနဲ သေနတ်သံလို အသံကြီးတသံနှင့်အတူ နီရဲနေသောမီးတန်းကြီး တတန်းသည် ဘိုး အာဏာ၏ တောင်ဝှေးထိပ်မှပန်းတက်သွားပြီး တံတား၏တဖက်စွန်း သို့ အရှိန်ပြင်းစွာဖြင့် ကြယ်တံခွန်လွှတ်သလို အမြီးတန်းကြီးဖြင့် ကျော်ဖြတ်ကာ ရောက်ရှိသွားတော့သည်။ တောအုပ်ကလေးဆီသို့ ဝေါဝေါ ဝင်ရောက်သွားသော မီးတန်းကြီးအဆုံး၌ ကြောက် မက်ဘွယ် ကောင်းလှသော လူတစု၏အလန့်တကြား အော်ဟစ်သံ များသည် အပြိုင်အဆိုင်ပေါ်ထွက်လာချေ၏။

မီနစ်ပိုင်းအတွင်း၌ ဆောက်တည်ရာ မရကြသည့် ကြောက်မက် ဘွယ်ရာ ပူလောင်ခြင်းဝေဒနာကို ခံစားနေကြရသော လူများကဲ့သို့ လက်နက်ကိုင် လူဆယ်ယောက်ကို တွေ့လိုက်ရပေတော့၏။ သူတို့ နောက်ကျောတွင် လေးကိုင်းတချောင်းစီနှင့် အိတ်နှင့်အပြည့်ပါသည့် မြှားစင်းများ၊ မြှားချောင်းများကို တွေ့နိုင်ပေ၏။ သူတို့တစုသည်

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်မှ ပြင်းပြသောပူလောင်မှုဝေဒနာကို ခံစားနေကြရသောဒုက္ခသည်များ ပမာ ကျဲသံ-နွားသံများ ပါလာအောင် အော်ဟစ်ရင်း ထံတားပေါ်မှ အလူးအလဲပြေးလွှားလာကြပြီး တမန်ကြီး-ဘိုးအာဏာ၏ ခြေရင်း၌ခေါင်းစိုက်ကာချလိုက်ပါတော့သည်။

"ကိုင်း....သမီးနဲ့ ဝန်ကြီးလေးပါး လုပ်ကြံမှု တရားခံ ခေါင်းဆောင်ကို စစ်မေးကြပေတော့"

တမန်ကြီး-ဘိုးအာဏာက စောခမ်းနွဲ့နှင့် အဆင်သင့် ရောက်ရှိလာသည့် ရက္ခဗလကိုယ်စားလည် ဝန်းကြီးလေးပါးကိုလွှဲအပ်တာဝန်ပေးလိုက်ပါသည်။

စောခမ်းနွဲ့သည် မျက်လုံးများမှ မီးတောက် ခမန်း ဒေါသခြောင်းခြောင်းထွက်သော အခိုးအလျှံတွေဖြင့် လုပ်ကြံသူ ဝ,လက်နက်ကိုင် ဆယ်ဦး၏မျက်နှာကို ကြည့်လိုက်ပြီး....

"ဟဲ့.. အမိုက်သစ္စာဖေါက်တွေ၊ နင်တို့ ငါ့ကိုသိရဲ့လား"

သံဖြတ်နှင့်မေးလိုက်သည်တွင် အားလုံးက ချက်ခြင်းပင်....

"သိပါတယ် သခင်မကြီး၊ သိပါတယ် ကယ်တော်မူပါ၊ ကျွန်တော်မျိုးများ မှားပါပြီ"

"ကိုင်း....နင်တို့ထဲက လူကြီးခေါင်းဆောင်ဘယ်သူလဲ ပြောကြစမ်း မြန်မြန် အချိန်မရှိဘူးဟေ့"

ဝ,လက်နက်ကိုင်သုံးလေးဦးက နောက်ဆုံးမှမျက်နှာမဖေါ်ဝန့်သော ဝ,လူမျိုးတဦးကို ကမန်းကတန်းလက်ညှိုးနှင့် ညွှန်ပြရင်း....

"ကောလိပါ သခင်မကြီး၊ သူခိုင်းလို့ ကျွန်တော်မျိုးများမှားမိပါပြီ သခင်မကြီး၊ အပြစ်ဒဏ်ချမ်းသာပေးတော်မူပါ"

"ဟေ့....ကောလိ၊ နင်ငါ့မျက်နှာကိုကြည့်လိုက်စမ်း၊ စောခမ်းနွဲ့ဆိုတာ နင်သိရဲ့လား၊ နင့်ကို ဒီလိုခွေးလောက်မှုမမြတ်တဲ့အကြံအစီကို ဘယ်သူကခိုင်းသလဲ"



စောခမ်းနွဲ့သည် ခါးကိုတင်းတင်းထောက်ကာ မေးမြန်းစစ်ဆေးလိုက်တော့သည်။

ကောလိဆိုသော လက်နက်ကိုင်မှာ အမှန်အားဖြင့် ရက္ခဗလ၏လက်ရုံး၊ ရောနကစစ်သူကြီးတပ်ဖွဲ့မှ မျှားပစ်တပ်ခွဲမှူး ရာထူးရှိသော စစ်မှုထမ်းတဦးဖြစ်ပေ၏။

"ကိုင်း....ငါ့မျက်နှာကိုမော့ကြည့်လိုက်စမ်း"

စောခမ်းနွဲ့၏မျက်လုံးများမှာ ဩဇာခေါင်ကြီးမားနေကြောင်းပြ အရောင်တွေ တဖိတ်ဖိတ်ထွက်နေပြီး ကြောက်မက်ဘွယ်ရာအသွင်ကို ဖန်တီးနေလေပြီတကား။

"အမယ်လေး....ကြောက်လှချီရဲ့ ဘုရား ချမ်းသာပေးပါဘုရား၊ ကျွန်တော်မျိုးကိုစေခိုင်းတဲ့သူကိုမဖေါ်ဝန့်ပါဘုရား၊ နှစ်လက်သော ခေါင်းသွားကို ကြောက်နေရသူပါ သခင်မကြီးရဲ့ ကယ်တော်မူပါ"

"ဟဲ့....ကောလိ၊ ခိုင်းတိုင်း-စေတိုင်း နင်လုပ်ရသလား၊ တာဝန်ယူရသလား ဒီပုဂ္ဂိုလ်တွေဟာ ဘယ်သူတွေတုန်း ဆိုတာ နင်သိရဲ့လား၊ ဟင်....ခွေးထက်မိုက်တဲ့အကောင်၊ ငါ့အသက်ဘက်မြတ်နိုးတဲ့ ကျေးဇူးရှင်၊ ငါ့သခင်ကြီးဟဲ့၊ ကဲ-နင့်ကိုတာဝန်ပေးတဲ့ပုဂ္ဂိုလ်ကို ဖေါ်မလား၊ မဖေါ်ဘူးလား၊ နင်ဒီအတိုင်း ဘူးခံမလား....ဆုံးဖြတ်ပေတော့"

"မှုခင်းထောင်းပန်အပ်ပါတယ် ပညာရှင်မခင်မကြီး၊ ဘုရားကျွန်တော်မျိုးမဖေါ်ဝန့်ပါ၊ ဘုရားကျွန်တော်မျိုး နှုတ်ပိတ် ခံထားရတဲ့သူပါ"

"မကောင်းပြီ ဝန်ကြီးလေးပါ ဘယ်လိုလျှောက်လဲချက်တွေ ပေးချင်ကြသေးသလဲ ကောလိဟာ သခင်မကြီးနဲ့ အောင်မြို့တော်သူမြို့သားတွေရဲ့အရှက်ကိုခွဲဘို့ ကြံတယ်၊ အမြတ်နိုးဆုံး သခင်ကြီးတို့အ

www.burmeseclassic.com

www.burmeseclassic.com



သက်ကို လုပ်ကြံဘို့ကိုလဲကြံခဲ့ပြန်တယ်၊ ခုတင်က ကလေးမှုအဘိုးကြို တင်ပြီးသိလို့ သခင်မကြီးရဲ့အရှက်မကွဲရတော့တယ်"

"အပြစ်ရှိကြောင်းပါ-ပညာရှင်သခင်မကြီး"

ဝန်ကြီးလေးပါးတို့ တညီတညွတ်တည်း လျှောက်တင်ချက် ပေးလိုက်ကြသည်။

"ဟဲ့-'ရက္ခဘုမ္မိမြို့'တော်သားတွေကို အရှက်ခွဲတဲ့ အမိုက်ကောင်တွေ ဒီလိုအယုတ်တမာကျင့်ကြံတဲ့ကိစ္စဟာ တပြည်လုံး တမျိုးလုံးသာမက ငါ့အရှက်ကိုပါခွဲလိုက်ခြင်းဖြစ်တယ်၊ ကြည့်စမ်း ငါမေးတာတောင် ဘယ်သူက စီစဉ်လုပ်ကြံခိုင်းတယ်ဆိုတာ ဖွင့်မပြောကြဘူး၊ အဘိုးတမန်ကြီးနဲ့ ငါနဲ့ သိတယ်၊ ဘယ်သူက စေခိုင်းတယ်ဆိုတာ ဖွင့်ပေးရတာက ပြည်သူပြည်သားတွေနဲ့ ပရိသတ်တွေ ရှေ့မှာ သက်သေခံရအောင်လို့ ခု-နင်တို့ပါးစပ်ကို အားလုံးပိတ်ထားကြပြီ ကောင်းပြီ ငါကလဲ နင်တို့ဘဝကိုပိတ်ရလိမ့်မယ်"

ကြောက်မက်ဘွယ်ရာ ခတ်ထန်လှသော အသံဖြင့် စောခမ်းနွဲ့သည် ကြိမ်းဝါးလိုက်ပြီး....

"ဟဲ့... ကြည့်လိုက်စမ်း ခု-ချက်ခြင်းငါ့မျက်နှာကို"

ဗိုလ်ကြီး အောင် မင်းကျော်တို့ကို ဆေးချက်မမှီစေရန် ကုစားမရစေနိုင်စေသည့် ဆိပ်လူးမြှားနှင့် ပစ်ခတ်လုပ်ကြံရန် ကြံစီလိုက်သူ ရွှေးပစ်တပ်မှ ကောလိနှင့်အပေါင်းပါတို့သည် စောခမ်းနွဲ့၏အာဏာကို မလွန်ဆန်နိုင်ကြသူများပမာ ချက်ခြင်းမျက်လွှာချကာ ရှိခိုးနေရာမှ မည်သည့်အကြောင်းကြောင့်မသိရဘဲ ရုတ်ပါရက်စောခမ်းနွဲ့၏မျက်နှာပြင်ကို လှမ်း၍ ကြည့်လိုက်ကြသည် စောခမ်းနွဲ့၏ အရောင်တဖိတ်ဖိတ်တောက်နေသော မျက်လုံးကြီးနှစ်လုံးကို မှင်သက်မိနေကြသည့်ပမာ ငေးကာကြည့်လိုက်ကြပါသည်။ ကောလိတို့ လက်နက်ကိုင်တစု၏ အမှုအရာမှာ ချက်ခြင်း ကျောက်ရုပ်ကြီးများ



ကဲ့သို့ မတုံမလှုပ်ဖြစ်သွားကြသည်။

"ဟဲ့-နင်တို့လူမဟုတ်ဘူး၊ လူစင်စစ်က မျောက်တွေဖြစ်သွားပြီ စိတ်ရော ကိုယ်ရော"

အမိန့်ပေးလိုက်သည့်တခဏ၌ ကောလိတို့လူစုသည် စောခမ်းနွဲ့၏ စိတ်ညို့ခံရခြင်း ဒဏ်ချက်ကြောင့် မျောက်ကြီးတွေကဲ့သို့ တကျီးကျီးနှင့် တကောင်နှင့်တကောင် မာန်စောင်ကာ လူစိတ် ပျောက်သွားကြပါတော့သည်။

"ကောင်းပြီ- နင်တို့မျောက်တစုက အပျင်းပြေ ဟောဟိုတောင်ထိပ်ကနေပြီး ချောင်းထဲအမြန်ခုန်ချလိုက်ကြ-ခုန်ချမြန်မြန်"

လက်ညှိုးကလေးနှင့် ရေသံတဝေါဝေါထွက်နေရာ အနီးချောင်းထိပ်ဆီသို့ ညွှန်ပြရင်း စောခမ်းနွဲ့သည် တချက်လွှတ်အမိန့်ပေးလိုက်သည့်တပြိုင်နက်ထဲ လူစိတ်ပျောက်နေပြီဖြစ်ကြသည့် ကောလိနှင့်အပေါင်းပါတို့သည် မျောက်ကြီးများ မြေပြင်တွင် သွားလာသကဲ့သို့ ခုန်တခုန်ဆွနှင့် လေးဘက်ထောက်ကာ ချောင်းထိပ်ဆီသို့ပြေးထွက်သွားကြလေ၏။ ချောင်းထိပ်ရောက်သည့်တပြိုင်ထဲ မြူးတူးပျော်ရွှင်နေသော မျောက်များသဘာဝအတိုင်း လက်နှစ်ဘက်ကိုခေါင်းပေါ်မြှောက်ကာ ခုန်ပေါက်လိုက်ပြီးနောက် ရေထဲသို့ တကောင်စီခုန်ဆင်းလိုက်ကြပါတော့သည်။

"အို-ကနဲ အေးမှုဝ လက်နက်ကိုင်များ၏ တုံလှုပ်စွာအော်မြည်သံများမှာ ရုတ်တရက် အလန့်တကြားထွက်ပေါ်လာကြတော့သည်။

"ပတ်ထား....ဒါနမူနာဘဲ တယောက်အမိန့်ကိုတော့ ရိုသေပြီး ငါ့အမိန့်နဲ့ အာဏာဆန်ရင် ငါ့အရှက်ကိုခွဲရင် ဒီလမ်းဘဲ လိုက်ရမယ်၊ စောခမ်းနွဲ့တဲ့ ဟေ့.... ရက္ခဘုမ္မိဒေါ်တဲ့ အောက်မြို့တော်ရဲ့ အမင်မတဲ့ နော်၊ အနုကစမ်းစမ်း အကြမ်းကစမ်းစမ်း အဆင်သင့်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



တကိုယ်တည်း ကြိမ်းဝါးလိုက်ပါတော့သည်။

ဗိုလ်ကြီးညွန့်မောင်နှင့် အဖွဲ့ဝင်များသည် ၎င်းတို့ အားလုံးဖြတ်ကူးရန် ကြိုးတံတားကို ခိုင်မခိုင် လုပ်ကြံနှောင့်ယှက်မှု ရှိမရှိသွားရောက်စစ်ဆေးကြည့်ရှုနေသည်ကြောင့် ခေတ္တရပ်နားခိုက်တွင် ဖော်ပြပါဒဏ်ခတ်ခြင်းကိစ္စကို စောခမ်းနွဲ့က သရုပ်ပါပါ ဆောင်ရွက်ကာ နမူနာပြလိုက်ခြင်းဖြစ်ပါပေ၏။

"ကိစ္စမရှိပါဘူးသခင်ကြီး၊ အကျန်အားလုံးသိပါတယ်၊ သခင်ကြီးနဲ့ ရဲမက်များ ဘေးဥပါဒ်ရှိခဲ့ရင် အကျန် တာဝန်ရှိပါတယ်.... စိတ်ကြည်သာစွာနဲ့ ချီတက်တော်မူပါသခင်ကြီး"

တမန်ကြီးကဝင်ရောက်၍ ဗိုလ်ကြီးအောင်မင်းကျော်သို့တောင်းပန်လိုက်ပါတော့သည်။

"ကိုင်း-ချီတက်ကြမယ် တပ်ဖွဲ့အသင့်ပြင်"

ဗိုလ်ကြီးအောင်မင်းကျော်၏ အမိန့်သံနောက်တွင် ရပ်နားနေသော တပ်ဖွဲ့ကြီးနှင့် ယဉ်များသည် အသက်ဝင်ကာ လှုပ်ရှားလိုက်ကြပါသည်။ တံတားပေါ်မှနေ၍ ဗိုလ်ကြီးအောင်မင်းကျော်သည် ကောလိတ္တိုလူစု ခုန်ချသော နေရာသို့ လှမ်းကြည့်လိုက်သည်တွင် ကတော့ကြီးလိုစုပ်နေသော ဝဲဂယက်ကြီးကို တွေ့လိုက်ရပါတော့သည်။ ရေစီးကလည်း ကြောက်မက်ဘွယ်ရာကောင်းအောင် ရှိနေသည့် တောင်ကျ ချောင်းကြီးအဖြစ်ကို စဉ်းစား မိသော ဗိုလ်ကြီးအောင်မင်းကျော်အဘို့ ကောလိနှင့်အပေါင်းပါးတို့အဘို့ အသက်ရှင်ဘွယ်ကိစ္စ မျှော်လင့်ချက် မရှိကြောင်းကို ရိပ်မိ လိုက်ပါတော့သည်။

× × × ×

မကြာမီ ပေနှစ်ရာခန့်ရှည်သော ကြိုးတံတားကို အောင်မြင်စွာ ဖြတ်ကျော်ကာ တောအုပ်အလွန်သို့ဆိုက်ရောက်ခဲ့ကြသောဗိုလ်ကြီး



အောင်မင်းကျော်အဘို့ ကျယ်ပြန့်သောလမ်းကြီးတလျှောက်မှ ရွာကြီးများဆက်ကာဆက်ကာ တွေ့လိုက်ရပေ၏။ ယခင်ကာလက လမ်းတလျှောက်၌ လူနေအိမ်ခြေကြဲခဲ့သလောက် ယခုအခါ၌ မူကား.... လူနေအိမ်ခြေစိပ်ပြီး တရွာနှင့်တရွာဆက်ခမန်း စီးကားနေသည်ကို တွေ့ရပေ၏။

စောခမ်းနွဲ့သည် ရှေ့ဆုံးမှ မြင်းစီးသူရဲတဦးကို ချက်ခြင်းခေါ်ယူကာ အောက်ပါအမိန့်ပေးလိုက်ပြီး ရှေ့တလျှောက်ရှိ စစ်ဌာနများကင်းများသို့ အရေးတကြီး အမိန့်ပေးလိုက်ပါသည်။

"ချီတက်လာမည့် လမ်း တလျှောက်၌ မညိုသည့် လက်နက်ကိုင်ရဲဘော်များကို မတွေ့မြင်လိုကြောင်း၊ ထိုကြောင့် ယခု အမိန့်ရပြီးနောက် လမ်းတလျှောက်၌ တာဝန်ကျရောက်သော ရဲမက်များသည် လမ်းနှင့် ငါးရဲတွင်းအရပ်သို့ ဖယ်ခွါနေရမည်ဖြစ်ကြောင်း"

ဗိုလ်ကြီးအောင်မင်းကျော်သည် သူ၏အပေါ်၌ ညှိမျှ သံယောဇဉ်ကြီးမားနေရှာသူ တဘဝက သူ၏ကြင်ဘက်တော်ဖြစ်ခဲ့သူဖြစ်ကာ မျှော်လျက် ခုတိုင်တမ်းတနေရှာသူ စောခမ်းနွဲ့ကို အနည်းငယ် စိတ်ပါဝင်စားကာ စဉ်းစားစပြုနေပါသည်။ သို့ရာတွင် သူ့အဘို့အချစ်ရေးတွင် တောင်တန်းဧရီသခင်မ တဦးသာ သတ်မှတ် ဆုံးဖြတ်ပြီးဖြစ်၍ အခြားသောအမျိုးသမီးတယောက်တလေကိုမူကား အချစ်ရေးနယ်ပယ်သို့ ခွင့်ပြုနိုင်မည်မဟုတ်ချေ။

ချီတက်ဖြတ်ကျော်ရာ ရွာကြီးရွာငယ်များ တလျှောက်၌ ရပ်ရွာလူထုသည် တမန်ကြီး-ဘိုးအာဏာ၊ စောခမ်းနွဲ့၏ ပညာရှင်မ၊ ဗိုလ်ကြီး အောင်မင်းကျော်တို့ ဗမာ့တပ်မတော် ရဲမက်များကို ဝမ်းမြောက်သောကြိုဆိုနေကြပါသည်။ အမျိုးသမီးကြီးများမှာပင် အတော်ကြည့်ပျော်ရှုပျော်သောမျက်နှာများဖြင့် ကိုယ်လုံးကိုယ်ပေါက် ပိုင်မှုများအဖြစ်ကို တွေ့နိုင်သည့်အလျောက် ဗမာရဲမက်များ အဘို့

www.burmeseclassic.com



မျက်စေ့များသည် အမျိုးသမီးများဆီသို့ တရစ်ဝဲဝဲနှင့် ဖြစ်ကာ ချီတက်နေရကြောင်းကိုပါ တပ်မှူး-အောင်မင်းကျော်က ရိပ်မိလိုက်ပါသည်။ တနာရီခန့်ချီတက်ခဲ့ကြသည်တွင် ရက္ခဘုမ္မိခေါ် အော်မြို့တော်ကြီးကို လှမ်း၍တွေ့လိုက်ရပေ၏။ စတုရန်းကျကျ မြို့တည်ထားပုံ၊ ကျုံးများ၊ မြို့ရိုးများနှင့် သစ်ပင်ကြီးငယ်တို့ဖြင့် ဝေဝေဆာဆာ အဖြစ်ကိုတွေ့နိုင်ပေသည်။

"ဘုရားနှမတော်တို့ မြို့တော်ဟာ သာယာပျော်မွေ့ဘွယ် ကောင်းပါတယ် သခင်ကြီးရဲ့၊ သခင်ကြီးအနေနဲ့ ဘဝကခြားနေတော့ သခင်ကြီး အရင်ဘဝတွေတုန်းက ရွှေစကြာဖြန့်ချီခဲ့တဲ့ဒေသတွေလေ--ဘုရားနှမတော်ကိုပါ မေ့လျော့စပြုခဲ့တာအသဲနာစရာဘဲ သခင်ကြီးရယ်"

ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏နဖူးထင်ကို လက်ဖမိုးနှင့် ဖိကာ စဉ်းစားရင်း....

"ဟုတ်တယ် စောခမ်းနွဲ့၊ ဒီနေရာတွေ-ဒီဌာနတွေဟာ အိပ်မက်လိုလို၊ မျက်စေ့ထဲ မြင်သလိုလိုတော့ရှိသားဘဲ၊ ဒါထက် ကျုပ်တို့ဘယ်မှာစခမ်းချတပ်စွဲရမှာလဲ၊ နေရာထိုင်ခင်းတွေ စီစဉ်ပြီးပြီလား၊ ရက္ခဗလနဲ့တွေ့စရာ မျက်နှာချင်းဆိုင်စရာရှိသေးသလား"

"သခင်ကြီးစိတ်ဆန္ဒအတိုင်းပါ၊ နောင်တော်-ရက္ခဗလကို တွေ့ချင်ရင် တွေ့နိုင်ပါတယ် အချိန်မရွေးပါ၊ ဩော်....သခင်ကြီး၊ သခင်ကြီး ကိုယ်တိုင်ရောက်ရှိနေတဲ့ဒေသနဲ့ အခွင့်အာဏာကို မရိပ်စားမိသေးပါလားနော်....ခက်ရချည်ရဲ့ သခင်ကြီးရယ်၊ ဒီနေရာ-ဒီဌာနတွေဟာ သခင်ကြီးရဲ့ အခွင့်အာဏာတွေမှာ ရှိတယ်၊သခင်ကြီးအမိန့်တခုဘဲရှိတယ်"

စောခမ်းနွဲ့သည် အားမလို အားမရသည့် မျက်နှာဖြင့် တပ်မှူး-အောင်မင်းကျော်၏ ယောက်ျားပြီသလှသလော် ချောမောနေသည့်



မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း နှစ်ကိုယ်ကြား လျှောက်ထားလိုက်ပါသည်။

မကြာမီ မြို့စွန်သို့ချဉ်းကပ် ဆိုက်ရောက်ခဲ့ကြသည်၊ လမ်းဆုံလမ်းခွများ၌ ညောင်ရေအိုးနှင့်သပြေပန်းများ၊ တံခွန်များ၊ အလံများကို ထူစိုက်ကာ တမြို့လုံးရှိ ပရိသတ်အပေါင်းတို့သည် လမ်းဆုံလမ်းခွမှ တခဲနက်အသင့်ကြို ဆိုနေကြကြောင်းကို တွေ့လိုက်ရပေ၏။

တမန်ကြီးက....

"သခင်ကြီးရဲ့ရဲမက်တွေအတွက် ယာယီတဲနန်းအဖြစ် စခမ်းချဖို့ နေရာကို အကျွန်သတ်မှတ်ထားပါတယ် သခင်ကြီး"

ဗိုလ်ကြီး-အောင်မင်းကျော်သည် ချက်ခြင်းပင်....

"ဘယ်လိုနေရာမျိုးလဲအဘိုး၊ကျွန်တော်က လူသူနဲ့ ခတ်ဝေးဝေး မြင့်တောင်ကုန်းတနေရာလောက်ကို ခန့်မှန်းထားပါတယ်၊တဆိတ်သိပါရစေ"

"အသင့်သင့် ရှိကြောင်းပါ သခင်ကြီး....၊ ရက္ခဘုမ္မိ မြို့တော်ရဲ့တောင်ဘက်အစွန်း 'သီတာနန္ဒ' မြစ်ဘေးမှာကပ်နေတဲ့တောင်ကုန်းပေါ်မှာဖြစ်ပါတယ်၊ အထက်မြို့တော်တက်ဘိုတံတားရဲ့ ထိပ်မှာလဲဖြစ်ပါတယ်၊ ပြီးတော့ ရေမိုးအတွက်လဲ စိတ်ချရတဲ့နေရာဖြစ်ရုံမကပူး၊ အထက်မြို့တော်နဲ့ အလွယ်တကူဆက်သွယ်နိုင်ပြီး ရှုမျှော်ခင်းကောင်းတဲ့ဌာနဖြစ်ပါတယ်၊ ဟိုရောက်ရင် သခင်ကြီးစိတ်တော်ကျဖြစ်ပါလိမ့်မယ်"

"ကောင်းပါပြီ အဘိုး၊ ကျွန်တော်ကိုယ်တိုင်လိုက်ပြီး စစ်ဆေးပြီးမှ စခမ်းချပါရစေ....စောခမ်းနွဲ့ပါ လိုက်မယ်မဟုတ်လား"

"ဘုရားနှမတာ့ သခင်ကြီး ခြေတော်ရင်းက ထာဝစဉ်ဝပ်စင်းစားမဲ့ နှမတော်ပါ သခင်ကြီး၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်လိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လူနေအိမ်ခြေ စည်ကားများပြားသလောက် လူဦးရေ အမျိုးသမီး၊ အမျိုးသားစုစုပေါင်း လေးသောင်းကျော်ခန့်ရှိနိုင်မည့် ရက္ခဘူမိ မြို့တော်ကြီးမှဖြတ်ကျော်၍ မြို့တောင်ဘက်စွန်းဆီသို့ ဗိုလ်ကြီး အောင်မင်းကျော်တို့တပ်ဖွဲ့သည် ချီတက်ခဲ့ကြပေ၏။ မြို့တောင်ဘက် စွန်း နယ်မြေသို့ ကျော်လွန်သည် တပြိုင်နက် သူတို့တောင်ဘက်ဆီမှ မိုးမောက်နေသော တောင်တန်းပြာပြာကြီးကို တွေ့လိုက်ရပေ၏။ တောင်တန်း ပြာပြာ ကြီး၏ တောင်စွယ်တခု ဖြစ်သော တောင်နှာမောင်း တခုသည် ရက္ခဘူမိ တောင်ဘက်သို့ အင်မတန် နီးကပ်စွာ တည်ရှိနေသည်ကို ဗိုလ်ကြီး-အောင်မင်းကျော်က ရုတ်တရက် တွေ့လိုက်ရပေ၏။

ထိုတောင်နှာမောင်းကို ဂရုတစိုက် ကြည့်လိုက်သည့် အခါတွင် ဘုရား၊ ကျောင်း-ကန်၊ ဇရပ် တံခွန်တိုင် ဖြူဖြူ ဖွေး ဖွေး များ ဖြင့် ကြည်နူးစရာ အင်မတန်သာယာလှသော တောင်ကျောတခု၏အခြေအနေကို တွေ့ရသည်ကြောင့် ဗိုလ်ကြီး- အောင် မင်း ကျော် သည် မှန်ပြောင်းကိုတပ်ကာ ကြည့်လိုက်သည်တွင် အဆောက်အဦ မြောက်များစွာ တည်ရှိနေသောလူနေအိမ်ခြေများနှင့် ရွာကြီးတရွာ အခြေအနေလောက်ကိုတွေ့လိုက်တော့၏။ ထိုနောက် ဆက်တိုက်ကြည့်နေသည်တွင် ဗိုလ်ကြီး-အောင်မင်းကျော်၏ စိတ်ထဲ၌ သူ မကြာခဏ နာမ်၏ဆောင်ယူရာမှ တဆင့်ရောက်ရှိခဲ့သည့် သူကောင်းစွာ မှတ်သား ထားမိသောနေရာမှန်း အဖြေမှန်ပေါ်လာချေ၏။ စစ်ဆင်ဘို့ တောင်ကျောဒေသမှာ ဗိုလ်ကြီး-အောင်မင်းကျော်၏ ချစ်သူ သက်ထား တောင်တန်းကေရီ သခင်မကြီး စံပျော်ရာ အထက်မြို့တော် ဒေသပင် ဖြစ်နေသောကြောင့်ပင်တည်း။

သဇင်ပန်းမလ်များ၊ ဥယျာဉ်များသည်လည်းကောင်း၊ ရွှေရောင် ဝင်းနေသော ပုထိုး စေတီ များသည်တဖုံ၊ မုလစ်မုချန် များဖြင့်



ကျောင်းဦးပြဿာဒ်များသည်တခမ်း၊ ရှေးမြန်မာရိုးရာ အနုပညာ များဖြင့် လှပကြော့ရှင်းစွာဆောက်လုပ်ထားသောအိမ်များ၊အဆောင် မတော်ကြီး များသည် တဖုံ၊ ရေတွင်း ရေကန် များသည်တဖြစ်၊ မှန် ပြောင်းအတွင်းမှအရှင်းသားတွေ့မြင်နေရသောဗိုလ်ကြီးအောင်မင်း ကျော်အဘို့ မနားတမ်း-ခွင့်မပန်းတမ်း ထိုတောင်တန်းကြီးပေါ်သို့ ပတ်ပြေးကာ သူ၏ချစ်သူ တောင်တန်းကေရီကို နှုတ်ဆက်လိုက်ချင် သော ဆန္ဒသည် တဘွားဘွားပေါ်ပေါက်နေရှာတော့၏။

တောင်ကျော၏မြောက်ဘက်ခြေရင်း၌ကား ဂိုက်နှစ်ရာခန့် ရေ ယဉ်တွေ့ စီးဆင်းနေသောမြစ်တမြစ်ကို တွေ့လိုက်ရပြန်၏။ သို့ရာတွင် ထိုမြစ်ကိုကူးဖြတ်ရန် ကြိုးတံတားတခုကို လှပစွာဆောက်လုပ်ထား သည်ကို တွေ့ရသည်ကြောင့် အစောင့်အရှောက်များရှိမရှိ မှန်ပြောင်း ဖြင့် ကြည့်လိုက်သည်တွင် အစောင့်အရှောက်ဟူ၍ တစုံတယောက်မျှ မတွေ့ရသဖြင့် အတော်အစဉ်းစားရကြပ်နေတော့၏။

"အကျွန်ုပ်တို့ အထက်မြို့တော် နယ်မြေမှာ သူတော်ကောင်းတွေ စိတ်နှလုံးမချမ်းမသာဖြစ်စေတဲ့ လက်နက်ကိုင် အစောင့်အရှောက်တွေ မထားကြပါဘူး သခင်ကြီး....၊ထားစရာလဲ လိုမယ် မဟုတ်ပါဘူး၊ အကယ်၍ သခင်ကြီးဟာ အထက်မြို့တော်ဒေသမှာ စံမြန်းတဲ့ ဘဝ ကဖြစ်တုန်းကလို ဇာတိသရဉာဏ်သာ ရရှိခဲ့လျှင် သခင်ကြီးရဲ့ ခု စိတ်ဆန္ဒထဲမှာ တခုပြီးတခု ပေါ်ထွက်နေတဲ့ပြဿနာတွေဟာ ကျေး ကျန်ရင်း ဘိုးအာဏာ မဖြေရှင်းရဘဲနဲ့ အလိုလို ရှင်းပြီးသား ဖြစ် နေမှာပဲချဘဲ သခင်ကြီး"

ရုတ်တရက် ဘိုးအာဏာ သည် ဗိုလ်ကြီး-အောင်မင်းကျော်က မမေးဘဲနှင့် သူ၏ စိတ်ဆန္ဒတွင် ရှိသမျှ အကြံအစီတို့ကို ဖြေကြား လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့ ဘဝကိုတဖြေးဖြေးပြန်လည်ပြီးသိကောင်းပါတယ
အဘိုးရယ်....ကျွန်တော် ကျိုးစားပါ့မယ်၊ ခုတော့ အိပ်မဲ့က်နိုင်င
ရောက်နေသလိုပါဘဲ"

ဗိုလ်ကြီးအောင်မင်းကျော်သည် အလွန်ထူးဆန်းလှသောရှေးမြ
မာပညာရပ်များကို လက်တွေ့စူးစမ်းရှာဖွေရန် ဆုံးဖြတ်လိုက်ပြီးဖြ
ပေ၏။ ထိုနောက် ဘိုးအာဏာသို့ ဗိုလ်ကြီးအောင်မင်းကျော်သည
အသာချဉ်းကပ်ကာ....

"ကျွန်တော်နဲ့ တောင်တန်းကရေီသခင်မ တွေ့ဘို့ကိစ္စအမြန်စီစ
ပေးဘို့ တောင်းပန်အပ်ပါတယ်အဘိုး"

"မှန်တယ် သခင်ကြီး အင်မတန်တွေ့ချင်စရာကောင်းတဲ့ အချိ
အခါပါဘဲ၊ ဒါပေမဲ့ သခင်ကြီးမှာ တောင်တန်းကေရီသခင်မကြီ
နဲ့ တွေ့နိုင်ဘို့ အစီအစဉ်နဲ့ ပြင်ဆင်မှုကလေးတွေ လိုနေသေးတယ
ပြီးတော့ သခင်မကြီးဆီက နောက်ထပ် အမိန့် တစုံတရာ မရရှိသေ
တော့ ဒီစခမ်းမှာဘဲ သခင်ကြီးအပန်းဖြေစောင့်ဆိုင်းတော်မူပါလို
အကျွန်ုပ်ပန်လျှောက်ပါရစေသခင်ကြီးရယ်"

ဘိုးအာဏာ၏ တွေ့ဆုံဘို့အရေးတွင် ပြင်ဆင်ရန်လိုခြင်း စသော
စကားများကြောင့် ဗိုလ်ကြီးအောင်မင်းကျော်အဘို့ အစဉ်းစား
ကြပ်နေပါတော့သည်။ ထိုနောက် သူ၏တပ်ဖွဲ့ဝင် ရဲမက်များအာ
လက်နက်တိုက်ချွတ်ခြင်း၊ကျန်းမာရေးလေ့ကျင့်ခဏ်းများ စမ်းခြင
အဝတ်ဟောင်းများ လျှော်ဖွတ်ခြင်း စသည့် အနားယူရင်း ပြင်ဆ
မှုများကို ဆောင်ရွက်စေပါသည်။

အရှေ့အရပ်ဆီက နေကလည်း လှပကြည်နူးစဘွယ်ထွက်စပါ
နေချေပြီတကား၊ ကျေးငှက်များနှင့် ရေဝမ်းဘဲအုပ်များ၊ ဒင်ကြ
များတို့သည် မြစ်အတွင်း ရေသောက်ဆင်းကာ မောင်မယ်စုံ ပျေ
မြူးကာ သံစာစာနှင့် ဘာသာမြည်ကျေးလျက်....



ဗိုလ်ကြီးအောင်မင်းကျော်အဘို့ နံနက်ခင်းလေ့ကျင့်ခဏ်းဆင်း
နေသောရဲဘော်များကို လိုက်လံစစ်ဆေးရင်းရာသီဥတုသာယာမျှတ
သလောက် မအေးလွန်း မပူလွန်းသော တောင်တန်းကေရီ သခင်
မကြီး၏စံနန်းတော်ဒေသနယ်မြေနှင့်တကွ တောတောင်များ၏သာ
ယာပုံများကို တအံ့သြသြ ကြည့်ရှုရင်း တောင်တန်းကေရီ သခင်မ
ကြီးနှင့် စောခမ်းနွဲ့တို့၏အကြောင်းများကို စဉ်းစားနေခိုက်တွင်....

"နောင်-ဒိုင်း" ဟူသော စည်တော်သံများသည် မြစ်၏ တောင်
ဘက်စွယ်ဆီမှ ဆက်ကာဆက်ကာ ထွက်ပေါ်လာချေ၏။ လေ့ကျင့်
ခဏ်းဆင်းနေသောရဲဘော်များအဘို့စည်တော်သံများထွက်ပေါ်ရာ
တောင်ဘက်ဆီသို့ကြည့်ကာ အချင်းချင်းဝေဘန်ကာ လှုပ်လှုပ်ရွရွ
ဖြစ်နေတော့၏။

ဘိုးအာဏာနှင့် စောခမ်းနွဲ့တို့နှစ်ဦးသားသည် ဗိုလ်ကြီး အောင်
မင်းကျော်၏ တပ်စခမ်းချရာ ဒေသနှင့် အောက်မြို့တော် အမြည်ခံ
ရကျွာဘုမ္မိမြို့သို့ မြင်းလှည်းယဉ်များ နှင့် ကူး၍ သန်း၍ဖြင့် ရိကျွာပို့
မြင်း၊ အလ္လာပ သလ္လာပ ဆွေးနွေးခြင်းများဖြင့် လိုလေ သေး မရှိ
ကောင် ညှော်ခံကျွေးမွေးနေတော့သည်။ ဗိုလ်ကြီးအောင်မင်းကျော်
အဘို့ နာရီပိုင်းနှင့်မခြား တောင်တန်းကေရီ သခင်မကြီးကို တွေ့ဆုံ
ရေးအတွက်အရေးကြီးလာတော့၏။ စောင့်ဆိုင်းရသည်ကိုပင်ကြာ
ရှည်လှသည်ဟု ထင်မြင်လာတော့၏။ ခရီးများစွာကွာခြားသော
တောတောင်အထပ်ထပ်မှ ဖြတ်ကျော်ပြီး သက်ဦးဆန်ဖျား စွန့်စွန့်
စားစား ရောက်ရှိလာခဲ့ရသော တောင်တန်း ကေရီ သခင်မကြီး ၏
ကြင်ဘက်တော်ဖြစ်သူ သူ့အား ယခုလို မြင်ကွာဝေး နေရသော
နေရာစခမ်း၌ ရပ်ဆိုင်းထားခြင်းအတွက် ဗိုလ်ကြီးအောင်မင်းကျော်
အဘို့ စိတ်မချမ်းမြေ့ စပြုလာပါတော့ပြီ။

မြင်းလှည်းလေးစီး ဆိုက်ဆပ်လာသံ ကြားရပြီးနောက် သစ်သီး

www.burmeseclassic.com

www.burmeseclassic.com



ပန်းမလ်များ၊ ဆန်ကောက်ညှင်းရိုက်ခွာများ၊ ငါး ခြောက် အသား ခြောက်ရိုက်ခွာများဖြင့် စောခမ်းနွဲ နှင့် ရံရွေတော်များသည် မြင်း လှည်းယဉ်များပေါ်မှ ဆင်းသက်လာကြပြီး ဗိုလ်ကြီး အောင်မင်း ကျော်ဆီသို့ ဝင်ရောက်လာကြတော့၏။

"အစောကြီး နိုးနေပြီလားသခင်ကြီး.... နှမတော်ဖြင့် သခင် ကြီးနဲ့ ရဲမက်တွေအတွက် စားနေရိုက်ခွာသစ်သီး၊ပန်းမလ်တွေရှာဖွေ စုဆောင်းပြီး ဆက်သရေးအတွက် တမနက်လုံး ဝါယမ ပြုခဲ့ရလို့ အခစားနောက်ကျကြောင်းပါသခင်ကြီးရဲ့"

"စစ်သားဘဝဆိုတာ လုံးလဝီရိယရှိရမှာဘဲ စောခမ်းနွဲ ဒါထက် ရက္ခပလတယောက် နေကောင်းရဲ့လား၊ ခုအထိ စိတ်ကောက် တုန်း ဘဲလား၊ မိတ်ဆွေအဖြစ်နဲ့ ဆုံတွေ့ဘို့အသင့်ရှိကြောင်း အပြတ်ခါး ဖွင့်ထားကြောင်း စကားလက်ဆောင်ပါးလိုက်ပါ စောခမ့်းနွဲရယ်"

"ဩြော်....နောင်တော်သခင်ကြီးလားဘုရား၊ သူ့အရှိန်နဲ့သူ ထားလိုက်ပါသခင်ကြီးရယ်၊ ခုအထိ နောင်တမရသေးဘူး၊ဒါထက် စောခမ်းနွဲရဲ့သက်ပိုင်သခင်ကြီးရွှေမျက်နှာတော်ညို ဘာတလိုတော် များမကျပါသလဲဘုရား- သခင်ကြီးရွှေစိတ်တော် ချမ်းမြေ့မယ်ဆို ရင် ဘုရားနှမ အသက်နဲ့ ခန္ဓာစွန့်လွှတ်ဘို့ အသင့်ရှိကြောင်းပါသခင် ကြီးရယ်"

နောက်ပါရံရွေတော်များသည် မိမိတို့လက်ဆောင်းပစ္စည်းများ ကို ဗိုလ်ညွှန့်မောင်တို့ဆီသို့အပ်ရန်အတွက် ရိက္ခာဌာနဆီသို့ထွက်ခွါ သွားကြပါသည် အမှန်မှာ ပရိယာယ်ကြွယ်ကြွယ်နှင့် သူတို့သခင်မ၏ စိတ်တော်ကို ရိပ်မိကြသည့် ကျွန်မ,များပြီပြီ ရှောင် ဖယ် ပေး ကာ ဗိုလ်ကြီးအောင်မင်းကျော်နှင့် စောခမ်းနွဲတို့အဘို့ ထွေထွေလပ်မှုကိုဖန် တီးပေးခြင်းသာဖြစ်ပေ၏။



"ဒါထက် အတိုးအာဏာကိုမမြင်ပါကလား-စောခမ်းနွဲ မြို့တွင်း မှာ ဘာတွေလုပ်နေသလဲ ခါတိုင်းလာနေကြအချိန်ဘဲ"

"မှန်လှပါ.... အထက်မြို့တော်ကို အရေး တကြီး အမိန့်ကြောင့် ထက်ရောက် သွားရပါကြောင်းကို သခင်ကြီးထံပါးသို့ ဘုရားနှမ သံတော်ဦးတင်ရန် တာဝန် ပေးအပ်ခဲ့ပါကြောင်းပါသခင်ကြီး....၊

"အတိုးမရှိပေမဲ့ သခင်ကြီးဘုရား အလိုဆန္ဒရှိသမျှကို အမိန့် ချ မှတ်သင့်ပါတယ်ဘုရား"

မြစ်၏အတောင်ဘက်ဆီမှ လေပြေကလေး လေအေး ကလေး တ ချက်သုတ်လိုက်သည့်တပြိုင်နက်ထဲ ကြိုင် လှိုင် နေ သော အမွှေးနံ့ များသည် ဗိုလ်ကြီးအောင်မင်းကျော်၏နှာခေါင်းဝဆီသို့ လျင်မြန် လှသောအရှိန်နှင့် ဝင်ရောက်လာတော့၏။ ဗိုလ်ကြီး အောင်မင်း ကျော်အဘို့ ဤကဲ့သို့ နှစ်လိုဘွယ်ရာ၊ ကြည်လင်ထက်မျက်သော အ မွှေးနံ့မျိုးကိုမရှူရှိုက်မတွေ့ကြုံဘူးခြောင်းကိုစဉ်းစားမိရင်းအမွှေး နံ့များကား ကြိုင်လှိုင်သည်ဆက် ကြိုင်လာတော့၏။

သူ၏အနီး၌ ပဆစ်ဒူးတုပ်နှင့် နှစ်လိုဘွယ်ရာ ခစားနေသော တောက်မြို့တော်အာဏာရှင် ရက္ခပလ၏နှမတော် ပညာရှင် စော ခမ်းနွဲအဘို့ မသိမသာမျက်နှာကလေးဝယ်စပြုံးသာပါတော့၏။ သူမ ထံပါးစပ်မှာလည်းတလှုပ်လှုပ်တရွရွ တစုံတရာရွတ်ဆိုနေကြောင်းကို ဗိုလ်ကြီးအောင်မင်းကျော်က ရိပ်မိလိုက်ပါသည်။

"မွှေးလှချီလား စောခမ်းနွဲ-ဒီအမွှေးနံ့မျိုးကို တခါမှမရှူမိဘူး ပါဘူး၊ ဘယ်နှယ်....ဘာပန်းတွေလဲ စောခမ်းနွဲရယ်"

ဆက်ပြင်းကလေးတချက်ချကာ စောခမ်းနွဲသည်

"နောက်တော့ သိပါလိမ့်မယ် သခင်ကြီးရယ်၊ ဒီအမွှေးနံ့ဟာ သခင်ကြီး တန်းတန်းစွဲ မြတ်နိုးတော်မူနေတဲ့ ဘုန်းရှင်-ကံရှင် ရမိ မှာ တောင်တန်းကေရီသခင်ကြီးဆီက သခင်ကြီးထံတော်မှောက်ကို

www.burmeseclassic.com

www.burmeseclassic.com



သခင်မကြီး ခံစားရန်ဆန္ဒရှိကြောင်း တမန်တော် လွှတ်လိုက်ခြင်း ပါဘဲ”

“သြော်....ဒီလိုလား စောခမ်းနွဲ၊ အမွှေးနံ့နဲ့ သတိရ-အမှတ်ရ ကြောင်း သတင်းပို့တဲ့နည်းကိုး၊ လူချင်းကော ဘယ်တော့တွေ့ရပါ မလဲဘဲ စောခမ်းနွဲရယ်၊ စောင့်ရတဲ့ရက်တွေကကြာလေ”

ငြီးတွားသည့်အသံဖြင့် ဗိုလ်ကြီး-အောင်မင်းကျော်က လွှတ်ကနဲ ပြောလိုက်ရာ....

“ဘုရားနှမ ဒီကိစ္စကိုမစွမ်းဆောင်နိုင်ပါ သခင်ကြီး.... တောင် ပေါ် သခင်မကြီးရဲ့ အမိန့်အာဏာသြဇာအောက်မှာ ဘုရားနှမတို့ အားလုံးနာခံနေရတဲ့ဘဝပါ သခင်ကြီးရယ်....၊ တခုတော့ ကြိုတင် သတိပေး တင်လျှောက်ထားပါရစေ သခင်ကြီးရယ်၊ ဘုရားနှမဘက် ပါအောင် သွေးဆောင်တော်မူသည်ကို ရွှေစိတ်တော် မညိုညင်ဘဲ ကြိုတင်လျှောက်ပါရစေ....တကယ်လို့ သခင်ကြီးနဲ့ တောင်တန်း ကေရီသခင်မကြီးတို့ ဖူးတွေ့ကြသော်လဲ သခင်ကြီးရဲ့ စိတ်ချမ်းယာ မှုနဲ့ စိတ်ဆန္ဒဟာ ပြည့်ဝနိုင်မှာမဟုတ်ပါဘူး သခင်ကြီးဘုရား”

တလုံးချင်း စောခမ်းနွဲက အဓိပ္ပါယ်ပါပါနှင့် စကားသံ ခတ်ဝဲဝဲ ကလေးဖြင့် လျှောက်ထားလိုက်ပါသည်။

“ဆိုစမ်းပါအုံး စောခမ်းနွဲ....ပွင့်ပွင့်လင်းလင်း- စောခမ်းနွဲဟာ ဘဝတလျှောက်လုံးက ပါရမီဖြည့်ဘက်၊ ဆုတောင်းဘက်ဆိုရင် ပွင့် ပွင့် လင်းလင်း ပြောစမ်းပါကွယ်.... အစ, အလယ်, အဆုံး သိပါရ စေလား ဟင်....”

အင်မတန် သိလိုသောဆန္ဒဖြင့် ဗိုလ်ကြီး-အောင်မင်းကျော်သည် မေးလိုက်ပါသည်။

စောခမ်းနွဲသည် သူမ၏ကတ္တီပါအနီရောင်ခြုံလွှာကို မသိမသာ ပြေချလိုက်ပြီး၊ သူမ၏ ဖွံ့ဖြိုးလှပလှသော နိမ့်တုံ-မြင့်တုံ ရှေ့ရင်



...ပေါ်မှာ ထူးဆန်းလှပသည့် နီရဲလှသောပတ္တမြားကို ညာလက် ...ချောင်းကလေးများဖြင့်ဆုပ်ကိုင်ကာ မျက်စေ့အသာမှိတ်ရင်း တစုံ ...ယောက်၏ အမိန့်ကို နာခံနေပုံတွေ့ရပေသည်။ ပြီးမှ အနည်းငယ် ...နေသောမျက်နှာကလေးဖြင့်....

“အမှန်တရားကိုတော့ပြောရမှာဘဲလေ...ဆုပန်ရှယ်ခဲ့တဲ့အတိုင်း ...ရမီဖြည့်ဘက်ကိုတွေ့မိမှဖြင့် အတွင်းရေးတွေ အမှန်အတိုင်း ရဲရဲ ...လျှောက်တင်ပြီး ကြိုတင်သတိပေးထားရမှာဘဲ၊ အန္တရာယ်နဲ့ ...ဖြစ်ဒဏ်ကို စောခမ်းနွဲ့ရဲ့ အသက်ထက် မြတ်နိုးယုယတဲ့ ချစ်သူ ...ခင်ကြီးအတွက် အဆင်သင့်ရှိလိုက်ပါတယ်”

...ကိုယ်တည်းပြောဆိုလိုက်ပြီးနောက်....

“သခင်ကြီးဟာ မကြာ ခင်ရက်ပိုင်းအတွင်းမှာ ဟောဟိုမှာ တွေ့ ...နေရတဲ့ တောင်တန်းပေါ်ကိုတက်ရလိမ့်မယ်၊ အင်မတန် အရေး ...ကြီးပါတယ် သခင်ကြီးရယ်...အောက်မြို့တော်က လူတွေဟာ အဲဒီ ...တောင်တန်းကြီးကို နေ့တိုင်းမြင်တွေ့နေရသလောက် တောင်ပေါ် ...ကိုမပြောနဲ့ ဟောဟိုကတံတားထိပ်ကို ခြေစုံမရပ်ရဲဘူး၊အထက် ...တော်ရဲ့ အာဏာပိုင် တယောက်ယောက်ဆီက အမိန့်အာဏာတစုံ ...ရာ မရှိခဲ့ရင်”

“ဒီလောက်တောင်မှဘဲလား စောခမ်းနွဲ့၊ ဘာတွေ ကြောက်စရာ ...လဲ....အဆိတ် ပွင့်ပွင့်လင်းလင်းပြောစမ်းပါဗျာ”

ဗိုလ်ကြီး-အောင်မင်းကျော်သည် သိလိုဇောဖြင့် စောခမ်းနွဲ့၏ ...ပကျော့ရှင်းနေသည့် မျက်နှာကလေးကိုငေးကြည့်ရင်း ဆိုက်တိုက် မေးလိုက်သည်တွင်....

စောခမ်းနွဲ့အဘို့ ချက်ခြင်းဖြေကြားရန် ပါးစပ်ကလေးကို ဟ ...လိုက်ပြီးမှ....

“အင့်....”ကနဲ ဖြစ်သွားပြီး....

www.burmeseclassic.com

www.burmeseclassic.com



"အို....မပြောဝန့်ပါဘူးလေ....ပြောလို့ မဖြစ်ဘူး သခင်ကြီး....ခုလောက်ပြောမိတာတောင်လွန်လှပြီ၊ နေရင်း-ထိုင်ရင်း ဒဏ်သင့်နေပါလိမ့်မယ်၊ ဘုရား နှမကို ချစ်သနားရင် ရှေ့ဆက်ပြီး ဒီကိစ္စနဲ့ ပတ်သက်လို့ မမေးပါနဲ့ သခင်ကြီးရယ်၊ တောင်ပေါ်ရောက်တဲ့ အခါသာ ဘုရားနှမတော်ကို မေ့လျော့နေရင်ဖြင့်"

"နေပါအုံးစောခမ်းနွဲ့ရယ်၊တောင်ပေါ်သခင့်မကြီးက တကယ် လှလို့လား"

"ရောက်တော့သိပါလိမ့်မယ် သခင်ကြီး....ရက္ခဗလ နောင်တော်ကြီးဟာ တခါက မျက်စေ့တမှိတ်-လျှပ်တပျက် တွေ့လိုက်ရတာနဲ့ တန်းတန်းစွဲရှူးနေခဲ့တာ ဘုရာ့....၊ ပြီးတော့ သခင်ကြီးနဲ့ ဆိုတော့ အင်းလေ၊ဘုရားနှမလိုဘဲတောင်ပေါ်သခင်မကြီးနဲ့ ဆုတောင်းဘက် ပါရမီဖြည့်ဘက်ခြင်း ဆိုတော့ ဘုရားနှမဖြင့် ရှေ့ရင်လေးလှချီရဲ့....သခင်ကြီးရယ်"

ဖြူဖွေးနုထွတ်နေသော ပါးပြင်မို့မို့ကလေးများ ပေါ်၌ ပုလဲ မျက်ရည် ဥကလေး တွေသည် လိမ့်ကာလိမ့်ကာ စီးဆင်းလာသည့် အဖြစ်ကို ဗိုလ်ကြီး-အောင်မင်းကျော်သည် စိတ်ထိခိုက်စွာဖြင့် ကြည့်ရှုနေရာမှ....

"တကယ်တော့ဟာ စောခမ်းနွဲ့ရဲ့ ကျေးဇူးတွေကို အောင်မင်းကျော် မမေ့တတ်ပါဘူးလေ၊ ဝမ်းနည်းမနေစမ်းပါနဲ့ စောခမ်းနွဲ့ ဆုတောင်းဘက်မှန်ရင် ကြားကဘယ်သူဖျက်လို့ရမှာလဲ၊အားမငယ် စမ်းပါနဲ့ကွယ်"

ကရုဏာသံများဖြင့်အားပေးလိုက်မှ စောခမ်းနွဲ့သည် မျက်ရည်စ ကလေးများ ဆည်နိုင်ပါတော့သည်။

"ဒီလောက်တောင်မှဘဲလှသလား တောင်တန်းကေရီ သခင်မကြီး ဟာ"



အနည်းငယ်ရယ်မောသံကလေးနှင့် ဗိုလ်ကြီး-အောင်မင်းကျော် က မေးလိုက်သည်တွင်—

"မကြာခင် တွေ့ရတော့မှာပါ သခင်ကြီးရယ်၊ သခင်မကြီးလဲ သခင်ကြီးကို နေ့စဉ်ရက်ဆက်စောင့်နေရှာတာ လည်ပင်းတွေ ကိုး တောင်ကျော် ရှည်လောက်ပေပြီပေါ့၊ ဒါပေမဲ့ သခင်ကြီးဟာ.... လူသားတွေရရှိခံစားရမဲ့ အချစ်ရဲ့သုခ၊ အိမ်ထောင်သုခကိုတော့ ခံစားနိုင်မှာမဟုတ်ပါဘူးဆိုတာ ကြိုတင် သတိပေးလိုက်ပါရစေ.... သခင်ကြီးရယ်"

"ဘယ်လိုလဲ စောခမ်းနွဲ့၊ ထားကြပါစို့ ယောကျ်ားနဲ့ မိန်းမ ချစ်ကြိုက်ကြပြီဆိုရင် ဘာပြဿနာပေါ်စရာရှိသေးသလဲ၊တယုဘယ ပိုက်ထွေးပြီး ချစ်ရေးစုံညီနဲ့ တိုင်းပြည်နဲ့တပ်မတော်အတွက်တအား တက်စေမဲ့ သားသမီးအာဇာနီတွေ မွေးကြ-ဖန်တီးကြဘို့ဘဲမဟုတ် လား"

လူမျိုးနှင့် တိုင်းပြည်အပေါ်၌ သံယောဇဉ်ကြီးမားနေသူ ဗိုလ် ကြီး အောင်မင်းကျော်က သူ၏လိုရင်းဆန္ဒကို ထုတ်ဖော်ပြောကြား လိုက်ရာ....

"ဩော်... သခင်ကြီး-သခင်ကြီး....အတွင်းရေးတွေဘာမှမသိရှာ ပါကလား၊ သခင်ကြီးအင်မတန်မြတ်နိုးလှတဲ့ ဟောဟို....တောင် ပေါ်က အသက် ပေါင်း နှစ် ပေါင်း ရာနဲ့ချီပြီး ကြီးပြင်းနေတဲ့ တောင်ပေါ်သခင်မကြီးဟာ လူမဟုတ်ဘူး သခင်ကြီးရယ်"

"ဟင်.... ဘယ်နှဲ့ လူမဟုတ်ဘူးလဲ-စောခမ်းနွဲ့"

ရုတ်တရက် တုံ့လှုပ်သွားသောအသံကြီးဖြင့် ဗိုလ်ကြီး အောင် မင်းကျော်က အရေးတကြီးမေးမြန်းလိုက်ပါတည်။

"တောင်ပေါ်သခင်မကြီးဟာ သခင်ကြီးနဲ့ ဘုရားနှမတို့လို လူ မဟုတ်ဘူးသခင်ကြီး....သခင်မကြီးက 'လူတမျိုး' ဘုရာ့၊ သွေးချင်း

www.burmeseclassic.com

www.burmeseclassic.com



သားချင်း စိတ်ဓါတ်ချင်း သခင်ကြီးတို့လို ဘုရားနှမတို့လို တူညီတဲ့ လူစစ်စစ်မဟုတ်တော့ဘူးသခင်ကြီးရဲ၊ မျက်လုံးအကြည့်ဒဏ်ချက်ကို ရင်မဆိုင်ရဲဘူး၊ ပြီးတော့ သခင်မကြီးအနားကို သုံးလှမ်းလေးလှမ်း ထက်ပိုပြီး မကပ်နိုင်ဘူး”

“ဟျှော်ဗျာ”

ဗိုလ်ကြီးအောင်မင်းကျော်သည် အလွန်အမင်းအံ့သြသော မျက်နှာကြီးဖြင့် စောခမ်းနွဲ၏မျက်နှာကိုကြည့်ကာ....

“ဟုတ်ရဲ့လားစောခမ်းနွဲရဲ့၊ဒါနဲ့ ဒီလောက်အသက်ရှည်နေတာ ရောဟုတ်ရဲ့လား၊အောင်မင်းကျော်တို့ မြေပြန့်မှာဆိုရင် အသက်ရှစ် ဆယ်ကျော်ရင် ကြည့်မကောင်းအောင် ရုပ်ပျက်နေပြီး သတိလက် လွှတ်ပြီး သူငယ်ပြန်နေပြီ၊ အစဉ်းစားရကြပ်လှချီရဲ့နော်၊စောခမ်းနွဲ ပြောတာ အမှန်အတိုင်းဘဲလား....မုသားမပါဘူးလား ဟယ်”

ဆက်တိုက်မေးခွန်းတွေကို တခုပြီးတခုဆင့်ကာ ထုတ်လိုက်ပါ သည်။

“ဘုရားနှမလျှောက်တင်နေတာဟာ မုသားတခုမှ မသုံးဝန့်ပါ ဘုရား၊ ပြီးတော့ ဘုရားနှမလျှောက်တင်ပါရစေ၊လူရယ်လို့ဖြစ်လာ ရင် တဏှာပေမ မကင်းနိုင်ကြဘူးလို့ဆိုကြပါတယ်၊ ချစ်ကြကြိုက် ကြ-မြတ်နိုး စုံမက်ပြီး အချစ်ရဲ့သုခကိုလည်းကောင်း၊ အိမ်ထောင်ရဲ့ ချမ်းသာမှုကို ကာယကံမြောက် ခံစားရရှိခွင့်ရှိစမြဲပါသခင်ကြီး.... ဘုရားနှမဟာ သခင်ကြီးရဲ့ပါရမီဖြည့်ဘက်ပြီပြီ ရှံ့ရင်း ကြမ်းတမ်း တဲ့ မနုဿလူသားစစ်စစ်တွေရဲ့ သဘာဝကို လျှောက်တင်ခြင်းအတွက် ခွင့်လွှတ်တော်မူပါသခင်ကြီးရယ်....တောင်ပေါ်သခင်ကြီးရဲ့အနေနဲ့ ဆိုရင် သခင်ကြီးဘဝဟာ မြင်ယုံသာမြင်ရ-မကြင်ရမောင့်ကိုဘဝနဲ့ အကြီးအကျယ် စိတ်သောက ကာမဆန္ဒနိဝေဒနှင့် တွေ့ရမှာမုချပါ ဘဲ၊ ဒါ့ကြောင့် ပညာရှိသတိဖြစ်ခဲ အခြေအနေမျိုးမရောက်အောင်



အင်မတန့်ကြီးမားတဲ့ ဘုန်းရှင်ကံရှင်ပုဂ္ဂိုလ်ရဲ့ ကာယအိန္ဒြေ ကို မပျက်စီးလေရအောင် ကြိုတင်ပြီး ပါရမီဖြည့်ဘက်အမှန်ပြီပြီဘုရား နှမလျှောက်တင်ခြင်းဖြစ်ပါတယ်ဘုရား.... ဒါကြောင့် တောင်ပေါ် ကိုတက်ဘို့စိတ်အာရုံကလွှဲပြီး လူချင်းမတူ သဘာဝ ချင်း မဆက်စပ် နိုင်တဲ့ တောင်ပေါ်သခင်ကြီးအပေါ် မေတ္တာအာရုံကို အချိန်မ လွန်ပြီး စိတ်သောကမရောက်မှီကဖြတ်ပြီး သွေးခြင်းသားခြင်းညီတဲ့ ဘုရားနှမနဲ့ ဟောဒီအောက်မြို့တော်မှ ကာယသုခ စုံစုံလင်လင်နဲ့ ...းနန် အုပ်ချုပ် မင်းလုပ်တော်မူပါသခင်ကြီးရယ်၊ လူထဲကနေပြီး လူ့ဆက်ဆန်မှုနဲ့ လူသားတွေ နယ်နယ်မှာဘဲ စံပါယ်တော်မူပါ သခင်ကြီး”

ဗိုလ်ကြီး-အောင်မင်းကျော်အဘို့ အကြီးအကျယ် အစဉ်း စားရ ကြပ်နေပါတော့ပြီ၊စောခမ်းနွဲပြောပြချက်အတိုင်းဆိုလျှင် ချစ်မြတ် နိုး ယုယမှုအခြေခံသော အိမ်ထောင်သုခအချစ်၏ အရသာကိုဖြည့် ဆက်ဘို့ ဝေးစွ၊ သူ့တသက်လုံးစောင့်စား မျှော်လင့်ခဲ့သော တောင် တန်း ကေရီသခင်မကြီး၏ အနီးသို့ ချဉ်းကပ်ဘို့ပင် မစဉ်းစားဝန့် အောင် အခြေအနေဆိုးနေကြောင်းကို အဖြေပေါ်လာတော့၏။

“သခင်ကြီးအလိုရှိအင်တဲ့ သခင်ကြီးသွေးသားအာဇာနီတွေကို ဘုရားနှမတော်အနေနဲ့ ‘လူချင်း စိတ်ချင်းတူကြသမို့’ သခင်ကြီး စိတ်တိုင်းကျ ဖြစ်စေပါမယ်၊ ပြီးတော့ ဘုရားနှမတို့တိုင်းပြည်မှာ.... ရွှေငွေရတနာတွေဟာသခင်ကြီးသဘောတော်တိုင်း ကြီ မားတောင့် တင်းတဲ့ လက်နက်နိုင်ငံတနိုင်ငံ ထည်ထောင်ပြီး သခင်ကြီးနဲ့ ဘုရား နှမတို့ဟာ အရှေ့တလွှားမှာ ကောရာဇ်ဘုရင်တဆူအနေနဲ့ နေနဲ့လ ရှနဲ့မြလို အသရေလင်းနိုင်ပါတယ်သခင်ကြီးရယ်....၊ ရွှေဥာဏ်ရှင် ပြီ စဉ်းစားချင့်ချိန်တော်မူပါ”

“စောခမ်းနွဲပြောတဲ့အတိုင်းအမှန်ဘဲနော်....ခက်တာက အောင်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီး-အောင်မင်းကျော်အဘို့ မည်သို့မည်ပုံ ပြောဆိုလုပ်ကိုင်ရမည်ကို ခေါင်းထဲမှမပေါ်ထွက်နိုင်အောင်အံ့အားသင့်နေစဉ်တွင်။

"စောခမ်းနွဲ နင်သိတဲ့ ပညာလောကကို နင်ကဟုတ်လှပြီ မှန်လှပြီ ထင်သလောက် သခင်မကြီး အကြောင်းရင်း ပညာရပ်ကို တစုံတရာ နင်မသိဘဲ၊ ဘုရားရှင်ကိုယ်တော် မြတ်ဟောကြားတော်မူတဲ့ တရားတော်နဲ့ ဆန့်ကျင်ပြီး အောက်လမ်းပညာ၊ စုံးပညာလို့ စွပ်စွဲတာဟာ စောခမ်းနွဲ မှားမယ်နော်....ကြပ်ကြပ်သတိထားပေတော့။ နင်ဟာ....တဏှာမျက်စေ့တခုထည်းသာ မောင်တော် သခင်ကြီးရဲ့ ချစ်တ္တောကို ရယူလိုမှုအတွက် အကုသိုလ် ပယောဂတွေနဲ့ မုသား ပရိယာယ်သုံးခြင်းဟာ အင်မတန် အပြစ်ကြီးလှပြီ၊ ငါ၏ပညာရပ်ကား မောင်တော်သခင်ကြီး မကြာခင်ကိုယ်တွေ့ မျက်မြင် သိရပေလိမ့်မယ်၊ နင်ရဲ့ ပညာရပ်ကား ဗုဒ္ဓတရားတော်ကို လွန်ဆန်သော မိစ္ဆာဒိဋ္ဌိအယူဆန်သော အောက်နယ်စုံးပယောဂယှဉ်တဲ့ ပညာရပ်တွေဆိုတာ နင်ဝန်ခံရလိမ့်မယ်၊ ကိုင်း....ခုအချိန်ကစပြီး နင့်ကို အပြစ်ပေးတဲ့အနေနဲ့ မောင်တော်သခင်ကြီးရဲ့ အပါးက ထွက်သွားပေတော့....ဒါဟာ တောင်ပေါ် သခင်မကြီးရဲ့ အမိန့်"

စောခမ်းနွဲသည် တုံလှုပ်နေသော မျက်နှာကလေးဖြင့် တောင်တန်း ကေရီသခင်မကြီး၏ အမိန့်သံ ဆုံးသည်နှင့် တပြိုင်နက်ထည်း အပြင်သို့ထွက်ခွါသွားရန် ထိုင်ရာမှအထတွင် ဗိုလ်ကြီး-အောင်မင်းကျော်သည် စိတ်မကောင်းသည်တွက် အာဏာခြင်းဘက်ကာ အပြင်သို့ထွက်သွားရန်ထလိုက်သည့်စောခမ်းနွဲ၏လက်ကိုဆွဲကာ မသွားရန် တားဆီးမည်အပြုဖြင့် သူ၏ညာလက်ကိုဆန့်တန်လိုက်ရာ စောခမ်းနွဲဆီသို့ လက်ဆန့်တန်း၍မရသကဲ့သို့ စောခမ်းနွဲ၏ကိုယ်မှာလည်း တစုံတယောက်ကဆွဲကာဖတ်ထုတ်လိုက်သလို ချာကနဲ ယာယီတဲအပြင်ဘက်သို့ လွင့်ပါသွားပါတော့သည်။



"မောင်တော်သခင်ကြီး တွေဝေသောစိတ်နှလုံးဖြင့်နေခြင်းလက် မောင်တော်ဘုရား လုပ်နေကြ- ကိုင်နေကြ သမထလုပ်ငန်းကို ခုအချိန်ကစပြီးကျင့်သုံးဘို့ တောင်တန်းကေရီသခင်မ လျှောက်ထား ပန်ကြားအပ်ပါတယ်၊ အစစ်နဲ့အတုဟာ ဘယ်ဒင်းကမှန်တယ်-မှားတယ် ဆိုတာ ဆုကြီးပန် မောင်တော် သခင်ကြီးကိုယ်တိုင် မကြာမတင်ကာလမှာ ရွှေဉာဏ်ရင့်သန်စွာနဲ့ ဆုံးဖြတ်နိုင်ပါလိမ့်မယ်....စိုးရိမ်ကြောင့်ကြတော်မမူပါနဲ့"

ဤတွင် ဗိုလ်ကြီး-အောင်မင်းကျော်သည် သတိကောင်းသူပြီပြီ၊ ချက်ခြင်းပင်....

"ခုတင်က စောခမ်းနွဲ့ပြောတဲ့ လူတမျိုးဆိုတာဟုတ်သလား....သခင်မ၊ မောင်တော်ဟာ သခင်မကြီးကို ဖူးတွေ့ချင်လှပြီ.... အမြန်စီစဉ်စေလိုတယ်"

"သခင်ဘုရားကျေနပ်အောင် ရွှေစိတ်တော်ဖူးတွေ့ကြဘို့ ဘုရားနှမတော် စီစဉ်နေပါပြီ၊ ဘိုးအာဏာ မကြာခင် ဆိုက်ရောက်လာပါလိမ့်မယ်၊ ရွှေနားဆင်တော်မူပါ သခင်ကြီးဘုရား၊ မတူရင်တူအောင် ကျိုးပမ်းရင်း ယောကျ်ားကောင်းဆုကြီးပန် ပါရမီဖြည့်ဘက်မှန်တဲ့ သခင်ကြီးအဘို့မလွဲမသွေ သခင်ကြီးနဲ့ ဘုရားနှမဘာဝမကွာ စိတ်ချင်းလူချင်း သွေချင်းစုံညီစွာနဲ့ ပေါင်းဖက်ပြီး နိဗ္ဗာန်ရွှေပြည်တူညီလှမ်းတက်နိုင်ပါတယ် သခင်ကြီးဘုရား....၊ရွှေစိတ်တော် ငြိုငြင်တော်မမူပါနဲ့ သခင်ကြီး၊ အပြစ်တင်လဲမစောတမ်း၊ အချီးမွမ်းလဲအရင်မလိုတမ်း ပညာမျက်စေ့ ဉာဏ်ရွှေနားနဲ့ စေစားတော်မူပါ သခင်ကြီးဘုရား၊နှစ်ကိုယ်တူပျော်မြန်းဘို့အရေး မျှော်တွေးပါ သခင်ဘုရား"

တောင်တန်းကေရီ သခင်မကြီး၏ လျှောက်ထားချက် အသံမှာ ညှင်းပျောင်းသာယာလှသော ဆွဲဆောင်မှုအပြည့် အသံမျိုးအဖြစ် ပြီးဆုံးသွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီး-အောင်မင်းကျော်အဖို့ သူ့ရှေ့ကာလတွင်လုပ်ဆောင်ရမည့် အရေးအခင်းများကြောင့် နက်နက်နဲနဲစဉ်းစားနေမိပါသည်။ သို့၏ငယ်စဉ်က ကျင့်ဝတ်တပါးဖြစ်ခဲ့သော သမထလုပ်ငန်းစဉ်များ အပြင်းအထန် ဆက်လက်ကျင့်ဆောင်ရန် အတွက် သူ၏ချစ်သက်မှူး တောင်တန်းကေရီသခင်မကြီး၏ မေတ္တာရပ်ခံချက်ကိုလည်း ကျေးဇူး တင်မိပေ၏။

မတူလျှင် တူအောင် ကျိုးစားရမည်ဟူသော သခင်မကြီး၏ အားပေးချက်မှာလည်း သူ့အဖို့ အင်မတန် ရှင်လန်းစေသည့် အားဆေးတခွက်လည်းဖြစ်ပေ၏။ ထိုနောက် သူသည် ဝမ်းနည်းပက်လက်ဖြင့် အပြင်တက်သို့ ထွက်ခါ နှင်ထုတ်ခြင်းခံရရှာသူ စောခမ်းနွဲ့ကို သတိရကာ အားပေးနှစ်သိမ့်ခြင်း ပြုလုပ်ရန်အတွက် ဟဲတပြင်ဘက်သို့ ထွက်လာခဲ့ပါသည်။

မြစ်ရေယဉ် တသွင်သွင် စီးဆင်းနေလေသည်။ ဇင်ယော်ငှက်မောင်နှံတို့က တောင်ပံချင်းယှက်ကာ ဝဲကာပျံ မြူး နေကြသည်။ ကမ်းခြေတလျှောက် မြန့်ဖြူး ညီညာသော သဲပြင်မှာလည်း တူစုံမောင်မယ် ရှေလက်ဆွဲ၍အညောင်းပြေ လျှောက်စရာပင်။

မြစ်ဆိပ်အနီး ကျောက်တုံးတတုံးပေါ်၌ထိုင်ကာ မျက်ရည်သုတ်နေရှာသူ စောခမ်းနွဲ့ဆီသို့ ဗိုလ်ကြီး- အောင်မင်းကျော်သည် ခတ်သုတ်သုတ်ရောက်ရှိလာပြီး....

"စောခမ်းနွဲ့ ဘာလို့ငိုနေရသလဲ....ငိုတာကို အောင်မင်းကျော် မနှစ်သက်ဘူး၊ ကဲ....လာပါ၊ စကားပြောရင်း ဟောဒီမြစ်ရေယဉ်ကို မှန်ကြည်သလိုကြည့်ပြီး အောင်မင်းကျော်နဲ့ ကြည်နူးစမ်းပါ"

နှစ်သိမ့်လိုက်ပါသည်။

"ဩြော်... သခင်ကြီး-သခင်ကြီး....စောခမ်းနွဲ့ အပေါ် မေတ္တာ မပျယ်သေးဘဲကိုး၊ ဟောဒီမြစ်ရေယဉ်ကြည့်-ကြည့်ပြီး ဘုရားနှမဟာ



သခင်ကြီးကိုသတိရလွန်းလို့ ရွှေမျက်ရည် ယိုဆင်းခဲ့ရတာဟာ နှစ်ပေါင်း ကြာညောင်းခဲ့ပြီမို့ မြစ်ရေတွေနဲ့ ဘုရားနှမ ရွှေမျက်ရည်ဥတွေဟာ အမျှလောက်ပါဘဲသခင်ကြီးရယ်၊မြစ်ကြီးဟာ သခင်ကြီး အပေါ် ဘုရားနှမ နေ့စဉ်နဲ့အမျှ သတိရ လွမ်းချင်တိုင်း ငိုပွဲဆင်ရတာကို သက်သေအဖြစ် တည်ခင်းပါရစေနော်"

ဗိုလ်ကြီးအောင်မင်းကျော်က လူကဲခတ်ခြင်း၊ လူတဖက်သား၏ စိတ်ကို ချက်ခြင်းပြောင်းလွဲခြင်းဘက်၌ခေသူမဟုတ်ပါ၊ ထို့ကြောင့်

"ဒီမှာ စောခမ်းနွဲ့....ဒီကရှေ့ အောင်မင်းကျော်ဆိုတဲ့ နံမည် သုံးမလား၊ ဒါမှမဟုတ် စောခမ်းနွဲ့နှစ်သက်တဲ့ သခင်ကြီးနံမည် သုံးရမလား၊ ကဲ....သခင်ကြီးကို ချစ်မြတ်နိုးရင် ပြုံးလိုက် စမ်းပါအုံး စောခမ်းနွဲ့ရယ်"

"သခင်ကြီးဆိုတဲ့ ဘွဲ့အမည်တော်ကို ဘုရားနှမ ထာဝစဉ် ကြားပါရစေ သခင်ကြီးရယ်၊ဟိုဘဝကလဲ သခင်ကြီး၊ ခုဘဝလဲ့ သခင်ကြီး ဘွဲ့အမည်တော်နာမ်စား သုံးပါရစေဘုရား၊ ဒါထက် ဒီက ဘုရားနှမရဲ့ စိတ်ပူဆွေးမှုကို သခင်ကြီးက ရွှေဥာဏ်ရှင်ပြိုပြို ဖျောင်းဖျ လှည့်စားလိုက်တာဘဲ မဟုတ်လား၊ တတ်လဲ တတ်နိုင်ပါပေ့ သခင်ကြီးရယ်"

ဟင်းကနဲ ဗိုလ်ကြီး-အောင်မင်းကျော်သည် သက်ပြင်း ချလိုက်ရပေ၏။ စောခမ်းနွဲ့အဖို့ သူ့ထက်သာလွန်သော အကြောင်းအရာတချက်ရှိပေ၏။ ထိုအကြောင်းအရာမှာ သာမန် ပုဂ္ဂိုလ် ဗိုလ်ကြီး- အောင်မင်းကျော်ထက် စောခမ်းနွဲ့က လောကီ ပညာရပ်ဖြစ်သည့် အသိအကြားတွေ ရှိနေသည်ကြောင့် ဗိုလ်ကြီး-အောင်မင်းကျော်၏ အတွင်းမနေသစိတ်ကိုနှိုက်ကာ မျက်ဝါးထင်ထင်တွေမြင်လိုက်ရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မဆိုင်းမတွ စောခမ်းနွဲ့က ပွင့်လင်းစွာ ပြောဆိုလိုက်ခြင်း ဖြစ်ပေ၏။

"ဒါဖြင့် သခင်ကြီးပြောတဲ့ ပရိယာယ်မှုသားမဟုတ်ဘဲ စိတ်ထဲကပါတယ်ဆိုတာ စောခမ်းနွဲ့ညင်းနိုင်သေးသလားဟင်"

"သခင်ကြီးဘုရားရဲ့ စိတ်ရင်းနှလုံးသားကပြောတာမှန်ကြောင်းပါသခင်ကြီး၊ စောခမ်းနွဲ့ ရှေ့ရင်အေးရပါပြီ"

ထိုအခိုက်တွင် စောခမ်းနွဲ့၏ ရှေ့တော် နန်းနှုသည် ရှမ်းဘာသာဖြင့် အရေးတကြီး စောခမ်းနွဲ့သို့ ခတ်ဝေးဝေးမှ လျှောက် ထားလိုက်ရာ....

"အော"

ဟူ၍ပြန်၍ စောခမ်းနွဲ့ကမေးလိုက်ပြီး....

"သခင်ကြီး-တောင်ပေါ်က အဘိုးအာကာ ပြန်ရောက်လာလို့ သခင်ကြီးရော-ဘုရားနှမရော အခေါ် ရှိသတဲ့ မြန်မြန်ကြွမြန်းကြရအောင်"

ဗိုလ်ကြီး-အောင်မင်းကျော်သည် စောခမ်းနွဲ့၏ လက်တဖက်ကို ဆွဲကာ နှစ်ယောက်သား ဣန္ဒြေရရ တဲကလေးဆီသို့ပြန်လာခဲ့ကြပါတော့သည်။ စောခမ်းနွဲ့အဘို့၌ သူမ၏သခင်ကြီးသည် သူမအပေါ်၌ မရက်စက်နိုင်ရှာဘဲ ကြင်နာသောအသဲနှလုံးဖြင့် သူမကို လက်ခံဆက်ဆန်နေခြင်းကြောင့် မြေကြီးတွင် ခြေချရမှန်းမသိတန်းအကြီးအကျယ်ဝမ်းမြောက်နေရှာတော့သည်။

## သစ္စာငယ်စော် မေတ္တာတော်အနန္တပေမို့

လှပသော ရွှေကလပ်တခုပေါ်မှ စိုရွှန်းနေသော သစ်သီးတခိုင်ကို ဗိုလ်ကြီးအောင်မင်းကျော်သည် ကရုတစိုက် လေ့လာအကဲခတ်



နေပါသည်။ သစ်တော်သီးသုံးလုံးမှာလည်း မြင်လျှင် စားချင်စရာအသွင်ကိုဆောင်နေတော့၏။ ထိုနောက် ရွှေကလပ်ကိုအသာ ဆွဲကာ ကရုတစိုက် တီးခေါက်လေ့လာကြည့်လိုက်ပြီး ဗိုလ်ကြီးအောင်မင်းကျော်သည်....

"ရွှေတော့ရွှေဘဲ ဗိုလ်ညွှန့်မောင်"

"မှန်ပါသခင်ကြီး ရွှေမှာ သာမန်မနုဿလူတွေ သုံးစွဲနေတဲ့ ပရပိုက်ခေါက်ရွှေမျိုးမဟုတ်ပါ၊ နာဂဏီရွှေမျိုး ဖြစ်ပါကြောင်း အထက်မြို့တော်ရှိ သခင်ကြီး၏ပါရမီဖြည့်ဘက် တောင်တန်းကေရီ သခင်မကြီးကိုယ်တိုင် ရွှေလက်ဆောင်နဲ့ သခင်ကြီး တဦးတည်း ပွဲတော်တည်ဘို့ရာ အမိန့်တော်ပန်ကြားချက်နဲ့ အတူ ဘိုးအာကာပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်"

သူ့အင်မတန်ချစ်မြတ်နိုးနေရှာသော တောင်တန်းကေရီသခင်မကြီး၏ ရွှေလက်ဆောင်တော်စယ်လေ့ လာစိမ့် လုပ်ဆောင်ဆက်သလိုက်သည့် ရွှေသစ်တော်သီး သုံးလုံးကို တစိမ့်စိမ့်ကြည့်ရင်း ဗိုလ်ကြီးအောင်မင်းကျော်အဘို့ ရင်တွင်း၌ တဒိတ်ဒိတ်ခုန်ကာ ဝမ်း မြောက်ဝမ်းသာရှိနေတော့သည်။

"သခင်ကြီး၏ ကြင်ဘက်တော် တောင်တန်းကေရီ သခင်မကြီးက အကျွန်အား တာဝန်ပေး အပ်လိုက်ကြောင်းပါဘုရား၊ သခင်ကြီး အဘို့ နဝင်္ဂသီလကိုးရက် သက်သတ်လွတ် သစ်သီးသစ်ရွက်စားတော်ခေါ် စေဘို့ဖြစ်ပါတယ်၊ ထိုကာလကလွန်မြောက်ပြီးနောက် တောင်တန်းကေရီ သခင်မကြီးရှိရာ- အထက်ရွှေနန်းကို သခင်ကြီး ကြွမြန်းတော်မူလှည့်ပါလို့ သခင်မကြီးက ပန်ကြား လျှောက် တင်လိုက်ပါတယ်"

"ဘယ်လိုလဲအဘိုး ဥပုသ်စောင့်တာနဲ့ သက်သတ်လွတ်စားတာနဲ့ သစ်သီးသစ်ရွက် စားတာနဲ့ ဘယ်လိုခြားနားသလဲ၊ ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



ပြုပြီးရှင်းလင်းပါအုံးအဘိုးရယ်....၊ ကျွန်တော် ဉာဏ်မမှီတော့ ဘူး ခင်ဗျာ”

ဗိုလ်ကြီးအောင်မင်းကျော်သည် တောင်တန်းကေရီ သခင်မကြီး ၏ အမှာတော်စကားကို ပြန်လည်ဆွေးနွေးလိုက်ပါတော့သည်။

“သခင်ကြီးဘုရားကို သခင်မကြီးက အမှာတော်ရှိခဲ့သလို သွေးချင်း ဓါတ်ချင်း မတူတူအောင် ကျိုးပန်းရေးအတွက်ပါကိုယ်တော်ကြီး၊ ဘယ်လိုမှ သံသယစိတ်တွေမရှိပါနဲ့ ဖြေ၁်-သခင်ကြီး၊သခင်ကြီး-ဘဝကလေးခြားလိုက်ယုံနဲ့ မူလဇာတိစိတ်တွေမေ့ပျောက်ပစ်ခဲ့ရှာပြီကိုး၊ ဒါကြောင့် လောဘ- မောဟ-ဒေါသ အကုသိုလ်စိတ်တွေဟာ တကဲ့ကိုမှုန်းစရာပါလားသမီးရယ်”

“မှန်ပါတယ်အဘိုး....ဒါပေမဲ့ သခင်ကြီးဟာ မူလပဌမ အကြီးမားဆုံးဓါတ်ခံရှိနေတော့ ပညာရပ်စခမ်းနဲ့ သမထလမ်းစဉ်ကိုကျိုးစားလိုက်ယုံနဲ့ ယခင်ဘဝက တိမ်မြုပ်ခဲ့တဲ့ အသိဉာဏ်နဲ့ ပညာရပ်တွေ မုချရနိုင်စရာရှိပါလိမ့်မယ်”

“မှန်လိုက်လေသမီးရယ်....၊ ဒါ့ထက် အဘိုး သမီးကို သတိပေးလိုက်ပါရစေ၊ တောင်တန်းကေရီသခင်မကြီးက အမိန့်တော်ချမှတ်တဲ့အထဲမှာ သမီးကိုပါ-တောင်နန်းပေါ် မပျက်မကွက်ဘက်ခဲ့ရမယ်လို့ အမှာတော်ရှိလိုက်တယ်ကွဲ့၊ နောက်တချက်ကတော့ ချစ်ရေးကြိုက်ရေးမှာ သဘာဝမှန်မှန်နဲ့ ပရိယာယ်မုသားကင်းစင်စွာနဲ့ လုပ်ဆောင် ကျိုးပန်းကြဘို့ဘဲ၊အထက်မြို့တော်ဒေသမှာဆိုရင်အဓိကအရေးအကြီးဆုံးအချက်ကင ါးပ ါးသီလမြဲဘို့နဲ့ သူ့အသက်သွေးသားကင်းလွတ်ဘို့ဖြစ်တယ်၊ ပရိယာယ်မုသားအစ မသုံးရတဲ့ဌာနေနေ၁်သမီးတို့ အဘိုးတို့ မကင်းနိုင်ကြသေးတဲ့ တဏှာပေမ စိတ်တွေ အကြောင်းပြုပြီး အချစ်နဲ့ မေတ္တာ အနိုင်ရရေးအတွက် ပရိယာယ်မုသား အသုံးမပြုကြစေဘို့ဘဲ၊ အထက်မြို့ရဲ့ပင်မဓါတ်ခံက သစ္စာ



အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ နေရာထူး နေရာမြတ်ဖြစ်ခဲ့တာကတကြောင်း၊ပြီးတော့ အထက်မြို့တော်ရဲ့ တာဝန်ခံပုဂ္ဂိုလ်အသီးသီးဟာ သီလ သမာဓိအရာမှာ ထက်မြက်စွမ်းဆောင်တဲ့ပုဂ္ဂိုလ်တွေဖြစ်ကြလို့ အလွန်ရှ ရှာမှုန်းတီးဘွယ်ဖြစ်တဲ့ ပရိယာယ်မုသားမှုန်သရွေ့ကို နှုတ်ဝဇီက မပြောနဲ့ မနောကံမှာဘဲ မပေါ်ပေါက်ဘို့ ဒီကရွေ့သင်ကျဉ်သတိပြုပေတော့-မှတ်မိရဲ့လားသမီးရယ်”

“မှတ်မိကြောင်းပါအဘိုး၊ အမှန်ကတော့ သမီးဟာ အလိမ္မာမပြည့်စုံတဲ့အရွယ်မှာ သခင်ကြီးကိုချစ်မြတ်နိုးတဲ့စိတ်တွေက ဖုံးကာလို့ အမှန်တရားကို မမြင်မိဘဲ ပရိယာယ် မုသားသုံးမိခြင်းကို ခွင့်လွှတ်ပါလို့ ပန်ကြားလျှောက်ထားပါရစေအဘိုး၊ အထက်မြို့တော်ကြီးကို လိုက်ပါရမယ်ဆိုတဲ့သတင်းဟာ သမီးအဘို့ အင်မတန်ဝမ်းမြောက်ဂုဏ်ယူစရာ မင်္ဂလာသတင်းကြီးဖြစ်ပါကြောင်းပါ ဘိုးဘိုးရယ်”

တမန်ကြီးဘိုးအာဏာသည် ဆက်လက်၍ တည်ကြည်သောမျက်နှာဖြင့်....

“ဆက်လက်အမိန့်ရှိရအုံးမယ်-၊ အထက်မြို့တော် သခင်မကြီးဆိုအဘိုးခစားဝင်နေတုံးက ဟောဒီသခင်ကြီးနဲ့ သမီးတို့ အချစ်ရေးကိစ္စ အချီအချဆွေးနွေးနေတာ အဘိုးတို့ အတိုင်းသားကြားနေရတယ်ကွဲ့၊မယုံမရှိလေနဲ့ သမီးက သခင်ကြီးရဲ့ ဂတိသစ္စာကို အပိုင်အနိုင်ယူရေးအတွက် လျှောက်ထားချက်တွေကို သခင်မကြီးကပြုံးပြီးနားထောင်နေရှာတယ်၊ သခင်ကြီးရဲ့မူလအတွင်းစိတ်ဓါတ်မှန်ကိုသိရတော့မယ်လို့ အမိန့်တော်ရှိပြီး သခင်ကြီးရဲ့ ဆုံးဖြတ်ချက် အကွင်းသဘောကို သခင်မကြီးစောင့်ဆိုင်းရှေနားဆင်နေခဲ့ကြတယ်။

မကြာခင်မှာဘဲ....

“ယောကျ်ားပြီသတဲ့လူတယောက်ရယ်၊ လူမှန်းသိခါစက ယုံ

www.burmeseclassic.com

www.burmeseclassic.com



စိတ်အဆင့်- ပညာအဆင့်ကို မချပြန်ရမှာဘဲလေ....ကိုင်း....ခုတော့ စကားအမိပ္ပါယ်နဲ့ ပေါက်ရောက်အောင်တော့ တတ်သမျှ-စွမ်းအား ရှိသမျှ ရှင်းလင်းလျှောက်တင်ပါရစေ သခင်ကြီးရယ်"

"အကျွန်တို့ အထက် မြို့တော်သားတွေနဲ့ သာမန် မနုဿ လူသားတွေ ခြားနားချက်က အဟာရလဲတဋ္ဌာနဖြစ်တော့တယ် သခင်ကြီး၊ အဓိကအ ရေးအကြီးဆုံးက 'အသား' ဖြစ်တယ်၊ အကျွန်တို့ အထက်မြို့တော်သားတွေဟာ သူများအသွေးအသားဆိုရင် အနံ့ပင် မခံနိုင်စွမ်းရှိတော့တယ်၊ အထက်မြို့တော်သားတွေဟာ တော်တော် များများပုဂ္ဂိုလ်ကြီးတွေအဘို့ သစ်သီးဝလံသာ မှီဝဲပြီးနေထိုင်လေ့ ရှိတယ်၊ ဒါဟာ အဟာရအနေနဲ့ ခြားနားချက်ဘဲ"

ဤတွင် ဗိုလ်ကြီး-အောင်မင်းကျော်သည် လောကဓါတ်ပညာ အခြေခံကို လေ့လာထားသူပြီပြီ ခေတ်ရှေ့ပြေးလိုက်နေသော လူ ရွယ် ဖြီဖြီ။

"အသားစားတာနဲ့ သစ်သီးသစ်ရွက်စားတာ ဘယ်ဒင်းက ကျန်း မာရေး ပြည့်စုံသလဲ အဘိုး၊ အသားမှာ မနုဿလူသားတွေကို အင် အား ပြည့်စုံစေတဲ့ အားဓါတ်တွေ၊ သံဓါတ်တွေ ရှိတယ်ဆိုတာ ဘယ်လိုဝေဖန်ချင်သလဲ အဘိုး"

"ရသာတဏှာကိုအလိုလိုက်ပြီး ရုတ်တရက်ကြည့်ရတော့ အသား ဟာ စားသုံးလို့ကောင်းသလိုလိုရှိပါတယ်၊ သို့ပေမဲ့.... အသားဟာ မနုဿ လူသားတွေရဲ့ အသက်ရှည်ရေးနဲ့ ကျန်းမာရေးကို အဓိက ဖျက်ဆီးပစ်တဲ့ အဟာရဆိုရင် သခင်ကြီးငြင်းနိုင်ပါ့မလား၊ ဥပမာ တခု တင်ပြအစီရင်ခံပါရစေ သခင်ကြီး"

"ဟောဒီ သံပြင်ပူပူပေါ်မှာ ဘူးစင်က ဘူးသီးရင့်ရင့်တလုံးကို ဆွတ်ခူးချထားပြီးတော့ ကြက်ကြီးရင့်ရင့်တကောင်ကို သုတ်သင်ပြီး ချထား၊ ကိုင်း....ဘယ်သူက အရင်ပုတ်မလဲ၊ ဘယ်ဒင်းက ကြာကြာ



ခံနိုင်စွမ်းရှိမလဲ၊ အသားကအရင်ပုတ်သိုးမှာလား၊ဘူးသီးက ပုတ်သိုး မှာလား သခင်ကြီး၊ အမိန့်တော်ချမှတ်တော်မူပါ"

"ကြက်ကပုတ်မှာဘဲ အဘိုး"

ပွင့်လင်းစွာဖြင့် ဗိုလ်ကြီး-အောင်မင်းကျော်က ဖြေကြားလိုက် သည်တွင်....

"မှန်တယ် သခင်ကြီး၊ ဤနည်းအတိုင်းဘဲ အသားစားသူ၊ မှီဝဲသူ တို့ဟာ သစ်သီးသစ်ရွက်စားသုံးသူထက် ပျက်စီးခြင်းသံသါရသဘော တရားကို ရှေ့ဦးစွာတွေ့ကြုံရခြင်း ဖြစ်တော့မယ် သခင်ကြီး၊အကျိုး အကြောင်းကာ လူသတ္တဝါ သက်ရှိတို့မည်သည် အသက်ရှင်ရေးမှာ ကံ စိတ်-ဥတု အဟာရအပေါ်၌ တည်နေတော့သည် ဆိုကြောင်းကို လဲ အဟာရ ၁ ပါးကိုအကြောင်းပြုကာ မနုဿလူသားတွေ စားသုံး နေတော့ အဟာရပေါ်၌လဲ အကောင်း အဆိုး အမြတ်တွက်ကာ လူသားတွေရဲ့ ကျန်းမာရေး၊ အသက် ရှင်ရေးဟာ တည်နေခြင်း ဖြစ်ပါတယ်"

"ဒါဖြင့် အဘိုးရယ်....အသားမှရရှိအပ်တဲ့အားဓါတ်တွေ၊ အရိုး မှာ ရှိအပ်တဲ့ ထုံးဓါတ်တွေအတွက် လူတွေအသက်ရှင်နေမှ ဘယ်က သံဓါတ်-ထုံးဓါတ်တွေ အသားစားဖြည့်စွက်ပြီးရပါတော့မလဲ"

ဗိုလ်ကြီး-အောင်မင်းကျော်သည် စောဒကတက်ကာ မေးမြန်း လိုက်ရာ စောခမ်းနွဲ့ကတချက်ပြုံးရယ်လိုက်ပြီး ...

"ဩော်...သခင်ကြီး-သခင်ကြီး....ဘဝဟောင်းကအမြင်နဲ့ ခု- အမြင်နဲ့ ကွာခြားနေရှာပြီကိုး၊သိုးဆောင်းအယူအဆတွေလက်ခံပြီး သိုးဆောင်း ပညာရပ်တွေကို အခြေခံလာလို့ အင်မတန်နက်နဲတဲ့ ဗုဒ္ဓပညာရပ်တွေ မေ့ပျောက်သလိုလိုဖြစ်နေရှာပြီကိုး"

ကရုဏာအပြည့်အဝ မျက်နှာကလေးဖြင့် သူမ၏ဘဝဟောင်းက ကြင်ဘက် သခင်ကြီးကိုကြည့်ကာ ညည်းတွား မိရှာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ ဘိုးအာဏာသည် တင်လျှောက်ပြန်သည်မှာ....

"နောက်တချက်က မနုဿလူသားတွေမှာ မနုဿလူသား စိတ်ဓါတ် ရှိနေကြတယ် သခင်ကြီး၊ ဥပမာ နွားသားစားသုံးတဲ့ မနုဿလူသားတွေဟာ အဟာရမှုတဆင့် မနုဿလူသားတို့သွေးသား ဖြစ်ထွန်းခြင်းဆိုတဲ့ သဘောတရားအတိုင်း ကြပ်ကြပ် နွားသား-ကျွဲသားစားတဲ့ လူတွေဟာ ကြမ်းတမ်းလာတဲ့ နွားစိတ်-ကျွဲစိတ်တွေ တဆင့်ကူးပြောင်းလာနိုင်တတ်ဆိုတာ သခင်ကြီး ရွှေဉာဏ်ရှင်ပြီပြီ ချင့်ချိန်တော်မူပါ၊ ဤကဲ့သို့ သတ္တဝါတွေရဲ့ အသားစားသုံးခြင်း အားဖြင့် 'အသား'တည်းဟူသော ရသာတဏှာတပ်မက်စိတ်တွေပေါ်လာပြီး အသားစားကောင်းခြင်းကြောင့် အသားစားလိုသောဆန္ဒမှုတဆင့် ခြေလေးချောင်း သတ္တဝါမှစ၍ ခြေနှစ်ချောင်း သတ္တဝါ၊ ရေနေသတ္တဝါတွေရဲ့အသားကို တပ်မက်ခြင်းအားဖြင့် ဗြဟ္မာစိုရိဘုရားလေးပါးကို သွယ်ဝိုက်သောနည်းအားဖြင့် ထိပါး လာတော့တယ်"

"မှန်ပါတယ် သခင်ကြီး၊ အမေးတော်ရှိခဲ့သလို အသားကထွက်စေတဲ့ သွေးသားခွန်အား ဖြစ်စေသောဂါတ်၊ အသားစား သတ္တဝါတွေ အရိုးတွေကရရှိအပ်တဲ့ထုံးဓါတ်တွေ ဘယ်ပစ္စည်းကအစားထိုးမလဲဆိုရင် ဥပမာ လွယ်လွယ်နဲ့ နီးနီးကပ်ကပ် ပေးရရင် အဆီအစား သားကောင်မှအဆီကို သတ်ဖြတ်မစားမမှီဝဲဘဲ နို့-ထောပတ်တို့နဲ့ ပြီးစီးနိုင်ခြင်းတပါး၊ ထုံးဓါတ်အားဖြင့် အကျွန်တို့ မြန်မာရိုးရာမှာပါနေကြ ကွမ်းယာမှထုံး-ကွမ်းသီး အစရှိသည် တွေကလဲ ရနိုင်တယ်၊ သွေးသားဖြစ်ထွန်းဘို့အရေးမှာ တောင်ပေါ်သူတောင်ပေါ် သား တွေ အတွက် ကျောက်သွေးတွေ၊ ဆတ်သွေး တွေဟာ အသင့်ရှိပြီးသားမဟုတ်ပါလား သခင်ကြီး၊ ဒါကြောင့်လဲ အသားစားသောမနုဿလူသားတွေထက်သစ်သီးဝလံစာမှီးသောအကျွန်တို့ တောင်ပေါ်သားတွေက အသက်ပိုမိုရှည်လျားစွာ တည်နေနိုင်ခြင်း



မဟုတ်ပါလား သခင်ကြီး....၊ခုတင်ကဥပမာအတိုင်း ကြက်သားကိုစားသူသည် ဘူးသီးစားတူးသူထက် ရုပ်ခန္ဓာနာမ်ဇိမ် အလျင်အမြန်ပျက်စီးလွယ်ပေတယ် သခင်ကြီး၊ ဒါကြောင့်လဲ အထက် မြို့တော်သခင်မကြီးက သခင်ကြီးကို ယခုအချိန်ကစပြီး သစ်သီးစားခြင်း၊ သီလစိတ်သစ်ဝင်ခြင်းအလုပ်ကို စတင်ဆောင်ယူစေနိုင်ရန် အကျွန်တမန်ကြီး ဘိုးအာဏာကို တာဝန်အမိန့်တော် ချမှတ်ပေးလိုက်ခြင်း ဖြစ်ပါတယ်"

"ကောင်းပါပြီ အဘိုး၊ ကျွန်တော် ဒီနေ့မနက်ကစပြီး ကိုးပါးသီလစောင့်ထိမ်းပြီး၊ သစ်သီးဝလံဘဲ စားသောက် ကျင့်သုံးပါမယ် ကျေနပ်ရဲ့မဟုတ်လား"

"ဟောဒီ ပဌမဦးဆုံး သစ်တော်သီးကို ဒီနေ့မနက်ကစပြီး ပွဲတော် တည်ခင်းတော်မူပါ သခင်ကြီး၊ စတုတ္ထ မြောက်တဲ့ နေ့မှာဒုတိယ သစ်တော်သီးကို ဆက်လက်ပြီး စားသုံးတော်မူပါ၊ အထက်မြို့တော် သခင်မကြီး အမိန့်တော်ရှိကြောင်းပါ သခင်ကြီး"

ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏ တပ်စုမှူးသုံးဦးကို ခေါ်ယူကာ စစ်ရေးစစ်ရာကိစ္စများနှင့် စီစဉ်စရာ အချက်အလက်များကိုအသေးစိပ်ညွှန်ကြားလိုက်ပြီး၊ သူလုပ်ဆောင်ရမည့် အခြေအနေနှင့် ဥပုသ်စောင့်ထိမ်းခြင်းကို ပြောကြားလိုက်ပါသည်။

တပ်စုမှူး-ဗိုလ်ညွန့်မောင်က တပ်မှူး-အောင်မင်းကျော် ကိုယ်စားတာဝန်ယူကာ တပ်ကိစ္စအဝဝတို့ကို ဆက်လက်အုပ်ချုပ်စေရန် ညွှန်ကြားလိုက်ပါတော့သည်။ စောခမ်းနွဲ့အဘိုး၌လည်း သူမ၏ သစ်သီးဝလံ စားသောက်ခဲ့ရသည့် ကျင့်စဉ်တွင် သူမ၏ ချစ်သူ ဗိုလ်ကြီး-အောင်မင်းကျော်ကိုယ်တိုင် ပါဝင်ခဲ့ခြင်းအတွက် တအားတက်ကာ ဗိုလ်ကြီး-အောင်မင်းကျော်၏ ဝေယျာဝစ္စဆောင်ရွက်စရာကိစ္စများကို မလစ်လပ်တမ်း အနီးမှပြုစုလုပ်ကိုင်နေရှာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗမာ့တပ်မတော်သားများအဘို့ ခရီးပြင်းချီတက်ခဲ့ရာမှ များစွာ ပင်ပန်းမှုဒဏ်ခံခဲ့ပြီးနောက် ယခုကာလမှပင် အနားယူခွင့် ရရှိကာ ရေမြေကောင်းခြင်း၊ စားကောင်းသောက်ဘွယ် အသီးအနှံ များနှင့် ပြည့်စုံနေခြင်းအတွက် များစွာကျေနပ်ဝမ်းမြောက်နေကြပါသည်။ ရဲမက်များနှင့်တပ်စုမှူးတို့အဘို့ စောခမ်းနွဲ၏ ရုံရွှေတော်အပျိုချော များနှင့် မကြာခဏ စကားလက်ဆုံပြောရခြင်း၊ ရင်းနှီးရခြင်းအတွက် ကြောင့်လည်း များစွာကြည်နူးပျော်ရွှင်နေကြခြင်း ကိစ္စတွေလည်း ပေါ်ပေါက်လာပါတော့သည်။ မြို့တွင်းအခြေအနေမှာလည်း ဆိတ်ငြိမ်နေသလောက် ရက္ခဗလအင်အားစုများ၏အရိပ်အရောင်ပင် မတွေ့ရတော့ချေ။ အားလပ်သောအချိန်အခါများတွင် ရဲဘော်များသည် အလှပြ-စစ်ရေးပြခြင်း၊ တန်းစီကာလမ်းလျှောက်ခြင်း စသည့် လေ့ကျင့်ခန်းများဆင်းကာ ကြွားကြွားဝန့်ဝန့်နှင့် အလွန်သာယာ လှသော တပ်စခမ်းနှင့် မြစ်ကမ်းခြေ တလျှောက်၌ လှည့်လည်ကာ ချီတက်ခြင်းစသည့် စစ်သားကောင်းတို့ အလေ့အကျင့်များ ကျင့်ဆောင်ကာ သူတို့တကြိမ်တခါမှ မရောက်ပေါက်ခဲ့ဘူးသည့် အထက်မြို့တော် တောင်ခြေတွင် တပျော်တပါး လှုပ်ရှားမှုများ ပြုလုပ်နေကြလေတော့သည်။

ကိုးရက်ကျော်လွန် ဆယ်ရက်မြောက်သောနံနက်ခင်း....

ကြမ်းတမ်းသော စစ်သားဘဝမှ အင်မတန် သိမ်မွေ့လှသော သမတလုပ်ငန်းစဉ်နှင့်နဝင်သီလကိုစောင့်ထိမ်းခဲ့ရရှာသော ဗိုလ်ကြီး အောင်မင်းကျော်အဘို့ အရွှင်လန်းဆုံး နံနက်ခင်း ဖြစ်စေပါတော့ သည်။ ညစာ ကိုးရက်တိတိမစားရတာမ်း ဥပုဒ်စောင့်ထိမ်း ရသော် လည်း ဆာလောင်ခြင်း၊ အားယုတ်ခြင်း၊ နွမ်းနယ်ခြင်းအလျဉ်းမရှိရုံ မက ခါတိုင်းထက်ခွန်အားဗလပိုမိုကောင်းနေသည့် သူ၏ကိုယ်တွင်း



အခြေအနေကြောင့် ဗိုလ်ကြီးအောင်မင်းကျော်သည် အလွန်အမင်း အံ့သြဝမ်းမြောက် နေရှာပါတော့သည်။

အခြားအခမ်းတွင်းမှ ရုံရွှေတော်များအဘို့ တောင်ပေါ်သို့ တက်ရောက်ရန်အတွက် ပြင်ဆင်နေကြခြင်းဖြစ်သဖြင့်၎င်းတို့ပြောသံ ဆိုများကိုကြားရခြင်းဖြင့်ဗိုလ်ကြီး-အောင်မင်းကျော်သည် ကောင်း စွာ သိရှိပြီး မျက်နှာသစ်ရန်အိပ်ယာမှထကာ တောင်ပေါ်သို့တက် ရေးအတွက် အရေးတကြီး ပြင်ဆင် လိုက်ရပါသည်။ ထိုနောက် ဗိုလ်ကြီး-အောင်မင်းကျော်သည် ဗိုလ်ညွန့်မောင်နှင့် တပ်စုမှူး နှစ် ယောက်တို့ကိုခေါ်ယူလိုက်ပြီး၊ ၎င်းတို့တောင်ပေါ်သို့ တက်ရောက် နေစဉ် တပ်ဖွဲ့ကိုစံနစ်တကျအုပ်ချုပ်ကာ စည်းကမ်းရှိရှိနှင့် အနားယူ ရန် မှာကြားလိုက်ပါသည်။ မကြာမီ တဲတတဲအတွင်းမှဘိုးအာဏာ သည် ဘီလူးရုပ်တောင်ဝှေးကိုဆွဲကာ

"အားလုံးအဆင်သင့် ရှိကြပြီလား သခင်ကြီး၊ နောက်ပိုင်းက ရဲမက်တွေအတွက် နောက်ဆံမတင်းဘို့ အကျွန်တာဝန်ယူပါတယ်၊ အကြောင်းကိစ္စတစုံတရာမပေါ်ပေါက်စေရပါဘူး သခင်ကြီး၊ ပြီး တော့ သခင်ကြီးနဲ့ ရဲမက်တွေကို ရန်သူတရုပ်တပ်တွေက အကျွန်တို့ ရွှေမျဉ်းကြောင်းနယ်နိမိတ် အပြင်ဘက်က တိုက်ဘို့ရာအသင့်ရှိနေ ကြလို့ သခင်ကြီးရဲ့ ရဲမက်တွေ အသာကိုယ်ရှိန်သပ်ပြီး အနားယူ နေစေဘို့ ရဲမက်တွေကိုသတိပေးပါရစေ"

"အားလုံးစီစဉ်ပြီးပါပြီ အဘိုး၊ တောင်ပေါ် တက်ဘို့သာလိုပါ တော့တယ်"

ဗိုလ်ကြီး-အောင်မင်းကျော်သည် ခရီးထွက်ရန်အသင့်ရှိကြောင်း ဖြေကြားလိုက်ပါသည်။

"သမီးစောခမ်းနွဲ....ခရီးထွက် ချီတက်ကြရအောင်၊ ဒီပြင် အပို

www.burmeseclassic.com



ပရိသတ်တွေ မခေါ်ခဲ့ရဘူးနော်....အကျွန်တို့သုံးဦးသာသခင်မကြီး ခွင့်ပြုချက် ရရှိခဲ့ခြင်းဘဲ”

မကြာမီ ဗိုလ်ကြီးအောင်မင်းကျော်၊စောခမ်းနွဲ ဤသုံးဦးသည် မြစ်ဖြတ်ကူးသည့် ကြိုးတံတားပေါ်သို့ တလှမ်းခြင်း တက်ရောက်ခဲ့တော့သည်။ လေပြေကလည်း တဟူးဟူး တိုက်ခတ်နေသလောက် စောခမ်းနွဲ၏ ဆံစကလေးများမှာ ကဗျာဆန်ဆန်နှင့် လေပြေထဲ ဝယ် ကွန်မြူးနေတော့သည်။ တံတားပေါ်၌ ဗိုလ်ကြီးအောင်မင်း ကျော်သည် စိုးရိမ်သောမျက်နှာဖြင့်....

“နောက်ပိုင်းက ကျွန်တော့ရဲဘော်တွေကို ရက္ခပလကမဓောင်း ကြံမှာ စိုးရိမ်မိတယ်အဘိုး”

“ကြောင့်ကြတော်မမူပါနဲ့သခင်ကြီး၊ ရက္ခပလစိတ်ထဲမှာ ကြံ လိုက်ရုံနဲ့ အကျွန့်မနေရာမှာ အလိုလိုပေါ်နေပြီးဟာမို့ ဒင်းကြံချင် တိုင်းမကြံဝန့်ပါဘူး စိုးရိမ်တော်မမူပါနဲ့သခင်ကြီး၊ခုအချိန်ကစပြီး သခင်ကြီးဟာ မိမိဘဝဟောင်းမှ နဂိုရှိ နယ်မြေကိုချီတက် ရောက်ရှိ တော့မယ်ဆိုတာ အောက်မေ့သတိရပြီး ဝမ်းမြောက်ဝမ်းသာရှိတော်မူပါ”

“ကောင်းပါပြီအဘိုး”

အထက် မြို့တော်ဘက် သို့ ခြေချမိရန် နီးကပ်လေလေ လေပြင်း ကလေးက တဟူးဟူးတိုက်ခတ်နေတော့သည်။ လေပြင်း နှင့် အတူ စူးရှထက်မျက်လှသော အမွှေးနံ့များက လှိုင်ကာ မွှိုင်ကာဖြင့် မြစ်ပြင်ထက်တွင် ပြန့်လွင့်နေတော့၏။ ဗိုလ်ကြီးအောင်မင်းကျော် ၏ရင်တွင်း၌လည်းကောင်း၊ ဦးနှောက်၌လည်းကောင်း၊ တကြိမ်တ ခါမှ မပေါ်ပေါက်ခဲ့ဘူးသော အအေးစိတ်မျိုးသည် အလိုလို စိမ့် ကာဝင်ရောက်လာတော့၏။ ရင်ဝတွင် တလှပ်လှပ် ခံစားနေရသော ထူးခြားသည့်တု လှုပ်မှုဝေဒနာကိုစတင်ကာ ရင် ဆိုင် လိုက် ရသော



ဗိုလ်ကြီးအောင်မင်းကျော်အဘို့ အစဉ်းစားရကြပ်လာတော့သည်။

“အထက်မြို့တော်ဒေသဘက်ရောက်ရင် အင်မတန်ထူးဆန်းတာ တွေတွေ့ရလိမ့်မယ် သခင်ကြီးအတွင်းခေါ်အနေနဲ့ ရော- လက်တွေ့ အနေနဲ့ရော ရက္ခဘုမ္မိနယ်မြေနဲ့မတူတဲ့ ကွဲပြားမှုတွေ ခံစားရပါ လိမ့်မယ်သခင်ကြီး”

ဘိုးအာဏာသည် ရှေ့မှတောင်ဝှေးကိုထောက်ကာထောက်ကာ တံတားပေါ်မှ လမ်းပြအနေနှင့် ရှေ့ဆောင်လျက် စကားတပြော ပြောနှင့်တက်ခဲ့ကြပြန်သည်။ ခြေသုံးသုံးရာကျော်လှမ်းခဲ့ကြသည့် နောက်တွင် အထက်မြို့တော်၏နယ်မြေ တံတား အစွန်းသို့ သုံးဦး သားဆိုက်ရောက်ခဲ့ကြပါသည်၊ တံတားအဆုံးတွင် ခန့်ငြားလှပစွာ ဆောက်လုပ်ထားသော ကျောက်ဖြူလှေခါးဆင်းကြီးကို တွေ့ရပေ ၏။ လှေခါး၏ထိပ်ရှိ ကျောက်ဖြူတိုင်ကြီးနှစ်တိုင်၏ အထက်တွင် ကျောက်ဖြူပြားကြီးကို အက္ခရာထုလုပ်ထားသော ကဗ္ဗည်းစာတမ်း များတွေ့ရသည်ကြောင့် ဗိုလ်ကြီးအောင်မင်းကျော်က ဖတ်ရှုလိုက် ရာ....

“ဥတ္တရ ပူရမြို့တော်”

ဟူသော ကဗ္ဗည်းစာတမ်းကိုကို ရှေးရိုး ကျကျ စာလုံးများ နှင့် ထွင်းလုပ်ထားသည်ကိုတွေ့လိုက်ရပေ၏။ လှေခါးထစ်များအဆုံး၌ ကား- ရှေးမြန်မာပြီသစွာ ဝတ်ဆင်ထားကြသည့် မင်းလုလင်များ နှင့် အမျိုးသမီးများကို လှမ်း၍တွေ့လိုက်ကြပါသည်။

“အကြိုတော်တွေတောင် စောင့်နေကြပါကလား”

တမန်ကြီးဘိုးအာဏာသည် အရေးတကြီးလှမ်း၍ပြောလိုက်ပါ သည်။ ရှေ့ဆုံးမှ ဘိုးအာဏာကဲ့သို့ အသက်အရွယ်ကြီးမားသော ခေါင်းပေါင်းပြူဖေါ့ထုံးနှင့် ကတ္တီပါအဝါရင့်ရောင်ဝတ်ဆင်ထား

www.burmeseclassic.com

www.burmeseclassic.com



သော ပုဂ္ဂိုလ်ကြီးက ဗိုလ်ကြီးအောင်မင်းကျော်ကို တွေ့မြင်ရသည့် တပြိုင်နက်....

"ကိုယ်တော်သခင်ကြီး ကြွချီလာတော်မူပြီ"

ကြေးကြော်လိုက်ရာ မင်းလုလင်များနှင့် အံမျိုးသမီးများသည် မြေ၌ ပြားပြားဝပ် ပုဆစ်ဒူးတုပ် ခစားလိုက်ကြပါသည်။ ဗိုလ်ကြီး အောင်မင်းကျော်သည် ............ အဝါရင့်ရောင်ဝတ်ဆင်ထားသော ပုဂ္ဂိုလ်ကြီးကို အင်မတန် ရင်းနှီးစွာဖြင့် တွေ့မြင်ဘူးခဲ့သလိုလို ဦးနှောက်တွင်း၌ အသိဉာဏ်ကလေး ပေါ်လာတော့၏။ ထိုကြောင့်လည်း နှုတ်ခမ်းမွေးကားကား နှင့် အရွယ်အားဖြင့် ခြောက်ဆယ်တွင်းရှိ ပုဂ္ဂိုလ်ကြီး၏ ကြက်သရေရှိလှသော မျက်နှာကို စိုက်ကာကြည့်ရင်း စဉ်းစားခဏ်းတွေ့ထုတ်နေမိသည်။

"ဘုရားကျွန်ုပ်ယုံတော်ကြီးဘိုးသစ္စာဖြစ်ပါတယ်သခင်ကြီးဘုရား၊ ဖြစ်ရလေ့တယ်နော်သခင်ကြီးဘုရား၊ သဝဟောင်းတွေ မေ့ပျောက်နေရှာပြီကိုး....ရုပ်ကတော့ အရင်အတိုင်းပါကလား၊ ဝတ်လဲတော်နဲ့ဆင်ယဉ်ပုံသာ ထူးခြားကွဲပြားနေရှာတာကိုး"

"နေကောင်းရဲ့လားအဘိုးသစ္စာ၊ သခင်မရော နေကောင်းရဲ့မဟုတ်လားမျှော်နေရှာမှာဘဲလေ"

ခေတ်ပေါ်အသုံးအနှုံးများကိုသာ နားလည်ခဲ့သော ဗိုလ်ကြီးအောင်မင်းကျော်သည် ယဉ်ကျေးမှုထုံးစံအရ နှုတ်ဆက်လိုက်ပါသည်။ ဘိုးသစ္စာ၏နောက်ပါးမှ ပုဆစ်ဒူးတုပ် မျက်နှာမမော့တန်း ခစားနေကြသော မင်းလုလင်များမှာ အရပ်အမောင်းကောင်းကောင်း၊ အရွယ်ကောင်းကောင်းနှင့် ရုပ်ရေအတော်သပ်ရပ် နေကြသလောက် အမျိုးသမီးများအဘို့၌လည်း နံ့သာရောင်ပိုးအင်္ကျီရှည်အနီတပ် အချိတ်ဆင် ပိုးထမိန်များ ဝတ်ဆင်ပြီး ဆံပင်မှာ ထိပ်တည့်တည့်၌တင်ကာထုံး၍ထားကြပြီး အသားအရေမှုစ၍ မျက်နှာ



အမူအရာမှာ ယဉ်စစရှိသလောက် ချောလှနေကြောင်းကို ဗိုလ်ကြီးအောင်မင်းကျော်က ဘိုးသစ္စာကိုနှုတ်ဆက်ရင်း အကဲခတ် လိုက်မိတော့သည်။ သို့ရာတွင် ရွှေငွေ လက်ဝတ်လက်စားဟူ၍ တစုံတရာ ဝတ်ဆင်ထားခြင်းမရှိကြောင်းကိုတွေ့ရပြန်၏။

"မှန်လှပါကိုယ်တော်ကြီး နှင့် တောင်တန်းကေရီသခင်မကြီး၏ ဘုန်းရိပ်ကံရိပ်ကို ခိုလှုံခစားနေရခြင်းကြောင့် ကျမ်းခံသာ၍ မာကြောင်းပါအရှင့်သားသခင်ကြီး၊ ဘုရားကျွန်တော်မျိုး၏ ကျေးဇူးရှင်မ တောင်တန်းကေရီသခင်မကြီးအဘို့၌ ကိုးဆယ့် ခြောက်ပါး ဝေဒနာဟူသည် ထိရောက်စွာ ညှင်းပန်းနှိပ်စက်ခြင်း မရှိနိုင်စွမ်းကြောင်းကို သံတော်ဦးတင်ဝန့်ပါသည်ကိုယ်တော်ကြီး"

"ကျွန်တော်မျိုးနှင့် ရှံရွှေတော်များကိုလည်း 'သီလဝ' သမြို့တော်"၏ နယ်နိမိတ်တံခါးဝမှ ဘုန်းကံကြီးမား သခင်ကြီးဘုရားကို အကြိုတော် အထောက်တော်လွှတ်ပြီး ရေကြည်တော်နှင့်ကွမ်းတော်များ ဆက်ကပ်စေရန် သခင်မကြီး၏အမိန့်တော်ကို ရွှေနားပန်ဆင်ကာ အဆင်သင့် ကြိုဆိုထောက်ခစားနေခြင်း ဖြစ်ပါတယ် သခင်ကြီး"

ဗိုလ်ကြီးအောင်မင်းကျော်သည် အထောက်တော်ကြီး ဘိုးသစ္စာ ရှိသောစွာဖြင့် ဆက်ကပ်လိုက်သော ရွှေရေတခေါင်းမှာ လှပကျော့ရှင်းစွာဖြင့် ထုလုပ်ထားသည့် ရွှေခွက်ထဲသို့ အရသင့်ငှဲ့ထားသည့် ရေကို အားရပါးရ မော့ကာ သောက်ချလိုက်မိပါသည်။ ရေသည် ဗိုလ်ကြီးအောင်မင်းကျော်၏ ပါးစပ်ထဲသို့ စတင်ကာ ရောက်ရှိသည့် တပြိုင်နက်ထဲ၌ အေးမြကာ ရေခဲရေမျိုးကို သောက်သုံး ရသည့် ပမာဏ သူ၏တကိုယ်လုံးသည် ရုတ်တရက် ကျဉ်တက်သွားသည်ကို သိလိုက်ရပြီး သူ၏မျက်စေ့တွေ နားတွေမှာ ပြောင်းလန် ပွင့်လင်း



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ဟု ထင်မှတ်လိုက်ရအောင် သူ၏တကိုယ်လုံးအကျောတွေ မှာ ဆတ်ဆတ်တုန် တက်သွားသည်ကို သူသည် ကောင်းစွာမှတ်မိလိုက်ပါသည်။ ထိုနောက် သူသည် တကိုယ်လုံးနွေးတက်လာသည့် ဓါတ်ပြောင်းလာမှုကို သတိပြုမိတော့၏။

ထိုနောက် ဗိုလ်ကြီး-အောင်မင်းကျော်သည် ရေတခွက်ကိုငဲ့ ယူလိုက်ပြီး....

"စောခမ်းနွဲ့ သောက်အုံး အမောပြေ"

လှမ်း၍ပေးလိုက်သည်တွင်သူမအဘို့ တဖက်ကမ်းခြေမှမြင်ရုံသာ လှမ်းကာမြင်နေရပြီး တကြိမ်တခါမှခြေမချနိုင်ခဲ့သည့် အလွန်တရာ တံခိုးအာဏာထက်မျက်ကြီးမားလှသည့် အထက်မြို့တော်နယ်မြေသို့ လိုက်ပါခဲ့ရရုံမကဘဲ အထက်မြို့ တော်သူ မြို့တော်သားတွေနှင့် နီးကပ်စွာ တွေ့မြင်နေရခြင်းကြောင့် အနည်းငယ် စိတ်အားငယ်သလို ဖြစ်နေရှာပြီး၊ မျက်နှာ ငယ်ကလေးနှင့် စောခမ်းနွဲ့အဘို့ သူမအား အရေးတယူ ကိုယ်တိုင်ငဲ့ကာပေးလိုက်သည့် ဗိုလ်ကြီး-အောင်မင်းကျော်၏ လက်ထဲမှရေကို အလွန်တရာ ရှိသေစွာဖြင့် လက်ကလေးနှစ်ဖက်ဖြင့် ယူပြီး သောက်ချလိုက်သည့် တပြိုင်နက် စောခမ်းနွဲ့၏ မျက်နှာမှာ ပန်နုရောင် ရဲတက်သွားပါတော့သည်။

"အင်မတန်စွမ်းအားထက်မျက်တဲ့သောက်တော်ရေဘဲ သခင်ကြီး"

စောခမ်းနွဲ့သည် ဗိုလ်ကြီး-အောင်မင်းကျော်၏ အနီး၌ ကျိုးနွံရှိသေစွာဖြင့် ပုဆစ်ဒူးတုပ်ထိုင်ကာ ပြောကြားလိုက်ပါသည်။

"ကိုင်း....ရေ့တက်ကြရအောင်"

ဗိုလ်ကြီးအောင်မင်းကျော်သည် တောင်တန်းကေရီ သခင်မကြီးဆီသို့ ရောက်ရှိရေးအတွက် အရေးကြီးလှသောအသံဖြင့် ပြောကြားလိုက်ပါသည်။ ဗိုလ်ကြီး-အောင်မင်းကျော်၏ ဦးနှောက်ထဲ၌ တရိပ်ရိပ် ပြောင်းလဲမှုတရပ်သည် ရှတ်တရက် ဖြစ်ပေါ်လာချေ၏။ သူ၏



အမှတ်သညာကလည်း စက္ကန့်ပိုင်းကလေး အတွင်း၌ ထူးခြားလာတော့၏။ ယခု သူလျှောက်နေသော ခရီးလမ်းဝယ် သူသည် မနေ့တနေ့ကလို လျှောက်ခဲ့သကဲ့သို့ မည်သည့်နေရာ၌ မည်သည့်လှေခါးတစ်မျိုးရှိခြင်း၊ မည်သည့်အရပ်ရောက်လျှင် မည်သည့်ဘက်သို့ကွေ့ရခြင်း၊ တက်ရခြင်းစသည့် အမှတ်သညာတွေသည် ထင်းကနဲ-ဘွားကနဲ တရိပ်ရိပ်ပေါ်ထွက်လာချေ၏။

တောင်ခြေသို့ဆက်လက်လျှောက်ခဲ့ရင်း....

"ဘယ့်နှယ် အဘိုးသစ္စာ....ဒီနေရာမှာ အရင်တုန်းက ချိုင့်ဝှမ်းနဲ့ ရေစီးကြောင်းကလေးတခု ဘယ်လိုဖြစ်သွားသလဲ အဘိုးသစ္စာ"

"မှန်လှပါ... သခင်ကြီး ခန္ဓာအိမ် ပြောင်းသွားတဲ့ နောက်မှ သခင်မကြီးအမိန့်အရ အောက်မြေ တလွှားမှာ မြေပြင် အားလုံး ညီညာစွာရှိစေရမယ် အမိန့်တော်ကြောင့် မြို့တော်သူ မြို့တော်သားများ တညီတညွတ်တည်း ရေစီးလမ်းကြောင်းလွှဲပစ်လိုက်ရပါတယ် သခင်ကြီး"

"ကြည့်စမ်း....လမ်းတွေတောင် အတော်ကောင်းနေပြီကဘဲ.... အဘိုး-သစ္စာ၊ကျုန်တော်ရှိစဉ်ရောက်စဉ်ကလမ်းတွေဟာ မညီမညွတ်နဲ့ ရှိနေခဲ့တာ သတိရမိတယ်"

ဘိုးအာဏာနှင့်ဘိုးသစ္စာတို့သည် ခေါင်းချင်းရိုက်ကာနှစ်ယော်သား နောက်ပိုင်းမှခတ်တိုးတိုးနှင့် အကြီးအကျယ်ဝမ်းမြောက်ဝမ်းသာ နေကြပါသည်။ ဗိုလ်ကြီး-အောင် မင်း ကျော် သို့မဟုတ် လွန်ခဲ့သော နှစ်ပေါင်းများစွာက သူတို့၏ တောင်တန်းကေရီ သခင်မကြီး၏ ကြင်ဘက်တော် သခင်ကြီးသည် ယခုတဖန် သူတို့ အထက်မြို့တော်နယ်မြေသို့ရောက်ရှိလာပြီးရုံမက ယခင်က သူနေခဲ့ထိုင်ခဲ့သော ဖြစ်အပျက်များနှင့်နေရာဌာနများကို ယခုအခါတွင် ပြန်၍လည်

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိ သတိရလာပြီး မေးဘော်မြန်းဘော်ရသည့်အတွက် အမတ်ကြီး
နှစ်ဦး သည် အကြီးအကျယ်ဝမ်းသာနေကြခြင်းဖြစ်ပေ၏။

ထိုနောက် ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏ဘယ်ဘက်မှ
တလှမ်းချင်းလိုက်ပါလာသော စောခမ်းနွံ၏ မျက်နှာကို စေ့စေ့
ကြည့်ရင်း....

"ဟင်း....''ဟု သက်ပြင်းချလိုက်ပြီး....

"နေစမ်းအုံး နေစမ်းအုံး....စောခမ်းနွံမျက်နှာမြင်ရတော့ အဲ
တုန်းက စောခမ်းနွံလဲမဟုတ်နိုင်ပါဘူးလေ....မျက်နှာကတော့ ဟုတ်
တယ်၊ အသံရော"

လမ်းလျှောက်ရင်း ပြန်လှန်ကာ သူ၏ဦးနှောက်ကို ဆေးကြော
စဉ်းစားနေပြန်ပါသည်။ အတန်ကြာမှ ပကတိတည်ငြိမ်သောအသံ
ဖြင့် ဗိုလ်ကြီး-အောင်မင်းကျော်က....

"စောခမ်းနွံ၊အောင်မင်းကျော်နဲ့ စောခမ်းနွံတို့အတိတ်ဟောင်း
က အတွင်းရေးတွေမှတ်မိရဲ့လား ဟင်....အောင်မင်းကျော်ခေါင်း
ထဲမှာတော့ ဝေနေပြီ၊ တခါတခါ စိတ်ထဲကစနှောင့်စနင်းတွေ ဖြစ်
ဖြစ်လာတယ် စောသခ်ါ....ဟုတ်ပြီ-ဟုတ်ပြီ....ဒီနံမယ် မှတ်မိသလို
နေပါတယ်လို့ မနည်းစဉ်းစားယူရတယ် စောသခ်ါ"

တစုံတရာသတိရမိပုံဖြင့်....

"ဟင်း... စောသခ်ါ၊ ပြောစမ်း သခင်ကြီးကို မှတ်မိရဲ့ မဟုတ်
လား"

အိပ်ယာမှနိုးလာသူပမာ ဗိုလ်ကြီး-အောင်မင်းကျော်သည် အ
ရေး တကြီး မေးမြန်းလိုက်ပါသည်။

"သခင်ကြီး အဖြစ်ဟောင်းကိုပြန်ပြီးမြင်လာပြီလား သခင်ကြီး
ရယ်၊ ဝမ်းသာလိုက်တာနော်၊ စောသခ်ါ-နှမတော်ကို အင်း...နှစ်
ပေါင်း များစွာက ဒုက္ခခံပြီးစောင့်ရတဲ့ စောသခ်ါဘဲခေါ်ခေါ်



ခုဘဝနံမယ် စောခမ်းနွံဘဲခေါ်ခေါ်၊ သခင်ကြီးရဲ့ ပါရမီဖြည့်ဘက်
ဖြစ်တဲ့ ဘုရားနှမတော်အဘို့ မိုးလက်လှမ်းမှီခမန်း ဝမ်းမြောက်ပါ
ဘိတော့တယ်"

"ကဲ....စောခမ်းနွံ၊ ဒါထက် စောရဲခေါင်တယောက်ရော အရင်
ဘဝတုန်းကလိုဘဲ သခင်ကြီးကို အညှိုးထားတုန်းလား၊ မှန်းစမ်း....
သခင်ကြီး ဒီနယ်မြေက ဝေးကွာသွားခဲ့တာ နှစ်ပေါင်းရာနဲ့ချီပြီး
ကျော်ခဲ့ပြီဘဲလေ"

သူ၏ခေါင်းထဲ၌ တရိပ်ရိပ် ပေါ်ထွက်ထင်မြင်လာသည့် သူ၏
ဘဝဟောင်း ဇာတ်ကြောင်းတွေကို ဗိုလ် ကြီး အောင် မင်း ကျော်
သည် ဝမ်းနည်းကြေကွဲစွာဖြင့် တခဏ်းပြီးတခဏ်း စဉ်းစားသုံးသပ်
ရင်း စောခမ်းနွံကိုမေးမြန်းနေပါသည်။

"အတိတ်တွေ အတိတ်မှာဘဲ ထားတော်မူပါ သခင်ကြီးရယ်၊
သခင်ကြီးနဲ့ တောင်ပေါ် သခင်မကြီးဘုရား၊ ပြီးတော့ စောခမ်းနွံ
တို့ ဘဝဖြစ်စဉ်တွေ၊ သံသရာလည်ပုံတွေဟာ ဝမ်းနည်းဝမ်းသာစရာ
တွေနဲ့ ပြည့်စုံနေတာမို့ အတိတ်ကိုပြန်ပြောင်း တွေးတောလိုက်ရင်
ရင်နာစရာတွေ၊ မျက်ရည်ကျစရာတွေနဲ့ အဆုံးသတ်နိဂုံးချုပ်နေတဲ့
အတွက် ဘုရားနှမဘော်ပြန်ပြောင်း မလျှောက်တင်ပါရစေနဲ့တော့
ဒီကရှေ့ကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခပြည့်စုံတဲ့ ဘဝသစ်-လော
က သစ်ကို ရှေးရှုဆောင်မြန်းကြဘို့ လျှောက်တင်ပါရစေ"

ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏ အတွင်း စိတ် ဓါတ် နှင့်
အသိဉာဏ်-အမှတ်ဉာဏ်များ ထူးခြားစွာပြောင်းလဲလာမှုကို တအံ့
သြသြနှင့် ပြန်လှန် လေ့လာ စဉ်းစား နေမိ ရှာပါသည်။ သူသည်
တောင်ပေါ် သခင်မကြီး၏နယ်မြေသို့ ခြေချလိုက်ပြီးနောက် တောင်
တန်း ဧကရီ သခင်မကြီး၏ အကြိုတော် အမတ်ကြီး-ဘိုးသစ္စာနှင့်
မင်းလုလင် ရံရွေတော်များကို အထူးတလည် စီမံစေလွှတ်လိုက်ပြီး

www.burmeseclassic.com



ဆက်ကပ်တော်မူသည့် အံ့ဖွယ်ရာရေကြည်တော်ကို တစ သောက်သုံးခဲ့ရာ နောက်မှ သူ့အဘိုး စာဖွဲ့၍မရနိုင်လောက်အောင် သူ၏အသိဥာဏ် မှတ်သားမှုများသည် ရုပ်ရှင်ကားပြသလို တရိပ်ရိပ် ပေါ်ထွက်သည့် ပြောင်းလဲမှုအဖြစ်ဆန်းကို တကွက်ပြီးတကွက် ပြန်လှန်ကာ ခေတ် နည်းအားဖြင့် ဝေဖန်ခြင်း၊ သုံးသပ်ခြင်း၊ စီစစ်ခြင်းများ ပြုလုပ်နေပါတော့သည်။

မိုင်ဝက်ခန့် တစုတဝေးကြီးကျော်ခဲ့ကြသည့်နောက်တွင် တောင်ခြေ အထက်လှေခါးကြီးဆီသို့ ချဉ်းကပ်လာကြသည်။ ရှုမျှော်လောက်တိုင်း ကျောက်တောင်-ကျောက်ခက် များဖြင့် အရောင်အမျိုးမျိုး ထွက်ပေါ်လာစေသည့် ကျောက်သားများအတွင်းမှ စမ်းရေများဖြင့် လှပတင့်တယ်စွာတွေ့နေရပါပြီ၊ သစ် ငပန်းမလ်များ အဘိုး၌လည်း အင်မတန်စိုရှင်းသော အောက်ခေါက်နှင့်ရေခေါက်ကိုပြည့်စုံစွာ ရယူခဲ့သည့်အသွင်ကိုဖော်ပြသည့်အလား အကိုင်းအရွက်များ ဝေဆာ ပွင့်လင်းစွာဖြင့်တွေ့နေရပေသည်။ တဖက်တချက်တွင် ကျနေသော ကိန္နရာပုံမရုပ်ကြီးတစုံကလည်း အထက်မြို့တော် အထက် လှေခါး၌ နေရာယူထားကြပေ၏။ ကိန္နရာမောင်နှံ အရုပ်ကြီးများထုလုပ်ထားခြင်းမှာ အင်မတန် အသက်ဝင်လှသလောက် မျက်နှာ အချိုးအစား ပြီသလှပါပေ၏။ ရှတ်တရက်ပင် ထကာပျံသန်းတော့မည့် အသွင်ကို ဆောင်နေတော့သည်။ ဗိုလ်ကြီး-အောင်မင်းကျော်သည် ကိန္နရီရုပ်ကြီး၏အနီးသို့ကပ်၍ အရုပ်ကြီးထုထယ်နှင့် အတွင်းသားကို လက်နှင့်ခေါက်ကာကြည့်မိလိုက်၏။ မာကျောသော သတ္တုတမျိုးနှင့် ထုလုပ်ထားသော အရုပ်ဖြစ်မှန်းသိရပြီး၊ လက်သည်းနှင့်ခြစ်၍ကြည့်လိုက်သည်တွင် ကြေးစားသတ္တုကို တွေ့လိုက်ရပေတော့၏။

ထိုနောက်တစုတဝေးပင် ကြီးမားသောလှေခါးထစ်ကြီးများကို တထစ်ပြီးတထစ်နင်းကာတက်ရောက်ခဲ့ကြပါသည်။ဘေးပတ်ဝန်းကျင်



တဝိုက်ကို ဗိုလ်ကြီး-အောင်မင်းကျော်သည် အကဲခတ်ရင်း လှေခါးထစ်များကို ကြည့်ရှုလိုက်သည်တွင် သူတို့တက်ရောက်နေသော လှေခါးထစ်များမှာ ကြေးဝါ သတ္တုများ ဖြစ်ပြီး ထူးဆန်းအံ့ဩဘွယ် အဖြစ်ကိုတွေ့လိုက်ရပေ၏။ တလှမ်းချင်း လှေခါးထစ်ကြီးများကို ဘုရားစေတီမှ တက်ခဲ့ကြသလို တထစ်ပြီးတထစ် တက်ခဲ့ကြရင်း ဘေးပတ်လည် လှေခါးထစ်ကြီးများ အနီးတဝိုက်တွင် ပွင့်ဖူးနေကြသည့် ပန်းပေါင်းစုံတို့၏ အမွှေးနံ့များကိုရှူရှိုက်ကာ ပင်ပမ်းနွမ်းနယ်ခြင်း စသည့် ကာယဒုက္ခများမှ ကင်းလွတ်ခဲ့ခြင်းကိုလည်း ဗိုလ်ကြီး အောင်မင်းကျော်သည် မှတ်သားသတိပြုမိလေသည်။ မကြာမီ တဖါလုံခန့် လကျ်ာရစ်ကွေ့ကာ ပတ်ကာတက်ခဲ့သည့် လှေခါးထစ်များအဆုံးတွင် ဒုတိယ မုခ်ဦးတခုကိုတွေ့လိုက်ရပြန်သည်။

## ပူးတွေ့မျှော်ရှင် ရွှေနန်းပြင်စယ်

ပြုဖွေးနေသောမုခ်ဦးတံခါးကြီးကို တွေ့ရပြီးနောက် ဗိုလ်ကြီး အောင်မင်းကျော်တို့အဘိုး လှေခါးထစ်အောက်ထစ်ဆုံး အခြေကိုပါ တွေ့ရကာ မုခ်ဦး၏တဖက်တချက်တွင်မူကား ဆန်းပြားသော ရုပ်ထုတစုံကိုတွေ့ရပြန်တော့သည်။ ဗိုလ်ကြီး-အောင်မင်းကျော်နှင့် စောခမ်းနွဲ့တို့က အရုပ်ကြီးနှစ်ရုပ်ကို ဂရုတစိုက်ကြည့်လိုက်ရာ ညာဘက် မုခ်ဝအစွန်၌ နဂါးလုလင်ရုပ်နှင့် မုခ်၏လက်ဝဲဘက်အစွန်၌ နဂါး အမျိုးသမီးရုပ်တုကြီးများကို တွေ့ရပြီးနောက် လှေခါးထစ်များကို သေချာစွာကြည့်လိုက်ရာ ငွေသားအစစ်များဖြင့် စီမံဆောက်လုပ်ထားသော လှေခါးထစ်များကိုတွေ့ရပြန်တော့၏။ဗိုလ်ကြီး-အောင်မင်းကျော်အဘိုး လှေခါးထစ်များကိုတွေ့မြင်ရသည်တပြိုင်နက်ညီး ရင်ထဲ၌ ဝမ်းနည်းကြေကွဲမှုတရပ် အလိုလို ဖြစ်ပေါ်လာပြီးနောက်

www.burmeseclassic.com



သူ၏မျက်စေ့ထဲတွင် သူနှင့်တောင်တန်းကောရီ သခင်မတို့ ရွှေလည်တွဲကာ ချစ်ပွဲဝင်ခဲ့ကြပုံ ဇာတ်တောင်းကို တရိပ်ရိပ် ပေါ်လာတော့သည်။ ဤငွေလှေခါးထစ်များမှ မကြာခဏ နယ်ပါတ်လှည့်လည် မောင်မယ်စုံတူမကွာ ပြည်သူပြည်သားတို့၏ ချမ်းသာတိုးတက်ရေးများကို ဆောင်ရွက်ခဲ့ကြပုံများ၊ စစ်သည် ရဲမက်များနှင့် နယ်ဂုပ်ဒေသများသို့ လှည့်လည် စစ်ဆေးခဲ့ပုံများကို တရေးရေး တရိပ်ရိပ် ပြန်လှန်မြင်ထင်လာတော့သည်။

ထိုနေ့ ဗိုလ်ကြီး-အောင်မင်းကျော်အား သူ၏ကြင်ဘက်တော်ဟောင်း မဟာဒေဝီတောင်တန်းကောရီ သခင်မကြီးကို ရုတ်တရက်တွေ့ဆုံလိုသော ဆန္ဒစိတ်တွေသည် တားမနိုင်-ဆီးမရခမန်း ပေါ်ပေါက်လာတော့သည်။ သူ့အဘို့ ရှေ့မုခ်တမုခ်နှင့် လှေခါးထစ်တမျိုး တက်ရပေဦးမည်ကို သူ၏ရိဝေနေသော ဦးနှောက်ထဲ၌ အသိဉာဏ် အမှတ်ရချက်တခုသည် ရုတ်ခြင်း ပေါ်ထွက် လာပါသည်။

ငွေသားလှေခါးထစ်များ ကုန်ဆုံးသောအခါ တောင်တော်၏ ဒုတိယလှေခါးအဆုံး၌ လကျာရစ်ကာ ကျယ်ပြန့်သောဥယျာဉ်များ သစ်သီးသစ်ပင်များစွာကိုတွေ့ရပြီး၊ သပ်ရပ်လှသည့် လူနေအိမ်ခြေများနှင့် အဆောက်အဦများကို စောခမ်းနွဲ့သည်တွေ့လိုက်ရပြီးနောက် ဝင်းထိန်နေသောအရုပ်ကြီးနှစ်ရုပ် ခြံရံလျက် မလှမ်း မကမ်းတွင် တွေ့လိုက်ရသည်။ တတိယ လှေခါးခြေရင်းများကို ဗိုလ်ကြီး-အောင်မင်းကျော်တို့လူသိုက်သည် တွေ့ရှိလိုက်ကြပြန်သည်။ လှေခါးမုခ်ဦး၏ လက်ဝဲ-လကျာဘက်တို့သည် အထက်မြို့တော်သူ မြို့တော်သား ဦးရေငါးရာခန့်တို့သည် ပုဆစ်ဒူးတုပ်ကာ အရံသင့်စောင့်ကြိုနေကြလေသည်။ သူတို့၏ရင်ခွင်တွင် နီရဲနေသော အောင်သပြေပန်းများနှင့် ရေချမ်းအိုးများ၊ တံခွန်များ၊ အဝါနှင့်အစိမ်းရောင် ထက်ဝက်စပ်ထားသည့်အလံများကိုလွှင့်ထူကာ စောင့်ကြိုနေကြရင်း ဗိုလ်ကြီး



အောင်မင်းကျော်အား များစွာကြည်ညိုမြတ်နိုးသော မျက်လုံးများနှင့် ကြည့်ကာ ပါးစပ်ကလည်း ဆုမွန်များ တောင်းရင်း မင်္ဂလာအခါတော်အဖြစ် ဖန်တီးလုပ်ဆောင်နေကြပါသည်။

"သခင်ကိုယ်တော်ကြီး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ရှင်လန်းပါစေ...."

"သခင်ကိုယ်တော်ကြီး အလိုပြီးမြောက်ခရီးရောက်တော်မူပါစေ"

"ဗုဒ္ဓသာသနာရောင်အဝါ ကမ္ဘာနေသို့လင်းပါစေ...."

တခဲနက် ဆုတောင်းမေတ္တာ ပို့သံသံများသည် ဒုတိယ အရစ်တွင် ပဲ့တင်ထပ်ကာ တုံဟီးလျက် တခဲနက်ပေါ်ထွက်လာတော့၏။

ဗိုလ်ကြီး-အောင်မင်းကျော်သည် ကြိုဆိုနေသော အထက် မြို့တော်သူ မြို့တော်သားများ၏ အဖူးအမြော်ကန်တော့ခံယူပြီးနောက် ကျေးဇူးတင်ခြင်း၊ ဆုပေးခြင်းများ ပြုလုပ်ခဲ့ပြီး၊ ဝင်းဝါနေသော လှေခါးထစ် ကြီးများဆီသို့ လှမ်းလိုက်ပါသည်။ မုခ်ဦး၏ တဖက်တချက်မှ အရုပ်ကြီးနှစ်ရုပ်ကား လှပစွာမာန်ပါပါ သရုပ်ဖေါ်ထားသည့် ဂဠုန်ဖိုမ တစုံပင်ဖြစ်ပေ၏။ ဝင်းထိန်နေသော သတ္တုများကား မနုဿလူသားတွေအဘို့ အင်မတန်မြတ်နိုးစေသည့် ရွှေသားများသာ ဖြစ်ပေတော့၏။ ဂဠုန် ဖိုမ အရုပ် ကြီးများ လှေခါးထစ် ကြီးများ တဖက်တချက် လှေခါးနံရံများသည် ပကာတိ ရွှေတုံးရွှေခဲများဖြင့် ခန့်ငြားစွာစီစဉ်ဆောက်လုပ်ထားသည့် ရွှေလှေခါးကြီးများ အဖြစ်ကို တွေ့လိုက် ရသောကြောင့် ဗိုလ်ကြီး-အောင်မင်းကျော် အဘို့ အထက်မြို့တော်သူများ ရွှေ-ငွေ ရတနာများ မဆင်မြန်း ကြခြင်း၏ အဓိပ္ပါယ်ကိုချက်ခြင်းသတိရမိလေသည်။

ရွှေငွေရတနာဆိုသည်မှာ အလွန်ရှားပါးသော အရပ်ဒေသမျိုး၌သာတန်ဘိုးရှိကာမြတ်နိုးကြပြီး၊ ယခုကဲ့သို့ ကျောက်ခဲသလဲလို ပေါများနေသည့် အထက်မြို့တော် သို့မဟုတ် ဥတ္တရပူရမြို့တော်သူများ

www.burmeseclassic.com

www.burmeseclassic.com



အဘိုဥ္ဇ် ရွှေငွေရတနာထက် ဗုဒ္ဓတရား၏အရသာကိုဦးထိပ်ပန်ဆင်ကာ အမြတ်နိုးဆုံး-အဘိုးတန်ဆုံး ပစ္စည်းတခုအဖြစ်သာ လက်ခံဆင်မြန်းခဲ့ခြင်းလည်းဖြစ်ပေ၏။

“စိန်နန်းတော်ကြီးရောက်တော့မယ် စောခမ်းနွဲ၊ အင်း... ဘဝ-ဘဝ ကြောက်စရာ ကောင်းလှအောင် သံသရာ လည်လှချေလားကွယ်....၊ အတိတ်က ဇာတ်ကြောင်းတွေကို ဘာမှ သတိမရတဲ့ နဂိုရှိအချိန်တုန်းကဆိုရင် အ ကောင်း သား၊ ခုလို မမျှော်လင့်ဘဲ သခင်ကြီးရဲ့ ဘဝဖြစ်စဉ်တွေ၊ နေရာဟောင်းတွေ ပြန်ပြီးသိမြင် ရောက်ရှိလာတော့ သခင်ကြီးရင်ထဲမှာ အင်မတန် ကြေကွဲလှပြီ စောသင်္ခါ နှမတော်၊ အင်းလေ....စောခမ်းနွဲ”

“မှန်ပါ...သခင်ကြီးဘုရား ကြေကွဲသလို ဘုရားနှမတော်ရဲ့ ရွှေရင်ထဲမှာလဲ တလှပ်လှပ်ကြေကွဲမှုတွေ၊ ပရိဒေဝမီး တွေ ခံစားနေရကြောင်းပါ ရွှေနန်းရှင်-သခင်ကြီးဘုရား၊ သို့ပင် သို့ငြားသော်လဲ ယခုဘဝမှတဖန် ပြန်လည်ပြီး ဘုရားနှမအနေနဲ့ သခင်ကြီးကိုဖူးတွေ့ခွင့်ရခဲ့ပြီး မကွာအတူနိဗ္ဗူရွှေမြို့ကိုတက်လှမ်းနိုင်ကြမဲ့ နိမိတ်မင်္ဂလာလက္ခဏာတွေ မျှော်မြင်နေရခြင်းကို ဘုရားနှမ ရွှေအားတက်မိကြောင်းပါ သခင်ကြီး၊ ထားရာမှာနေ စေရာကိုသွားရမဲ့ ဘုရားနှမကို ယခု မျက်မှောက်ဘဝက စောခမ်းနွဲ နံမယ်ဘဲ ခေါ်ခေါ်၊ အတိတ်က ကြင်ယာဟောင်း နာမဘွဲ့တော်နဲ့ စောသင်္ခါဘဲခေါ်ခေါ်၊ ဘုရားနှမ အင်မတန် ကြေနပ်ကြောင်းပါ သခင်ကြီးဘုရား”

“ကဲ... ရှေ့ဆက်ပြီးကြွချီကြစို့ အမတ်ကြီးများ”

ဗိုလ်ကြီး-အောင်မင်းကျော်သည် ရှေ့ဆုံးမှ ရွှေလှေခါးထစ်များကို တလှမ်းချင်း ကျွခြေရရနှင့်နင်းကာတက်ခဲ့လေသည်။ ပဌမ လှေခါးထစ်ကို ခြေချမိသည် တပြိုင်နက်ထည်း အင်မတန် စူးရှသော အမွှေးနံ့သည် ကြိုင်ကနဲ-သင်းကနဲ ရုတ်တရက်ပေါ်ထွက်လာချေ၏၊



ထိုအမွှေးနံ့ကား ဗိုလ်ကြီး-အောင်မင်းကျော်နှင့် စောခမ်းနွဲတို့ စခမ်းတွင် စကားပြောဆိုနေစဉ်က ဗိုလ်ကြီး-အောင်မင်းကျော်ရယူခဲ့ဘူးသော အင်မတန်ထူးခြားလှသည့် အမွှေးနံ့မျိုးပင် ဖြစ်ပေ၏။ ယခုအခါ၌ ဗိုလ်ကြီး-အောင်မင်းကျော်သို့မဟုတ် အတိတ်ကဥတ္တရ ပူရမြို့တော် ရွှေနန်းရှင်ကြီးသည် ဘဝ ဟောင်း၏ ဖြစ်ရပ်များကို ပြန်လှန်မြင်ထင်လာနိုင်သည့် ဉာဏ်စွမ်းသတ္တိကို ရယူခဲ့နိုင်ပြီ ဖြစ်၍ ချက်ခြင်းပင်....

“သခင်မထိပ်ထားကြီး သခင်ကြီးကို ကြိုဆိုရန် ပြင်ဆင်နေခြင်း အထိမ်းအမှတ်အဖြစ်နဲ့ သခင်မကြီးရဲ့ ကိုယ်တော်အနံ့ကို စေလွှတ်ခြင်း၊ စေပါးခြင်းဖြစ်တယ် စောသင်္ခါ၊ အင်း... ဟိုငယ်စဉ်ကာလက နာမ်လောကအနေနဲ့သာ တွေ့ခဲ့ရ-လှမ်းခဲ့ရတဲ့ သခင်ကြီးရဲ့ မဟာဒေဝီ သခင်မကြီးကို မိနစ်ပိုင်း-စက္ကန့်ပိုင်းအတွင်းမှာ နဖူးတွေ့-ဒူးတွေ့ ဖူးတွေ့ ဆုံမိကြလေအုံးမှာပါကလားကွယ်၊ ကဲ....မြန်မြန် တက်ကြရအောင် စောသင်္ခါ-သခင်မ”

လှပဆန်းကျယ်သော ပန်းခက်ပန်း နွယ်များ သဏ္ဌာန် နိုင်နင်းသော အနုပညာ၊ ပန်းပုပန်းတိမ်ပညာရပ်များဖြင့် ဖေါ်ထုတ် လုပ်ဆောင်ထားသည့် ရွှေလှေခါးနံရံများကိုကိုင်ကာ တပျော်တပါး တက်ရောခဲ့ကြသည့် ဗိုလ်ကြီး-အောင်မင်းကျော်တို့လူစုသည် တဖါလုံခန့် ရှည်လျားသည့်ရွှေလှေခါးကြီးအဆုံးအထိ တက်ရောက်ခဲ့ပြီးနောက် လကျ်ာရစ်အကွေ့ကလေးကို ကျော်တက်လိုက်သည် တပြိုင်နက်ထည်း ပြောင်လက်ဝင်းပါနေသော ရွှေရောင်တွေအဝင်းသားနှင့် အဆောက်အဦ ခေါင်မိုးတွေ၊ နံရံတွေကို တွေ့မြင် လိုက်ရပေ၏။ လှေခါးထစ် နောက်ဆုံးအထစ်၊ အထက်ဆုံးအထစ် ဆုံးသည့်ကာလ တွင် ညီညာ ဖြူဖွေးနေသည့် ကျောက်ဖြူ မြေမျက်နှာပြင်နှင့်အတူ လူစုလူဝေးကြီးကိုပါ ရုတ်တရက် ဗိုလ်ကြီး-အောင်မင်းကျော်တွေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးနောက် ထိပ်ဆုံးမှ ဘိုးသစ္စာတို့ကဲ့သို့ ဝတ်ရုံဝါကြီးတွေ ဝတ်ဆင်ထားသည့် ပုဂ္ဂိုလ်ကြီးနှစ်ဦးနှင့် ကျိုင်းတော်ကိုင်၊ သိုင်းတော်ကိုင် မင်းလုလင်များကို တသီကြီး-တအုပ်ကြီး ရင်ဆိုင် မိပါတော့သည်။

တခဲနက်ပေါ်ထွက်လာသော မင်္ဂလာ စည်တော်သံသည် အောင်မြင်စွာဖြင့် တီးခတ်၍ အထက်မြို့တော်နန်းရင်ပြင်ဝယ် ချိမ့်ချိမ့်သဲသဲ ပေါ်လာချေ၏။

"ရွှေနန်းရှင်သခင်ကြီး ဘုန်းတော်ကြီးလို့ သက်တော်ရှည်ပါစေ"

"အရှင်နှစ်ပါး ပြည်သူများကို တရားမြတ်နိုး အုပ်စိုးတော်မူကြပါစေ"

"ဗုဒ္ဓသာသနာ ရောင်အဝါ ကမ္ဘာတုံ့လို့ လင်းပါစေ"

တခဲနက် ဆုတောင်းပို့ သံသံများသည် နန်းဦးရင်ပြင်ဝယ် ပဲ့တင်ထပ်ကာ ကောင်းချီးသြဘာ ကြက်သရေဖြာလျက် ရှိတော့သည်။ ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ အလွန်တွေ့လိုသော တောင်တန်း ကေရီသခင်မကြီးကို အရေးတကြီးရှာဖွေမျှော်မှန်းမိပါသည်။ အမတ်ကြီးနှစ်ဦးသည် ဦးညွှတ်ခစားလိုက်ပြီး....

"ကြွချီတော်မူပါ ရွှေနန်းရှင်သခင်ကြီးဘုရား၊ဥတ္တရံပူရ ပြည်သူပြည်သားတိုင်း သခင်ကြီးကြွချီလာကြောင်းမင်္ဂလာသတင်းကောင်းအတွက် မကြုံစဘူး နှစ်ထောင်းအားရဖျဖျဝန်းဝန်းရှိနေကြကြောင်းပါ သခင်းကြီးဘုရား"

"တောင်တန်းကေရီ သခင်မကြီးဘယ်မှာလဲ အဘိုးတို့ရ...."

ဗိုလ်ကြီး- အောင်မင်းကျော်သည် အင်မတန် ဖူးတွေ့ ချင်သည့်ဆန္ဒပြင်းပျမှုအရ ချက်ခြင်းပင် မစောင့်နိုင်တမ်းမေးမြန်းလိုက်သည့်တခဏ၌....



"မှန်လှပါ.... ရွှေနန်းရှင် သခင်ကြီးဘုရား စံပါယ်တော်မူခဲ့တဲ့ ပေါမန္တ ဆောင်မှ အဆင်သင့်စောင့်ကြိုလျက်ပါ သခင်ကြီးဘုရား၊ အကျွန်တို့ သက်တော်ရှည် နှစ်ဦး၏ တာဝန် အမိန့် အရ ဤမဟာတံခါးဝမှအထောက်တော်လွှတ်ခြင်းဖြစ်ပါတယ် ကြွချီတော်မူပါ.... ရွှေနန်းရှင်ဘုရား"

ဗိုလ်ကြီး-အောင်မင်းကျော်တို့သည် ရှေ့မှအမတ်ကြီး နှစ်ဦး၏ လမ်းပြခေါ် ဆောင်ရာနောက်သို့ ခြေလှမ်းကြဲကြဲနှင့် ဆက်လိုက်ခဲ့ကြသည်။ ဂိုက်သုံးရာခန့်အကွာ ရွှေရောင် ဖွေးဖွေးတွင် ပြဿဒ်ထိပ်ပိုင်း၌ နီရဲသောပတ္တမြားများ ချယ်လှယ် ဆောက်လုပ် ထားသည့် အဆောင်ရှေ့၌ အရံသင့် စောင့်ကြိုနေသော အမျိုးသမီး တစုကို လှမ်းကာတွေ့မြင်လိုက်ရပြီတကား။

ပြင်းပျသော အမွှေးနံ့များကား နန်းဦး ယင်ပြင် တခုလုံးကို ချယ်လှယ်လွှမ်းမိုးနေသလောက် ဗိုလ်ကြီး-အောင်မင်းကျော်၏ ရင်ထဲ၌ တဒိတ်ဒိတ်ခုန်ကာ စိတ်လှုပ်ရှားမှုဝေဒနာကို အကြီးအကျယ် ရင်ဆိုင်နေရရှာလေပြီ။ ဗိုလ်ကြီး-အောင် မင်း ကျော် တို့ကို အမျိုးသမီးများက မြင်သာသည့်နေရာသို့ ရောက်သည် တပြိုင်နက်ထည်း အမျိုးသမီးများသည် ကော်ဇောကြီးများ အရ သင့်ခင်းကျင်းထားရာ ပေါ်၌ ပုဆစ်ဒူးတုပ်ချ၍ထိုင်ကာ ကန်တော့ရန်အဆင်သင် ဖြင်ဆင်လိုက်ကြသည်။သို့ရာတွင် ရှေ့ဆုံးမှထူးခြားလှသော အမျိုးသမီး တဦးမူကား မတ်တပ်ရပ်လျက် ဗိုလ်ကြီး-အောင်မင်းကျော်၏ မျက်နှာဆီသို့ သည့်တည့်မတ်မတ် ကြည့်ရှုနေရှာပါသည်။

ခေါင်း၌အရောင်တဝင်းဝင်းထွက်နေသော ရွှေးမြန်မာအနုပညာရပ်များဖြင့် အကွက်ဖော် ပြသ,သည့်ပမာ ကြက်သရေ ရှိလှသည့် စီးပုံကိုဆောင်းလျက် ဖြူဆွတ်သော ပိုးအင်္ကျီလက်ရှည်ကို မင်းသမီးများ ဝတ်ဆင်သကဲ့သို့ သေသပ်စွာ ဝတ်ဆင်ပြီး၊ အောက်ပိုင်း၌

www.burmeseclassic.com

www.burmeseclassic.com



သန့်တန့်ရှောင် ကြိုးကြီးချိတ် ပိုးထမီကို ဝတ်ဆင်ထားပြီး၊ သူမ၏ လည်ပင်းတွင်ရဲရဲတောက် နေသော ပတ္တမြားဘယက် တခုကိုသာ ဆင်ယင်ထားသည်။ အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည်တို့ အင်မတန် လိုက်လျောညီလှသည့် အမျိုးသမီးတဦး၏ ထူးခြားလှသည့် အရပ်အမောင်း သဏ္ဌာန်ကို ဗိုလ်ကြီး-အောင် မင်း ကျော် ကလည်း မျှော်ကာကြည့်ရင်း ခြေလှမ်းကြဲကြဲနှင့် တက်လာနေတော့သည်။

ဗိုလ်ကြီး-အောင်မင်းကျော်အဖို့ သူ၏ တဒိတ်ဒိတ်ခုန်နေသော နှလုံးသားတွေ၊ အသဲအူတွေသည် ဆူပွက်နေရာမှ တခြင်းအေးမြသွားစေသည့်အဆင့် သဏ္ဌာန်ထူးကို တွေ့မိလိုက်ပါတော့ပြီ။

မကျဉ်းမကျယ်သော မဟာနဖူးပြင်၊ မြသားပြင်ကဲ့သို့ အရောင်ထွက်နေသည့် သွယ်တန်းကာပြေပြစ်လှသည့် မျက်ခုံးနှစ်သွယ်၊ ထင်ရှား လှပနေသည့် မမောက်မပြားဘဲ ကြည့်လိုက်တိုင်း ချစ်စဖွယ် ဖန်တီးနေသည့် နှာတံသည်လည်းကောင်း၊ နီရဲနေသော မစင်းလွန်း မဟာလွန်းသည့် မျှားကိုင်းသဏ္ဌာန် နှုတ်ခမ်းများစသည့် မိန်းမချော မိန်းမလှတို့၏ ဂုဏ်အင်္ဂါအနက် တလက်လက် တဖိတ်ဖိတ် အကြည်ဓါတ်တွေ ပေါ်ထွက်နေရှာသည့် မျက်လုံးတစုံတို့ကလည်း ညို့ဓါတ်များ၊ သြဇာဓါတ်များ တလှုပ်လှုပ်ပေါ်ထွက်နေသည့် အမျိုးသမီးကို ဗိုလ်ကြီး-အောင်မင်းကျော်သည် ကျောက်ရုပ်သဖွယ် မှင်သက်မိကာ တခဏရပ်တန့်လျက် မလှုပ်နိုင်စတမ်းကြည့်နေမိရှာသည်။

သာမန်အမျိုးသမီးတွေထက် ထူးခြားလှပအချိုးစားကျလှသည့် ရုပ်လက္ခဏာများပြင် အမျိုးသမီး၏အသားမှာ အဝါလည်းမဟုတ်၊ အဖြူသက်သက်လည်းမဟုတ်၊ ပန်းနုပြေ့ပြေ့ရောင် လွှမ်းချယ်နေသည်ကိုတွေ့လိုက်ရပေ၏။

"သခင်မ-သခင်မ....မောင်တော်သခင်ကြီး"



ရုတ်တရက်လွှတ်ကနဲ ဗိုလ်ကြီး အောင်မင်းကျော်၏ပါးစပ်တွင်းမှ တခဲနက် ပေါက်ကွဲပေါ်ထွက် လာသော အားရပါးရ ကြွေးကြော်သံကြီးနှင့်အတူ ဗိုလ်ကြီး-အောင်မင်းကျော်သည် မခို့တရို့ မတ်တပ်ရပ်ကာသူ့အား မျှော်တော်ဇောနှင့် စောင့်ကြိုနေရှာသည့် တောင်တန်း ကေရီ သခင်မကြီးဆီသို့ တအား ပြေးတက်ခဲ့ပါတော့သည်။ ဗိုလ်ကြီး-အောင်မင်းကျော်အဖို့ ဣန္ဒြေတန်ဆောင်မှု ဟူသမျှ လုံးဝ အရေးမစိုက်နိုင်စတမ်း၊ သူ၏တသက်လုံး တတမ်း တတ နှင့် သူ၏မျက်စေ့ထဲမှလည်းကောင်း၊ ခေါင်းထဲမှာလည်းကောင်း၊ အသဲထဲမှာလည်းကောင်း မမေ့နိုင်-မထွက်နိုင်ရှာသည့် မျှော်မှန်း၊ လွမ်းရ၊ ဆွေးရ၊ ဝေးခဲ့ရသည့် တောင်တန်းကေရီ သခင်မကြီးဆီသို့ ပြေးတက်ကာ သခင်မကြီးမှ အဆင်သင့် ကမ်းလင့်နေသည့် အင်မတန် ထူးခြားလှပနေသော လက်တော်နှစ်ဖက်ကို သူ၏သန်မာသည့်လက်ချောင်းများဖြင့် ဆုပ်ကိုင်လိုက်မိပါသည်။

နူးညံ့ချောမွတ်သော ကတ္တီပါသားကို ဆုပ်ကိုင်လိုက်ရသကဲ့သို့ သူ၏လက်ချောင်းများသည် တောင်တန်းကေရီ သခင်မကြီး၏ပန်းနုရောင်ပြေးနေရှာသည့် လက်ဖဝါးများအတွင်းသို့မြုပ်ဝင်သွားသည် ထင်မှတ်လိုက်ရပြီး၊ ဗိုလ်ကြီး-အောင် မင်း ကျော် ၏ တဟုန်တည်း ပေါ်ထွက်လာသည့် "ဖဿ" အတွေ့ထူးခြားမှုကို စက္ကန့်ပိုင်းကလေး အတွင်း၌ ပေါ်ထွက်လာသည်နှင့်တမျှ တောင်တန်းကေရီသခင်မကြီး၏လက်ဖဝါးနှစ်ဖက်ကို မလွှတ်နိုင်ရှာတော့ချေ။

"မောင်တော်သခင်ကြီးဘုရား.... ဘုရား နှမတော် တောင်တန်း ကေရီသခင်မကိုဖြင့် ဘယ်တော့မှ မခွဲတော့ပါဘူးဆိုတာ ဂတိပေးတော်မူပါဘုရား"

ကြည်လင်ချိုသာလှသော တောင်တန်းတန်းကေရီ သခင်မကြီး၏ ပဌမဦးဆုံးအသံတော်သည် ဗိုလ်ကြီး-အောင်မင်းကျော်၏နားထဲ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲသို့ အေးမြချိုဆိမ့်သွားတော့၏။

နောက်တဖန်....

"ဘုရား နှမ တော် သည် ပိုး ကျိုးပမ်းရးကျိုးဖြင့် ဒီတခါ နပ် လောက်ပါပြီသခင်ကြီးရယ်....မျှော်ရ လွမ်းရ-ဆွေးရတဲ့နှစ်တွေ ရက်တွေအနန္တ အတိတ်တွေပြန်စဥ်းစားမိခဲ့ရင်ဖြင့်"

ဗိုလ်ကြီးအောင်မင်းကျော်၏မျက်လွှာကို တစိမ့်စိမ့် ကြည့်ရှုရင်း တောင်တန်းကေရီသခင်မကြီးသည် နှစ်ကိုယ်ကြားပြောရှာရင်း သူမ၏ အင်မတန်နုထွဋ်ရှပြေပြစ်နေရှာသော ပါးပြင်ပေါ်ဝယ် ပုလဲမျက်ရည်ဥကလေးတွေ အစီအရီ ပီးဆင်းနေရှာပါသည် သူမသည် သူမ၏ ချစ်ဘက်ကြင်ယာတော် သခင်ကြီးကို နေ့ရှိတိုင်း လွမ်းဆွေးကျေကွဲရပုံတွေကို ပြန်ပြောင်းသတိရကာ ရင်ဆို့လာဟန်ရှိပေ၏။

"သခင်ကြီးဘယ်မှ မကြွချီ မခွဲခွါတော့ပါဘူးသခင်မထိပ်ခေါင်တင်ကြီးရယ်၊ ရဲရဲကြီး ယောကျ်ားပြီသစ္စာနဲ့ ဂတိသစ္စာပြုလိုက်ပါတယ်၊ အင်း....မြင်ရ- ကြုံကြ- သံသရာလည်ရတဲ့ဘဝတွေ ပြန်သတိရရင်ဖြင့်"

သူ၏လက်ဘဖက်က တောင်တန်းကေရီသခင်မကြီး၏ပါးပြင်မှ မျက်ရည်ဥများကို လက်ကိုင်ပုဝါတထည်နှင့် တယုတယ သုတ်ပေးရင်း တလုံးခြင်းဂတိထား ဝန်ခံလိုက်ပါသည်။

တောင်တန်းကေရီသခင်မကြီးသည် အင်မတန်ကြွးနွံ ရှိသေစွာဖြင့် မောင်တော်သခင်ကြီး၏ရှေ့မှောက်၌ ပုဆစ်ဒူးချထိုင်ကာ ဦးသုံးကြိမ်ကန်တော့ပြီးနောက် မောင်တော်သခင်ကြီး၏ ဒူးဆစ်အထိရှည်အောင် စီးနင်းထားသော ဘိနပ်ကြီး နှစ်ဘက်ကို ပွေ့ဖက်ကာ သူမ၏ မျက်နှာတွေကလည်း မျက်ရည်မဆည်နိုင်အောင် ကြည်နူးခြင်း၊ ကြေကွဲခြင်း၊နှစ်စိတ်ပေါင်းကာ ဖြစ်ပေါ်လာသည့်ခံစားမှုကြောင့် ဖြေမဆည်နိုင်အောင်ရှိနေရှာပါသည်။ ဗိုလ်ကြီးအောင်



မင်းကျော်သည် သူ၏သန်မာလှသောလက်နှစ်ဘက်ဖြင့် ကြင်ဘက်တော် တောင်တန်းကေရီ သခင်မကြီး၏ ပခုံးစွန်းနှစ်ဘက်ကို တယုတယကိုင်တွယ်ကာ သူ၏မျက်နှာခြင်းဆိုင် အနေသို့ဖြစ်လာအောင် မ ကာယူလိုက်ပြီး သူ၏ မဟေသီသခင်မကြီးကို ရှန်း ရှန်းစားစား ကြည့်နေရှာသည်။ အင်မတန် စိတ်ခက်ထန်သလောက် တည်ကြည်လှသော ဗိုလ်ကြီးအောင်မင်းကျော်၏ပါးပြင်နှစ်ဘက်ပေါ်၌လည်း မျက်ရည်စကလေးသုံးလေးပေါက်ကို အမှတ်မထင်တွေ့နိုင်ပေတော့၏။

ထိုနောက် ဗိုလ်ကြီအောင်မင်းကျော်သည် တောင်တန်းကေရီသခင်မကြီးကို....

"အဆောင်ထဲ ကြွမြန်းကြစို့ သခင်မကြီး"

"အသင့်ပါဘဲ မောင်တော်သခင်ကြီး၊ ဒါ့ထက် ညီမတော်စောသခါမ ဘုရားနဲ့မကြာခင်မှာ စကားစမြီး ပြောကြရအောင်နော် ဟာလာဝတီတို့ နေရာတော်များစီမံပေးပြီး ညီမတော်ဘုရားအပန်းတော်ဖြေနိုင်ဘို့ စီစဥ်ကြကွယ်တို့"

စောသခါကို ရင်းနှီးစွာနှုတ်ဆက်လိုက်တော့သည်။

ပုဆစ်ဒူးချ ခစားကာ လက်နှစ်ဘက်မျက်ကွယ် ရှိခိုး ကန်တော့နေရှာသည့် စောသခါ၊ သို့မဟုတ် စောခမ်းနွံအတို့ မိမိအား ချစ်ကြည်ရင်းနှီးစွာဖြင့် မိမိ၏အမှားကြီးလွန်ချက်ကို အပြစ် တစုံတရာမယူရှာဘဲ သူတော်ကောင်းပြီသလှသူ တောင်တန်းကေရီသခင်မကြီးကို လိုက်လဲစွာ ကြည်ညိုချစ်ကြည်နေရှာမိပါတော့သည်။ မိမိယခင်က တောင်တန်းကေရီသခင်မကြီးအပေါ်၌ မလိုမိစ္ဆာစိတ်တွေဖြစ်မှားခဲ့သည့် အထင်လွဲချက်များအတွက် အားတုံ့ အားနာ ဖြစ်နေရှာတော့သည်။ ဥတ္တာရိပ္ပူရမြို့တော် တပြင်လုံး အုပ်အုပ်ကျက်ကျက်မျှော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကာ မင်္ဂလာအခါတော် ကျင်းပနေကြတော့သည်။ စောင်းသံများ ဒုရိယာသံများကလည်း မြိုင်ဆိုင်သာယာစွာ ပေါ်ထွက်နေကြတော့၏။

လေညှင်းသုံ့သုံ့နှင့် ပန်းဝတ်မှုံရနံ့တွေ ကြုပ်ဖြန်းကာ အေးမြချမ်းသာလှသည့် နံနက်ခင်းဖြစ်ပေ၏။ ဗိုလ်ကြီးအောင်မင်းကျော်အဘို့ ကတော့ပါခြုံလွှားကိုလွှမ်းခြုံရင်း သူ၏အင်မတန် ဆန်းကြယ်လှသည့် ဘဝအတွေ့အကြုံကို စဉ်းစားဝေဘန်နေမိ၏။ သူသည် သူ၏ကြင်ဘက်တော် တောင်တန်းကေရီ သခင်ကြီးနှင့် ဖဲစက်ရာ တခုထဲဝယ် နှစ်နှစ်ချိုက်ချိုက် စက်တော်ခေါ် ရှင်မြူးလို့ခဲ့ပေ၏။ သို့ရာတွင် တောင်တန်းကေရီ သခင်မကြီးသည် သူ့အတွက် သီးသန့်အဆောင်တခုနှင့် သလွန်တခုကို သခင်မကြီး၏ သလွန်အထက်ဝယ် ထားရှိပေးခဲ့ပေ၏။ ချစ်မေတ္တာဆိုသည်မှာ ဘုံခလေ့နှင့် ရုပ်နာမ်ပိုင်း၏ကြမ်းတမ်း ခက်ထရော်မှု သဘာဝအတိုင်း ချစ်ခင်ရင်းနှီးခြင်း အခြေခံသည့် မနုဿလူသားတို့ ဓလေ့စရိုက်တွေ့အရ ဆန္ဒအာသာမပြည့်ဝခြင်းပင် ဖြစ်လေ၏၊ ရောက်လျှင် ရောက်ခြင်း ဆောက်နှင့်ထွင်းဆိုသလိုကဲ့သို့ ဖြစ်နေမည်စိုး၍လည်းကောင်း၊ ညှော်သည်ပရိသတ်များကို နှုတ်ဆက်ညှော်ခံနေခြင်းစသည့် ကာယပင်ပန်းမှုကြောင့် ဗိုလ်ကြီးအောင်မင်းကျော်သည် စောစောပင် သလွန်ပေါ်ဝယ် အိပ်မောကျမိခဲ့၏။ သူ၏ ကိုယ်ပေါ်တွင် အလွန်နူးညံ့လှသော ကမ္ဗလာနီခြုံထည်တခုကို တောင်တန်းကေရီ သခင်မကြီးက လွှမ်းခြုံ ပေးခဲ့ခြင်းသာဖြစ်ပေ၏။

"မောင်တော်ဘုရား....ရွှေစိတ်တော်ကြည်သာပါစ သခင်ကြီး"

ပိုးခမ်းစီးကို အသာမ,ကာ အလွန်သာယာလှသော အသံတော်ဖြင့် ရုတ်တရက် နှုတ်ဆက်လိုက်သော တောင်းတန်းကေရီ သခင်မကြီး၏အသံတော်ကြောင့် အကြီးအကျယ် စဉ်းစားခဏ်း ဝင်နေမိ



သော ဗိုလ်ကြီးအောင်မင်းကျော်သည် ဖြုန်းကနဲအံ့အားသင့်ကာ-

"အင်း....စဉ်းစားနေမိတယ် သခင်မကြီး၊ အစောကြီးနိုးနေသလား-မောင့်သက်မှူး"

"မှန်လှပါ ဘုရားနှမတော်အနေနဲ့ သာမန် လူသားတွေကဲ့သို့ ကာယဒုက္ခဒဏ်ကို မခံစားလှပါသခင်ကြီး၊ စိတ်တော်ညှိုးအလိုတော် မကျချက်မှန်သမျှကို ဘုရားနှမတော် သိခွင့်ပြုတော်မူပါသခင်ကြီး"

များစွာ ကြည့်၍ကောင်းလှသော ခြေလှမ်း များ ဖြင့် တောင်တန်းကေရီ သခင်မကြီးသည် ဗိုလ်ကြီးအောင်မင်းကျော်၏ သလွန်ဆီသို့ဝင်ရောက်လာပြီး ယှဉ်တွဲကာထိုင်လိုက်ပါသည်။

ဗိုလ်ကြီးအောင်မင်းကျော်သည် သူ၏ ကြင်ဘက်တော်ဟောင်းကို ခြေဆုံးခေါင်းဆုံးစေ့စေ့ စပ်စပ်ခလ့လာ ကြည့်ရှုနေပါသည်။ ရှုလေ ယဉ်လေ-ချောလေ-လှလေဖြစ်နေသော တောင်တန်း ကေရီ သခင်မကြီး၏ကိုယ်ခန္ဓာများမှာလည်း စံတင် လောက်အောင် တင့်တယ်ပြေပြစ် အပြစ်ကင်းစင်လှပေတကား....၊ တင့်တယ်ညီညာသော ပခုံးစွန်းနှစ်ဘက်အောက်မှ မကြီးလွန်း မသေးလွန်းသော မတွဲလွန်း မငယ်လွန်းသည့် သားကောင်းမိခင်ကောင်းသက်သေခံ ရင်သားတစုံ သည်အောက်မှ ညွှပ်ထွားသည့် ဆိုင်ပြင်နှင့် ဘေးသားများ၊ သည်အောက်မှ သေးသွယ်လှပသည့်ခါး၊ ကားတစ်ကြီးပွင့်ပျိုးသယောင် ပြေဆင်းသွားသည့် တင်သားများ နှင့် ခြေသလုံးများသည် နူးညံ့ ပြော့ပြောင်းလှသည့် ပိုးသား အဝတ်အစားအကြားမှ အထင်ကပ် လျှပ် ဝင့်ကြွားပေါ်လွှင်နေလှသည့် လက်သည်း- ခြေသည်းများမှာလည်း လက်သည်းဆိုးဆေး တစုံတရာမဆိုးမလူးရဘဲ နီးမြန်းနေရှာ သလောက် လက်ဖဝါးများမှားလည်း မထိရက်၊ မကိုင်ရက်စရာသွေးကျော ကလေးများပင် အမြင်သား အထင်းသား ပေါ်လွှင်နေရှာတော့သည်၊ ခြေနှစ်ဘက်ကလည်း ခြေဖနောင့် ရှည်ကြီး- ကိုခြင်း

www.burmeseclassic.com



ခြေဖဝါးကြီးခြင်း သေးခြင်း အပြစ်ဘာစုံတရာ မရှိစတမ်း၊ ခြေဖမိုးကလေးများမှာ မခို့တရို နှင့် ခတ်မို့မို့ ဆင်းနေရှာပေ၏။

"သခင်ကြီး- နှမတော်ဘုရားဟာ- သခင်ကြီးရဲ့ ရင်သွေးရင်နှစ်တော်များကို တည်ခင်းမွေးဖွားနိုင်တဲ့ သခင်ကြီးရဲ့ ပါရမီဖြည့်ဘက် အစစ်ပါသခင်ကြီးရယ်...၊ သားကောင်း မိခင်လောင်းတွေ ရှိသင့်ရှိအပ်တဲ့ အင်္ဂါရပ် ကိုယ်လုံးကိုယ်ထဲတွေနဲ့ အသင့်ရှိနေကြောင်းပါ မေ င်ခတော်သခင်ကြီး"

ဤတွင်ဗိုလ်ကြီးအောင်မင်းကျော်သည် ပြင်းပြသာသည့် အချစ်စိတ်ကြောင့် ရုတ်ဘရက်လှမ်း၍ သခင်မကြီးအား ပွေ့ဖက်ရန်လက်နှစ်ဘက်ကို ဆန့်တန်းလိုက်ရာ- ကြိုးနှင့် တုပ်နှောင်ခြင်း ခံလိုက်ရသူပမာ သူ၏လက်နှစ်ဘက်မှာ ရှေ့သို့ ဆန့်တန်းလှုပ်ရှားခြင်းမရနိုင်တော့ချေ။ သခင်ကြီးသည် အသက်တော် ပြင်းပြင်း ရှူသွင်းပြီးမှ သူ၏လက်နှစ်ဘက်က ရှေ့သို့ဆန့်တန်းကာ ဗိုလ်ကြီး-အောင်မင်းကျော်၏ ပခုံးနှစ်ဘက်ကို ပွေ့ဖက်ကာ ထိတွေ့လိုက်မှ ဗိုလ်ကြီး-အောင်မင်းကျော်၏လက်နှစ်ဘက်မှာ လှုပ်ရှား၍ရလာတော့၏။

"ဟင်.. ဘယ်လိုဖြစ်သွားတာလဲ သခင်မကြီး"

မကျေမနပ်သည့်အသံနှင့် ဗိုလ်ကြီးအောင်မင်းကျော်က မဆိုင်းမတွ မေးမြန်းလိုက်ရာ တောင်ဘန်းကေရီသခင်မကြီး သည် ပြုံးယောင်ကလေးသန်းလာသောမျက်နှာဖြင့်..

"သီးခံတော်မူပါသခင်ကြီး....၊ အမှန်မှာတော့ သခင်ကြီးမှာ ဘုရားနှမတော်ရဲ့ အားဓါတ်ကို မမှီသေးတဲ့အတွက် ဘုရားနှမတော်မှာ စိတ်တန်ခိုးအားဖြင့် ပြုပြင်ဖန်ဆင်းခြင်းမရှိဘဲ ထိခိုက်မိသွားရင် သခင်ကြီးမှာ အောက်မြေပြန့်က မနုဿလူသားတွေ အသုံးအနှုန်းနဲ့ပြောရရင် 'ဓါတ်လိုက်ခြင်း' ဝေဒနာမျိုး ခံစားရမှာစိုးလို့ ခေတ္တခဏဆိုင်းငံ့ပြီးမှ ဘုရားနှမတော်ရုပ်ခန္ဓာကို ပြုပြင်ပြီးမှ ထိ



တွေ့မှ ခံနိုင်ရှိစေခြင်းဖြစ်ပါတယ်ဘုရား၊ ရွှေစိတ်တော် မကြည်သာမဖြစ်တော်မူပါနဲ့ ရွှေနန်းရှင်ဘုရား"

ဤတွင်မှ ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏ တမနက်လုံး စဉ်းစားနေခဲ့ရသည့်ပြဿနာရပ်များကို အလိုအလျောက် ပြေလည်သွားပါတော့သည်။ လူတမျိုးဟူသောစကားနှင့် စိတ်ခြင်း၊ သွေးခြင်းမတူညီဟူသော စကားအဓိပ္ပါယ်ကို လေးလေးနက်နက်သဝဘာပေါက်လာတော့၏။ ထို့ကြောင့်လည်း သူ့အား တောင်တန်းကေရီသခင်မကြီးက သလွန်တော်တခုထဲတွင် စက်တော်ခေါ်ပျော်တော်မကြူးခဲ့သည့်အခြေအနေမှန်ကိုသိရှိလာခဲ့ပေ၏။

"မှန်လှပါးရွှေနန်းရှင်သခင်ကြီးဘုရား....၊ ဘုရားနှမတော်လဲ လူသားစင်စစ်က ယခုမျက်မှောက်ဘဝကို တဆင့်စီဘက်ပြီး စိတ်တန်ခိုးသတ္တိရော၊ ရုပ်တန်ခိုးသတ္တိပါ ပြောင်းလဲတိုးတက်ခဲ့ရပါမယ်ရွှေနန်းရှင်ကိုယ်တိုင်ကလဲ- ဘုရားနှမထက် ဤကဲ့သို့ ဗုဒ္ဓရှင်တော် ဘုရား၏ကျေးဇူးတော်နဲ့ အဋ္ဌာရသာရှင် ဆရာသခင်ကြီးများရဲ့ ဂုဏ်တော်ကျေးဇူးတော် အမှူးထားပြီး မဟိဒ္ဓိပညာရပ်များ လိုက်စားခဲ့သူဖြစ်ပါတယ်၊ ဘုရားနှမတော်နှင့် မောင်တော်ရွှေနန်းရှင်ကြီး၏ ခြေရင်းမှ အလုပ်အကျွေး ပါရမီဖြည့်ဘက်အဖြစ်နဲ့ သခင်ကြီး ချမှတ်ပေးတဲ့ပညာရပ်ကို လိုက်စားခံယူရတဲ့ အခြေအနေမျိုး ရှိခဲ့ပါတယ် မောင်တော်၊ အကြောင်းကံမလှတဲ့အချိန်မှာ အကုသိုလ်တော်ဝင်ပြီး မောင်တော်ရွှေနန်းရှင်ကြီးဟာ အမျိုးနဲ့ဘာသာ မြန်မာ ဆိုတဲ့ ဇာတိသွေးစိတ်က မကင်းနိုင်ရှာဘဲ မြေပြန့်မှာ မျိုးမြန်မာနဲ့ ကိုးကွယ်ရာမရအောင် မိစ္ဆာဒိဋ္ဌိတွေ ဝင်ရောက်တိုက်ခိုက်တဲ့ သတင်းကို ကြားရတော့ ပညာရှိ သတိဖြစ်ခဲ့ဆိုသလို ရန်သူကြီးသုံးပါးအနက် ဒေါသရန်သူကြီးကို မထိမ်းနိုင်၊ မအုပ်နိုင်၊မသတ်နိုင်တော့ဘဲ တောင်းတရှိန်ရှိန် တောက်လောင်တာနဲ့ မဟိဒ္ဓိပညာရပ်စခမ်း လမ်း ခု

www.burmeseclassic.com

www.burmeseclassic.com



လပ်မှာ ခန္ဓာနာမ်အိမ် ရုတ်တရက်ပြောင်းပြီး ဟောဒီကရွှေနန်းရှင်ရဲ့ မဟာဒေဝီနဲ့ ပြည်သူအားလုံး စွန့်လွှတ်ခဲ့ရသည့် အနိစ္စခရီးလမ်း ကြွမြန်းခဲ့ရခြင်းဖြစ်ခဲ့ပါတယ်၊ ဘုရား နှမတော်မှာတော့ ဆောက်တည်ရာမရ-ခိုလှုံရာမရတဲ့အခြေအနေမှာ သမာဓိတရားကို ဖိပြီးနှလုံးသွင်းကာ မောင်တော်သခင်ကြီး ထားရှိခဲ့သော ပညာရပ်ဝိဇ္ဇာမိုရ်ရဲ့ ပညာရပ်ကို ကြိုးစားအားထုတ်ခဲ့လို့ ခုလို မြင့်မားတဲ့ အဆင့်ကို ရောက်ရှိခဲ့ယုံမကပါဘူး၊ ကျေးဇူးရှင်ကြီး မောင်တော်သခင်ကြီး၏ ခန္ဓာနာမ်အိမ်ပြောင်းရာ ဖြစ်ရာဘဝတွေကို လိုက်လန်ပြီး မျက်ခြေအပြတ်မခံတမ်း စောင့်ရှောက် ထိန်းသိမ်းခဲ့ရင်း တနေ့ တခြား ရင့်ကျက်လာတဲ့ မောင်တော်သခင်ကြီးရဲ့ ပါရမီမှာ-သီလတန်ခိုးများကို စုပေါင်းခြင်းအားဖြင့် မောင်တော်သခင်ကြီးရဲ့ ကုသိုလ်ကံ တက်လမ်းများကို ဖန်တီးပို့ဆောင်ခဲ့ရပါတယ်၊ ယခုဘဝမှာတော့ မြင့်မားလာတဲ့ မောင်တော်သခင်ကြီးရဲ့ ကုသိုလ်ကံ တရားများ ဟာ ပညာမျက်စေ့နဲ့ ကြည့်လိုက်ရင် တဟုန်ထိုးတက်နိုင်တဲ့ စွမ်းရည်သတ္တိကိုတွေ့ရှိရတဲ့နောက်မှ သခင်ကြီးဘုရားကိုပါ နေရပ်ဌာနေကို အရောက်ခေါ်ယူခဲ့ခြင်းလည်းဖြစ်ပါတယ်....၊ ကျေနပ်တော်မူပါစ, သခင်ကြီးဘုရား”

“ကျေနပ်ပါတယ် နှမတော်၊ ဟောဒီဥတ္တရုံပူရနယ်မြေထဲရောက်မှ မောင်တော်သခင်ကြီးမှာ ယခင်က ပျောက်ကွယ်ခဲ့တဲ့ ဘဝဖြစ်စဉ်တွေကို ရုပ်ရှင်ပြသလို ကွက်ကွက်ကွင်းကွင်း ပြန်မြင်တယ်သခင်မကြီး၊ အံ့သြစရာဘဲနော်”

ဗိုလ်ကြီးအောင်မင်းကျော်သည် တောင်တန်းကေရီသခင်မကြီး၏ လက်မောင်းအိုးနှစ်ဘက်ကို အားရပါးရ ပွေ့ဖက်ကာ မနုဿလူသားတွေနှင့်မတူအောင် အသားအရောင် နုထွတ်သည့် အလှန်



တရာနူးညံ့လှသည့် ပါးပြင်ပေါ်၌ သူ၏နှာခေါင်းကို နေရာချထားရင်း ဖြေကြားလိုက်ပါသည်။

“မှန်လှပါ လျှောက်တင်ပါရစေသခင်ကြီးရယ်၊ သခင်ကြီးပြန်လည်ပြီး ဘဝဖြစ်ရပ်တွေကို သတိရခြင်းဟာ ....— ဘုရားနှမထားတဲ့သောက်တော်ရေကြောင့်ဖြစ်ပါတယ်....၊ ထာဝစဉ် ယခုလိုအသိဉာဏ်တံခိုးတွေရဘို့ဟာ မောင်တော်ဘုရားကိုယ်တိုင်ကိုယ်ကျ သမထလုပ်ငန်းတွေနဲ့ ဆရာတော် ဘုရားကြီးများရဲ့ ကျင့်စဉ် လုပ်ငန်းရပ်များကို ကျိုးစားပြီး ဘုရားနှမနဲ့ ဓါတ်တူ နာမ်တူ အဆင့်မှီအောင် လုံးလပြုတော်မူပါမောင်တော်ဘုရား”

“ကျိုးစားမယ်... ကျိုးစားမယ်သခင်မကြီး....၊ ဒါ့ထက် မောင်တော်ဟာ ဝိဇ္ဇာဉာဏ်မမှီတော့ ခေါင်းထဲဦးနှောက်ထဲမှာမရှင်းလင်းတာတွေ ပြဿနာတွေရှိနေတယ်၊ ဆွေးနွေးကြစိုးလား နှမတော်.... မောင်တော်ဟာ ခုခေတ်အရ ထွန်းကားတဲ့လောကဓါတ် ပညာရပ်တွေကိုသာ ခန္ဓာနာမ်အိမ်ပြောင်းပြီး ခန္ဓာ နာမ်အိမ်အသစ်ဖြစ်လာတဲ့ ကျောင်းသားဘဝက သင်ကြားခဲ့ရလို့ ရှေးမြန်မာ ပညာရပ်တွေကို သံသယစိတ်တွေရှိခဲ့သလောက် လောကဓါတ် ပညာဘက်ကိုသန်ခဲ့မိတယ်”

“အမိန့်တော် နာခံရမဲ့ သင်ငမကြီးပါမောင်တော်၊ ဉာဏ်မှီသလောက် ဖြေကြားခွင့်ရနိုင်ပါလိမ့်မယ်....၊ မောင်တော်ငယ်ငယ်ကုလားဖြူသို့ သော မိစ္ဆာဒိဋ္ဌိတွေရဲ့ ပိုးစုံးပြု အရောင်သောက်တောက်ပြောင်တဲ့ပညာကို အထင်ကြီးနေမိရှာတာကိုး၊ မပြောပါဘူးလေ-ပါရမီပြည့်ခဲ့ပြီးသောဖုံးပုဂ္ဂိုလ်မို့ မောင်တော်ဘုရားဟာ ဝိဇ္ဇာခရေ ပညာရပ်ကိုဆက်လက်ကြိုးစားရင်း ပေါက်ရောက်အောင်မြင်ရမဲ့အခါ ဆိုက်ရောက်နေပြီဆိုတာဘုရားနှမ ရဲဝန့်စွာနဲ့ လျှောက်တင်ပါရစေမောင်တော်သခင်ကြီး”

www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းကေရီသခင်မကြီးသည် သူမ၏ အလှန်တရာချော မွေ့လှပသည့် လက်မောင်းများဖြင့် ဗိုလ်ကြီး-အောင်မင်းကျော်၏ လည်ပင်းကိုသိုင်းကာ ပိုက်ကာ တယုတယဖက်ရင်း ရွှန်းရွှန်းစား စားနှင့် ဗိုလ်ကြီး-အောင် မင်း ကျော်၏မျက်နှာပြင်ကို စူးစူးစိုက်စိုက် ကြည့်လိုက်ရင်း....

"လောကဓါတ်ပညာအရ စက်မှုလက်မှုပညာရပ်တွေမှီပြီးပြုပြင် ကြိုးစားလုပ်ထားတဲ့ အင်မတန် လေးလန်တဲ့ သံထည်သတ္တုထည် ပစ္စည်းတွေတောင် မိုးကိုပျံ့ဝဲနိုင်ရင် သံလောက်၊ သတ္တု လောက် မလေးလံတဲ့ မနုဿလူသားတွေဟာ မိုးကိုမပျံနိုင်ရမှာလဲ မောင် တော်သခင်ကြီးရဲ့....၊မောင်တော်သခင်ကြီး စိတ်ထဲကပေါ်နေတဲ့ မေးမြန်းချင်တဲ့ပြဿနာကို နှမတော်ဘုရားက လျှောက်တင်ပြော ကြားလိုက်ပါပြီသခင်ကြီး"

"ဟုတ်ပြီ....ဟုတ်ပြီ၊ဒီမေးခွန်းကို မောင်တော်မေးမြန်းမလို့ ကြံ ဆတုံးရှိသေးတယ်နှမတော်က ချက်ခြင်းသိလိုက်ပါကလား၊ ဘယ် လိုလဲ"

ဗိုလ်ကြီးအောင်မင်းကျော်သည် တောင်တန်းတန်းကေရီ သခင် မကြီး၏ ကြောမြင်ကို ပွတ်သပ်ယုယရင်း ဖြေကြား လိုက်ပါသည်။ ပြီးမှ....

"ဟုတ်တယ်....ဒီအဖြေဟာ အင်မတန်သဘာဝကြတယ်၊ ကျမ်း ကြီးတွေထဲမှာလဲပါတယ်၊ ပဥ္စလက်အတတ်တွေ ရှေ့တုံးအခါက တတ်ပြီး ဆင်ပျံမြင်ပျံတွေနဲ့ တပြည်ကတပြည်သွားလာကြတယ် ဆိုတာ ခုမှသတိရတယ်၊ ဒါထက် မောင်တော်ဘုရားရဲ့ အတွင်းစိတ် ကိုသိတာက ဘယ်လိုလဲနှမတော် ဝိဇ္ဇာဓရ"

"ဒီပညာဟာ ဝိဇ္ဇာဓရပညာရပ်ဖြစ်လာတဲ့ မနောမယ စိတ်ပိုင်း ကို ကျွမ်းကျင်တတ်မြောက်ခဲ့ကာ သူတပါးတို့၏ စိတ်တွင်းကြံစီချက်



သဘောထားကို ချက်ကနဲ ကွက်ကွက်ကွင်းကွင်း သိမြင်ခြင်းကိုဝိဇ္ဇာ ဓရပညာရပ် မနောမယစိတ်ပိုင်းကို ခေါ်တွင်ထားပါတယ် သခင် ကြီး၊ ရှေးမြန်မာပညာရပ်များဟာ ဤမျှ ထက်မျက် ကြောင်းကို လက်တွေ့ပြသခြင်းဖြစ်ပါတယ်သခင်ကြီး"

"မောင်တော်ကြိုးစားပါမယ် သခင်မကြီး၊ ဒါ့ထက် အသက် ရှည်အောင် ကြိုးစားအားထုတ်ခြင်း၊ မသေအောင် လုပ်ခြင်းဟာ ရော-ဘုရားဟောနဲ့ ဆန့်ကျင်မနေဘူးလား၊ ဗုဒ္ဓဘုရားရှင်က အနိစ္စ ဒုက္ခ၊ အနတ္တ၊လက္ခဏာရေး တရားသုံးပါးကို ဟောတော်မူခဲ့တယ်၊ မောင်တော်သခင်ကြီးနဲ့ သခင်မကြီး ကျင့်သုံးရမဲ့ ရှေ့လုပ်ငန်းက အသက်ရှည်တဲ့လုပ်ငန်းဆိုတော့-ဖြေစမ်းပါအုံးသခင်မကြီးရယ်"

"မှန်လှပါသည် သခင်ကိုယ်တော်ကြီး၊ စိတ်သည်အဓိကပါဘဲ... ဆန္ဒနဲ့ ရည်ရွယ်ချက်ပေါ်မှာ ဖြေရမဲ့ပြဿနာက လိုနေပါတယ်၊ ဘုရားနှမတော်ဟာ အသက်ရှည်ရေး ကြိုးပမ်းရာမှာ ပျော်ရွှင်ခြင်း ကာမဆန္ဒကိုအကြောင်းပြုပြီး ဘယ်တော့မှ မသေမခြင်းမပြောင်းလဲ ရပါဘူးဆိုရင် အင်မတန့်အပြစ်ကြီးမားလှပါတယ်၊ ဘုရားနှမတော် တို့ ရည်ရွယ်ချက်မှာ ဘဝတဖန်ပြောင်းလဲရတာရဲ့ အိုရ-နာရတာပြီး အဆိုးဆုံးက အမိဝမ်းထဲ ကိန်းအောင်းနေရတဲ့ ဂဗ္ဘသေရ ကိုယ်ဝန် ဆောင်ရခြင်းဒုက္ခဟာ အင်မတန် ကြောက်မက်ဘွယ်ကောင်းပါတယ်၊ ဒါကြောင့် ခန္ဓာနာမ်အိမ် မပြောင်းရဘဲ မိဘဝမ်းထဲ တဖန်မဲကိန်း အောင် ရဘဲ ဘုရားပွင့်တော်မူသောအချိန်အခါနဲ့ မှီအောင် အသက် ရှည်ခြင်း၊ အားထုတ်ခြင်းသာဖြစ်တယ်၊ အသက်ရှည်ခြင်း အားထုတ် ခြင်းဟာ နိဗ္ဗာန်ရွှေပြည် မျက်မှောက်ပြုပြီး၊ ဘုရာရှင်ကိုယ်တော်ကြီး နဲ့ မလွဲအောင် လက်ဦးဆုံးဖူးမျှော်ကန်တော့ရပြီး တရားတော်နာ ရပြီး သစ္စာလေးပါးတရားကြားနာရဘို့ ရည်ရွယ်ချက်ဖြစ်ပါတယ်၊ ဒီရည်ရွယ်ချက်တွေရဲ့ စေတနာနဲ့ ဆန္ဒမှန်နေရင် ဘုရားရှင်တော်

www.burmeseclassic.com

www.burmeseclassic.com



မြတ် ဟောကြားတော်မူသော တရားတော်နဲ့ မဆန့်ကျင်ပါဘူးလို့ အောက်မေ့ပါတယ် သခင်ကြီးရယ်၊ နိဗ္ဗာန်ကူးတာလဲ ဘဝတဖန် နောက်ဆုံးပြောင်းလဲခြင်းဘဲ မဟုတ်ပါလား”

“မောင်တော် သခင်ကြီး ကျေနပ်ပါတယ် သခင်မကြီး၊ ဒီလို အသက်ရှည်ရေးပညာရပ်ဟာ ဘယ်အပေါ်မှာ အခြေပြုပြီး အားပြုပြီး ကျင့်ကြံကြိုးပမ်းကြသလဲ မောင်တော်သိခွင့်ရှိထိုက်တယ်ထင်ပါတယ်”

ဗိုလ်ကြီး-အောင်မင်းကျော်သည် နက်မှောင်ကြည်လင်နေသော တောင်တန်းကေရီသခင်မကြီး ဆံပင်စကလေးများကို ကိုင်တွယ်ကာ ကြည့်ရှုလေ့လာရင်း မေးမြန်းလိုက်ပါ၏။

“ရတနာသုံးပါးရဲ့ မကြံအပ်-မစည်အပ်တဲ့ တံခိုးတော်တွေ အပေါ်မှာ တည်နေပါတယ် သခင်ကြီး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တံခိုးတော်ဟာ အဆုံးအဆမရှိအောင်ကြီးမားလှပါပေတယ်၊ တရားတော်ရဲ့ ဥာဏ်တော်ဟာလဲဒီလိုပါဘဲ၊ သံဃာတော်တို့ရဲ့ ဂုဏ်တော် တံခိုးတော်ဟာလဲ အနန္တ အတိုင်းမရှိအောင်ကြီးမားလျက်ရှိလှပါပေတယ်၊ ဒါကြောင့် ရတနာသုံးပါးရဲ့ ဥာဏ်တော်- ကျေးဇူးတော်တွေရဲ့ စခမ်းရိပ်ကိုခိုပြီး ဘုရားနှမတို့ပညာရှင်တွေ၊ အင်္ဂါရသပညာရှင်တွေဟာ အသက်ရှည်ပြီး အကြားအမြင်ရှိခြင်း၊ မနောမယပညာတွေ တံခိုးအမျိုးမျိုးရှိခြင်းပညာရပ်တွေကို ရယူ ကျင့်အောင်နိုင်တာပါဘဲ သခင်ကြီးရယ်”

“သာဓု- သာဓု- သာဓု....မောင်တော်ဘုရား သခင်မကြီးဟာ.... အင်မတန် မြတ်နိုးစရာကောင်းတဲ့ အမျိုးသမီး ပါကလားနော်....၊ မောင်တော် မဖြစ်မနေကြိုးစားမယ်၊ ယောကျ်ားပြီပြီနဲ့ နေ့ခံမလျှော့တမ်း ဂတိပေးလိုက်ပါတယ်”

“ယုံကြည်စိတ်ချပြီးသားပါ မောင်တော်....၊ ဒီဘဝမှာ မောင်



တော်ဟာ ကိုယ့်နေရပ်ဌာနေ ပြန်ရောက်လာကတည်းက ဘုရားနှမတော် စိတ်ချပြီးသားပါ၊ လုပ်ရကိုင်ရမဲ့ လုပ်ငန်းတွေက အများကြီး ပါဘဲ သခင်ကြီးရယ်၊ သခင်ကြီး ခရီးသွားဘို့လာဘို့မဆိုးသေးဘူး၊ ဒါပေမဲ့ ဘေးဥပါဒ်အန္တရာယ်တွေတော့မရှိပါဘူး၊ ပြီးတော့ ရှေ့အဘို့ သမာဓိတရားဘက်ကလဲ စိတ်ချရတဲ့အခြေအနေသို့ ချီတက်လိုက်ပါလိမ့်မယ်၊ ပြီးတော့ သခင်ကြီးနေရပ်ဌာနီကဆက်ပြီး အော်ကျင်းကို....အင်း....တခါပြန်ဆင်ရအုံးမယ်၊ စစ်တွေ တိုက်ခိုင်းရအုံးမယ်၊ ခြောင်....မိစ္ဆာဒိဋ္ဌိတွေ၊ ဂျပန်-ဂျပန် လူရိုင်းတွေ၊ နေ့ခံနေပြည်တော်ကို ပြန်ပြီးလာမယ်၊ အပေါ် အပေါင်း နည်းပါးလိမ့်မယ်၊ ဒါနောက်ဆုံးနဲ့ အပြီးပြန်ရချက်ဘဲ၊ ပြီးတော့-ပြီးတော့ သခင်ကြီး မျှော်မှန်းတဲ့ သား-သား ရတနာကိုအပ်ပြီး သခင်ကြီးနဲ့ ဘုရားနှမတို့ တာဝစဥ်ငြိမ်းချမ်းသာယာစွာနဲ့....”

တောင်တန်းကေရီ သခင်မကြီးသည် ဆေးပြုရောင်သုတ်ထားသည့် အဆောင်တော်နံရံကိုကြည့်ကာ တပိုဒ်စီပြောနေရှာတော့၏။

## ထူးကဲအံ့ဩဘွယ်ကောင်းသော တောင်တန်းကေရီသခင်မကြီး

တအံ့ဩဩနှင့် ဗိုလ်ကြီး-အောင်မင်းကျော်က စာနှင့်ရေးကာ ဝေါယူခြင်းကြောင့် လိုက်ပါလာခဲ့ရသော ဗိုလ်ကြီး-စိန်ပန်း၊ ဗိုလ်ဘောနှင့် တပ်ကြပ်ကြီး- သုံးဦးတို့အဘို့ လူ့ဘဝတလျှောက်လုံး၌ မယုံကြည်နိုင်လောက်အောင် ထူးဆန်းအံ့ဩဘွယ်ရာ အဖြစ်အပျက်များကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်နေကြရပါ၏။

ကြေးဝါလှေခါး၊ ငွေလှေခါး၊ ရွှေလှေခါးကြီးများ၏ တကယ့် အတိုးတန်အံ့ဩဘွယ်ရာ တည်ဆောက်ထားပုံသည် လက်နက်မဲ့မြို့တော် ဖြစ်သည်။ ငြိမ်းချမ်းရေးမြို့တော် ‘ဥတ္တရိပ္ပုရ’ မြို့တော်၏ သာယာ

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းချက်များအကြောင်းကိုလည်းကောင်း၊ ထင်ကြေးနှင့် ငြင်းခုန် စကားများ ပြောကြားခဲ့ပေ၏။ ထိုထက် တောင်တန်းကေရီ သခင်ဆိုသည်မှာ ဤမျှလောက် အသက်ကြီးလျက် ရုပ်အဆင်း ရှုမကောင်း-မြင်မကောင်းအောင် ရုပ်ပျက်ဆင်းပျက် အခြေအနေတွေ့ရှိမည်၊ သူတို့၏ တပ်မှူးအတွက်မှာ စိတ်မချရသည့် အခြေအနေသို့ ရောက်မရောက် စသည်ဖြင့် စိုးရိမ်ပူပန်မှုများ အကြောင်းမဲ့ကာ ရုတ်ရုတ်သဲသဲ ခေါင်းချင်းရိုက်ကာ တပ်သားများကိုပင် စိတ်ခေါက်ထိခိုက်နိုင်သည့် အခြေအနေသို့ဆိုက်ရောက်ခဲ့၏။

မကြာမီ ဗိုလ်ကြီး-အောင်မင်းကျော်၏ လက်ရေး လက်မှတ်နှင့် ဖေါ်ပြပါ အရာရှိ၊ အကြပ်ကြီးများ သူ့ ဆီသို့လိုက်လာရန် အမိန့်စာ ရောက်ရှိခဲ့သည်အတွက် အထက်မြို့တော်သို့ လမ်းပြမင်းလုလင်များနှင့်အတူ လိုက်ပါလာခဲ့ကြခြင်းလည်း ဖြစ်ပေ၏။

ကမ္ဘာသစ်ထဲသို့ရောက်ရှိလာကြသည့် သူများပမာ ခေါင်းများမှာ ဟိုဟိုဒီဒီမနားတမ်း လှည့်ကာကြည့်ကာဖြင့် အချင်းချင်းလည်း ခေါင်းခြင်းရိုက်ကာဇဝေဇဝါရင်း နန်းမြို့တော်ပေါ်သို့ ဆိုက်ရောက်ခဲ့လေသည်။

"ဝင်ခဲ့ကြပါ ဗိုလ်စံလှဘော်နဲ့ ဗိုလ်စိန်ပန်း"

အဆောင်တွင်းမှ ဗိုလ်ကြီး-အောင်မင်းကျော်၏ အသံကြောင့် ဗိုလ်စိန်ပန်တို့ရဲဘော်တသိုက်သည်မရဲတရဲနှင့်ဟောမန္တဆောင်အတွင်းသို့ ခြေဖျားထောက်ကာ ဝင်ရောက်ခဲ့ကြသည်။

ဗိုလ်ကြီး-အောင်မင်းကျော်သည် စစ်ဝတ်စုံဝတ်ဆင်ကာ သလွန်ကြီး တခုပေါ်၌ တင်ပလ္လင်ထိုင်လျက်၊ သူ၏ဘယ်ဘက်ဘေးတွင်မူကား တောင်တန်းကေရီသခင်မကြီးသည် ခန့်ငြားလှသောဣန္ဒြေနှင့် ပုဆစ်ဒူးချထိုင်နေရှာပါသည်။

"အလေးပြု" ဟူသော ဗိုလ်စိန်ပန်း၏အမိန့်သံနှင့်အတူ ပြောင်း



ကနဲ သတိ အနေအထားဖြင့် ခြေစုံရပ်လိုက်ကြသော အသံများနှင့် ညာလက်ဖျားများ မြောက်တက်သွားပြီး၊ ဦးထုပ်၏ညာဘက်အစွန်း၌ ကပ်ကာ ဗမာ့တပ်မတော်သားများ၏ စစ်စကမ်းဥပဒေအရအလေး ပြုကြပြီးနောက်...

"ဗိုလ်စိန်ပန်းနဲ့ အရာရှိ၊ အကြပ်များ ရောက်ရှိပါကြောင်း"

"ကောင်းပြီ....ထိုင်ကြဗျာ"

ခတ်အေးအေးအသံဖြင့် ဗိုလ်ကြီး-အောင်မင်းကျော်သည် သလွန်သုံးညွှန်ကာ အထိုင်ခိုင်လိုက်သည်နောက် အသီးသီးနေရာယူကာ ထိုင်ချလိုက်ကြပြီး၊ အဆောင်တွင်းရှိပုဂ္ဂိုလ်များနှင့် အိမ်ထောင်ပရိဘောဂများကို ဗိုလ်စိန်ပန်းတို့က တချက်အကဲခတ်လိုက်ကြသည်တွင် ရှေးဦးစွာ တောင်တန်ကေရီသခင်မကြီးကို ရုတ်တရက်တွေ့မြင်သွားကြလေသည်။

ဗိုလ်စိန်ပန်းတို့လူစုအဘို့ ပါးစပ်အဟောင်းသားနှင့် မျက်တောင်မခတ်တမ်းပင် ငေးကြောင်ကာ တ သက် တာ တွင် ဤမျှလောက် ရုပ်ရည်ရော၊အဆင်းရော၊မျက်လုံးမျက်ဖန်မှစ၍ ကိုယ်လုံးကိုယ်ပေါက် အသိုး ချောလှသည့် အမျိုးသမီးတဦးကို မတွေ့ခဲ့ဘူးသူများ ပြိုပြိုဣန္ဒြေမဆောင်နိုင်ကြရှာတော့ဘဲ မှင်သက်မိနေသူများပမာ ရုပ်ပါရုပ်၏ ပိုက်တွင်းတွင်မိနေကြပါသည်။

"ရောက်ရှိလာကြတဲ့ စစ်မှူး-စစ်ကဲများ ကျန်းမာတော်မူကြပါ စ...."

ပြီးသ့ သလောက် တလုံးစီထွက်ပေါ်လာသည့် အလွန်တရာ ချိုသာလှသည့် တောင်တန်းကေရီ သခင်မကြီး၏ ပဌမဦးဆုံး အသံထွက်ပေါ်လာသည်နှင့် ချက်ခြင်း သတိရကာ ဣန္ဒြေကို ပြန်ရှဆောင်ရင်း....

"နေကောင်းကြပါတ ပ် သခင်မကြီး၊ ကျွန်တော်မျာ..ရဲ့ ချီ."

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်းချက်တွေကို ခွင့်လွှတ်တော်မူပါခင်ဗျာ၊ ကျွန်တော်တို့ တပ်မှူးကြီးကစပြီး သခင်မကြီးအဆုံး ထာဝစဉ်ရှိသေ...."

ဗိုလ်စိန်ပန်းသည် သူတို့၏ မျက်တောင်မခတ်တမ်း ကြည့်နေမိခြင်းအတွက် ခွင့်လွှတ်ရန် တောင်းပန်လိုက်သည်တွင်....

"သခင်မကြီး သိပါတယ်၊ သာမန်လူသားတိုင်းဟာ လှပမှုကို စုံမက်ကြည့်လိုသော ကြံရွယ်မှုမပါတဲ့ ကြည့်ခြင်းတွေနဲ့ ကြည့်နေမိကြတယ်ဆိုတာ မောင်တော်သခင်ကြီးရဲ့ စစ်မှူး၊ စစ်ကဲ-ရဲမက်တွေဖြစ်ကြတာမို့ သခင်မကြီးအနေနဲ့လဲ ညှော်ခံရင်းနှီးမှုရှိစေဖို့အတွက် မောင်တော် သခင်ကြီးကိုခွင့်ပန်ကာ အမှာတော်လွှတ်ခြင်း ဖြစ်ပါတယ်၊ မရှင်းလင်းတဲ့ပြဿနာတွေကိုလဲ ပွင့်ပွင့်လင်းလင်း- ရင်းရင်းနှီးနှီး စုံစမ်းဆွေးနွေးနိုင်ပါတယ်၊ အဓိကအချက်ကတော့ စစ်မှူးစစ်ကဲ တို့၏ ခေါင်းဆောင်၊ အမတော်ဘုရားရဲ့ မောင်တော်ကြီးဟာ ကျန်းမာပကာတိချမ်းသာဖွာရှိနေတယ်ဆိုတာရယ်၊ နောက်တချက်ကတစုံတရာ အချုပ်အနှောင် အန္တရာယ် မရှိကြောင်းကို မျက်မြင်သက်သေပြပြီး၊ တောင်ခြေမှာ ကျန်ရစ်တဲ့ရဲမက်တွေကို အကြောင်းစုံ ပြန်ပြောပြဖို့ဖြစ်ပါတယ် မောင်လေး စစ်မှူးများ"

"ကျေနပ်ပါပြီ သခင်မကြီး၊ ခုလိုတွေ့ရတော့မှ ကျွန်တော်များအဘို့ စိတ်အေးမိပါတော့တယ်၊ ကျွန်တော်တို့မရောက်ဘူးတဲ့ ဒေသကလဲဖြစ်ပြန်၊ အင်မတန်ထူးဆန်းတဲ့ ဒေသတွေနဲ့ အဖြစ်အပျက်တွေကလဲ နေ့စဉ်နဲ့ အမျိုးမျိုးတွေ့နေရသော မထင်အပ်တာတွေ ထင်မှားမိတာကိုလဲ ကျွန်တော်များ တောင်းပန်ပါတယ် သခင်မကြီးခင်ဗျာ"

ဗိုလ်စစ်လှတော်သည် အနူးအညွှတ်တောင်းပန်ပါတော့သည်။

မကြာမီ သစ်သီးများ၊ အဖျော်ယမကာများကို ချွေတော်ရ



များသည် ရွှေလင်ပန်းများ၊ ရွှေချိုင့်များနှင့်ယူဆောင်လာပြီး တည်ခင်းကျွေးမွေးကြပါသည်။

အထက်မြို့တော်သူများအဘို့ အချော့တွင်အာယဉ် ဆင့်ကြသလော် ရှိးရှိးကလေးနှင့်ယဉ်စစ ရှိနေပြန်သည့်အတွက် ဗိုလ်စိန်ပန်းတို့ အဘို့ အငေးမောမောနှင့် ဥတ္တရ ပူရ မြို့တော်သူများ၏ အချော့အလှကို ချီးကျူးနေကြပါသည်။

သစ်သီးအဖျော်ယမကာများကို စားသုံးကြပြီးနောက်....

"စစ်မှူးများအနက် သခင်မကြီးရဲ့ အကြောင်းအရာနဲ့ ပတ်သက်လို့ မေးမြန်းစရာတွေရှိကြောင်းကို သခင်မကြီးသိရပါတယ်၊ မေးမြန်းနိုင်ပါတယ်"

စတင်ကာဆွေးနွေးခွင့် ပေးလိုက်သည်တွင် ဂျပ်ဝါဒအတော်ဆန်နေသူ ဗိုလ်စိန်ပန်းသည် ထရှဲရပ်လိုက်ပြီး....

"တဆိတ်ခင်ဗျာ....ကျွန်တော်တို့ တပ်မှူးနဲ့ သခင်မကြီးတို့ဟာ ဟိုဘဝတွေက အကြင် လင်မယား တော်စပ်ခဲ့ရခြင်းကို ကြားရပါတယ် မှန်ပါသလားခင်ဗျာ၊ ယခုနောက်ဆုံးဘဝ ကွဲကွာသွားကြတဲ့ ဘဝအထိ ဗိုလ်ကြီး-အောင်မင်းကျော်နဲ့ သခင်မကြီးတို့ဇာနီးမောင်နှံ မှန်ကန်ကြောင်း သက်သေအထောက်အထားများ ခိုင်ခိုင်လုံလုံ ပြနိုင်ရင် ပိုကောင်းမှာပါတဲ့ခင်ဗျာ"

"မှန်ပါတယ် စစ်မှူး-မောင်လေး....မောင်တော် သခင်ကြီးနဲ့ သခင်မကြီးဟာ ဟိုအရင် ဘဝ-ဘဝတွေကလဲ မကွာအတူပရမီ ဖြည့်ဘက်ဖြစ်ပြီ၊ အိမ်ထောင်ရှင်များ ဘဝနဲ့ ဖြစ်ခဲ့ကြတယ်၊ ခုလဲ ဖြစ်ခဲ့တယ်၊ ရှေ့ကာလတွေအဘို့လဲမချဖြစ်ကြပြီး မကွဲတမ်းနိဗ္ဗာန်ရွှေပြည်ကိုတူစုံဆုချီ မဂ်ဖိုလ်မှီကြအုံးမှာဘဲ၊ ထားပါ စစ်မှူး-မောင်လေး-မောင်လေးတို့သခင်ကြီးနဲ့ မ,ဘုရား ခုလိုပြန်ဆုံမိကြတာ ဘယ်နှစ်ရက် ရှိသွားပြီလဲ မှတ်သားထားကြရဲ့မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"နစ်ရက်ခွဲတိတိ နာရီနဲ့ ဆိုရင် နာရီပေါင်း ခြောက်ဆယ်တိတိ ကြာပါပြီ သခင်မကြီး"

ဗိုလ်စိန်ပန်းသည် မဆိုင်းမတွ ဖြေဆိုလိုက်ရာ....

"ကောင်းပါပြီ....ဟောဒီဟေမန္တဆောင်ရဲ့ အဦးစမ်းကို တဆိတ်ကြွမြန်းကြပါမောင်လေးတို့ စစ်မှူးနဲ့ စစ်ကဲတွေကို အင်မတန် ခိုင်လှတဲ့ သက်သေခံချက်တခုပြသလိုတယ်"

သခင်မကြီးကရှေ့ဆောင်ကာ ခေါ်ခဲ့ကြသည်တွင် ဗိုလ်စိန်ပန်းတို့ လူစုသည် တစုတရုံးတည်းလိုက်ပါသွားကြပါသည်၊

"မောင်တော်သခင်ကြီး တဆိတ် နှမတော်ဘုရားနဲ့ ဘေးခြင်းယှဉ်တွဲပြီး ရပ်တော်မူပါဘုရား"

တောင်တန်းကေရီသခင်မကြီးက လျှောက်ထားလိုက်ရာ ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏သခင်မကြီး၏ညာဘက်တွင် ဘေးခြင်းယှဉ်ကာရပ်လိုက်ပါသည်။

"ကဲ...စစ်မှူး-စစ်ကဲတို့ သခင်ကြီးနဲ့ အမတော်တို့ တူစုံရှိတဲ့ပုံကို မှတ်ထားကြနော်"

ပြောဆိုလိုက်ပြီး ပိုးကြိုးတချောင်းကိုဆွဲကာ အရံသင့်ချထားသည့် ကတ္တီပါအစိမ်းကြီးကို မ,၍တင်လိုက်တော့သည်။ ကတ္တီပါအစိမ်းကားလိပ်ကြီး အထက်သို့ပင့်၍ တက်သွားသည့် နောက်တွင် ကျောက်သံပတ္တမြားတွေ ချယ်လှယ်ထားသည့် ရွှေရောင်တောက်ထိန်နေသော ရာဇပလ္လင်ပေါ်၌ ပုဂ္ဂိုလ်နှစ်ဦးကို ဘွားကနဲတွေ့လိုက်ရပေ၏။ ပုဂ္ဂိုလ်နှစ်ဦးမှာ တဦးက မောက်ရှည်ဆောင်းထားသော ရှေးစစ်သူကြီးများ ဝတ်ဆင်ထားသည့် ချပ်ဝတ်တံဆာများနှင့် ယောကျ်ားမျိုးတဦးဖြစ်၍ သူ၏ဘယ်ဘက်တွင် ပုဆစ်ဒူးချ ယှဉ်ကျေးစွာ ထိုင်နေသော ပုဂ္ဂိုလ်မှာ အင်မတန် ချောလှသော အမျိုးသမီးတဦးဖြစ်ပေ၏။



"ဟာ....ဗိုလ်ကြီး-အောင်မင်းကျော် ပါလား၊ ဒီကဘယ်လိုလဲ"

ဗိုလ်စံလှဘော်သည် အလန့်တကြားယောင်ရမ်းကာ အော်ရင်းမောက်ချပ်ဆောင်းထားသော စစ်သူကြီးဆီသို့ ဝမ်းသာအားရပြေးတက်လိုက်၏။

"ဗိုလ်စံလှဘော် ကျုပ်ဒီမှာလေ"

ဗမာ့တပ်မတော် ဗိုလ်ကြီးရာထူး အဆင့်အတန်းတံဆိပ်များနှင့် စစ်ဝတ်စုံကို ဝတ်ဆင်ထားသူ ဗိုလ်ကြီး-အောင်မင်းကျော်က ချက်ခြင်း သတိပေးလိုက်၏။

"ဟိုဘက်ကအမျိုးသမီးက ဘယ့်နှယ်လဲ သခင်မကြီးပါကလား ဘယ်လိုလဲခင်ဗျာ....ကိုယ်ခွဲတွေလား၊ ခေါင်း- ဦးနှောက် တွေတော့ ချာချာလည်နေပါပြီ သခင်မကြီး"

ဗိုလ်စိန်ပန်းသည် သူ၏ခေါင်းကို ပွတ်သပ်ရင်း အရေးတကြီးမေးမြန်းလိုက်၏။

"မှန်တယ် စစ်မှူးစစ်ကဲတွေ၊ဟိုအရုပ်တွေက သခင်ကြီးနဲ့ သခင်မကြီးတို့ ဥတ္တရပူရ မြို့တော်ဘဲ ခေါ်ခေါ်၊ သီလဝံသာ မြို့တော်ဘဲဖြစ်တဲ့ ဟောဒီ ရွှေမြို့တော်မှာ လောကီထွက်ရပ်လမ်း စတင် လုပ်ဆောင်ခဲ့ကြပြီး၊ အတော်အတန်ခရီးရောက်ချိန်မှာ ပဌမဆင့် ရုပ်ကူးထားတဲ့ရုပ်ဟောင်းတွေဖြစ်တယ်၊ဝိညာဉ်ကတော့မရှိပါဘူး၊ဝိညာဉ်နဲ့ ရုပ်သစ်ဟာ စစ်မှူး-စစ်ကဲတွေနဲ့ အကြောင်းအရာဆွေးနွေးနေကြတဲ့ သခင်ကြီးနဲ့ သခင်မကြီးတို့ပင်ဖြစ်ကြပါတယ်၊ လောကီပညာကိုလဲ ဆက်လက်ဆည်းပူးကြိုးပမ်းနေတုန်းမှာ စစ်မှူးတို့ အကြီးအကဲဖြစ်နေတဲ့ သခင်ကြီးဟာ ဒေါသစိတ်ကိုမချုပ်တီးနိုင်လို့ ကံကုသိုလ်အလျောက် ပညာတက်ရင်းက ရုတ်တရက် ကံကုန်ပြီး ခန္ဓာနာမ်အိမ် ပြောင်းခဲ့ရတဲ့ အခါ သခင်မကြီးမှာ အလွမ်းမှ ဖြေနိုင်ပါစေ ဆို့

www.burmeseclassic.com



ဆန္ဒသဘောနဲ့ ရှပ်ပဟောင်းတစ်ခုကို မပျက်မစီးရအောင် အင်မတန်
ထက်မြက်တဲ့ လောကီပညာရပ်နဲ့ စီစဉ်ပြီး ခုမြင်ရ-တွေ့ရတဲ့ အထိ
ထားခဲ့နိုင်ခြင်းဘဲ၊ ကိုင်း... အမောင်တို့ အကြီးအကဲ စစ်မှူးကြီးခေါ်
နေတဲ့ သခင်ကြီးနဲ့ သခင်မတို့ ရေးဘဝတော့ အတိတ်က အကြွင်း
လင်မယားဖြစ်ခဲ့ကြတယ်ဆိုတာ ယုံကြည်ကြပြီလားကွယ်တို့"

"ယုံကြည်ပါပြီခင်ဗျာ...ကျေးဇူးတင်ပါတယ် သခင်မကြီးရယ်
ခုလိုမရှင်းလင်းနိုင်တဲ့အချိန်တုံးက ကျွန်တော်တို့ တပ်မှူးအပေါ် ရော
သခင်မကြီးအပေါ်မှာရော သံသယတွေအမျိုးမျိုးရှိခဲ့မိတယ်၊ ဒီကိစ္စ
အချက်အလက်တွေကိုလဲတောင်းပန်ပါတယ်၊ ခွင့်လွှတ်တော်မူပါလို့
မှန်တဲ့ အတိုင်းဝန်ခံရရင် ကျွန်တော်တို့တပ်မှူးကိုတောင် စိတ်နောက်
နေတဲ့ လူတယောက်လို့ ထင်မှတ်ခဲ့တယ်၊ နတ်ဖွဲ့ပယောဂ ရှိတယ်လို့
ထင်မှတ်ခဲ့ကြတယ်၊ ခုလိုမျက်မြင် သက်သေတွေရော၊ ကာယကံရှင်
သခင်မကြီးကိုပါဟောဟောဒိုင်းဒိုင်းမျက်မြင်ကိုယ်တွေ့-တွေ့ရတော့
ကျေနပ်တာမှ အတိုင်းထက်အလွန်ပါဘဲခင်ဗျာ"

ဗိုလ်စိန်ပန်းသည် ပွင့်လင်းစွာဝန်ခံနေပါသည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ....ကျွန်တော်တို့ နောက်ပိုင်း မြန်
မာပြည်ကိုတောင် မပြန်ချင်တော့ဘူး၊ ရွှေမရှား-ငွေမရှားတဲ့ သီလ
ဝံသ မြို့တော်မှာဘဲ တသက်လုံး နေချင်ပါတယ်"

တပ်ကြပ်ကြီး-အုန်းဖေသည် သူ၏ဆန္ဒကိုပေါ်ထွက်ပြောလိုက်ရာ

"နေနိုင်ပါတယ်၊ ကြိုးစားရင်နေနိုင်ပါတယ် စစ်ကဲ-မောင်လေး
ဒီသီလဝံသမြို့တော်ဟာ သီလအကျင့်ရှိတဲ့ မနုဿလူသားတွေ ပရမ်
ရှင်တွေ အားလုံး အတွက်ပါဘဲ၊ သခင်မကြီးကသာ သီလဝံသ မြို့
တော်သူမြို့တော်သားတွေရဲ့အသက်စည်းစိမ်နဲ့ ချမ်းသာမှုကို တာဝန်
ယူပြီး ကာကွယ်စောင့်ရှောက်ပေးရတဲ့ ရာဇ အာဏာ တာဝန်ကို



ယူထားရခြင်းဖြစ်ပါတယ်၊ ခုနေ စစ်မှူး-စစ်ကဲကြီးတို့ မြန်မာပြည်ကို
ပြန်ချင်လို့ လဲ ဘေးဥပါဒ်တွေမကင်းကြသေးဘူး"

"ဘယ်လိုပါလဲ သခင်မကြီး၊ ဘေးဥပါဒ်တွေဆိုတာ ရက္ခပလရဲ့
အန္တရာယ်ပါလားခင်ဗျာ"

တပ်ကြပ်တဦးကမေးမြန်းလိုက်ရာ....

"ရက္ခပလအန္တရာယ်ကတော့ ခုအချိန်မဟုတ်သေးဘူး စစ်ကဲကြီး
အမောင်တို့နောက်က လိုက်နေတဲ့ မိစ္ဆာဒိဋ္ဌိ တရုပ် စစ်သားတွေက
ထောင်နဲ့ ချီပြီး အမောင်တို့တပ်ရဲ့ ထွက်လမ်းတွေမှာ အရံသင့်
စောင့်ကြို နေလေရဲ့"

"ဟော်...မြင်ရဲ့မဟုတ်လား၊ ဟိုတောင်ကုန်းပြာပြာကြီးကို အာ
ရုံပြုပြီး ကြည့်လိုက်ကြပေတော့၊ သခင်မကြီး ပြသပေးပါမယ်"

ဗိုလ်ကြီး-အောင်မင်းကျော်နှင့် သူ၏ တပ်စုမှူးတွေ၊ အကြပ်တွေ
က တောင်တန်းကောရီ သခင်မကြီး ပြသသည့် တောင်တန်းကြီးကို
စူးစူးစိုက်စိုက် အာရုံပြုကာ လှမ်းမျှော်ကြည့်လိုက်ရာ တဖက်အတွင်း၌
တောင်တန်းကြီးကိုဖေါက်ကာ ခြေသွားလမ်းများ၊ ကားလမ်းများ
ကျေးရွာများကို လှုပ်လှုပ်ရွရွတွေ့မြင်လိုက်ရပေ၏။ နောက်တဆက်
ထည်းပင် ခြေလျင်တပ်ရင်းများ၊ လားတပ်များ၊ မော်တော်ကား
တပ်များဖြင့် ပျားပန်းခတ်သလို လှုပ်ရှားကာ ထွက်ပေါက် လမ်းဆုံ
များတစိုက်၌ စောင့်ရှောက်ကာနေရာယူနေကြသည့် တရုပ်တပ်များ
ကို တွေ့လိုက် ရပေ၏။ ရုပ်ရှင်ပိတ်ကားကြီးပေါ်၌ ပြသနေသည့်
ရုပ်ရှင်ဇာတ်ကြောင်းကို ကြည့်ရှုနေရသကဲ့သို့ ဗိုလ်ကြီး-အောင်မင်း
ကျော်တို့အဘို့ ထင်ထင်ရှားရှား တရုပ်တပ်များလှုပ်ရှားမှုတို့ကိုတွေ့
မြင်နေရပေ၏၊

ကောင်းကင်ယံမှာလည်း လေယာဉ်ပျံများ အား ပျံ ဝဲကာ
တပိပိနှင့်ကင်းစောင့်နေကြပုံတွေပါ ပေါ်လာတော့၏၊ တနေရာ၌

www.burmeseclassic.com

www.burmeseclassic.com



တရုပ်ဖြူဗိုလ်ချုပ်နှင့် စစ်ဘက်တာဝန်ခံများသည် မြေပုံကြီးတချပ်ကို ချကာ ဗိုလ်ကြီး အောင်မင်းကျော်တို့ လွယ်ဝနယ်က မြန်မာပြည်သို့ ဖြန့်ထက်လာမည် ထင်ရသော လမ်းများကို မှတ်သားကာ တာဝန် အသီးသီးပေးအပ်နေပုံများကိုလည်း အနီး၌ကပ်ကာ တွေ့မြင်နေရ သကဲ့သို့ ထူးဆန်းလှသော မြင်ကွင်းတရပ်အဖြစ် တွေ့မြင်နေကြပါ သည်။

"ကျေနပ်ပြီမဟုတ်လား....စစ်မှူး-စစ်ကဲကြီးတွေ....၊ ဒါကြောင့် ဟောဒီ အင်မတန်သာယာလှတဲ့၊ အေးချမ်းလှတဲ့၊အပြစ်မဲ့တဲ့ သီလ ဝိသမြို့တော်မှာဘဲ အပန်းဖြေနေကြပါအုံးကွယ်တို့"

တောင်တန်းကေရီ သခင်မကြီး၏ စကားသံအဆုံး၌ ထူးဆန်းလှ သော မြင်ကွင်းများသည် ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ် သွားကြတော့၏။

"မဘုရားဟာ အမောင် စစ်မှူး-စစ်ကဲ တို့ကို မှသားပရိယာယ် သုံးပြီး လှည့်ဖျားပြသနေခြင်းမဟုတ်ဘူးနော်....အစစ်အမှန် ဖြစ်ရပ် တွေကို မဘုရားရဲ့ ဝိဇ္ဇာဓရအတတ်ပညာနဲ့ ကူညီပြသခြင်းသာ ဖြစ် ပေတယ်"

"ကျွန်တော်တို့အားလုံးယုံကြည်ပါတယ် သခင်မကြီး"

ဗိုလ်စိန်ပန်းသည် နဖူးမှ ချွေးပေါက်များကို သုတ်ရင်း ပြော ကြားလိုက်လေသည်။ အလွန်သင့်လျော် ညီညွတ်သော ရာသီဥတုရှိ နေသည့် ဥတ္တရပူရရွှေပြည်ဝယ် စိတ်တုံလှုပ်စရာ မြင်ကွင်းများကို တွေ့ကြုံမြင်ထင်နေရသည်ကြောင့် စိတ်လှုပ်ရှားမှု ဒဏ်ချက်ကြောင့် စစ်မှူး-စစ်ကဲမျ ား ဇောချွေးပြန်နေကြခြင်း ဖြစ်တော့သည်။

"ကဲ... နောက်ပိုင်းက အမောင်တို့ အပေါင်းအဖော်တွေ စိတ် အားငယ်နေမှာမို့ ဟောဒီက ကျန်ရစ်တဲ့ စစ်မှူး-စစ်ကဲ ရဲမက်တွေ အတွက် သစ်သီးဝလံလက်ဆောင်တော်တွေကိုယူပြီး ပြန်ကြပေအုံး



ကွယ်တို့၊ အမောင်တို့တပ်မှူး-အကြပ်ကြီးနဲ့ တောင်တန်းကေရီသခင် မကြီးကိုယ်တိုင် မေတ္တာဓါတ်သွင်းပြီး ချိုမြိန်လှတဲ့ သစ်သီးများဖြစ် ကြောင်းကိုလဲ အတိအလင်း ကြေငြာလိုက်ပါကွယ်တို့၊ ဒီတော့ ကျန် ရစ်ခဲ့တဲ့ စစ်မှူး-စစ်ကဲတွေကို တလှည့်စီလွှတ်လိုက်ကြဘို့မမေ့ပါနဲ့ နော်...."

"ကျွန်တော်ဘို့မပြန်ခင် ဗိုလ်ကြီးနဲ့ သခင်မကြီးကို ကန်တော့ ပါရစေ....ခွင့်ပြုတော်မူကြပါခင်ဗျာ၊ ကျေးဇူးတရားတွေ ကြီးမား လှန်းလို့"

တပ်စုမှူးဗိုလ် နှစ်ယောက်နှင့် တပ်ကြပ်များက ဦးချကန်တော့ လိုက်ကြသည်။ ဗိုလ်ကြီး-အောင်မင်းကျော်နှင့် တောင်တန်း ကေရီ သခင်မကြီးတို့က တောင်းဆုပဋ္ဌာနာတွေ ပေးအပ်နေကြပါသည်။

"ဘေးအပေါင်း-အန္တရာယ်အပေါင်းမှ လွတ်ကင်းပြီး သကာလ များသာသနာ နေရောင်-လရောင်လိုလင်ကြစေရန် ကျူးပမ်းဆောင် ရွက်နိုင်ကြတဲ့ အာဇာနီပုဂ္ဂိုလ်များဖြစ်ကြပါစေသတည်း"

အင်မတန်ကြည်လင်လှသော တောင်တန်းကေရီ သခင်မကြီး၏ ဘုပေးသံမှာ ဗိုလ်ကြီး-အောင်မင်းကျော်၏ အသံ ရင်ဝသာ မကဘဲ တပ်စုမှူးများ၊ တပ်ကြပ်ကြီးများ၏ အသဲထဲ-အူထဲသို့ စိမ့်ဝင်လာ အောင် သာယာကြည်နူးဘွယ် အသံအဖြစ် ပေါ်ထွက်နေပါတော့ သတည်း။

ဗိုလ်ကြီး အောင်မင်းကျော်သည် တောင်ခြေ၌တပ်ချထားသော သူ၏ အထူးတပ်းသားများကို စည်းကမ်းရှိရှိနှင့်နေထိုင်ကြရန် သတိ ပေး မှာကြားလိုက်ပြီး ဗိုလ်ညွန့်မောင်နှင့် ကျန်ရစ်သည့် တပ်ကြပ် ကြီးများကို နောက်ထပ်စေလွှတ်လိုက်ရန် အမိန့်ပေးလိုက်ပါသည်။

## ရွှေနန်းပြင်ပေါ်ဝယ်

မွေကြိုင်လှသော ပန်းပေါင်းစုံယနံ့တွေက သင်းပြန့်ချယ်လှယ်

www.burmeseclassic.com

www.burmeseclassic.com



နေသော ညချမ်းကာလ ကောင်ကင်တပြင်တွင် ကျယ်စုံနက္ခတ်တာရာတို့သည် တဖိတ်ဖိတ်ကွန့်မြူလျက် လဆန်းရှစ်ရက်လ ကာလဖြစ်သည်ကြောင့် စန္ဒာကြည်ရွှန်း ဘိုးလမင်းကလည်း တင့်တယ်စွာ စံပယ်နေတော့၏။

တိတ်ဆိတ်သော ညဥ့်ကာလလည်းဖြစ်ပေ၏။ သူတော်ကောင်းများသာနေထိုင်သည့် မြို့တော်ဖြစ်၍ ဆူဆူညံညံ သီချင်းသံ ကျယ်လောင်သော စကားပြောသံများကိုမူ ကား....ကြားနိုင်ဘို့ ဝေးနေတော့၏။

ချလွင်ချလွင်နှင့်ဟူသော ကြေးစီသံများကလည်း နေရာ အနှံ့အပြားကပေါ် ထွက်လာနေတော့သည်။ မေတ္တာပို့သံ၊ ဘုရားရှိခိုးသံများကလည်း သီလဝံသာမြို့တော်တဝိုက်တွင် မင်္ဂလာရှိစွာ သာယာကြည်နူးဘွယ်ဖန်လျက်....

နန်းရင်ပြင်တော်ပေါ်၌ကား၊ လရောင် ရွှေရည်များ ခြားတွင်မထင်ရှားသော ပုဂ္ဂိုလ်နှစ်ယောက်၏ သဏ္ဌာန်များကို တွေ့နိုင်ပေလိမ့်မည်၊ သူတို့နှစ်ဦးသည် ကောင်းကင်ကိုကြည့်လိုက်၊ သူတို့အချင်းချင်းကိုကြည့်လိုက်နှင့် အေးဆေးငြိမ်းချမ်းသော အသွင်ကို ဆောင်နေလေသည်။

“အင်မတန်ကြည်နူးစရာအချိန်အခါဘဲ သခင်မကြီးရဲ့- မောင်တော်ဘုရားအနေဖြင့် မောင်တော်ရဲ့ သခင်မဘုရားနဲ့ လဲ ချစ်ခြင်းတုံ့ ရပြန်၊ ရွှေလကြီးကလည်း ထိန်သာနေတဲ့ အင်မတန်သာယာတဲ့အခါကာလဲဖြစ်ပြန်ဆိုတော့ ကမ္ဘာလောကကြီးကို မေ့ချင်ချင်ဖြစ်နေပြီး၊ ဟင်-ဘယ့်နဲ့ လဲသခင်မကြီး”

ဗိုလ်ကြီး-အောင်မင်းကျော်သည် တောင်တန်းကေရီ၏ ပခုံးကိုဖက်ကာဖိုးလမင်းနှင့် တောင်တန်းကေရီသခင်မ၏အလှခြင်းကို ယှဉ်



ိုင်းနေသော မျက်လုံးကြီးများဖြင့်ရွှန်းရွှန်းစားစားကြည့်ရင်းပြောလိုက်သည်။

“ဝမ်းသာလှပါတယ်မောင်တော်သခင်ကြီးရယ်၊ နှမတော်ဘုရားဖြင့် ဟိုနှစ်တွေ လတွေချီပြီး မောင်တော်ဘုရားကို လွမ်းခဲ့ရတာတွေ ဒုမှ စိတ်အေးချမ်းနိုင်တော့တယ်၊ ဒီလို သီလသမာဓိရှိတဲ့ပုဂ္ဂိုလ်တွေ တရားရှင်တွေ နေထိုင်တဲ့ သီလဝံသာမြို့တော်ကြီးမှာ မိန်းမသားတယောက်ထဲ ပေါ်မဲ့တကိုယ်အနေနဲ့ နှစ်တွေ ရာလိုက်ချီပြီး ဘဝတပါးရောက်ရှိနေရှာတဲ့ ကိုယ့်ချစ်သူအကြောင်းကို သတိမရနိုင်ရှာတဲ့ မောင်တော်ဘုရားကို လွမ်းတ ပြီးနေရတာ ဘယ်လောက် စိတ်ဂုက္ခ ပင်ပန်းမှုရှိတယ်ဆိုတာ ရွှေဉာဏ်ဆင်တော်မူပါ သခင်ကြီးရယ်၊ မောင်တော်သခင်ကြီးနဲ့ နှမတော်ဘုရားတို့ဟာ နိဗ္ဗာန်ရွှေပြည်အရောက်ဆု၍ဘို့ ဘဝဘဝတွေက ချဘူးခဲ့တဲ့ ပန္နက် အဓိဋ္ဌာန် ချက် တွေ ကိုပြည့်အောင် အောင်မြင်အောင် နှမတော်ဘုရားအနေနဲ့ ချိန်တိုင်းပြည့်ကြိုးစားနေခဲ့ပါတယ်သခင်ကြီးရယ်”

“ယုံကြည်ပါတယ်သခင်မကြီး၊ မောင်တော်ဘုရားလဲ ဒီကာရှေ့ရှမ်းစွမ်းတမန်ကြိုးစားမယ်၊ ဒါ့ထက် သခင်မကြီးကို မောင်တော်ဘုရားဆန္ဒတခုတောင်းကို ညှိနှိုင်းလိုတယ်ကွယ်”

အကဲခတ်သည့်မျက်နှာဖြင့် ဗိုလ်ကြီးအောင်မင်းကျော်က မေးလိုက်ရာ- ချက်ခြင်းပင် တောင်တန်းကေရီသခင်မကြီးသည်...

“မောင်တော်ဘုရားဆန္ဒနဲ့ စိတ်တိုင်းကျဖြစ်နိုင်အောင် ဘုရားမတော်လဲကြိုးစားနေလျက်ပါသခင်ကြီး၊ ရက် သိပ်မကြာစေရပါဘူးမောင်တော်ဘုရား၊ သခင်ကြီးဟာ ဒီအတိုင်း အဓိဋ္ဌာန်နဲ့ အသားမစား မီးနဲ့ ချက်ပြုတ်တဲ့ အဟာရကိုမစားဘဲ သစ်သီးဝလန်တွေသာပွဲတော်တည်ရမယ်ဆိုရင် သီလ-အဓိဋ္ဌာန်မြဲမယ်ဆိုရင်၊ သမာဓိ လုံ

www.burmeseclassic.com

www.burmeseclassic.com



ပြီတော့လာမယ်ဆိုရင် မောင်တော်ဘုရားရဲ့ စိတ်ပင်ပန်းမှု ဆန္ဒမပြည့်ဝမှုဟာ မကြာပါဘူး စိတ်တိုင်းကျဖြစ်ရပါစေမယ်ဘုရား”

“ကျေနပ်ပါတယ်နှမတော်ဘုရာ....၊ နှမတော်ဟာ မောင်တော်စိတ်ကြိုက်ဆန္ဒကို တတ်နိုင်ရင် နာရီ မဆိုင်းတန်း ဖြည့်မယ် ဆိုတာ ချွင်းချက်မရှိ မောင်တော်သခင်ကြီးယုံကြည်ပြီးသားပါဘဲ၊ ဒါထက် ဟောဒီကောင်းကင်ပြင်မှာ မြင်တွေ့နေရတဲ့ ကြယ်တွေ နက္ခတ္တတွေဟာ သဘာဝအတိုင်း ဖြစ်နေတဲ့ ရောင်ပြန်ဟပ်တဲ့အစိုင်အခဲတွေလား....၊ သူတို့မှာ အသက်ရှိမရှိ မောင်တော်ကျောင်းတုံးက စဉ်းစားခဲ့မိတယ်နှမတော်-ဘယ်လိုအဖြေပေးမလဲနှမတော်”

“မှန်လှပါ ရှေနန်းရှင် မောင်တော်ဘုရား၊ ဒီနက္ခတ် တာရာတွေဟာ ကာဘုံက သက်ရှိသတ္တဝါတွေ နေထိုင်ရာလို ဗိမာန်အသီးသီးရဲ့ အလင်းရောင်တွေပါဘုရား”

“ဘယ်လိုလဲနှမတော်သခင်မကြီး၊ ဘယ်လိုကာဘုံကလဲ၊ လူဘုံလား၊ နတ်ဘုံလား၊ ဗြဟ္မာဘုံကလား တဆိတ် အကျယ်ဆွေးနွေးကြရအောင်လို့”

“ကာဘုံဆိုတော့ လူဘုံလဲ ကာဘုံမှာ ပါနေလို့ လူဘုံကတော့မဟုတ်ကြောင်းပါ မောင်တော်ဘုရား၊ နတ်ပြည်ခြောက်ထပ်အပါအဝင်ဖြစ်တဲ့ နတ်ဘုံကဖြစ်ပါတယ်မောင်တော်၊ စိတ်အတိုင်းအကြိုးပေးတဲ့အချက်လဲဖြစ်ပါတယ်၊ အကုသိုလ်-ကုသိုလ် အရအကြိုးပေးတဲ့ ဘုံလဲဖြစ်ပါတယ်သခင်ကြီး၊ ဥပမာပေးရရင် မနုဿလူသားတွေရဲ့ စိတ်ဆန္ဒနဲ့ ပြောရရင် တဘက်သားသတ္တဝါတကောင်ကို သတ်ဖြတ်ဒုက္ခပေးလိုတဲ့ဆန္ဒကြောင့် လက်နက်ရယ်လို့ ဖြစ်ပေါ်လာပါတယ်၊ ဓါး၊ လှံ ဆိုတာ အနီးအပါးမှာသုံးတဲ့ လက်နက်ဖြစ်ပါတယ်၊ ခတ်ဝေးဝေးရန်သူကို သေစေလိုတဲ့ ဆန္ဒကြောင့် လေး၊ မြားတွေ ပေါ်လာတယ်၊ နောက်- လူတွေရဲ့ ဒုစရိုက် အကုသိုလ်



ကြောင့် လေး-မြားဆိုတဲ့ အဝေးပစ်လက်နက်ထက် ခရီးပိုမိုရောက်ရှိတဲ့ သေနတ်မီးလောင်လက်နက်တွေ၊ အမြောက်တွေပေါ်လာခဲ့တယ် မကြာခင် မနုဿလူသားဖြစ်တဲ့ အကုသိုလ် များပြားလှတဲ့ လောဘသားတွေက ကြံလိမ့်အုံးမယ်သခင်ကြီး ဗုံးတလုံးချရုံနဲ့ သုံးလေးယူဇနာရှိတဲ့ သတ္တဝါတွေရဲ့ အသက်စည်းစိမ်းကို ဖျက်ဆီး ဒုက္ခပေးနိုင်တဲ့ ငရဲလက်နက်တွေ၊ အဲဒီလိုလူသားတွေရဲ့ မနောကံလို့ဆော်ရာ ကုသိုလ်-အကုသိုလ် စိတ်ဆန္ဒအရ ယခုမောင်တော်ဘုရား ရှုမြင်တော်မူတဲ့ နက္ခတ်တာရာတွေဆိုရင်လဲ သူတို့ချင်းတွေရဲ့ အလွန်ကြီးမားတဲ့ ကာကုသိုလ်အရ ဖြစ်ပေါ်လာတဲ့ အဆောင်အယောင်နဲ့ နေအိမ် ဗိမာန်ကြီးတွေက ထွက်ပေါ်တဲ့ အရောင်အဝါ တွေသာဖြစ်တယ်၊ နောက်ဥပမာတခု ထပ်ပြီးသံတော်ဦးတင်ပြရရင် မနုဿလူသားတွေအဘို့ ကမ္ဘာဦး အစက နေတို့-လတို့ ဆိုတဲ့ နေ့အခါ ညဥ့်အခါ အလင်းရောင်ဖြန့်ဖြူးနိုင်တဲ့ ဗိမာန်ပိုင်ရှင် နေ နတ်သား လ နတ်သားတွေမပေါ်ခဲ့ဘူး၊ အဲဒီအချိန်အခါမှာ မှောင် မိုက်ထဲနေရတဲ့ မနုဿလူသားတွေဟာ အမှောင်ထုကိုကြောက်ပြီးအလင်းရောင်တခုခုကို တမ်းတဆုတောင်းကြတယ်၊ ကမ္ဘာဦးခေတ်က မနုဿလူသားတွေရဲ့ ဖြောင့်မတ် မှန်ကန်တဲ့ သီလသမာဓိကြောင့်မနုဿလူသားတွေရဲ့ ကြောက်ရွံ့မှုကို ကာကွယ်ပေးနိုင်တဲ့ ရဲရင့်သော အလင်းရောင်၊ ဒါမှမဟုတ် သူရိယနေမင်းနဲ့ ဘုံဗိမာန် ပေါ်ထွက်လာတယ်”

“ကြားဖြတ်ပြီး ဆွေးနွေးပါရစေသခင်မကြီးရယ်၊ ဒီနက္ခတ်တာရာ နေတွေ-လတွေမှာ ဘုံဗိမာန်ပိုင် ကာဘုံသား နတ်တွေ၊ ဒါမှမဟုတ်ရင် သက်ရှိသတ္တဝါတွေ ရှိတယ်ဆိုတဲ့ အထောက်အထားတခုခု တွေ့နိုင် ပြနိုင် မပြနိုင်”

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီး-အောင်မင်းကျော်သည် စေ့စပ်သေချာသူပြီပြီ သက်သေပြ၍ ဆက်လက်မေးမြန်းလိုက်သည်တွင်....

"တခြားသက်သေတော့ ဝေးဝေး မပေးပါရစေနဲ့ ရွှေနန်းရှင်ဘုရား၊ သုံးလူထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသခင်ဟာ မည်သည့်အခါမှ မုသားပရိယာယ်မသုံးသော အတုမရှိမြင့်မြတ်သော ပုဂ္ဂိုလ်ကြီးပါ၊ ဘုရားသခင်နှုတ်စဉ်အခါ ဒေါင်းမင်းဖြစ်စဉ်က သောတာပန်ဖြစ်တဲ့ နေနတ်သား ဒါမှမဟုတ် သူရိယနတ်မင်းကို နေ့စဉ်ပုဂ္ဂိုလ်အရ သီလ ဂုဏ်အရ ရှိခိုးပူဇော်ခဲ့ခြင်းကြောင်း မောရသုတ် ဟာ ပရိတ်ကြီးဆယ်သုတ်မှာ အထင်အရှားသက်သေရှိနေပါကြောင်းပါဘုရား၊ နေနတ်မင်းရဲ့ လွန်ကြီးမားတဲ့ သီလ-သမာဓိ-ပညာ အားလဲကောင်း၊ သီလဂုဏ်အားဖြင့် သောတာပန်အဆင့်ရှိတဲ့ နေနတ်မင်းကို ရှိခိုးပူဇော်ခြင်းဖြင့် ဘေးဥပါဒ် အန္တရာယ် အပေါင်းမှ ကင်းလွတ်ကြောင်းကို လျှောက်တင်ဝန့်ပါတယ် မောင်တော်ဘုရား"

"သတ္တဝါတွေရဲ့ စိတ်ဆန္ဒနဲ့ စိတ်ဓာတ်ခိုးသတ္တိဟာ အင်မတန် ဆန်းကျယ် ထက်မြက်လှပါတယ် မောင်တော် သခင်ကြီး၊ မကောင်းတဲ့ စိတ်ဆန္ဒဟာလဲ မကောင်းတဲ့ လမ်းစဉ်အရ ဖြစ်တတ် ပျက်တတ်ကြပါတယ်၊ ကောင်းတဲ့ ဆန္ဒနဲ့ ရည်ရွယ်ချက်ဟာလဲ ဖြစ်တတ်ပျက်တတ်ပါတယ်၊ ဥပမာ မနုဿ လူသားတွေဟာ ရုပ်ဝါဒဘက်မှ အလွန်တရာ ထက်သန်ပြီး ညခင်း အလင်းရောင် ရစေဘို့ လျှပ်စစ် မီးတွေထွန်းခဲ့ကြတယ်၊ ပူနေတဲ့ အခါမှာ ကုသိုလ်က အရ ဖြစ်ပေါ်မှုကို မရကြရှာခဲ့၊ လေအေးစက်တွေ- လေ ရ ဟတ် တွေ့ကို တပင်တပန်းထွန်းလုပ်ခဲ့ကြပါတယ်၊ ဒီပစ္စည်းတွေဟာ လူတွေရဲ့စိတ်ဆန္ဒအရတည်တွင် ကြံဆလုပ်ကိုင်မှုပေါ်မှာ တည်နေပါတယ် သခင်ကြီး ဘုရား"

"ကျေနပ်ပါပြီ သခင်မကြီး ညဉ့်နက်လာတော့ အေးသလိုလိုဖြစ်လာတယ် သခင်မကြီး၊ စံအိမ်တော်ကိုဝင်ကြစို့၊ ဒါထက်...."



ဗိုလ်ကြီး-အောင်မင်းကျော်သည် တောင်တန်းကေရီသခင်မကြီး၏ ရွှေလက်တော်ကိုဆွဲကိုင်ကာ....

"ပူဆာ တယ် လို့ လဲ မအောက်မေ့ပါနဲ့ သခင်မကြီးရယ်.... မောင်တော်ဘုရားလဲ စေတနာသန်သန်နဲ့ သဒ္ဓါစစ်စစ်နဲ့ ကိုယ့်အဆင့်အတန်း သီလ-သမာဓိတက်နိုင်အောင် ကျိုးစားပါမယ် သခင်မကြီးအနေနဲ့ မောင်မယ်စုံရှင်ကြည်နူး စက်တော်ခေါ် ပျော်တော်ကျူးလိုက်ဘို့...."

"စိတ်ချပါ မောင်တော် သခင်ကြီး....ကုသိုလ် အဆင့် အတန်း၊ ပညာအဆင့်အတန်းခြင်း ညီမျှလာရင် တန်ဘိုးဟာ အလိုလို ရှိလာမှာပါဘဲ၊ မောင်တော်ဘုရား ရွှေစိတ်တော် ကြည်သာစွာနဲ့ သီလဆောက်တည်ကာ ရင့်ကျက်နိုင်ပါစေ"

တောင်တန်း ကေရီ သခင်မကြီးသည် သူမ၏သက်မှူး ဗိုလ်ကြီး-အောင်မင်းကျော်၏ နဖူးပြင်နှင့်ပါးပြင်ကို ညင်သာယုယစွာမွှေးလိုက်ပါသည်။ အတွေ့ထူးသလောက် စိတ်ဓာတ်ခိုးသတ္တိ ရှိလှသော တောင်တန်း ကေရီ သခင်မကြီး၏ကိုယ်ကာယမှ ဖသာအာရုံကား ဗိုလ်ကြီးအောင်မင်းကျော်အဘို့ အတောမသတ်နိုင်အောင် စွဲမက်မှုပြင်းထန်သွားစေပါတော့သတည်း။

"မောင်တော်ဘုရား မျက်နှာတော်သစ်ပြီး သီလခံယူတော်မူပါ မကြာမတင်ကာလမှာဘဲ မောင်တော်ဘုရားရဲ့ ရဲမက်တွေ ရောက်ရှိလာပါလိမ့်မယ်၊ အဆင်သင့်ရှိနေအောင်"

တောင်တန်း ကေရီသခင်မကြီးသည် ညဉ့်ဦးယံလုံး သမထ လုပ်ငန်း၌ စိတ်စေတနာသန်သန်နှင့် ကျင့်သုံးခဲ့ပြီးနောက် နှစ်ချိုက်စွာ အိပ်ပျော်နေရှာသည့် ဗိုလ်ကြီး-အောင်မင်းကျော်၏ခြေဖဝါးကို အသာအယာလှုပ်ကာ နှိုးလိုက်ပါသည်။

"ခြေဲ....နေတောင်မြင့်နေပါပကောလား သခင်မကြီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



လူးလဲကာအိပ်ယာမှထလိုက်ပြီး၊ အရင်သင့် စီဆင်ထားသည့် ရွှေခရားမှ မျက်နှာသစ်ရေကြည်များနှင့်သစ်ကာ ကိုယ်လက် သုတ်သင်မှုကို ပြုလိုက်ပါသည်။

နှစ်ယောက်သား ငှက်ပျောသီးများ၊ သင်္ဘောသီးများ၊ အုန်းသီးများကို စားသောက်ကြပြီးနောက် မကြာခင်တွင် ရင်ရွှေတော်တဦးက ဗိုလ်ညွှန့်မောင်တို့လူစု ရောက်ရှိလာကြောင်း သံတော်ဦး တင်လိုက်ပါသည်။

“ဝင်ကြပါစေ သုမာလာရယ်....ပြီးတော့ ညီမတော်ဘုရားစောသခ်ါကိုလဲ အခစားဝင်ဘို့ လျှောက်တင်လိုက်ပါ”

တောင်တန်းကေရီသခင်မကြီးက ရင်ရွှေတော်တဦးကိုအမိန့်ပေးလိုက်ပါသည်။

မကြာခင် ဗိုလ်ညွှန့်မောင် ခေါင်းဆောင်သော ရဲမက်များသည် တပျော်တပါးကြီးဝင်ရောက်လာကြပြီး၊ တပ်မတော်ထုံးစံအတိုင်း အလေးပြုကာ သတင်းပို့လိုက်ပါသည်။ဗိုလ်ကြီး-အောင်မင်းကျော်က လိုက်လံစုံစမ်းထောက်လှမ်းလိုက်ပြီး သူတို့နှစ်ဦး ယှဉ်တွဲကာ ထိုင်နေသည့် သလွန်မြော်ဘက်သလွန်များကို နေရာထိုင်ခင်းပေးအပ်လိုက်ပါသည်။

“ကျန်းမာ ချမ်းသာတော် မူကြပါစ မောင်ငယ်စစ်မှူးနဲ့ ရဲမက်များ”

နားထောင်၍မငြီးနိုင်စတမ်းချိုမြလှသည့်အသံဖြင့် တောင်တန်းကေရီသခင်မကြီးက နှုတ်ခွန်းဆက်လိုက်သည်တွင်....

“ကျန်းမာပါတယ် သခင်မကြီး....၊ ပြောမယုံကြုံမှသိမယ်ဆိုတဲ့အတိုင်း လူ့ပြည်မှာ ဒီလောက် ရုပ်ရော-အသံရော၊ အမူအယာရော သူမတူအောင်ကောင်းတဲ့ အမျိုးသမီး မတွေ့ခဲ့ဘူးပါဘူးခင်ဗျာ”

လွတ်ကနဲပြောလိုက်ရာ....

“မှန်ပေတယ် မောင်ငယ်စစ်မှူး၊ မောင်ငယ် စစ်မှူးရဲ့စကားဟာ



မြောက်ပင့်ခြင်းပရိယာယ်မပါသော ငါးရာနှစ်အယ်နဲ့ယှဉ်တဲ့ အင်မတန် ကြက်သရေရှိလှတဲ့ ပွင့်လင်းတဲ့ စကားသာဖြစ်ပေတယ်၊ ဟိုဘက် ရဲမက်ကြီးများ မဘုရား နယ်မြေမှာ တာဝန်ယူရတာ ပျင်းရိလာပြီလားကွယ်တို့”

“မှန်ပါ သခင်မကြီး၊ တောင်ခြေနေရတဲ့အခါ ပျင်းသလိုရှိလာပါတယ်၊ ခုလိုတကြိမ်တခါမှ မရောက်ဘူးတဲ့ ရွှေတောင်-ငွေတောင်နဲ့ ရွှေလှေခါးကြီးကိုဖြတ်တက်လာရပြီး၊ စိတ်အလွန် ချမ်းသာတဲ့နန်းတော်ပေါ် တက်မိတော့ မှန်တဲ့ အတိုင်း ပြောရရင် နောက်ပိုင်းအားလုံးမေ့ပျောက်သွားပါတယ်ခင်ဗျာ”

တပ်သားကြီးတဦးသည် ရယ်မောသံနှင့်ပြောလိုက်ပါသည်။

“ကောင်းပါပြီကွယ်တို့၊ မပျင်းမရှိစေဘဲ မကြာမတင်ကာလမှာ ပွဲကြီးပွဲကောင်းတခု အမောင်တို့ ရှေ့မှောက်မှာ တွေ့ရလိမ့်မယ်၊ သြော်......ကုသိုလ်-အကုသိုလ်စိတ် တယ်လဲ ဆိုးပါကလားနော်”

“ဘယ်လိုအရေးအကြောင်းလဲ သခင်ကြီး၊ ကျွန်တော်တို့ တပ်ဖွဲ့ထဲမှာ မကောင်းတဲ့သူများပါသလားခင်ဗျာ”

ဗိုလ်ညွှန့်မောင်သည် အရေးတကြီးမေးလိုက်ပြန်သည်။

စောခမ်းနွဲ့သည် တည်ကြည်သောမျက်နှာကလေးနှင့် ဝင်ရောက်လာရှာပါသည်။

“ကဲ... ညီမတော် စိတ်တိုင်းကျနေထိုင်ခွင့် မဘုရားပေးအပ်တော်မူတယ်၊ ညီမတော်ရဲ့ဆန္ဒတော်အတိုင်း အလိုရှိတဲ့နေရာမှာထိုင်ခွင့်ရှိပါတယ်”

တောင်တန်းကေရီသခင်မကြီးက အခွင့်ပေးရာ စောခမ်းနွဲ့သည် လက်နှစ်ဖက်ယှက်ကာ ကန်တော့ရင်း တောင်တန်းကေရီသခင်မကြီးတယ်ဘက်အစွန်း သလွန် တနေရာတွင် တည်ကြည်စွာ ဝင်ရောက်ထိုင်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဘုရား ကျေနပ် ခွင့်ပြုပါတယ် ညီမတော်၊ ချစ်မေတ္တာဆိုတာ မဘုရားတို့ တရားရှင်များအနေနဲ့ သူတဦးတည်းပိုင်ဆိုင်ခွင့်မရှိစေရပါဘူး၊ သမုဒ္ဒရာပင်လယ်ရေကို သူတဦးတယောက် ပိုင်ဆိုင်ခွင့်မရှိသလိုဘဲ ဘုန်းရှင်က ရှင်ယောကျ်ားတယောက်ရဲ့ ချစ်မေတ္တာကိုလဲ မဘုရား တဦးတယောက်ထည်း မပိုင်ဆိုင်လိုပါဘူး၊ တရားနဲ့ယှဉ် ကြည့်ရင် မာနနဲ့ လောကရန်သူတွေကိုတွေ့နိုင်ပါတယ်၊ ညီမတော်ဘုရား အနေနဲ့သာ မောင်တော် သခင်ကြီးရဲ့ ဘုန်းကံပါရမီကို မှီနိုင်တယ်၊ သီလ-သမာဓိသေ့ဘက်က ပေါက်ပေါက် ရောက်ရောက် ကျိုးစားဘို့ သတိထားပါ၊ အမှားလမ်းတွေ၊ သူတော်ကောင်းတွေ နှလုံးစိတ်ရှုပ်အောင် ပိုင်ဆိုင်တဲ့ပညာရပ်တွေကို တွန်းလှန်ပြီး အင်မတန် အပြစ်ကင်းတဲ့ နောင်ပွင့်တော်မူမဲ့ အရိမေတ္တယျ ဘုရားသခင် ကိုယ်တော်ကြီးကိုဖူးတွေ့နိုင်မဲ့ မဘုရားရဲ့ ပညာရပ်တွေကို မှီအောင် ကျိုးစားပါ....ဘယ်လိုလဲ ညီမတော်"

"ဘုရားညီမတော်မှာ မဘုရားကြီးအမိန့်တော်ကို ဦးထိပ်ပန်ဆင်ရမဲ့ ညီမတော်ပါဘုရား၊ ကိုယ်တော်သခင်ကြီးနဲ့ မဘုရားကြီးရဲ့ ခြေတော်မှာ ဝတ်ကြီးဝတ်ငယ်ပြုရင်း သခင်ကြီးရဲ့ ပါရမီဖြည့်ဘက် အဖြစ် ဆုတောင်းအပ်ပါတယ် အမတော်ဘုရား"

"ကောင်းပြီညီမတော်ရဲ့ စိတ်ဖြစ်စဉ်ကို မဘုရားကြီး ပြန်လည် စစ်တမ်းထုတ်လိုက်ပါရစေ၊ ပထမ ကနဦးက ညီမတော်ဟာ မဘုရားကြီးရဲ့ သတင်းကို အမျိုးမျိုးကြားနေသလောက် စိတ်တော် မသာ ဖြစ်ခဲ့တယ်၊ ညီမတော်ဟာ ဂိုဏ်းပညာထဲ နတ်တွေ၊ နတ်ကတော တွေနဲ့ ပတ်သက်တဲ့ ပညာရပ်ကို လိုက်စားခဲ့တယ်၊ မဘုရားရဲ့ ပညာ သတင်းကိုကြားရပြီး တနေ့မှာ ပညာခြင်းပြိုင်ဘို့ စိတ်ကူးခဲ့တယ်၊ မကြာခင် မောင်တော်သခင်ကြီး ကြွချီလာတဲ့ သတင်းကို ကြားရ တော့ ညီမတော်မှာရှိတဲ့ အစောင့်အရှောက် အတွင်းပုဂ္ဂိုလ်တွေက



သတင်းပေးချက်ကြောင့် ညီမတော်ဟာ မောင်တော်သခင်ကြီး မည်သူမည်ဝါ မည်သည့်ဆုကြီးပန် ပုဂ္ဂိုလ်ဖြစ်ကြောင်းသိရှိပြီးသွား ကြိုဆိုခဲ့တယ်၊ ညီမတော်မှာ ဟိုအရင်ဘဝဘဝဆေတွေတုန်းက ကျင့် သုံးခဲ့တဲ့ သမထထန်းခိုးနဲ့ ရှေးကုသိုလ်ကလေးအရှိန်ကြောင့် မောင် တော်သခင်ကြီးဟာ ဟောဒီရွှေနန်းမြို့တော်မှာ စိုးစံစဉ်က ညီမ တော်ရဲ့ ပါရမီဖြည့်ဘက်မှန်းသိတာနဲ့ မောင်တော်သခင်ကြီး နောက က အရိပ်ပမာ မကွာတမ်းလိုက်ခဲ့တယ်၊ ဟောဒီရွှေနန်းပြင်ပေါ် ရောက်ပြီး အမတော်ဘုရားကို ဖူးတွေ့ဆက်ဆံရတော့ အမတော် ဘုရားရဲ့ မေတ္တာတော်ကို ညီမတော်ကောင်းစွာ သဘောပေါက်ပြီး ညီမတော်ရဲ့ အမှားတွေ ပညာရပ်တွေရဲ့ အမှားတွေ သိရှိလိုက်ပြီး ညီမတော်ယခင်က စိတ်ဆိုးစိတ်ယုတ်တွေကိုပယ်လိုက်တယ်၊ အခွင့် သာတဲ့တနေ့မှာ ညီမတော်က အမတော်ဘုရားထံ အမှား ဝန်ချပြီး ပညာလမ်းသစ်ကို လက်ခံ ချီးမြှင့်ဘို့ လျှောက်ဘို့ စီစဉ်ခဲ့တယ်၊ ဒါ တွေမှန်ရဲ့လား"

တောင်တန်းကောရီ သခင်မကြီးသည် ရှေးဘဝက စောသခါ၊ ယခုဘဝ စောခမ်းနွဲ့၏ အတွင်းစိတ် ပြောင်းလဲမှုများကို မျက်စေ့ ထဲမြင်တွေ့နေရသကဲ့သို့ တလုံးခြင်းအလိုက်ခြင်း အမိန့်တော် ရှိရပါ သည်။

"မှန်ကန်ပါကြောင်း ညီမတော် လျှောက်တင်ဝန့်ကြောင်းပါ- အမတော်"

"ကောင်းပြီ.. ဒီလိုဂတိသစ္စာရှိရှိနဲ့ ညီမတော်ရဲ့ လျှောက်တင် ချက်ကို အမတော်ဘုရားလက်ခံလိုက်ကြောင်း ဒီနေ့ရာက သာသနာ့ စောင့်ပုဂ္ဂိုလ်အပေါင်း သက်သေတည်ပြီး အမတော်အမိန့်သတ်မှတ် အကြောင်းပြန်မယ်....၊ ညီမတော်ဘုရားဟာ အောက်လမ်းဖြစ်တဲ့ ဂိုဏ်းလပ်ပညာရပ်က အထက်လမ်းပညာရပ်ကို သည်းပူလိုခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်ယုတ်က စိတ်မြတ်ကိုပြောင်းလိုခြင်း စသည့် ဂတိခံဝန်ချက်များအရ ဆက်လက်ပြီး ပညာရပ်အဆင့်အတန်းများကို ချီးမြှင့်ပေးမယ် ပညာစုံတဲ့အခါ သမထလုပ်ငန်း အဆင့်အတန်းမြှင့်မားမှုကို မဘုရား ကျေနပ်တော်မူတဲ့အခါမှာ မဘုရားရဲ့ညီမတော်အရင်းအဖြစ်ကမ္ဘာနဲ့တိုင်းပြည်ကို ကြေငြာပေးသနားတော်မူမယ်.... ကျေနပ်ရဲ့လား မောင်သခင်"

"အင်မတန်ဝမ်းမြောက်လှပါကြောင်းပါ အမတော်ဘုရား"

ရှင်ပြုံးစွာဖြင့်ရှိခိုးကာ ဦးသုံးကြိမ်ချ၍လျှောက်ထားလိုက်ပါသည်။

"ဒါထက် မပြောရင်မပြီးတဲ့ ကိစ္စတရပ်ရှိနေသေးဘယ်နှမတော်ခုလောက်ဆိုရင် ညီမတော်လဲရိပ်မိလောက်ပြီး၊ တခြား မဟုတ်ဘူး ညီမတော်ရဲ့ သွေးသားအရင်းဖြစ်တဲ့ ရက္ခဗလဟာ စိတ်ဆိုး စိတ်ယုတ်တွေမွေးပြီး မကြာခင်ကာလမှာဘဲ အရေးဆိုလာလိမ့်မယ်၊ညီမတော်ကိုပါ အင်မတန်မုန်းတီးသွားပြီးဒေါသစိတ်တွေထားပြီး အောက်မြို့တော်ကနေပြီး အထက်မြို့တော်ကို သူ့ရဲ့ လက်နက်အားလုံးနဲ့ဖြိုခွင်းပုံကန်ဘို့ အခွင့်ကြံနေကြပြီးညီမတော်၊ဒီကိစ္စမှာ ညီမတော်ရဲ့အဆုံးအဖြတ်ကို ပရိသတ်ရှေ့မှာ ဖေါ်ပြစေလိုတယ်"

"မှန်ပါ....မောင်တော် သခင်ကြီးနဲ့ အမတော် ဘုရား ခြေမကောင်း ခြေမ,လက်မ,မကောင်းရင် လက်မ မညာတမ်း အဖြစ်ရှိသူမှန်ရင် အချိန်မှီဆုံးမသင့်ပါကြောင်း တရားသစ္စာတက်က အမတော်ဘုရားနဲ့ အတူ ညီမတော် ကြန့်ကြန့်ခိုင်ခိုင် ရပ်တည်နေကြောင်း ကြေငြာအပ်ပါတယ်ဘုရား"

"အင်း....ကောင်းလေစွညီမတော်၊ ရက္ခဗလပုဂ္ဂိုလ်ဟာ ပညာဘာမရှိ ဘေးကမင်းပင် ကောင်းလျက် မင်းမြှောက် ဖျက်ဆိုသလိုဝိုင်းမြှောက်ပင့်ကြတာနဲ့ သူ့ခမျာ ပျက်စီးရတော့မယ်၊ ရက္ခဗလ



ရက္ခဗလ-မဘုရားကို တဖက်သတ် ချစ်နေရှာတာကိုး....၊ မဘုရားအကြောင်းမသိလေရှာတာကိုး၊ ပါရမီတူမှ မေတ္တာစုံမက်နိုင်မဲ့ အခြေအနေများ သိဘို့ကောင်းပါတယ်လေ....

"ဒါထက် အောက်မြို့တော်မှာ တပ်စခမ်းချနေတဲ့ မောင်ငယ် စစ်မှူးနဲ့ ရဲမက်များ ရက္ခဗလရဲ့ရန်ကို တစုံတရာစိုးရိမ်ကြောင့်ကြခြင်းမရှိကြပါနဲ့ ကွယ်တို့မ,ဘုရားပညာရဲ့တန်ခိုးနဲ့ နောက်ပါတွေကို ဆုံးမရရင်း မျက်စေ့တမှိတ် အတွင်း ပြာဖြစ်သွားနိုင်ပါတယ်"

တောင်တန်းကေရီသခင်မကြီးသည် သူမ၏ညာဘက်လက်ရုံးကို ဆန့်တန်းကာ ရုတ်တရက်ကြိမ်းဝါးလိုက်ရာချက်ခြင်းပင်ကောင်းကင်မှ မိုးချုန်းသံကြီးသည် ကြောက်မက်ဘွယ်ရာ တခဲနက် ပေါ်ထွက်လာချေ၏။ နွှေဝင်းကြောင်တောင် ကာလာဥ္စပင် လျှပ်စစ်လက်သံများ၊ မိုးချုန်းသံများနှင့် ငလျင်လှုပ်ကာ တော်လဲသလိုအသံကြီးများကြောင့် အရပ်ဆယ်မျက်နှာသည် သွက်သွက်ခါ၍ သွားလေတော့၏။

"ကိုင်း....ငမိုက်သားရက္ခဗလနဲ့အပေါင်းပါတွေကို နောက်ဆုံးသတိပေးခြင်း ရာဇသံပေးခြင်းဘဲ၊ ကောင်းပြီလေ- ခု-သတိပေးတာကို ငမိုက်သားရက္ခဗလက သတိရပေမဲ့ ဒင်း-နောက်ကပါအပေါင်းပါတွေက တခါတက်ပြီး ဖျက်ဆီးပြီး သူ့ရူးရက္ခဗလကို မြှောက်ပင့်ပေးလိမ့်မယ်၊သခင်ကြီးကျွတ်တင်ဖြစ်ချက်ကို မှတ်ထားကြပေပေတော့ ရက္ခဗလဟာ နောက်ဆုံးမှာ သေချင်းဆိုးနဲ့ သေဆုံးရလိမ့်မယ်.... တိုတိုဘဲအမိန့်တော်ရှိလိုက်တယ်...."

ဗိုလ်ညွှန့်မောင်နဲ့ရဲမက်များအတွက် တောင်တန်းကေရီဘုရင်မင်းလှပသောရုပ်ကို ချီးကြူး အံ့သြ နေခဲ့ရာမှ တောင်တန်း ကေရီ



www.burmeseclassic.com

www.burmeseclassic.com



သခင်မကြီး၏ တန်ခိုးသတ္တိကို မျက်ဝါးထင်ထင် တွေ့လိုက်ပြန်သည်တွင် များစွာကြောက်ရွံ့ရှိသေစိတ်တွေ တခဲနက် ပေါ်ပေါက်လာရပြန်ပါသည်။

"ကဲ.... စစ်မှူးနဲ့ ရဲမက်ကြီးများ နန်းမြို့တွင်းကို အပျင်းပြေ လှည့်လည်ကြည့်ရှုကြပေအုံးတော့- သခင်ကြီးနဲ့ မဘုရားတို့ နေ့ခင်း သမထဝင်စားချိန်နီးပြီမို့ ခွင့်ပြုကြအုံး"

ခွင့်ပန်လိုက်ရာ ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏တပ်သားများကို မြို့တွင်းသို့ စိတ်ချမ်းသာလက်ချမ်းသာ ထွက်သွားကြရန်မှာကြားလိုက်ပြီး အတွင်းဆောင်တဲသို့ ဝင်ရောက်ခဲ့ကြသည်။ တောင်တန်းကေရီသခင်မကြီး၏ နောက်တော်ပါးမှ စောခမ်းနွဲ့သည် ချစ်မြက်နိုးသော မျက်နှာကလေးနှင့် ကပ်လျက် လိုက်ပါသွားရှာပါတော့သတည်း။

## ယောကျ်ားဟူသည် ငုပ်မိသဲတိုင် တက်နိုင်ဗျားရောက်

လေးဆယ့်ကိုးရက်မြောက်သောနံနက်ခင်းကာလ....

ဗိုလ်ကြီး-အောင်မင်းကျော်သည် တညဉ့်လုံးလိုလို သမထဝင်စားခဲ့ခြင်းကြောင့် စိတ်ပန်း ကိုယ်ပန်းဖြစ်ကာ သူ၏ ရည်ရွယ်ချက်ပြန်စလာသည့် အကျိုးကျေးဇူးကို သတိရစွာဖြင့် ညောင်စောင်းသလွန်ပေါ်၌ပက်လက်လှန်ကာ တရားနှလုံးသွင်းရင်း မှေးလိုက်ပေ၏။ သမထဝင်စားရာတွင်တင်ပလ္လင်ခွေကာ တညလုံးဗျာန်သမပါတ်အားထုတ်ဝင်စားခြင်းကြောင့် သူ၏ခြေသလုံးတွေ၊ ပေါင်တွေ၊ နောက်ကျောပါ တလျှောက်လုံး တုံလျက် ကိုက်ခဲစ ပြုလာပါသည်။ ထို့ကြောင့်လည်း အပန်းဖြေဆိုသလို မှေးစက်လိုက်ခြင်းဖြစ်ပေ၏။

သူ၏ခြေသလုံးနှင့်ပေါင်တလျှောက်ဆီသို့ ယုယစွာဖြင့် ဆုပ်နယ်



ပေးလိုက်သည့် အင်မတန်ထူးခြားလှသည့် အတွေ့စိတ်ကြောင့် မှေးကနဲ အိပ်ပျော်စပြုနေရာမှ လေးလံသော မျက်ခွံများကို အားယူ၍ဖွင့်ကြည့်လိုက်ပါသည်။ သူ၏ခြေရင်း၌ ပြုံးရွှင်သောမျက်နှာတော်ဖြင့် သူ့အား မျက်တောင်မခတ်တမ်း ကြည့်နေရှာသည့် တောင်တန်း ကေရီ သခင်မကြီးကိုတွေ့လိုက်ရသည်။ ဗိုလ်ကြီး-အောင်မင်းကျော်က တွေ့ရှိလိုက်သည်တွင်....

"ခြေသလုံးတွေ ကိုက်ခဲတာ သက်သာသွားပါလိမ့်မယ် မောင်တော် သခင်ကြီး၊ နက်ဖန်ဆိုရင် အဓိဋ္ဌာန် နဝင်္ဂသီလ လေးဆယ့်ကိုးရက်စေ့ အောင်မြင်သောနေ့ဖြစ်တော့မယ်၊ မောင်တော်ဘုရားအဘို့ အင်မတန်စမ်းသာနေသလိုတဲ့ နှမတော်ဘုရားအဘို့လဲ ကြည်နူး ဝမ်းမြောက်ပြီး သာဓုအနုမောဒနာခေါ် ရလိမ့်မယ်"

လျှောက်တင်ရင်း သူမ၏ပန်းနုရောင်ပြေးနေသောလက်ချောင်းကလေးများဖြင့် ဆုပ်နယ်ပေးလိုက်သည့် တပြိုင်နက်ထည်း ဗိုလ်ကြီး အောင်မင်းကျော်၏ အကိုက်-အခဲ ထုံကျင်သည့် ဝေဒနာများမှာ လက်နှင့်ယူ၍ပစ်လိုက်သလို ပျောက်ကင်းသွားပါတော့သည်။ သူမသည် တစုံတရာကို ဖူးဖူး ရိုက်ရိုက် အာရုံဝင်စားနေပုံကို တွေ့ရပြီး တခဏ၌....

"မောင်တော်သခင်ကြီး သမာဓိအဆင့်အတန်းဟာ တော်တော်တက်လာပါပြီ၊ မောင်တော် သခင်ကြီး မျက်စေ့ထဲမှာ ဘုရားပုထိုးတွေ၊ ကျောင်းကန်တွေပေါ်လာတယ်မဟုတ်လား၊ ပြီးတော့ တခါတခါ မောင်တော်သခင်ကြီးရဲ့ မနောစိတ်ဟာ ရွှေတိဂုံစေတီတော်ကြီးဆီရောက်လိုက်၊ တချီတချီ မန္တလေး-မဟာမြတ်မုနိ ကိုယ်တော်ကြီးဆီ ဖူးမြော်လိုက်နဲ့ ဖြစ်ပြီး၊ နောက်ပိုင်းတော့ ဇောကျသွားပြီး အိပ်ပျော်သလိုဖြစ်သွားတယ်မှန်ရဲ့လား မောင်တော်သခင်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ် သခင်မကြီး၊ ဒါ-ဘယ်လိုလုပ်ပြီး သိပါသလဲ လျှောက်တင်စမ်းပါ သခင်မကြီးရယ်"

"မောင်တော်သခင်ကြီးရဲ့ စိတ်အစဉ်ကို ဘုရားနှမတော် မနောစိတ်က အာရုံဝင်စားပြီးကြည့်ရှုရုံနဲ့ မောင်တော်သခင်ကြီးရဲ့ ကုန်လွန် ပြီးမြောက်ခဲ့သည့် မနောစိတ်ပိုင်းနဲ့ ထိတွေ့ပြီး မောင်တော်သခင်ကြီး မနောစိတ်တွင် ခံစားခဲ့ရသလို ဘုရားနှမတော်မနောစိတ်ကလဲ ထပ်တူထပ်မျှ ဖူးတွေ့ခြင်းဖြစ်ပါတယ်ဘုရား၊ ဒါထက် နက်ဖန်နံနက်ဆိုရင် မောင်တော်သခင်ကြီးဟာ နဝင်္ဂဥပုသ်ရက်စေ့ပြီဖြစ်၍ ဥပုသ်ထွက်ပြီး ခါတိုင်းကဲ့သို့ ငါးပါးသီလကိုပင် ဆက်လက် ထိန်းသိမ်းပြီး စိတ်အာရုံချောင်ချိမှု ရှိပါလိမ့်မယ် မောင်တော်သခင်ကြီး"

"သိပ်မပင်ပန်းပါဘူး နှမတော်၊ ခါတိုင်း အောက်မြို့ဒေသမှာ နှစ်နာရီလောက်သမထထိုင်ရုံနဲ့ အတော် စိတ်မော-ကိုယ်မော ရှိခဲ့တတ်၊ ခုတော့ တညလုံးထိုင်တာတောင် မညောင်းတာဟာ စဉ်းစားစရာဘဲ"

"မှန်လှပါ သခင်ကြီးဘုရား....သခင်ကြီးရဲ့ ထက်သန်လှသော သဒ္ဓါနဲ့ မနောကံရဲ့ ကျေးဇူး အကြောင်းပြုပြီး၊ တရားတော်ရဲ့ စောင့်ရှောက်မှုနဲ့ ပြီးတော့ ဘုရားနှမ ပြုပြင်စီမံ ပြီး တင်ဆက်တဲ့ သစ်သီးဝလံများရဲ့ တံခိုးအာနိသင်များကြောင့်ဖြစ်ပါတယ် မောင်တော်ဘုရား၊ ကဲ....ကြွတော်မူပါ ရွှေနန်းရှင်ကြီး....၊ အညောင်းပြေ ဣရိယာပုတ်လေးပါး ညီမျှအောင် ပန်းဥယျာဉ်ထဲ အညောင်းပြေကြွချီရင်း မေတ္တာဘာဝနာပွားကြရအောင်၊ အောင်ပွဲခံ သခင် ရွှေနန်းရှင်ကြီးရယ်"

ဗိုလ်ကြီး-အောင်မင်းကျော်သည် လက်တွင် ပယင်းပုတီးကို ဆွဲကိုင်ကာ သလွန်ထက်မှ ထကာ တောင်တန်းကေရီ သခင်မကြီးနှင့် ယှဉ်တွဲလျက် ပန်းဥယျာဉ်ထဲသို့ ထွက်လာခဲ့ကြပါတော့သည်။



သူတို့နှစ်ယောက်သား ဥယျာဉ်တော်ထဲတွင် အညောင်းပြေလမ်းလျှောက်ရင်း မေတ္တာပို့နေစဉ်တွင် တောင်ခြေရှိ သူတို့၏ရဲမက်များသည် တောင်တန်းကေရီသခင်ကြီး ခွင့်ပြုချက်အရ ရွှေနန်းပြင်တော်သို့ တစုတဝေးကြီး တက်ရောက်လာကြပြီး အလေးပြုကာ နှုတ်ခွန်းဆက်သရှာကြသည်။ ရက္ခဘုမ္မိမြို့ အခြေအနေကို ဗိုလ်ကြီး-အောင်မင်းကျော်က လှမ်း၍မေးလိုက်ရာ၊ အားလုံးငြိမ်သက်လျက်ရှိကြောင်း ရန်သူလှုပ်ရှားမှု တစုံတရာ မကြားရအောင်လို့ တပ်စုမှူးလုပ်သူက သတင်းပြန်၍ပေးပါသည်။

ထိုနောက် ရဲမက်များအား တံခိုးကြီးစေတီတော်ကြီးများရှိရာသို့ သွားရောက်၍ ဖူးမျှော်ကန်တော့စေရန် တောင်တန်းကေရီသခင်မကြီးက စေလွှတ်လိုက်ပါတော့သည်။

"သူတို့ဟာမှမသိကြဘူး၊ ရက္ခဗလရဲ့ အတွင်းစိတ်အကြံတွေသူ့လူတွေနဲ့ ပုန်ကန်ကြဘို့ သွေးစီးနေကြတယ်၊ ညီမတော် စောသင်္ခါကိုလဲ ပစ်ပစ်ခါခါ သစ္စာဖောက်ရမလား သခင်မကြီးဆိုက အာဏာနဲ့ ပြန်တောင်ပြီး သတ်ပစ်ဘို့ဆုံးဖြတ်ထားကြပြီး သခင်ကြီးရယ်၊ သိပ်မိုက်မဲလှချီလား ရက္ခဗလရယ်၊ ဒင်းက ကုသိုလ်က ကုန်ခဲ့ပြီကိုး"

"ဒီလောက်တောင် စော်ကားရင် မောင်တော်သခင်ကြီး အောံကျင်း ဆင်းပြီး မောင်တော့်တပ်တွေနဲ့ ဒင်းတို့ကိုသုတ်သင်ရအောင် လက်ဦးမှုရှိအောင်"

"သီးခံတော်မူပါ ရွှေနန်းရှင်ဘုရား၊ နဝင်္ဂသီလပြီးမြောက်ဘို့ရာ တရက်သာလိုအပ်ပါတော့တယ်"

သခင်မကြီးသည် ချက်ခြင်းပင် သတိပေးကာ တားဆီးလိုက်ပြန်ပါသည်။

စန္ဒာလ မင်းသည် ကောင်းကင်အလယ်တွင် တင့်တယ်ဝင့်ကြွားကာ နက္ခတ်စုံခြံရံလျက် ထွက်ချီတော်မူနေသော ညဥ့်ကာလ....

www.burmeseclassic.com

www.burmeseclassic.com



မွှေးနံ့ ပေါင်းစုံခဲသည့် ရွှေနန်းရင်ပြင်တဝိုက်မှ လေပြေကလည်း တသုန်သုန်ကွန့်မြူး ချယ်လှယ်နေတော့၏။ ခတ်အုပ်အုပ် တရားသံများ၊ မေတ္တာပို့သံများနှင့် နန်းတော်ဦးရှိ စေတီတော်ကြီးများဆီမှ သည်းလည်းသံများ သဲ့သဲ့သာ လှုပ်ရှားမှုအသံများအဖြစ် ထွက်နေသော ဆိတ်ငြိမ်ရာကာလ....

သို့မဟုတ် အချင်းဂါးဆယ်မြောက်သော ညချမ်းကာလပင် ဖြစ်ပေ၏။ ဟေမန္တဆောင်၏ အတွင်းခမ်းတွင်း၌ ဗိုလ်ကြီး-အောင်မင်းကျော်နှင့် တောင်တန်းကောရီသခင်မကြီးတို့အား သလွန်တော်တခုပေါ်၌ အတူယှဉ်တွဲလျက် အိပ်စက်နေသည်ကို တွေ့နိုင်ပေ၏။

"မောင်တော်သခင်ကြီး....အမိဋ္ဌာန် အောင်မြင်ရုံ မကဘူး၊ မှန်ကန်စွာ ဆိုအပ်တဲ့ သစ္စာအဓိဋ္ဌာန်ကြောင့် ဘုရားနှမတော်အတွက် ကြံ့တိုင်းအောင် ဆောင်တိုင်း မြောက်နိုင်တဲ့ အကျိုး အာနိသင်ပါ ရရှိခဲ့ပါပြီ သခင်ကြီး၊ ဒီကရွှေ့ သခင်ကြီးရဲ့လိုအင်ဆန္ဒနဲ့ ရည်ရွယ်ချက်တွေဟာ မုချအောင်မြင်ပြီ ဆိုတာ ရွှေနား ပန်ဆင်တော်မူပါ သခင်ကြီး၊ အရေးအကြီးဆုံး ခန္တီပါရမီပါဘဲ...သခင်ကြီး၊ ပါရမီဆယ်ပါးမှာ ခန္တီပါရမီဟာ ဆားလိုပါဘဲ၊ ရသာ ခြောက်ပါးမှာ ဆားမပါရင် အရာမရောက်သလို ခန္တီပါရမီဟာလဲ ဆယ်ပါးသော ပါရမီထဲမှာ အပြဲတန်းပါဝင်နေပါတယ်၊ သခင်ကြီးဟာ အသားနဲ့ မီးနဲ့ချက်ပြုတ်တဲ့ အရသာတွေ ငယ်စဉ်ကတည်းက မှီဝဲခဲ့တယ်၊ ဒါပေမဲ့ အချိန်အခါကျတော့ ဘုရားနှမတော် နယ်မြေထဲ ကြွချီပြီး တဲ့အခါမှာ စိတ်ပြောင်းဘို့အတွက် မီးလွတ်သစ်သီးစခမ်းနဲ့ ပြောင်းပြီး၊ ဒုက္ခခံပြီး ရသာဘာကျာတွေဖြစ်တဲ့ အနေနဲ့ သစ်သီးဝလံတွေကို သီးခံပြီးပွဲတော်တည်ခဲ့တယ်၊ ခုဆိုရင် သခင်ကြီးရဲ့ အဓိဋ္ဌာန် သော ဆယ့်ကိုးရက်ဟာ အောင်မြင်ရုံမကဘဲသစ္စာလေးချက်တခိုးကြောင့်



ဒီနေ့ညဆိုရင် မောင်တော် သခင်ကြီးနဲ့ နှမတော်ဘုရားဟာ ရွှေလည်တွဲပြီး နန်းစက်ရာဆောင်ခမ်းမှာ ယှဉ်တွဲ စက်တော်ခေါ်နိုင်ခဲ့ပြီ"

"မောင်တော်အဘို့တော့ အင်မတန်ဝမ်းသာကြည်နူးနေလို့... မောင်တော်ဘုရားရင်ထဲမှာ ခံစားမှုတွေကို စကားအရသာနဲ့ အပြင် ဖေါ်ပြီးမထုတ်နိုင်တော့ဘူးသခင်မကြီးရယ်၊ ဒီကရွှေ့ကို နိဗ္ဗာန် ရွှေပြည်အထိ မောင်ဘုရားနဲ့ သခင်မကြီးတို့ တစက္ကန့် တဆန့်ချိမှ မကွဲကွာတမ်း ရွှေလည်တွဲကာ စမ္ပါယ်ကြဘို့ ဆုတောင်းပါနော် သခင်မကြီးရယ်"

ဗိုလ်ကြီး-အောင်မင်းကျော်သည် တောင်တန်းကောရီသခင်မကြီး၏ ပါးပြင်တွင် သူ၏မှတ်သိပ်ဆာလောင်နေသော နှာခေါင်းကြီးကို ကျကျနနတင်ကာ မွှေးမွှေးပေးရင်း သူ၏ညာလက်က အချိုးအစားကျသလောက် လှပကျစ်လစ်သော တောင်တန်းကောရီသခင်မကြီး၏ ခါးကလေးကို တယုတယပွေ့ဖက်ကာ သူ၏ ရင်တွင်းခံစားမှု ဖြစ်ရပ်ကို ဖွင့်ဟနေရှာပါသည်။

"ဒီဘဝလဲ မောင်တော်သခင်ကြီးနဲ့ ဘုရားနှမတော်ဟာပေါင်းရမဲ့ တနေ့ ဘဝလဲမကွာ အတူပါဘဲ၊ နိဗ္ဗာန်ရွှေပြည်အထိတူမကွဲတန်း တက်လှမ်းနိုင်ကြပါပြီသခင်ကြီးရယ်၊ ဩော်-မောင်တော်-....မောင်တော် မျှော်လိုက်ရ၊ လှမ်းလိုက်ရတဲ့ရက်တွေ နှမတော် ဘုရားရဲ့ လှမ်းရတာက်ကို မြင်စေချင်တော့တယ်၊ တူစုံမောင်မယ် ယှဉ်တွဲထားတဲ့ရုပ်ပုံလှောင်းတွေကို ကြည့်ကြည့်ပြီး ဘုရားနှမတော် မျက်ရည်ကျရတာလဲ ရက်ပေါင်းအနန္တပါဘဲမောင်တော်"

တောင်တန်းကောရီသခင်မကြီးသည် သူမ၏လက်နှစ်ဘက် သူ့မအား အထက်မှငုံ့ကာ မွှေးမွှေးပေးနေသော ဗိုလ်ကြီး-အောင် မင်းကျော်၏လည်ပင်းကို ဟီးလေးခိုကာအားရပါးရမတ်လိုက်ပါသည်။ ဗိုလ်ကြီးအောင်မင်းကျော်၏တကိုယ်လုံးမှာ မကြုံစဖူး ထူးထူးသော

www.burmeseclassic.com

www.burmeseclassic.com



အတွေ့ခေါက်အာရုံများသည် စက္ကန့်ပိုင်းကလေး အတွင်း၌ လျှပ်စစ်လိုက်သလို သွက်သွက်ခါသွားရှာပါသည်။

မလှမ်းမကမ်းတွင် အလင်းရောင်အတွက် ဖွင့်ထားသော ရွှေတိုင်တော်သည် တမဟုတ်ခြင်းငြိမ်းအေးကာ မှောင်အတိ ကျသွားရှာပါသည်။ ကောင်ကင်ပြင်ဝယ် ကြယ်ပွင့်ကလေးများသာပေမနေတို့၏အချမ်းကို ကြယ်ပွင့်ခြင်း ပူးကပ်ခြင်းဖြင့် ကာ ကွယ် နေသကဲ့သို့ ကြယ်ပွင့်ခြင်း ထိတွေ့နေသကဲ့သို့ပင်....

မင်းပရိသတ်စုံညီသော နံနက်ခင်းညီလာခံအချိန်အခါဖြစ်ပေ၏ ရွှေဆုံးထိပ်ပိုင်းမှ ရာဇပလ္လင်ကြီးကိုတွေ့နိုင်ပေ၏။ ရာဇပလ္လင်၏ညာဘက်ရှိ သလွန်တော်ပေါ်၌ ဗိုလ်ကြီးအောင်မင်းကျော်နှင့် တောင်တန်းကေရီသခင်မကြီးတို့က ကွပ်ကဲကာ စမ့ါယ်လျက် ၎င်းတို့နေရာပိုင်းတွင်ရှိသည့် သလွန်တော်ပေါ်၌ကား- စောခမ်းနွဲ့သည် ရွှေဆုံးမှထိုင်လျက် သူမ၏နောက်၌ ရံရွေတော်နှစ်ဦးက ပဆစ်ဒူးချခစားလျက်တွေ့နိုင်ပေ၏။ ရာဇပလ္လင်ကြီး၏ ရွှေတခမ်းကွာတွင်မူကား.... အတွင်းပုဂ္ဂိုလ်အမတ်ကြီးလေးပါးသည် သလွန်တခုစီနှင့်ကွန်ရှေရစွာထိုင်လျက်တွေ့နိုင်ပေသည်။ မတ်တပ်ရပ်ကာ လျှောက်တင်နေသော ပုဂ္ဂိုလ်ကား အောက်မြို့တော်တာဝန်ခံ တမန်ကြီး ဘိုးအာဏာပင်ဖြစ်ပေ၏။

"မှန်လှပါ-ရွှေနန်းရှင်ကိုယ်တော်ကြီး နှင့် သခင်မကြီးဘုရား.... ရက္ခဗလဟာ အင်မတန်မိုက်မဲသောအကြံအစည်များဖြင့် သူ၏နောက်ပါလူယုံတော်များကို စုစီးပြီး အထက်မြို့တော် ဘက် ရုတ်တရက် ဝင်စီးဘို့ထွက်အလာမှာ သခင်မကြီး၏ ဘုန်းကံတော်ကြောင့် သူတို့သွားမဲ့ ခရီးလမ်းတဝိုက်မှာ ကြောက်မက် ဘွယ်ရာ မြေ ငလျင်ကြီး သွက်သွက်ခါအောင်လှုပ်လိုက်လို့ ရွှေ့မတိုးဝန့်ကြဘဲ ပြန်ဆုတ်ခွါသွားပါကြောင်း၊ သည့်နောက်ကို ရက္ခဗလဟာ သူ့ရဲ့လူရင်းများ



စစ်သားအချို့ကိုခေါ်ယူပြီး ရွှေမျဉ်းကြောင်း နယ်နိမိတ်ဆီကို အဆောတလျင် ဆုတ်ခွါသွားကြပြီး အောက်ပါအချက် အလက်တွေကိုပြကာ အရေးဆိုလာပါသည်။

တစ်အချက်ကတော့ ရက္ခဘုမ္မိနယ်မြေကို သီးခြား လွတ်လပ်တဲ့ သူ့ရဲ့ကိုယ်ပိုင်မြေအဖြစ် အသိအမှတ်ပြုပေးဘို့ဖြစ်ပါတယ်....

နှစ်အချက်က ရက္ခဘုမ္မိနယ်မြေထဲမှာ စခမ်းချထားတဲ့သခင်ကြီးနဲ့ သခင်ကြီးရဲ့တပ်တွေကို သူ့ရွှေ့မှောက်မှာ လက်နက်ချ အဖမ်းခံဘို့ဖြစ်ပါတယ်...."

ဟားကနဲရယ်မောလိုက်သော ဗိုလ်ကြီးအောင်မင်းကျော်၏ရယ်သံကြီးသည် တခမ်းလုံးလှမ်းမိုးသွားပါသည်၊ ချက်ခြင်းပင်....

"ဆက်ပြီးလျှောက်တင်ပါ တမန်ကြီးရဲ့"

တောင်တန်းကေရီသခင်မကြီးက အမိန့်တော်ရှိပြန်သည်တွင်....

"သုံးအချက်ကတော့ နှမတော်စောခမ်းနွဲ့ဟာ အမျိုးနဲ့ သွေးရင်းကို သစ္စာဖေါက်ပြီး မြန်မာစစ်ဗိုလ်ဆီ တန်းတန်းစွဲလိုက်ပါသွားခဲ့ခြင်းကြောင့် သစ္စာဖေါက်အနေဖြင့်စီရင်ရန် စောခမ်းနွဲ့ကို ကြိုးတုပ်၍ သူ့ဆီပို့အပ်ရန်"

"လေးအချက်ကတော့ တောင်တန်းကေရီသခင်မကြီးဟာ ရက္ခဗလနဲ့နှင့် မင်္ဂလာလက်ဆက်ရလိမ့်မယ်"

ရက္ခဗလရဲ့တောင်းဆိုချက်ကို တင်ပြအစီရင်ခံပြီးစီးပါကြောင်းပါရွှေနန်းရှင်သခင်ကြီးနှင့်သခင်မကြီးတို့ဘုရား"

"ရယ်စရာနဲ့ ရှ စရာ ကောင်းလိုက်လေတယ် တမန်တော်ကြီး၊ ကောင်းပြီး....ရက္ခဘုမ္မိ ပြည်သူ ပြည်သားတွေ ကြေငြာ လိုက် ပေါ့ ရက္ခဗလဘက် ထောက်ခံလိုက်ပါချင်တဲ့ လူတွေ ရက္ခဗလဆီသွားပြီး ပူးပေါင်းကြပါ၊ သခင်မကြီးရဲ့ကျေးဇူးသစ္စာတော် စောင့်သိရိုးသ

www.burmeseclassic.com

www.burmeseclassic.com



သူတွေ မြို့တော်ကမထွက်ကြနဲ့ ခုနစ်ရက်အချိန်ပေးလိုက်မယ်သိကြရောပေါ့ကွယ်"

အတွင်းပုဂ္ဂိုလ်ဘိုးပညာသည် ကိုင်နေရာသလွန်ပေါ်မှ ထ,ကာလက်အုပ်ချီ၍ ရှိသေစွာအကြံဉာဏ်လျှောက်တင်လိုက်သည်မှာ....

"မှန်လှပါ ရွှေဉာဏ်ရှင် ပညာဘုရင်မကြီးဘုရား....၊ ဘာမဟုတ်သည့် ငမိုက်သား ရက္ခဗလတယောက်တည်းကြောင့် အခြား ဉာဏ်ပညာမရှိကြတဲ့ အပြစ်မဲ့တဲ့ လူသားတွေကို မသုက်သင်မဖျက်ဆီးသင့်ပါဘုရား၊ သခင်မကြီး၏ ဘုန်းပညာစက်နဲ့ တချက်ထည်း လွှင့်လိုက်လျှင် မျက်စေ့တမှိတ် လျှပ်တပျက်မှာဘဲ ရက္ခဗသနှင့်အပေါင်းပါတွေသာမက ရက္ခဘုမ္မိပြည်သူပြည်သားတွေ တိုက်တာ အဆောက်အဦတွေ အားလုံးပြာအတိ မှုန့်ချဖြစ်ပါလိမ့်မည် သခင်မကြီးဘုရား၊ အမိန့်တော်ကို သတ္တဝါတွေကို ရင်ဝယ်သားကဲ့သို့ မေတ္တာတရားရှေ့ထား၍ ပြင်ဆင်ချမှတ်တော်မူသင့်ပါတယ်ပညာသခင် ဘုရင်မကြီးဘုရား"

"ဘုရားကျွန်တော်မျိုးကြီး ရှိခိုးသစွာ လျှောက်တင်အပ်ပါသည် သခင်မကြီးဘုရား၊ မကြာခဏ ဆိုဆုံးမဩဝါဒစကားကို မလိုက်နာတဲ့ ငမိုက်သားရက္ခဗလကို သပ်သပ်ရွေးကာ ဆုံးမရန်အချိန်တန်ပါကြောင်းပါသခင်မကြီးဘုရား"

ဘိုးသစ္စာအမတ်ကြီးက လျှောက်ထားလိုက်သည်တပြိုင်နက်ထဲ--

"ကိုင်း....ကျွန်တော်နဲ့ စီးချင်းဆိုင်တို့ တမန်ကြီးဘိုးအာဏာကစီစဉ်ပေတော့- ဒါမှ ကြားက အပြစ်မဲ့တဲ့ ပြည်သူ လူထုတွေနဲ့ စစ်သည်ရဲမက်တွေ မထိခိုက်တော့မယ်၊ ဒါဟာအကောင်းဆုံးအကြံဉာဏ်ဖြစ်ပေတယ်"

ဗိုလ်ကြီး-အောင်မင်းကျော်သည် ထိုင်ရာမှထကာအမိန့်ပေးလိုက်ပါသည်။



တောင်းတန်းကေရီသခင်မကြီးသည်....

"မောင်တော်ဘုရားနဲ့ ဤဇမ္ဗူတုယှဉ်ဖြိုး လက်ရုံးရည်နှလုံးရည်အရ အခြားပုဂ္ဂိုလ်တဦးကို သခင်မကြီးမြင်တော်မမူပါ၊ အကယ်၍သာ ရက္ခဗလသည် မောင်တော်သခင်ကြီး၏စီးချင်းတိုက်ပွဲ ချိန်းဆိုချက်ကို လက်ခံခဲ့ပါလျှင် ရက္ခဗလ၏ဘဝကား ဆုံးလေပြီမှတ်ယူကြပေတော့"

အခြားအမတ်ကြီးနှစ်ဦးကလည်း ဗိုလ်ကြီး-အောင်မင်းကျော်၏ တောင်းဆိုချက်ကို များစွာ သဘောကျကာ တညီ တညွတ်တည်း ကောင်းမြတ်သော အကြံဉာဏ်များအဖြစ် လက်ခံရန် ဆန္ဒပေးကြပါသည်။

"ညီမတော် ဓေသင်္ဂါ သက်ထားကို မဘုရားကြီး သိပါရစေကွယ်"

တောင်တန်းကေရီသခင်မကြီးက မေးမြန်းလိုက်သည်တွင် ဓေခမ်းနွဲ့သည် ချက်ခြင်းပင်....

"နောင်တော်ရက္ခဗလဟာ ပရိယာယ်အရာမှာ အင်မတန် ကြွမ်းကျင်ပြီး အသတ်အပုတ် ဝါသနာကြီးရင့်သူ ဖြစ်ပါတယ် အမတော်ဘုရား၊ဗလအရာမှာလဲ ခွန်အားကြီးမားသန်စွမ်းသူတယောက်ပါသခင်ကြီး အနေနဲ့ ဗလခြင်း-အရပ်အမောင်းခြင်းရော ကိုက်ညီ မျှတမှုရှိ၍လည်းကောင်း၊ ဘုန်းအားတံခိုးတော်အရာမှာလဲ မောင်တော်သခင်က သာလွန်နေခြင်းကြောင့် လည်းကောင်း၊ စီးချင်းတိုက်ပွဲကျင်းပခဲ့လျှင် ပြည်သူပြည်သားတွေက တရားမျှတသော တိုက်ပွဲတရပ်အဖြစ် အသိအမှတ်ပြုကြပါလိမ့်မယ် အမတော်ဘုရား၊ ဘုရားညီမတော်လျှောက်တင်တဲ့ ကောက်ကျစ်စဉ်းလဲမှု ပရိယာယ်ကိုသာ ရှေနားပန်ဆင်တော်မူသင့်ကြောင်းပါဘုရား"

"ကောင်းပြီ၊ ကိုင်း...တမန်တော်ကြီး- ဘိုးအာဏာ မင်းလိုလင်

www.burmeseclassic.com

www.burmeseclassic.com



များကိုစေလွှတ်ပြီး၊ ရက္ခဗလကို စီးချင်းတိုက်ပွဲအတွက် အကြောင်းပြန်ကြားချင်လို့ အမိန့်တော်နာခံစေ....”

တောင်တန်းကေရီသခင်မကြီးသည် အမိန့်တော် ချမှတ်လိုက်ပါသည်။ ထိုနောက် တောင်တန်းကေရီသခင်မကြီးသည် စောခမ်းနွဲ့ကိုခေါ်ယူကာ မဟာဇေယျမာန်အောင် စေတီတော်ကြီးဆီသို့ ဖူးမြော်ရန် ကြွချီသွားကြပါတော့သည်။

“အင်မတန်ကောင်းမြတ်တဲ့ အမိန့်တော်ဘဲ တမန်ကြီး”

အတွင်ပုဂ္ဂိုလ် ဘိုးပညာက ဝေဖန်လိုက်ရာ....

“ဒီတခါတော့ ရက္ခဗလ အဆက်ပြတ်ပြီ၊ ကိုင်း....အကျွန်ုပ်တို့ တာဝန်ကျေပြွန်မှုရှိအောင် အောက်မြို့တော်ကို ဆင်းကြစို့ရဲ့၊ ရက္ခဗလ ရှိရာ ရွှေမျဉ်းကြောင်းနယ်စပ်ကို မြင်းစေကျော်တွေစေလွှတ်ပြီး သခင်မကြီးရဲ့ အမိန့်တော်ကိုနာခံစေဘို့ စီစဉ်ရမယ်”

တမန်ကြီး-ဘိုးအာဏာသည် ဘီလူးရုပ်ထိပ်စီးရှိသည့် တောင်ဝှေးကြီးကို ထောက်ကာနှုတ်ဆက်ရင်း နန်းရင်ပြင်တော်ပေါ်မှ ရွှေလှေခါးကြီးဆီသို့ ဆင်းသက်ခဲ့ပါသည်။

## သစ္စာအဓိဋ္ဌာန်နှင့် စီးချင်းတိုက်ပွဲ

နောက်တနေ့နံနက်ဝယ် ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏ တပ်ဖွဲ့ကိုပြင်ဆင်ရန်အတွက် တောင်တန်းကေရီသခင်မကြီးထံ ခွင့်ပန်ကာ အောက်မြို့တော်သို့ဆင်းသက်ရောက်ရှိလာပါတော့သည်။ အထူးတပ်ဖွဲ့ဝင်များသည် သူတို့တပ်မှူး ဗိုလ်ကြီး-အောင်မင်းကျော်ကို သောင်းသောင်းဖျဖျ ကြိုဆိုကြရင်း ရက္ခဗလနှင့် အပေါင်းပါများ မြို့တွင်း ထွက်ခွါသွားရာသို့ လိုက်လံတိုက်ခိုက်ရန် အတွက် အခွင့်တောင်းလိုက်ကြပါသည်။



ဒီအရေးကိစ္စဟာ တိုင်းသူပြည်သားတွေနဲ့ ရဲဘော် ရဲမက်တွေ ဒုက္ခမဖြစ်စေရဘူး ရက္ခဗလနဲ့ကျုပ်နဲ့ စီးချင်းတိုက်ပွဲ ကျင်းပမယ်၊ ဒါကြောင့် အရ သဘောမျိုးအဖြစ်နဲ့ ကိုယ့်တပ်ဖွဲ့အတွက် ပြင်စရာဆင်စရာများကို ပြင်ဆင်ပြီး လူနဲ့လက်နက်နဲ့မကွာ စောင့်ကြည့်နေကြ....။

ဗိုလ်ကြီး-အောင်မင်းကျော်သည် အမိန့်ပေးလိုက်ပြီး၊ မြို့ပြ အခြေအနေ ညိမ်သက်မှုရှိစေရန် သူ၏တပ်စုများကို ကင်းလှည့်ကာ အုပ်ချုပ်ထိမ်းသိမ်း စေပါသည်။ ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏တပ်သားများနှင့်အတူ ကျန်းမာရေး လေ့ကျင့်ခန်းဆင်းနေခိုက်တွင် တမန်ကြီးနှင့်ရက္ခဗလဘက်မှ နန္ဒိယစစ်သူကြီးသည် လိုက်ပါ ရောက်ရှိလာပါသည်။

“ဘယ်လိုလဲ တမန်ကြီး၊ ရက္ခဗလရဲ့ အကြောင်းပြန်ချက်”

ဗိုလ်ကြီး-အောင်မင်းကျော်သည် ခရီးရောက်မဲ့ဆိုက်ခင် မေးမြန်းလိုက်ပါသည်။

“စီးချင်းတိုက်ဘို့အတွက် သဘောတူကြောင်းပါ သခင်ကြီး”

ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏ ကြွက်သားတွေ ဖုဖုကာ ကြီးမားလှပသော လက်ရုံးကြီးနှစ်ဖက်ကို အားရပါးရမြှောက်တင်လိုက်ပြီး....

“ကောင်းပြီ....ရက္ခဗလကိုမေးလိုက်စမ်း၊ကြိုက်ရာလက်နက် ရွေးလိုက်ပါလို့ ဓါးကိုဓါးခြင်း၊လှံကိုလှံခြင်း၊ ရဲဒင်းဆို ရဲဒင်းခြင်း”

“ကောင်းပါပြီ....သာရမန် သခင်ကြီးကို အမြန် လျှောက်တင်လိုက်ပါမယ်”

နန္ဒိယ စစ်သူကြီးသည် ဗိုလ်ကြီး-အောင်မင်းကျော်၏ မြင့်မားသော အရပ်အမောင်းနှင့် ကြီးမားလှပသော ခွန်အားဗလကြီးကို

www.burmeseclassic.com

www.burmeseclassic.com



နီးနီးကပ်ကပ်တွေ့မြင်သွားခဲ့ခြင်းကြောင့် မသိမသာ မျက်နှာအကြီး အကျယ်ပျက်ကာ တုံ့တုံ့ရီရီနှင့်ဖြေကြားလိုက်ပါသည်။

"တမန်ကြီး ဘိုးဘိုး…နေ့ရက်နေရာနဲ့ စည်းကမ်းတွေကို သတ်မှတ်ပေးဘို့လဲ စီစဉ်လိုက်ပါ၊ နှစ်ဦးနှစ်ဖက်မျှတမှုနဲ့ ဖြောင့်မတ်မှု အောင်လဲစီစဉ်လိုက်ပါ၊ဥာဏ်မကူတမ်း လက်ရုံးရည်ဆိုလျှင် လက်ရုံး ရည်ခြင်း ယှဉ်တိုက်ကြဘို့ဖြစ်တယ်"

နန္ဒိယ စစ်သူကြီးသည် ခေါင်းငုံ့ကာ ခတ်သုတ်သုတ် တပ်စခန်း အတွင်းမှ ထွက်ခွါသွားပါတော့သည်။

တမန်ကြီး-ဘိုးအာဏာသည် တကိုယ်တည်းပြုံးရင်…

"ဒင်းတို့လူစုံဘက်သားတွေ သောင်ပြင်လွှတ်တဲ့ဒွေးဇာတ်တော့ ခင်းကိန်း ဆိုက်နေပြီ၊ မြင်မိပါသေးတယ် ရက္ခဗလရယ်…ဒင်းအကြံ ဒင်းစိတ်ယာတ်နဲ့ ဒင်းမှုချသေရမှာဘဲ"

ကြုံတင်၍ နိမိတ်ဖတ်လိုက်ပါသည်။

မကြာမီ အောက်မြို့တော် သို့မဟုတ် ရက္ခဘုမ္မိမြို့တော်သူမြို့တော်သား အပေါင်းတို့သည် တောင်ပေါ် သခင်ကြီးင် ရက္ခဗလ သာရ မန်ကြီးတို့၏ စီးချင်းတိုက်ပွဲ အကြောင်းကို ကြားသိကုန်သည်နှင့် တပြိုင်နက်ထည်း အုံးအုံးကျွက်ကျွက် ဖြစ်ကုန်တော့၏။ တမန်ကြီး ဘိုးအာဏာသည် ပီးချင်း တိုက်ပွဲအတွက် နေရာ သတ်မှတ်ရေးနှင့် နှစ်ဦးနှစ်ဘက်ရှိ လူကြီးများအဖြစ် ရက္ခဗလ၏ အမတ်ကြီး လေးဦး နှင့် ဗိုလ်ကြီး-အောင်မင်းကျော်ခေါင်းဆောင်သော အထက်မြို့တော် ဘက်မှ အတွင်းပုဂ္ဂိုလ်ကြီး လေးဦး၊ ဘိုးပညာ၊ ဘိုးသစ္စာ၊ ဘိုးသဒ္ဓါ၊ ဘိုးမေတ္တာ အစရှိသည့် အတွင်းဝန်လေးဦးကို ရွေးချယ်သတ်မှတ် လိုက်ပါသည်။

ဗိုလ်ကြီး-အောင်မင်းကျော်ဆီဘို့ အတွင်း လျှို့ဝှက်စွာ ခေါ်ယူ ခဲ့သော ဝလက်နက်ကိုင်ကိုရုပ်ဖျက်ကာစေလွှတ်ခဲ့ရာမှ သတင်းတခု



ကြားလိုက်ရပါသည်။ ရက္ခဗလသည် လျှို့ဝှက်သော စခန်းတခုတွင် ဒါးခုတ်-လှံထိုး လက်ဝှေ့ပညာရပ်များကို ကျွမ်းကျင်သော သိုင်း ဆရာများ၊ဓါးသမားမျိုးနှင့်ကြိတ်၍ အပြင်းအထန်ဖလှယ်ကျင့်ခဏ်း ယူနေသော သတင်းပင် ဖြစ်၏။ ထိုသတင်း လာပို့သူမှာ ဗိုလ်ကြီး အောင်မင်းကျော်တို့တပ်ဖွဲ့ကို လာရောက်တိုက်ခိုက်စဉ်က ဒဏ်ရာရရှိ သွားသော ဝလက်နက်ကိုင်တဦးကို ဗိုလ်ကြီး-အောင်မင်းကျော်က ဆေးဝါးကုသ ပေးခဲ့သည်အတွက် အသက် ချမ်းသာရာ ရရှိခဲ့သည့် ဝလက်နက်ကိုင်တပ်သားပင်ဖြစ်ပေ၏။

မကြာမီ ရက္ခဗလဆီမှ စီးချင်းတိုက်ပွဲအတွက် နေ့ရက်နှင့်နေရာကို အတိအကျကြေငြာပေးရန် တောင်းဆိုလာပါသည်။ ဤတွင် တမန် ကြီး ဘိုးအာဏာသည် စီးချင်းတိုက်ပွဲ နေရာအတွက် မြို့၏တနင်္ဂနွေ ဒေါင့် ကွက်လပ်ကြီးကို သတ်မှတ်လိုက်ပြီး ဓါး လှံ လက်နက်ရှဲဒင်း စသည်တို့ကို ကိုင်ဆောင်တိုက်ခိုက်နိုင်ခွင့်ရှိကြောင်းကိုပါ ပြန်ကြား လိုက်ပါတော့သည်။ မြို့၏တနင်္ဂနွေဒေါင့်ရှိ ကွက်လပ်ကြီးကို စံနစ် တကျ မြေများညှိခြင်း၊ သန့်ရှင်းခြင်း စသည့်လုပ်ငန်းများကို ပြုလုပ် စေပြီး၊ မသမာမှု မရှိကြစေရန် အစောင့် အရှောက် တပ်စုတစုကို ဗိုလ်ကြီး-အောင်မင်းကျော်က ချထားလိုက်ပြီး နေ့ညမရွေး ခစောင့် ကြပ်နေပါတော့သည်။

စီးချင်းတိုက်ပွဲ သတ်မှတ်ထားသောနေ့ နံနက်စောပိုင်းသို့ တိုင် ရောက်ခဲ့ပါတော့သည်။ အထက်မြို့တော်ပေါ်မှ မင်္ဂလာစည်တော် သံ မြိုင်မြိုင်ဆိုင်ဆိုင်စွာ ထွက်ပေါ်လာချေ၏။ မကြာမီ နာရီပိုင်းအတွင်း၌ တောင်တန်းကေရီသခင်မကြီးနှင့်စောသခါတို့ကို ရွှေထီးငွေထီးများ မိုးကာလျက် အထက်မြို့တော်ဘက်မှ မြစ်ကူးတံတားဆိပ်သို့ နောက် ပါအခြံအရံပရိသတ်များနှင့်အတူ ဆိုက်ရောက်လာခဲ့၏။ တောင် တန်းကေရီသခင်မကြီး၏ ညာဘက်လက်ဟွှင်း၌ ရွှေတောင်ဝှေးတ

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကိုဆွဲကိုင်ပြီး တောင်ဝှေးထိပ်၌ နတ်ရုပ်ကလေး တရုပ်က သံလျက်ကိုင်ကာ ထုလုပ်ထားသည်ကိုတွေ့လိုက်ရပေ၏။

အောက်မြို့တော်သူ မြို့တော်သားများအဘို့ ရှေ့ဆုံးမှကြိမ်လုံးကိုင် မင်းလုလင်များကို စတင်ကာတွေ့လိုက်ရပြီး....

"တောင်တန်းကေရီသခင်မကြီး ကြွချီတော်မူလာပြီ- ကန်တော့ဖူးမျှော်ကြတော့"

ဟူသော ကြွေးကြော်သံများ၊ မင်္ဂလာစည်တော်သံများ၊ ခရုသင်းမှုတ်သံများကြောင့် မြို့တွင်းမှ တစုတဝေးကြီး သူ့ထက်ငါ ထွက်လာကြကာ လမ်းဘေးတဖက်တချက်တွင် ပုဆစ်ဒူးချ ကြိုဆိုနေကြပါသည်။ အင်မတန်တွေ့မြင်ရ ခက်ခဲလှသောတောင်တန်းကေရီသခင်မကြီးကို ယခုကြုံကြိုက်တိုက်ဆိုင်ခဲ့လှသည့် စီးချင်းတိုက်ပွဲကို ပွဲကြည့်ပရိသတ်အဖြစ်ကြွချီလာခြင်းမှာ အောက်မြို့တော်သူမြို့တော်သားများအဘို့ အခွင့်ထူးအခါကောင်းကြီးလည်းဖြစ်ပေ၏။

တောင်တန်းကေရီသခင်မကြီး၏ နတ်သွင်ပမာ မနုဿလူသားတွေ၏အလှထက် အဆပေါင်းများစွာလှပချောမောနေခြင်းကိုရက္ခဘုမ္မိပြည်သူပြည်သားတို့သည် တခဲနက် အုပ်အုပ်ကြွက်ကြွက်ချီးမွမ်းကာ လက်ဖျားတခါခါနှင့်ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါသည်။ နောက်တကြောင်းမှာလည်း ပညာရှင်မ အမည်ခံ စောခမ်းနွဲ့နှင့် တောင်တန်းကေရီသခင်မကြီးတို့ ရင်ဘောင်တန်းကာ ရက္ခဘုမ္မိမြို့တွင်းသို့ ကြွချီလာခဲ့သည့်အတွက် မြို့သူ မြို့သားအပေါင်းတို့ အဘို့ သခင်မနှစ်ဦး၏ချစ်ကြည်နူးမှုကို မျက်ဝါးထင်ထင်တွေ့မြင်နေရသည့်အတွက် အင်မတန်နှစ်ထောင်အားရရှိနေကြပါသည်။

ဗိုလ်ကြီးအောင်မင်းကျော်သည် သူ၏နောက်ပါ ရဲမက်များနှင့်အတူ ချီတက်လာပြီး တောင်တန်းကေရီသခင်မကြီးနှင့် စောခမ်းနွဲ့တို့ကို ကြိုဆိုလိုက်ပါသည်။ မြို့သူမြို့သားတွေဆီမှ တခဲနက်သြဘာ



သံများ၊ လက်ခုပ်သံများနှင့်အတူ ကောင်းချီးပေးသံ ဆုတောင်းသံများကလည်း ပဲ့တင်ထပ်ခမန်း ပေါ်ထွက်လာပါတော့သည်။ တောင်တန်းကေရီသခင်မကြီး နှင့် စောခမ်းနွဲ့တို့နှစ်ဦးသား သည် ဗိုလ်ကြီးအောင်မင်းကျော်၏ တပ်စခန်းအတွင်းသို့လိုက်ပါလာခဲ့ပြီး တပ်ဖွဲ့ရုံးခမ်းအတွင်း၌ ခေတ္တစံမြန်းလိုက်ပါသည်။ တပ်ဖွဲ့ဝင်ရဲမက်များအဘို့ လူနှင့်မမျှ နတ်၏အလှကဲ့သို့ ရူပါရုံရှင် တောင်တန်းကေရီသခင်မကြီးကို ကြည်ညိုလေးစားခြင်း စိတ်ဓါတ်များဖြင့် လာရောက်နှုတ်ဆက် ကန်တော့ကာ ဂါရဝပြုနေကြသည်။

တောင်တန်းကေရီသခင်မကြီးသည် သူ၏ ရွှေကွမ်းအစ်တော် ကလေးကိုဖွင့်ကာ အတွင်းမှ အရံသင့်သာ ထားသော ကွမ်းယာကို သူ၏ကြင်ဘက်တော် ဗိုလ်ကြီးအောင်မင်းကျော်ကို ဆက်သလိုက်ရာ ဗိုလ်ကြီး-အောင်မင်းကျော်သည် ဝမ်းမြောက် ဝမ်းသာစွာဖြင့် ချက်ခြင်းမဆိုင်းတန်းပင် ပါးစပ်တွင်းသို့ ထည့်ကာ အားရ ပါးရ-ဝါးကာ စားသောက်လိုက်ပေ၏။ တမဟုတ်ခြင်းပင် စက္ကန့်ပိုင်းအတွင်း၌ ဗိုလ်ကြီးအောင်မင်းကျော်၏ ခွန်အားနှင့် လျှင်မြန်ဖြတ်လတ်မှုတို့မှာ တမဟုန်တည်း တကိုယ်လုံး ပြန့်နှံ့ကာ လှုပ်ရှားခုန်ကစားလိုစိတ်နှင့် သတ္တိနှင့်ယှဉ်သော စိတ်တော်များ တခဲနက် ပေါ်ထွက်လာပါတော့သည်။

နေ့မွန်းတည့်ခါနီး၌ တမန်ကြီးဘိုးအာဏာနှင့် အောက်မြို့တော်အမတ်ကြီးနှစ်ဦးသည် တပ်စခန်းအတွင်းသို့ ဝင်ရောက်လာပြီး စီးချင်းတိုက်ပွဲအတွက် အချိန်နီးကပ်လာသည်ကြောင့် စီးချင်းတိုက်ပွဲကွင်းသို့ ကြွချီရန် လျှောက်တင်လိုက်ပါသည်။ ဤတွင် ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏လက်ရွေးစင် ရဲမက်ဆယ်ယောက်နှင့် တပ်စုမှူးဗိုလ်ညွန့်မောင်ကို အုပ်ချုပ်စေပြီးနောက် တောင်တန်းေ



www.burmeseclassic.com

www.burmeseclassic.com



၏ လက်ျာဘက်တွင် တည်ကြည်သောမျက်နှာနှင့်ရပ်လိုက်ပါသည်။

ဤတွင် တောင်တန်းကေရီ သခင်မကြီးသည် ထိုင်ရာမှ ထ,ကာ ပရိသတ်များအားလုံးကြားနိုင်သော အသံဖြင့်....

"ပရိသတ် စုံညီတဲ့ အခါမှာ ရက္ခဗလကို ကျွန်ုပ် တောင်တန်းကေရီသခင်မကြီးက စစ်ဆေးရလိမ့်မယ်၊ ယောကျ်ား ပြီသ,သော စိတ်ဓါတ်နဲ့ မှန်ကန်စွာ ဖြေကြားစေလိုတယ်၊ သင်ဟာ ကျွန်ုပ် တောင်တန်းကေရီ သခင်မကြီးရဲ့ မေတ္တာတော်တို့ ရယူလိုတယ် ဆိုတာ မှန်သလား"

"ဘယ်နည်းနဲ့ဖြစ်ဖြစ် ရယူစေမယ် ရက္ခဗလတဲ့ဟေ့"

ခက်ထန်စွာ ရက္ခဗလက ဖြေကြားလိုက်ရာ ပရိသတ်ကြီးသည် ဝေါကနဲ လူပျက်တယောက်၏ ပျက်လုံးထုတ်သည့် အသံကို ကြားရသကဲ့သို့ ဟားတိုက်ကာ ရယ်မောလိုက်ကြပါသည်။

"ကောင်းပြီ....ကျွန်ုပ်အနေနဲ့ ကျွန်ုပ်၏ ချစ်မေတ္တာကို ပုဂ္ဂလ ဓိဋ္ဌာန် ထားတယ်ဆိုရင် မတရားပါဘူး....၊ ဒါကြောင့် ကျွန်ုပ်ချစ်မေတ္တာစစ်မေတ္တာမှန်ကို ပိုင်ဆိုင်ခွင့်ရှိမဲ့ဘုန်းရှင်-က ရှင်-ပါရမီရှင်ကို ကျွန်ုပ်၏တိုင်းသူပြည်သားတွေရှေ့မှော်မှာ 'သစ္စာအဓိဋ္ဌာန်'နဲ့ ဆုံးဖြတ် ဖြေရှင်းလိုက်ပါမယ်"

သခင်မကြီးသည်ခြုံလွှမ်းထားသော မြစိမ်းရောင်ပိုးပုဝါကို လက်နှစ်ဖက်နှင့် အထက်သို့ကိုင်မြှောက်လိုက်ပြီး....

"ကျွန်ုပ်နှင့် ဘဝါ-ဘဝက ဆုတောင်းဘက်၊ ပါရမီ ဖြည့်ဘက် မေတ္တာရှင်မှန်ကန်သူသည် ဤပရိသတ်အတွင်းမှရှိခဲ့ပါလျှင် ကျွန်ုပ် ပိုးပုဝါသည် ပြည်သူပြည်သားများ ရှေ့မှောက်တွင် အပြီးအပိုင် ခြုံလွှမ်းပြသပါစေသတည်း၊"

"သာသနာစောင့်နတ်အပေါင်း၊ ဆရာသခင်အပေါင်းတို့ အသိသက်သေတည်ပါစေသတည်း" .



"ပြည်သူပြည်သားများ၏ ရှေ့မှောက်၌ အသိသက်သေတည်ပါစေသတည်း"

"မှန်ကန်သောသစ္စာ၊မှန်ကန်သောအဓိဋ္ဌာန်အတိုင်း မဆိုင်းခဏ တင်ရှားစွာပြသ,သက်သေဖြစ်ပါစေ"

သစ္စာအဓိဋ္ဌာန်ဆိုလိုက်ပြီး သခင်မကြီးသည် သူမ၏လက်တွင်းမှ ပိုးပုဝါကို အထက်သို့ ပင့်လွှတ်လိုက်ရာ ပိုးပုဝါသည် လေထဲ၌လွင့်ပါသွားပြီး၊ ပရိသတ် လူထုကြီး၏ခေါင်းပေါ်၌ သုံးပက် လက်ဝဲရစ်ဝဲပျံကာ သုံးပတ်မြောက်သောအခါ ဗိုင်လူကြီးများ၏လက်ျာဘက်၌ ဣန္ဒြေရရနှင့် ရပ်နေရှာသူ ဗိုလ်ကြီး-အောင်မင်းကျော်၏ လည်ပင်းတွင် လာရောက်ခါရစ်ပတ်လိုက်သည်ကို အံ့ဩဘွယ်အခြေအနေမျိုး အဖြစ် ပရိသတ်ကြီးကတွေ့လိုက်ရသည်တွင် နှစ်ထောင်အားရသော သြဘာသံကြီးသည် အုပ်အုပ် ကျက်ကျက်.ပေါ်ထွက်လာပါတော့သည်။

"ဒါမတရားဘူးဟေ့....စုံးအတတ်၊ မှော်အတတ်နဲ့လုပ်တားတဲ့ ပုဝါ၊ ထွီ....ရှံစရာ ပညာစုတ်တွေ"

ရက္ခဗလသည် ရှူးရှူးရှဲရှဲ ဒေါသသံကြီးဖြင့် ဖနောင့်နှင့် မြေကြီးကို ဆောင့်ကာကန်ကွက်လိုက်ပါသည်။

"ကောင်းပြီ....မောင်တော်-ရက္ခဗလ၊ သင်သာလျှင် ယခုစီးချင်းတိုက်ပွဲအတွင်း အောက်လမ်းပညာပိုင်းဆိုင်ရာ ဆရာမတွေခေါ်ယူပြီး ပရိသတ်ထဲမှနေပြီး သင်မတရား အနိုင်ယူမယ်လို့ ကြံစည်ခဲ့တာကို ဘယ်လိုချေပချင်သလဲ"

စောခမ်းနွဲ၏ ထက်မျက်သော အသံသည် တောင်တန်း ကေရီ သခင်မကြီး၏ လက်ျာဘက်မှပေါ်ထွက်လာပြီးနောက်....

"ဟဲ့....မသူတော် ဆရာကောင်တွေ၊ ခုထွက်ဟဲ့.... ပညာရှင် သခင်မကြီးအမိန့်"

www.burmeseclassic.com

www.burmeseclassic.com



စောခမ်းနွဲ၏ အမိန့်သံအဆုံး၌ တိုက်ပွဲကွင်း၏ အနောက်ဘက်မှ လူသုံးဦးသည် ခုန်ပေါက်ကာ မနေနိုင်- မထိုင်နိုင်အောင် ဖြစ်ကာ ကွင်းထဲသို့ပြေးထွက်လာပြီး သူတို့၏ လွယ်အိတ်အတွင်းမှ လူခေါင်းခွံကြီးများ၊ စီရင်ထားသောဆေးဝါးများကို ကွင်းပေါ်သို့ ဖြန့်ကြဲထားပေါ်ပြရင်း တုံ့တုံ့ရီရီနှင့်ဖြစ်နေရှာပြီး....

"ချမ်းသာပေးတော်မူပါ သခင်မကြီးနစ်ပါး၊ သာရမန် သခင်ကြီးရဲ့ အမိန့်အာဏာကိုမလွန်ဆန်နိုင်လို့ ခုလိုစီစဉ် လုပ်ဆောင်ခဲ့ရပါတယ်ဘုရား"

"ကဲ...ပြည်သူပြည်သားတွေ မြင်ကြပြီ မဟုတ်လား၊ ပုတ်လို့ပေါ်တယ်၊ ဟုတ်လို့ကျော်တယ်၊ သင်တို့ကို အုပ်စိုးခဲ့တဲ့ သာရမန်ကြီးဟာ သမာဓိတရား ရှိတယ်-မရှိတယ်ဆိုတာ ဘယ်လို ငြင်-ချက်ထုတ်ကြမလဲဟဲ့၊ နင်တို့ပစ္စည်းတွေ ယူပြီး-ဟောဒီနေရာက ခုမဆိုင်း ပြေးကြစမ်း"

စောခမ်းနွဲသည် လက်ညှိုးနှင့်ထိုးကာ အောက်လမ်း ဆရာတွေကို အမိန့်ပေးလိုက်ရာ သုံးဦးသော အောက်လမ်း ပညာရှင် များသည် သူတို့၏ အယုတ်တမာ ဆေးဝါများကို ကောက်ယူကာ ကဆုန်ချ၍ ပြေးလွှားရှောင်ရှားလိုက်ကြပါသည်။

"ဟဲ့....ကောင်မ၊ သစ္စာဖေါက်မ....နင်တော့လား.... ဒီတိုက်ပွဲပြီးလို့ ငါနိုင်ရင်တော့လားဟယ်၊ ခွေးသေ သေရပြီဆိုတာမှတ်ပေါ့ ကိုင်း....စီးချင်းတိုက်ကြမယ်၊ နင်တို့က ငါတို့အကြံတွေကိုကြိုတင်သိနှင့်တာ နာတယ်ကွာ"

"အသင် ရက္ခဗလ၊ ဘယ်ကဲ့သို့သောလက်နက်တွေကို ဆွဲကိုင်ကာ တိုက်ကြမလဲ့ အသင်ရွေးချယ်နိုင်ခွင့်ရှိတယ်"

"အိုး....သတ္တိရှိရင် လက်နက်မပါဘဲ ဗလချင်း-လူချင်းလုံးသတ်



ကြရအောင်၊ ဒါမှစိတ်တိုင်းကျ နိုင်တဲ့လူက ရှုံးတဲ့လူကို အသေ လည်ညှစ်သတ်ရတာက အရသာရှိတယ်"

"အဆင်သင့်ပါဘဲ ရက္ခဗလ၊ ကျုပ်ကလဲစိန်လိုက်တယ်"

ဗိုလ်ကြီး-အောင်းမင်းကျော်သည် လက်ပိုက်ထားရာမှ အောင်မြင်သော အသံကြီးဖြင့် လက်ဆန့်တန်းလိုက်ပါသည်။

တမန်ကြီး- ဘိုးအာဏာသည် ဒိုင်လူကြီး ရှစ်ယောက်နှင့် အတူ စီးချင်းတိုက်ပွဲစတင်ကျင်းပရန်အတွက် စီးချင်းတိုက်ပွဲ ကွင်းအလယ် ဗဟိုရိုဘွင် မျဉ်းကြောင်းဖြူ တခု တားလိုက်ပြီး၊ အရှေ့ဘက်တွင် ဗိုလ်ကြီး-အောင်မင်းကျော်ကို နေရာယူခိုင်းလိုက်သည်။ အနောက်ဘက်တွင် ရက္ခဗလကိုနေရာယူခိုင်းလိုက်၏။

ရက္ခဗလသည် သူ၏ အပေါ်အင်္ကျီပွကြီးကို ချွတ်လိုက်ပြီး၊ ရှမ်းဘောင်းဘီပွကြီးကို သားရေ ခါးပတ်ပြားကြီးကို ပတ်က ခါးတောက်၍ ပ်လိုက်၏။ သူ၏အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည်မှာ ညီညာသလောက်ထွားကြိုင်းလှပေ၏။ ကျယ်ပြန့်သောပုခုံးကြီးများ၊ရင်အုပ်ကြီးများကလည်း သာမန်ယောကျ်ားတွေထက် ကာယဗလတောင့်တင်းမှုကို အရှင်းသားသက်သေခံနေပေ၏။

ဗိုလ်ကြီး-အောင်မင်းကျော်ကလည်း သူ၏ ဝတ်ဆင်ထားသော ဗမာ့တပ်မတော်တံဆိပ်ပါသည့် ကြယ်နှစ်အင်္ကျီနှင့်စွပ်ကျယ်လက်ရှည်ကို ချွတ်လိုက်၏။ နေ့မွန်းတည့်ချိန်လောက်တွင် ဗိုလ်ကြီး-အောင်မင်းကျော်၏ ကြီးမားလှပသော အထက်ပိုင်း၌ဝင့်ကြွားနေပါတော့သည်။ အမျှောင်းလိုက် ပေါ်နေသော လက်မောင်း အိုးကြီးများ၊ ကြွတက်နေသည့် ပုခုံးသားကြီးများ အပြင် ကားတက်ပြီး ထစ်နေသော လက်မောင်းကြွက်သားတွေမှာ သတ္တိနည်းသူများအဖို့ သူ၏ ဗလကိုမြင်ရုံနှင့် စိတ်အားငယ်စေနိုင်ပေတော့သည်။

ရက္ခဗလသည် ဒေါသချောင်းချောင်း ထွက်သော နီရဲနေသော

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများနှင့် ဗိုလ်ကြီး-အောင်မင်းကျော်ကို စူးစူးစိုက်စိုက်ကြည့်နေ၏။ ဗိုလ်ကြီး-အောင်မင်းကျော်ကမူ ခတ်တည်တည် အကြည့်နှင့် ရက္ခဗလကို ကြည့် နေ သည်။ အရပ်အမောင်းရော- ကာယဗလပါ မတိမ်းမယိမ်းရှိလှသော ယောကျ်ား နှစ်ယောက်၏ စီးချင်းတိုက်ပွဲကား မိနစ်ပိုင်းမျှသာလိုပါတော့၏။

တမန်ကြီး-ဘိုးအာဏာ၏ ညာဘက်လက်တွင်းမှ အလံနီကလေးသည် အထက်သို့ပင့်မြောက်ထားရာမှ အောက်သို့ ဖျတ်ကနဲ ချကာ အချက်ပေးလိုက်သည်တပြိုင်နက် ကျားနာကြီးနှင့်တူသည့် ရက္ခဗလသည် လျင်မြန်သောအဟုန်ဖြင့် ဗိုလ်ကြီး-အောင်မင်းကျော် ဆီသို့ တအားစုပ်၍ပြေးဝင်လာပြီး ဗိုလ်ကြီး-အောင်မင်းကျော် မျက်နှာကို ခြေဖျားဖြင့်ပင့်၍ခတ်ချလိုက်၏။

ဗိုလ်ကြီး-အောင် မင်း ကျော် သည် ရက္ခဗလ၏ ခတ်လိုက်သော ခြေများကို ကပ်ကာ- သီကာဖြင့် သူ၏မျက်နှာကို ရှောင် လိုက် ပြီး၊ ရက္ခဗလ၏ ခြေဖျား အရှိန်လွန်၍ လည်ကာ အသွားတွင် ဗိုလ်ကြီး အောင် မာင်း ကျော်၏ ညာခြေဖဝါးက ရက္ခ ဗ လ ၏ တချောင်းတည်းသာရပ်တည်နေသည့် ဒူးကောက်ကွေးကိုစတ်ချလိုက်ရာ ရက္ခဗလသည် သူ့အရှိန်နှင့် သူလွန်ကာ ပက်လက်လန်ကာ စင်ကျသွားလေသည်။

ရက္ခဗလသည် မြေပြင်ထက်သို့ လွတ်ကျ ကျခြင်း ညာ လက်ဖြင့် ထောက်ကာ အားယူ၍ခုန်ကာ ထလိုက်ပြီး ဗိုလ်ကြီး-အောင်မင်းကျော်ဆီသို့ လူချင်းပူးကပ်ကာ လုံးလိုက်ပါသည်။ ရက္ခဗလ၏ ဘယ်လက်က ဗိုလ်ကြီး-အောင်မင်းကျော်၏ခါးကို မလွတ်တမ်းဖက်လိုက်ပြီး၊ ညာလက်က ဗိုလ်ကြီး- အောင်မင်းကျော်၏ လည်မျိုကို ညှစ်ဖက်လိုက်သည်တွင် ဗိုလ်ကြီး-အောင်မင်းကျော်၏ ညာလက်သီး



က ရက္ခဗလ၏ရင်ဝကို တချက်တည်း မှေ့ကာထိုးလိုက်ရာ အင့်ကနဲ ရက္ခဗလသည် နောက်သို့လန်ကာကျသွားပါတော့သည်။

ရက္ခဗလသည် လူချင်းပူကပ်၍ မလွယ်ကူမှန်း သိသည်ကြောင့် ဒေါသကြီးသူပြီပြီ ဒူးရော-လက်သီးပါ ပစ်၍သွင်းရင်း ဗိုလ်ကြီး-အောင်မင်းကျော်ရှိရာသို့ ခုန်ကာဝင်ချလိုက်သည်။ ဗိုလ်ကြီး-အောင်မင်းကျော်သည် အရှိန်နှင့်ဝင်ရောက်လာသော ရက္ခဗလ၏တိုက်စစ်ကို ညာအာက်တလှမ်းကွာသို့စောင်းကာရှောင်လိုက်ပြီး၊ မြေပြင်ပေါ်သို့ အရှိန်နှင့်ကျရောက်လာသည့် ရက္ခဗလ၏အထက်ပိုင်းကို ညာခြေနှင့် တအားပင့်ကာခတ်လိုက်ရာ လျင်မြန်လှသော ရက္ခဗလသည် သူ၏ နံကြားဆီသို့ကျရောက်လာမည့် ဗိုလ်ကြီး-အောင်မင်းကျော်၏ ခြေတဖက်ကိုဖမ်းကာ ချလိုက်သည်တွင် ဗိုလ်ကြီး-အောင်မင်းကျော်ကလည်း လျင်မြန်လှသောအဟုန်ဖြင့် ရက္ခဗလ၏ အပေါ်သို့ခုန်၍အုပ်လိုက်ပြီး နှစ်ယောက်သားမြေပြင်ပေါ်တွင် လုံးလိုက်-ထွေးလိုက်နှင့် သတ်ပုတ်နေကြပါတော့သည်။

အသားမကျသေးသော စီးချင်းတိုက်ပွဲကွင်းပြင်မှ ဖုံများသည် တထောင်းထောင်းထလျက် ယောကျ်ားကြီးနှစ်ယောက်၏ ထွေးလုံးသတ်ပုတ်ခြင်းကို ကောင်းစွာသရုပ်မဖော်နိုင်အောင်ရှိချေ၏။

ရက္ခဗလဆိုသူ၏ လည်ပင်းကိုမလွတ်တမ်းညှစ်ကာ ဖမ်းချုပ်ထားသည့် ဗိုလ်ကြီး-အောင်မင်းကျော်၏ ချုပ်ကိုင်ဖမ်းဆီးခြင်းမှ လွတ်မြောက်ရန်ဇာနည်ဉာဏ်ကြံလိုက်၏။ ရုတ်တရက် လက်ချောင်းများဖြင့် ဗိုလ်ကြီး-အောင်မင်းကျော်၏ မျက်လုံးနှစ်လုံးဆီသို့ လှမ်း၍ထိုးလိုက်ရာ သတိရှိနေသူ ဗိုလ်ကြီး-အောင်မင်းကျော်သည် ဖျတ်ကနဲဘေးသို့ ရှောင်ချလိုက်ရာ ရက္ခဗလ၏လက်ချောင်းများမှာ ဗိုလ်ကြီး-အောင်မင်းကျော်၏ ညာဘက်မျက်လုံးဘေးမှ ပွတ်ကာ လွတ်အသွားတွင်

www.burmeseclassic.com



ဗိုလ်ကြီး-အောင်မင်းကျော်၏ ဘယ်ဘက်လက်ချောင်းများက ရက္ခဗလ၏လည်စေ့ကို အားရပါးရဆုပ်လိုက်မိပါသည်။

ရက္ခဗလကလည်း ဘေးစောင်းကျနေရာမှ ဗိုလ်ကြီး-အောင်မင်းကျော်၏ နံကြားဆီသို့ ဆောင့်ကာကန်လိုက်ပြီး၊ ဗိုလ်ကြီး-အောင်မင်းကျော်၏ ညာလက်မောင်းက ချုပ်ကိုင်မှုကို လွတ်အသွားတွင် ဗြုန်းကနဲခုန်၍ရပ်လိုက်ပါသည်။

သို့ရာတွင် အလွန်လျင်မြန်လှသော ဗိုလ်ကြီး-အောင်မင်းကျော်သည် ခတ်စောင်းစောင်းနေရာမှ သူ၏ညာခြေဖြင့် ရက္ခဗလ၏ ခြေကျဉ်းဝတ်နှစ်ဖက်ကို သိမ်းကြုံး၍ခတ်ချလိုက်ရာ ရက္ခဗလသည် ပစ်ကာ မြေပြင်ပေါ်သို့ ကျလာသည်တွင် ဗိုလ်ကြီး-အောင်မင်းကျော်က စွေ့ကနဲဖမ်းကာ ရက္ခဗလ၏လက်နှစ်ဖက်ကို ချုပ်ကိုင်လိုက်တော့သည်။ လေ့ကျင့်ခဏ်းများနှင့် ကာယဗလကိုကောင်းစွာ နှစ်ချိက်လေ့ကျင့်ထားသူ ဗိုလ်ကြီး-အောင်မင်းကျော်၏ လက်ချောင်းများက ရက္ခဗလ၏လည်မျိုကို ချုပ်ကိုင်ကာ စေ့စေ့ညှစ်ခြင်း ခံရသော ရက္ခဗလအဘို့ အသက်ရှုမျှားကြပ်လာသည်နှင့်အမျှ လွတ်ပေါက်ရုံးကန်ပေါက်များကိုရှာဖွေရန် ရက္ခဗလသည် ဗိုလ်ကြီး-အောင်မင်းကျော်၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ချိုးရင်းရှာဖွေနေပါသည်၊

ရက္ခဗလ၏ ညာခြေဖဝါးက ဗိုလ်ကြီး-အောင်မင်းကျော်၏ ညာလက်ကောက်ဝတ်ကို ခတ်၍ ထုတ်လိုက်ပြီးနောက် သူ၏လည်မျိုမှ ဗိုလ်ကြီး-အောင်မင်းကျော်၏ လက်ချောင်းများ အလွတ်တွင် ရက္ခဗလသည် ဗိုလ်ကြီး-အောင်မင်းကျော်၏လည်မျိုကို လတ်နှစ်ဖက်ဖြင့် တအားပိညှစ်ကာဖမ်းချုပ်လိုက်ပြန်သည်။

ဤတွင် ဗိုလ်ကြီး-အောင်မင်းကျော်၏လက်ချောင်းများက ရက္ခဗလ၏ လက်မ နှစ်ချောင်းကို အပြင်သို့လှန်ကာ ချိုးဖဲ့ချလိုက်ရာ 'အား'ကနဲ အသံဖြင့် ရက္ခဗလ၏ လက်ချောင်းများသည် ဗိုလ်ကြီး



အောင်မင်းကျော်၏လည်မျိုမှ ဖျစ်ကနဲခွါကျလာလေ၏။ ရက္ခဗလသည် ဗိုလ်ကြီး-အောင်မင်းကျော်၏ ကိုယ်ပေါ်သို့ တအားခုန်ကာစီးလိုက်သည်တွင် ဗိုလ်ကြီး-အောင်မင်းကျော်၏ ဒူးက ရက္ခဗလ၏ အရှိန်နှင့် အထက်မှ ကျလာသော ရင်ဝဆီသို့ အသင့်ချိန်လိုက်ပြီး မကြာခင် အင့်ကနဲ ရက္ခဗလသည် ဘေးသို့စောင်ကာကျသွားပါသည်။

သို့ရာတွင် ရက္ခဗလသည် ခေသူမဟုတ်ချေ၊ ချက်ခြင်းလူးလဲ၍ထလိုက်ပြီး၊ တပိုင်းထကာနေသော ဗိုလ်ကြီး-အောင်မင်းကျော် ဆီသို့ အထက်စီမှဖိကာ ကိုယ်လုံးနှင့်ပစ်၍ဖိလုံး လုံးလိုက်ပြန်သည်။ ထိုနောက် ရက္ခဗလသည် ဗိုလ်ကြီး-အောင်မင်းကျော်ကို သူ၏ပုခုံးပေါ်မှကျောပိုးထားသလိုဖြစ်နေရာက မြေပေါ်သို့တအားပစ်ကာ့ ကိုင်ပေါက်ချလိုက်၏။

ဗိုလ်ကြီး-အောင်မင်းကျော်၏ဘယ်ခြေတချောင်းက ရက္ခဗလ၏ ခြေခွင်ထဲသို့ လျှိုထားခဲ့ခြင်းကြောင့် ဗိုလ် ကြီး-အောင် မင်း ကျော်သည် မြေပေါ်သို့ စင်ကာ မကျခဲ့ချေ။ ဗိုလ်ကြီး-အောင်မင်းကျော် လက်နှစ်ဖက်ဖြင့် ရက္ခဗလ၏လည်မျိုကို နောက်ပိုင်းသို့တအားဖိညှစ်ကာ ချလိုက်ရာ ရက္ခဗလသည်အားလွန်ကာ အရှိန်မသတ်နိုင်တော့ဘဲ နှစ်ယောက်သားပက်လက်လန်ကာ မြေပြင်ပေါ်သို့ ပစ်ကျသွားပြန်ပါသည်။

ရက္ခဗလသည် ဗိုလ်ကြီး-အောင်မင်းကျော်ထက် အလျင် ဦးစွာ မြေပြင်ပေါ်သို့ရပ်နိုင်ရေးအတွက် ရုံးကန်၍အထလိုက်တွင် အောက်မှ ပက်လက်ဖြစ်နေသော ဗိုလ်ကြီး-အောင်မင်းကျော်သည် ရက္ခဗလ၏ ပုခုံးစွန်းနှစ်ဘက်ကိုဆုပ်ကိုင်ကာ ပစ်ဖက်ကာ မြေပြင်ပေါ်သို့ပေါက်ချလိုက်ရင်း သူက ရုတ်ဘရက် မြေပြင်ပေါ်သို့ ရပ်ပြီးသား အဖြစ်ကို အရယူလိုက်ပြန်၏။

ယောကျ်ားကြီးနှစ်ယောက်စလုံး၏ ကိုယ်လုံးများနှင့် မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ပြင်များတွင် ဖုံမှုန့်များနှင့် ပွတ်မိရာ-ခြစ်မိရာ-အစင်းကြောင်းများ သွေးစများကိုလည်း တွေ့နိုင်ပေ၏။ သူထင်သလောက် မလွယ်ကူရှိမက သူ့ထက်ပင် ခွန်အားဗလရော- နဘမ်းသတ်သည့်ပညာရပ်နှင့် ဗန်တိုဗန်ရှည်ပညာရပ်တွေသာပုံကို ကိုယ်တွေ့ တွေ့ကြုံရသော ရက္ခဗလအဘို့ အကွက်ကောင်းကို အလစ်၌အရယူရန် မြေပေါ်မှ ခုန်၍ ရပ်ကာ ချောင်းမြောင်းလိုက်ပါသည်။ မမျှော်လင့်သောကိစ္စတရပ်သည် စီးချင်းတိုက်ပွဲ အနီးမှ ကပ်ကာ ပေါ်ထွက်လာပါတော့သည်။

ရက္ခဗလ၏ သက်တော်စောင့်တဦးသည် ဗိုလ်ကြီး-အောင်မင်းကျော်၏ ကျောပြင်ကိုလှမ်းကာ ဓါးမြှောင်ရှည်ရှည် တချောင်းနှင့် ရုတ်တရက်ပေါက်လွှတ်လိုက်ပါသည်။ ဗိုလ်ကြီးအောင်မင်းကျော်သည် သူ့အားချောင်းမြောင်းနေသော ရက္ခဗလဆီသို့ ဖြတ်ကနဲ ပြေးထွက်လိုက်သည်ကြောင့် ရက္ခဗလဘက်မှ ပစ်လွှတ် လိုက်သော ဓါးမြှောင်သည် ဗိုလ်ကြီး အောင်မင်းကျော်၏ ကျောပြင်နှင့် လက်လေးသစ်အကွာမှ ဝှီးကနဲအသံဖြင့် စီးချင်းတိုက်ခိုက်နေကြသူ နှစ်ယောက်၏အနီးရှိ မြေပြင်ပေါ်၌ အသွားကထောင်လျက်ကျရောက်နေတော့သည်။

ရက္ခဗလသည် ဓါးမြှောင်ကို ပဌမဦးဆုံးမြင်သူဖြစ်၍ ဗိုလ်ကြီးအောင်မင်းကျော်ကို ခုန်၍တိုက်ခိုက်ရင်း ဗိုလ်ကြီးအောင်မင်းကျော်သည် အရှိန်သင့် ထောင်လျက်ကျနေသည့် ဓါးမြှောင်ဦးပေါ်သို့ရက္ခဗလ၏ ကိုယ်လုံးအရှိန်နှင့်ပါဖို့၍ကျရောက်စေရန် ရက္ခဗလကတဟုန်တည်းပြေးကာ ကိုယ်လုံးနှင့် ဗိုလ်ကြီးအောင်မင်းကျော်ကိုပစ်၍ တအားတိုက်ချလိုက်ပါသည်။ ဗိုလ်ကြီးအောင်မင်းကျော်သည် အံ့သြဘွယ်ကောင်းအောင် လျင်မြန်စွာဖြင့် ညာဘက်အကွက်ကလေးကပ်ကာ ဆီးကာရှောင်လိုက်ပြီး သူ၏ဘယ်ဘက်မှ အားလွန်သွားသော



ရက္ခဗလ၏အထက်ပိုင်းကို ညာဘက်ဒူးပုံနှင့် တအားလွှတ်ကာတိုက်ချလိုက်ရာ ရက္ခဗလအဘို့ သူ၏ တအားပစ်၍ တိုက်ချသော အရှိန်သည် ဗိုလ်ကြီးအောင်မင်းကျော်၏ ညာဒူးပုံနှင့် ခက်စောင်းစောင်း တိုက်ချလိုက်သည့် အရှိန် တို့ ရောနှော၍ မြေပေါ်သို့ မှောက်လျက် ဘုတ်ကနဲအသံဖြင့် ကျရောက်သွားပါတော့၏။

ရက္ခဗလကား....မှောက်လဲကျနေရာမှ ရုတ်တရက်မထနိုင်တော့ချေ။ ရှိသမျှခွန်အားကို အတင်းထုတ်ကာ လက်နှစ်ဘက်ကို ထောက်လျက် ထမိအောင် ကုန်း၍ထလိုက်ပါသည်။ သို့ရာတွင် သူ၏ရင်အုံအောက်တွင်မူကား- သူ၏သက်တော်စောင့်ကသူ့သခင်ကြီးအတွက် ဗိုလ်ကြီးအောင်မင်းကျော်၏ အသက်ကို လုပ်ကြံရန် ပစ်လွှတ်လိုက်သော ဓါးမြှောင်သည် စိုက်ကာ ဓါးရိုးအရင်းထိ စိုက်ဝင်နေလေပြီတကား....

နှာကျည်းသောမျက်နှာကြီးဖြင့် ရက္ခဗလသည် စီးစိုင်းတနေရာမှ ရုတ်တရက်ဘေးတိုက် လဲကျသွားပါတော့သည်။ စက္ကန့်ပိုင်း အတွင်း နီးရဲသောသွေးများသည်ဖျာလျက် ဓါးစူးထားသည့်နေရာတဝိုက်မှ ပေါ်ထွက်လာပါတော့သည်။ ဤတွင် ပဌမဦးဆုံး ဓါးမြှောင်နှင့်ဝင်ရောက် ပစ်သတ်လုပ်ကြံလိုက်သော ရက္ခဗလ၏ သက်တော်စောင့်နှင့် နန္ဒိယစစ်သူကြီးတို့သည် သူတို့၏ပခုံးတွင် အသင့်လွယ်ယူလာခဲ့သော ဆောင်ဓါးများကို ချွတ်ကာ ရုတ်တရက် ဗိုလ်ကြီးအောင်မင်းကျော်ရှိရာသို့ လုပ်ကြံ သတ်ဖြတ်ရန် တဟုန်တည်းပြေးဝင်လာတော့၏။

ဗိုလ်ညွှန့်မောင်၏လက်တွင်းမှ တော်မီဂန်းသည် တဒိုင်းဒိုင်း မီးပွင့်တွေပေါ်ထွက်လာပြီးနောက် ရက္ခဗလ၏ ညာလက်ရုံး နန္ဒိယစစ်သူကြီးရော၊ ဓါးမြှောင်နှင့် သက်တော်စောင့်ပါ ဗိုလ်ကြီးအောင်

www.burmeseclassic.com

www.burmeseclassic.com



မင်းကျော်နှင့် ခြောက်လှမ်းကွာ နေရာတွင် ပုံလျက်သား အရုပ်ကြိုးပြတ် ကျသွားပါတော့သည်။

"အားလုံး ရပ်လိုက်"

တမန်ကြီး ဘိုးအာဏာ၏ စူးရှသော အမိန့်သံကြောင့် ပစ်ခတ်မှုများသည် ချက်ခြင်းရပ်တန့်သွားပါတော့သည်။

"ကိုင်း....ဘယ်သူက တရားသစ္စာမဲ့တယ်ဆိုတာ ပြည်သူ ပြည်သားတွေဆုံးဖြတ်ကြပေတော့- သခင်ဏ်းစာတရပ်ကတော့မကောင်းလုပ်ကြံရင် ဒီမကောင်းလုပ်ကြတဲ့ဘက်က ရှေ့ဦးစွာ ဒုက္ခတွေ့ရတယ်ဆိုတဲ့ကိစ္စဘဲ၊ ဓါးမျှောင်နဲ့ ဝင်ပစ်ပေးတာရယ်၊ ဆောင်ဓါးတွေနဲ့ အလစ်ဝင်ပြီး ခုတ်သတ်ဘို့လုပ်ကြံမှုရယ်ဟာ ရက္ခဗလရဲ့ အပေါင်းပါတွေရဲ့ ယုတ်မာပိုက်ရိုင်းမှုတွေဘဲ"

"ဟုတ်တယ်....မှန်တယ်-သခင်မကြီး.... ကျွန်ထော်မျိုးများမျက်မြင်ဖြစ်ပါတယ်"

ပရိသတ်ကြီးသည် တသောသောပဲ့တင့်ထပ်ခမန်း ထောက်ခံလိုက်ကြပါသည်။

"ရက္ခဗလဟာ သူဆင်ထားတဲ့ ထောင်ချောက် ဓါးမျှောင့်နဲ့ သူခံသွားရခြင်းဖြစ်တယ်....ဒါကြောင့် ဤစီးချင်းတိုက်ပွဲကို ရက္ခဗလဘက်က ရှုံးနိမ့်ကြောင်း ကြေငြာအပ်ပါတယ်"

ဒိုင်လူကြီးရှစ်ဦးသည် မတ်တပ်ရပ်ကာ ပရိသတ်ကြီးသို့ကြေငြာလိုက်သည်နှင့် သြဘာသံကြီးသည် ပဲတင်ကာမြေတုံဟီးလျက်ထွက်ပေါ်လာတော့သည်။

အသက်ဝိဉာဉ်ကင်းနေသော ရက္ခဗလ၏ ခြေရင်း၌ ပုဆစ်ဒူးချကာ မျက်ရည်စတွေဖြင့် နောက်ဆုံးကန်တော့နေရှာသော စောခမ်းနွဲ့ကို ဗိုလ်ကြီးအောင်မင်းကျော်သည် ယုယကြင်နာစွာ ဆွဲကာ ထူးရင်....



"သခင်ကြီးစိတ်မကောင်းပါဘူးစောခမ်းနွဲ့ရယ်၊ သူ့ကို ဒီလော့ မရက်စက်ပါဘူး တကယ်ပါဘဲ၊ မိုက်ပါဘိ ရက္ခဗလရယ် ကိုယ့်အတတ်နဲ့ ကိုယ်စူးသွားရှာပြီ"

ငြိုးထွားသံနှင့် ဗိုလ်ကြီးအောင်မင်းကျော်က သွေးအိုင်ထဲတွင် ကိစ္စပြီးနေသည့် ရက္ခဗလကိုကြည့်ကာ ပြောလိုက်ရှာပါသည်။

"ဘုရားနှမတော်မျက်မြင်ပါသခင်ကြီးရယ်၊သူ့ကံနဲ့ သူနောင်တော်ကြီးဟာ ဖန်သွားရှာပါပြီး၊ သွေး-သား-မကင်းသေးတော့ ဘုရားနှမ ပူဆွေးသောကဖြစ်နေတာကို ခွင့်လွှတ်တော်မူပါ"

မျက်ရည်ပြိုင်ပြိုင်နှင့်စောခမ်းနွဲ့ကတောင်းပန်လိုက်ရှာပါသည်။

"အပြစ်မတင်ပါဘူးစောခမ်းနွဲ့ရယ်၊ ဒီလိုပူဆွေးတာဟာသဘာဝကျပါတယ်၊ သခင်ကြီးတော်င် စိတ်အတော်ထိခိုက်ခဲ့တာ၊ သွေးရင်းသားရင်းဖြစ်ရှာတဲ့ စောခမ်းနွဲ့အဘို့ ကိုယ်ချင်းစာနိုင်ပါတယ်၊ လာလာ-စောခမ်းနွဲ့....သိပ်စိတ်ဆင်းရဲမှုမခံနဲ့"

ချော့မော့ကာ စောခမ်းနွဲ့ကိုခေါ်ခဲ့ပါတော့သည်။

"ရက္ခဘုမ္မိ တိုင်းသူ ပြည်သားများ အပေါင်းတို့ ဘောင်တန်း ကေရီသခင်မကြီးအမိန့်တော်ထုတ်ဆင့်အပ်ပါတယ်....ဒီနေ့-ဒီအချိန်အခါကစပြီး ရက္ခဘုမ္မိတိုင်းပြည်ကြီးကို ရက္ခဗလရဲ့ နှမတော်ရင်း စောခမ်းနွဲ့ ညီမတော်က တမန်ကြီးဘိုးအာဏာနဲ့ အတွင်းဝန်ကြီးလေးပါးရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုအောက်မှာ ဆက်လက် အုပ်ချုပ်သွားရန် သခင်မကြီးအမိန့်တော်ချမှတ်လိုက်တယ်၊ ပြည်သူ ပြည်သားများသည် ဒီနေ့ဒီအချိန်အခါကစပြီး ငါးပါးသီလကိုခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံနိရမယ်၊ဗုဒ္ဓဘာစိုရိတရားလေးပါး လက်ကိုင်ရှိကြရမယ်၊ တရားမျှတခြင်း၊ တဦးနဲ့တဦး ချစ်ကြည်ခြင်း၊ ပရိယာယ်မှုသားကင်းခြင်း၊ သမ္မာအာဇီဝ လုပ်ငန်းများပြုလုပ်ခြင်း ရှိကြစေရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြည်သူပြည်သားအပေါင်းကိုယ်စိတ်နှစ်ဖြာ ချမ်းသာရွှင်လန်းကြပါစေ"

တောင်တန်း ကေရီသ ခင်မကြီးသည် မတ်တပ်ရပ်ကာ အမိန့်တော်ကို ထုတ်ပြန်ကြေငြာလိုက်ပါသည်။

မကြာမီ ရက္ခဗလ၊ နန္ဒိယနှင့် လုပ်ကြံသူ တယောက် စသည့် အလောင်းသုံးလောင်းကို မင်းလုလင်များက စီးချင်းတိုက်ပွဲကွင်းထဲမှ အမြန်ဆုံးသယ်ယူသွားကြပါတော့သည်။ ပွဲကြည့်ပရိသတ်ကြီးသည် အုပ်ချုပ်ရေးအသစ် သို့မဟုတ် အင်မတန် တရားမျှတသော အစိုးရအဖွဲ့သစ်ကိုရရှိကြပြီး၊ အင်မတန်ကြုံကြိုက်ခဲ့သော တောင်တန်းကေရီသခင်မကြီးကို ဖူးတွေ့ရရုံမက သခင်မကြီး၏ မိန့်ခွန်းတော်ကို ကြားနာရခြင်းအတွက် နှစ်ထောင်အားရ ဖြစ်သွားကြပြီး၊ ကောင်းချီးသြဘာသံများပေးကာ မြို့တွင်းသို့လူစုခွဲကာပြန်ကြလေပြီ။

တောင်တန်းကေရီသခင်မကြီး တဦးတည်းသာ အဲထက်မြို့တော်သို့ ပြန်ကြွခဲ့ပါသည်။ စောခမ်းနွဲ့နှင့် ဗိုလ်ကြီး-အောင်မင်းကျော်တို့အဘို့ အောက်မြို့တော်၏ အုပ်ချုပ်ရေးနှင့် ထိမ်းသိမ်းစောင့်ရှောက်ရေးတို့အတွက် စီစဉ်ရမည့်တာဝန်ကြောင့် အောက်မြို့တော် နန်းမဆောင်ထဲတွင် ကျန်ရစ်ကြပါသည်။

ရက္ခဘုမ္မိနေပြည်တော်သူ နေပြည်တော်သားများအဘို့ သူများမကောင်းကြံ ကိုယ့်ဘေးရန် ထိတတ်သော လက်တွေ့ သာဓကစာတရပ်ကို ရာဇဝင်တွင်ရစ်အောင် ရယူခဲ့ခြင်း ဖြစ်ပေတော့သတည်း။

## မေ့ပျောက်နေသော ပုဂ္ဂိုလ်တယောက်

လေပြေ လေညှင်းတွေ တသုန်သုန် တိုက်ခတ်နေသော ခမ်းမဆောင်အတွင်း တနေ့ရာဖြစ်ပါသည်။



ကတ္တိပါအစိမ်းနုရောင်များ ကာရံထားသည့် သလွန်ထက်တွင် မျက်ရည်စတွေအခြောက်တိုက်ကျကာ ရက္ခဘုမ္မိ တိုင်းပြည်၏ဘုရင်မ ဖြစ်လာရှာသူ စောခမ်းနွဲ့အား ဗိုလ်ကြီး-အောင်မင်းကျော်က ချော့မော့ကာ သူမ၏အပူမီးကို အငြိမ်းငြိမ်းသတ်ရန်ကျိုးပမ်းလျက်....

"တကယ်လို့ သခင်ကြီး ဘုရား သာ နှမတော်အနီးမှာ ခုလိုအရေးအကြောင်းမျိုးမှာ မရှိခဲ့ရင် ဘုရားနှမတော် ဘယ်လောက်စိတ်ဆင်းရဲရမယ်ဆိုတာ ရွှေဉာဏ်တော်ကွန့်ချယ်ပါတယ် သခင်ကြီးရယ်....နောင်တော်ကြီး- နောင်တော်ကြီး....အဝိဇ္ဇာနဲ့ တဏှာဆိုတဲ့ ရန်သူကြီးနှစ်ယောက် သွေးဆောင်ရာကိုလိုက်ပါပြီး၊သွေးရင်း-သားရင်း နှမရင်းခေါက်ခေါက်ကို အရသတ်ဘို့ကြံရှာလေတယ်၊ ပြည်သူပြည်သားတွေရဲ့ မေတ္တာခေါက်ကန့်ခမ်းအောင် မြိုကျင့်ခဲ့တဲ့ဒဏ်တွေကို ခုဘဝမျက်မှောက်မှာတဲ့ခံသွားရှာရပြီနော်....ဘုရားနှမတယောက်တည်းသာ လူ့လောကထီးထီးကြီးမှာထားပစ်ခဲ့ပြီပေါ့ နောင်တော်ဘုရား"

ငိုသံတွေပါ၍လာသည့်အသံများဖြင့် မချိတင်ကဲဝမ်းနည်း ပက်လက် ဖြစ်နေရှာသော စောခမ်းနွဲ့ကို ဗိုလ်ကြီး-အောင်မင်း ကျော်သည် ယှဉ်တွဲအိပ်စက်ရင်း စောခမ်းနွဲ့၏ ကျောပြင်နုနုကလေးကို ပွတ်သပ်ကာ....

"တရားနဲ့သာဖြေပါ စောခမ်းနွဲ့၊နို့မှာန်ရွှေပြည်ကို သခင်ကြီးနဲ့ သခင်မကြီး-စောခမ်းနွဲ့တို့ မရောက်သမျှ ကာလပတ်လုံး သေခြင်းတရား၊ ဒါမှမဟုတ် ခန္ဓာနာမ်အိမ် ပြောင်းရခြင်းအလုပ်ဟာ မလွတ်သေးဘူးနော်....ဒါကြောင့် မကြာခဏ အမိဝမ်းတွင်းမှာ ပဋိသန္ဓေဝင်ဒုက္ခ မခံစားရကြအောင် သမာဓိဆိုတဲ့ တရားကို ရှေ့က အမြဲဆောင်ပြီး၊ ဟောဒီဝဋ်ဒုက္ခဘောင်ဏ ရှောင်ရှားကြတို့ရဲ့ စောခမ်းနွဲ့

www.burmeseclassic.com



စိတ်တင်းမှပေါ့ စောခမ်းနွဲ့ရယ်...၊ ပူပန်မှုဟာလဲ အဝိဇ္ဇာ အရင်းခံ အကြောင်းတွေမို့ သခင်ကြီးအားမပေးလိုပါဘူး”

“ကဲပါ...တခဏလောက် သခင်ကြီးရဲ့ ရှေ့လက်ပေါ်မှာ အိပ်စက်စမ်းပါအုံး စောသခ်ါရယ်၊ ဒါမှမဟုတ်ရင် သခင်ကြီးပါရောပြီး ပူပန်နေမိမှာစိုးရိမ်လို့ပါ.... သခင်ကြီး ပါရမီဖြည့်ဘက် စောသခ်ါရယ်”

လေသံဖြင့်ခတ်တိုးတိုးတောင်းပန်ရင်း စိတ်ပန်းကိုယ်ပန်းဖြစ်နေရှာသော စောခမ်းနွဲ့ကို ဗိုလ်ကြီး-အောင်မင်းကျော်က ချော့မော့ယုယကာ အိပ်စက်ခိုင်းလိုက်ပါသည်၊

လေအနေ့ာ့တွင် ဖယောင်းရွှေတိုင်၏အလင်းရောင်များက မျော့တော့တော့နှင့် အလင်းရောင်နွမ်းပြီး အမှောင်ဘက်သို့ ကမ်းလင့်နေရှာပါသည်။ နေ့ခင်းက သတ်ပုတ်လုံးထွေးခဲ့ရသည့် ပင်ပန်းမှု၏ ဒဏ်ချက်များကြောင့် ဗိုလ်ကြီး-အောင်မင်းကျော်ကပါ စောခမ်းနွဲ့ကို ချော့မော့ယုယရင်း နှစ်ယောက်သား ပွေ့ဖက်ကာ အိပ်မောကျခဲ့ကြပါပြီ....။

ကြယ်ရောင်-လရောင်တွေ ဖွေးနေသော ကောင်းကင်ပြင်ဝယ် ဗိုလ်ကြီး-အောင်မင်းကျော်သည် ပေါ့ပါးလျင်မြန်လှသောအရှိန်ဖြင့် သူ့ရှေ့မှကန့်ကလျ ပြေးလွှားနေသော လုံမပျိုတဦးကို အမိအရ လိုက်လံဖမ်းဆီးနေပါသည်။ သူမဦ မလုံ့တလုံ့ပိုးခြုံလွှာကို ခြုံလွှမ်းထားခြင်းကြောင့် လုံမပျို၏ အင်မတန်ချစ်စရာကောင်းသည့် ကိုယ်လုံး ကိုယ်ထည်များသည် ဝင့်ကြွားလျက်ရှိလေ၏။ သူမ၏အမူအယာကလည်း ညှို့ဓါတ်တွေပါနေပါတော့သည်။

ဗိုလ်ကြီး-အောင်မင်းကျော်က လုံမပျို၏ မျက်နှာပြင်ကို တစူးတစိုက်ကြည့်နေမိလိုက်ပါသည်။ ထိုလုံမပျိုကား စောသခ်ါ ခေါ်



စောခမ်းနွဲ့ပင်ဖြစ်နေသလော့ နှစ်ယောက်သားသည် ပူးပူးကပ်ကပ် နီးနီးနားနား ထိတွေ့ခဲ့ရခြင်းတို့ကြောင့် အတွင်း စိတ်ဓါတ်တွေက တဖျတ်ဖျတ်ပေါ်ထွက်လှုပ်ရှားနေကြပါပြီ။

ဗိုလ်ကြီး-အောင်မင်းကျော်သည် စောခမ်းနွဲ့၏ တကိုယ်လုံးကို ဖျတ်ကနဲပွေ့ယူကာ တိုက်လွှာကြားထဲသို့ဆောင်ယူခဲ့ပြီးပန်းမွှေ့ရာ သလွန်ထက်ဝယ် တင်လိုက်သည်တွင် စောခမ်းနွဲ့သည် ပင်ပန်းနွမ်းနယ်ဟန်ဖြင့် မခို့တရို့ ခတ်ခွေခွေသဏ္ဌာန်သို့ ရော့ရှိသွားသည်တွင် ဗိုလ်ကြီး-အောင်မင်းကျော်အဘို့ အင်မတန်ပါးလွှာသော ပိုးခြုံလွှာ ကြားမှ စောခမ်းနွဲ့၏စွဲမက်စရာအင်္ဂါရပ် ကိုယ်လုံး ကိုယ်ထည်များ၏ ဆွဲဆောင်ချက်အသုံး၌ စောခမ်းနွဲ့နှင့်ယှဉ်ကာ လဲလျောင်းလိုက်ပါတော့သည်။

ပျော်ရွှင်ခြင်း အထူးကား အင်မတန် ဆန်းကျယ်သည့် အခြေအနေရပ်များကို ဗိုလ်ကြီး-အောင်မင်းကျော်အဘို့ တိမ်လွှာကန့်လန့်ကာ ကြားဝယ် မမေ့နိုင်ရှိနေချေ၏။

ရုတ်တရက် အိပ်မက်ရာမှလန့်၍နိုးလိုက်သော ဗိုလ်ကြီး-အောင်မင်းကျော်အဘို့ သူ၏ရင်ခွင်ထဲမှ ပြန်လှန်ကာ ဖက်ထားသည့် စောခမ်းနွဲ့၏ မျက်နှာကလေးကို မြင်လိုက်မိပါတော့သည်။ မည်သို့ခရီးရောက်မှုများ ဖြစ်ပေါ်ခဲ့သည်ကို ကာယကံရှင် နှစ်ဦးသာ သိရှိကြပေလိမ့်မည်တကား။

ထို့ကြောင့်လည်း ဗိုလ်ကြီး-အောင်မင်းကျော်သည် စောခမ်းနွဲ့၏ နှုတ်ခမ်းနီနီကလေးကို အားရပါးရ စုပ်ယူလိုက်ပါတော့သည်။ စောခမ်းနွဲ့အဘို့၌လည်း မောပန်းနွမ်းနယ်နေသောမျက်နှာကလေးဖြင့် ဗိုလ်ကြီးအောင်မင်းကျော်၏နှုတ်ခမ်း သူမ၏ပူနွေးနွေးနှုတ်ခမ်းကလေးဖြင့် ထိတွေ့ကာ ချစ်ခြင်းမေတ္တာဖလှယ်လိုက်ပြန်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အိပ်ယာဘေးမှ ငွေအိုးတွင် စိုက်ထူထားသော ပန်းနှစ်ပွင့်ကား လေပြေအနွေ့နှင့် ခါးကိုင်းနွဲ့ကာ ပန်းပွင့်ချင်းပူးကပ်ထိတွေ့လျက် သန်းခေါင်ကျော်လေပြေသွေးချိန်မို့ အေးရှုးကြမည့် ဗိုလ်ကြီးအောင်မင်းကျော်နှင့် စောခမ်းနွဲ့တို့အတို ပူးပူးကပ်ကပ်၊တင်းတင်းကြပ်ကြပ် ပွေ့ဖက်ကာ စက်တော်ခေါ် ပျော်တော်ကြူးလျက်ပါတကား။

သုံးရက်မျှ ရက္ခဘုမ္မိနေပြည်တော်ကို ထိန်းသိမ်းအုပ်ချုပ်ခန့်ခွဲပြီးနောက် ဗိုလ်ကြီးအောင်မင်းကျော်သည် အထက်မြို့တော်ဆီသို့တက်ကြွရန်စီစဉ်လိုက်ပါသည်။ သူ၏တပ်ဖွဲ့အား ရက္ခဘုမ္မိနေပြည်တော်၏နန်းတွင်းနေရာကောင်းများတွင် ချထားလိုက်ပြီး ရက္ခဗလ၏လက်ကျန်တပ်ဖွဲ့များကို စံနစ်တကျ ထပ်မန်၍ဖွဲ့စည်းကာ ဗိုလ်ညွန့်မောင်၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိလိုက်ပြီး၊ ဗိုလ်စိန်ပန်းကို အထူးတပ်ဖွဲ့ကိုအုပ်ချုပ်စေပြီး၊ ဗိုလ်စံလှဘော်အား မြို့တော်၏ လုံခြုံရေးအတွက် တာဝန် ပေးအပ်လိုက်ပါသည်။ စောခမ်းနွဲ့ ကလည်း သူ၏ဘုရင်မတာဝန်ကို တမန်ကြီးဘိုးအာဏာကို ခေတ္တလွှဲအပ်ကာ ဗိုလ်ကြီးအောင်မင်းကျော်နှင့်အတူ အထက်မြို့တော်သို့ လိုက်ပါရန် စီစဉ်လိုက်ပါသည်။ တမန်ကြီးဘိုးအာဏာ၏အောက်တွင် ရက္ခဘုမ္မိပြည်၏ အတွင်းဝန်လေးဦးက နေပြည်တော်၏ သာယာ စီပင်ရေးများ၊လယ်ယာပြဿနာများ၊ စီးပွားရေး-ပညာရေးများကိုအုပ်ချုပ်ခန့်ခွဲစေပါသည်။

အတွင်းရန်သူမှန်သမျှ ရှင်းလင်းပြီးစီးသော အချိန်အခါဖြစ်၍ ဗိုလ်ကြီးအောင်မင်းကျော်အဘို့ သူနှင့် သူ၏တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးကို စိတ်ချရကြောင်းကို နားလည်ပါသည်။ သို့ရာတွင် သတိ ဟူသည်ပိုသည်မရှိ အမြဲတန်းလိုအပ်နေခြင်းကြောင်း သူ၏ စိတ်ချ ယုံ



ကြည်ရသော စစ်မှူးများကို ခွဲဝေကာ အရေးပါအရာရောက်သော တာဝန်များ နေရာများကို အုပ်ချုပ်စေခြင်းသာဖြစ်ပေ၏။

ဝေလီဝေလင်းကာလပင်ဖြစ်ပါသည်။

အင်မတန်လန်းဆန်းလှသော လေခြည်ကလည်း ပန်းပေါင်းစုံတို့၏ ရနံ့များကို ဆောင်ယူကာ မောင်မယ်စုံ တူယှဉ်စက်ရာ အတွင်းခမ်းဝဆီသို့ အဆက်မပြတ်တိုက်ခတ်နေပါတော့သည်။

ဗိုလ်ကြီးအောင်မင်းကျော်၏ရင်ခွင်ထဲ၌ စောခမ်းနွဲ့ သည် နှစ်ခြိုက်စွာအိပ်မောကျလျက်ရှိသလောက် သူမ၏လက်တဖက်က ဗိုလ်ကြီးအောင်မင်းကျော်၏ ခါးပေါ်၌တင်လျက် ပွေ့လျက် တွေ့နိုင်ပေ၏။ လေချိုကလေးက အဆော့လိုက်တွင် စောခမ်းနွဲ့၏ခြေသလုံးဖြူဖြူဖွေးဖွေးကလေးအထက်မှ ပင့်သက်သော ပိုးထမီး စကလေးသည် တရွရွလှုပ်ရှားနေတော့သည်။

မကြာမီ ဗိုလ်ကြီးအောင်မင်းကျော်က ရှေ့ဦးစွာ အိပ်ရာမှ နိုးလာပြီးနောက် စောခမ်းနွဲ့၏ ဖြူဖွေးနုထွဋ်သော ပါးပြင်ကို အသာကပ်ကာ မွှေးမွှေးပေးလိုက်ပြီး....

"စောခမ်းနွဲ့ ထပေတော့....အထက်မြို့တော်ကို ကြွ မြန်း ကြရအောင်"

စောခမ်းနွဲ့သည် ဟင့်ကနဲအသံကလေးထွက်ကာ သူမ၏ခတ်မို့မို့ရှိနေသောရင်ကို အညောင်းဆန့်တန်းလိုက်ပါတော့သည်။ ပြီးမှ ဗိုလ်ကြီးအောင်မင်းကျော်၏ လည်ပင်းကို အားရပါးရဖက်ကာ.... ပြန်လည်၍ မွှေးမွှေးပေးလိုက်ပြီး....

"မိုးတောင် လင်းနေပါပြီလား- နေ မပူခင် အထက် မြို့တော်ကို တက်ကြစို့ရဲ့သခင်ကြီး"

ရှေ့ ဦးစွာ အိပ်ရာမှထကာ သူမ၏ တွန့်ကျေနေသောအင်္ကျီနှင့် ထမိန်စများကို ဆွဲကာဆန့်လိုက်ပါသည်။ထိုနောက် သလွန်ခြေရင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိ ကတ္တီပါဘိနပ်ကလေးကိုစီးနင်းကာ မျက်နှာ သစ်ဆောင် ဆီသို့ ထွက်ခွာသွားပါတော့သည်။

မကြာမီ နောက်ပါသက်တော်စောင့်ရဲမက်ဆယ်ဦး၊ ရုံရွှေတော်များခြံရံကာ ဗိုလ်ကြီး အောင်မင်းကျော်နှင့် စောခမ်းနွဲ့တို့သည် တောင်တန်းကေရီသခင်မကြီးရှိရာ အဆောက်အဦတော်ဆီသို့ ကြွလှမ်းခဲ့ကြပါတော့သည်။

"မောင်တော်သခင်ကြီးဘုရား-နှမတော်ကြီးမျှော်နေရတာ ပန်းလှပြီ"

နတ်သွင်တမျှဆင်းရူပကာလှသော တောင်တန်းကေရီ သခင်မကြီးသည် ဗိုလ်ကြီးအောင်မင်းကျော်ကို ဆီးကြိုကာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

"အောက်မြို့တော်ကတော့အခြေအနေစိတ်ချရပါပြီသခင်မကြီးရယ်၊ သခင်မကြီးတို့ အတွင်းလုပ်ငန်းတွေသာ ကျိုးစားပြီး တဆင့်တက်ဘို့ကျန်တော့တယ်"

"မှန်လှပါသခင်ကြီးဘုရား၊ သခင်ကြီးကို အင်မတန်အရေးကြီးတဲ့ပုဂ္ဂိုလ်တွေနဲ့ ဌာနတွေကို လိုက်လံပြသဘို့ကျန်ရှိကြောင်းပါ"

"ဩော်-အရေးကြီးတဲ့ပုဂ္ဂိုလ်တွေဆိုရင် မောင်တော်သခင်ကြီး မကြာခဏမေးမြန်းတော်မူတဲ့ ဘိုးသက်ရှည် ဘယ်မှာလဲသခင်မကြီးရဲ့၊ သူ့ကျေးဇူးအင်မတန်ကြီးမားပါပေတယ်"

"မကြာခင်ရက်ပိုင်းအတွင်း မောင်တော်သခင်ကြီး ဖူးတွေ့ရစေပါ့မယ်၊အတွင်းလုပ်ငန်းဝင်နေတဲ့ အချိန်အခါမို့ သူ့ခမျာကြွမြန်းပြီး အဖူးအမျှော်ခံချင်ရှာပါတယ်။တာဝန်ဆိုတော့ မလွယ်လှပါဘူး သခင်ကြီးရယ်၊ ရက်ပိုင်းအတွင်းကြွချီဘို့ သခင်မကြီး စီစဉ်တာဝန်ယူပါ့မယ်"



တောင်တန်းကေရီသခင်မကြီးသည် ရှေ့လုပ်ငန်းအခြေအနေအတွက် ကြိုတင်၍ ဗိုလ်ကြီး-အောင်မင်းကျော်ကို လျှောက်တင်လိုက်ပါသည်။

"ဒါထက်-မောင်တော်သခင်ကြီးရဲ့ ရှေးအတိတ်က ဘဝတွေကို သခင်မကြီးသိရှိတော်မူခဲ့ရင် အတိတ်ရာဇဝင်ကြောင်း ပြန်လှန်တင်ဆက်စမ်းပါလားသခင်မကြီး"

"သိုးခံတော်မူပါသခင်ကြီး၊ အတိတ်တွေကို သခင်ကြီးရဲ့ သီလသမာဓိမရင့်ကျက်သေးတဲ့ ကာလမှာ ပြန်လည်သိရှိလျှောက်တင်ခွင့်မသင့်လျော်သေးပါကြောင်း၊ သာမန်ပုထုဇဉ်တို့ရဲ့ ရန်သူကြီးသုံးပါးဖြစ်တဲ့ လောဘ-ဒေါသ-မောဟစိတ်တွေ ဝင်ရောက်လာမှုဖြင့် သမာဓိတရား မခိုင်မြဲသေးတဲ့ပုဂ္ဂိုလ်-ပုထုဇဉ်တို့အဘို့ ဆောက်တည်ရာမရနိုင်ပါဘူးသခင်ကြီးရယ်၊ ဟိုတခါတကြိမ်ကလဲသခင်ကြီးဟာ ရာဇဝင်ကြောင်းကို ပြန်လှန်စဉ်းစားမိတာနဲ့ ဒေါသဆိုတဲ့ ရာဇဂုဏ်က ပြန်ပေါ်လာပြီး ဒေါသစိတ်က ခြောင်ခြောင်ထွက်မိခြင်းကြောင့် ရရှိနေတဲ့ သမာဓိအဆင့်အတန်းက လျော့ကျပြီး ဒေါသ တရား၏ လောင်ကျွမ်းခြင်းခံရမှုအတွက် သခင်ကြီးဟာ ဘုရားနှမနဲ့ ယှဉ်တွဲစံပျော်ရာက ခန္ဓာနာမ်အိမ်ပြောင်းခဲ့ရတဲ့ သာဓကလဲရှိပါတယ်....၊ ဒါ့ကြောင့် တဆိတ်သီးခံတော်မူပါလို့ ဘုရားနှမတော်ကြီး ရှိသေစွာပန်လျှောက်ပါရစေ"

"ကောင်းပါတယ်သခင်ကြီးရယ်၊မှန်ပါပေတယ် သမာဓိတရားဆိုတာ အင်မတန်အရေးကြီးကြောင်းကိုလဲ တစတစနဲ့ မောင်တော်သခင်ကြီးရိပ်မိလာပါပြီလေ"

"ပန်လျှောက်ပါရစေ သခင်ကြီး....၊ဤအချိန်အခါသည် နံနက်ပိုင်း သမထ လုပ်ငန်းစဉ် ကျင့်သုံးရန် အချိန် အခါသို့ နီးကပ်လာကြောင်းပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းကေရီသခင်မကြီးက လျှောက်တင်လိုက်ရာ ဗိုလ်ကြီးအောင်မင်းကျော်သည် ထိုင်ရာမှထ၍....

"လုပ်ငန်းစဉ်သီလဆောင်တွင်းသို့ ဝင်ကြအုံးဖို့ရယ်၊ သွားပါရောက်ရောက် ခရီးရောက် ဆိုတဲ့ စကားအတိုင်း သမာဓိ တရားရင့်ကြက်မှုရရှိရအောင် အထူးကျိုးပန်းကြစို့"

သုံးဦးသားသည် အဆောင်တော်၏ ရှေ့ပိုင်း သီးသန့် သီလဆောင်ခန်းမဆီသို့ဝင်သွားကြပြီး ပတ္တမြားရုပ်ပွားတော်ကြီးကို ရှိခိုးကန်တော့ကာ နေရာအသီးသီးယူကြရင်း အာနာပါနာ လုပ်ငန်းများကို စတင်ကာကျင့်သုံးနေကြပါတော့သည်။

ကြေးစည်သံ၊ ခေါင်းလောင်းသံ၊ မေတ္တာပို့သံ၊ ဘုရားရှိခိုးသံများဖြင့်သာပြီးသော သီလဝံသမြို့တော်၏အထက်ဆုံးအထပ် ရွှေနန်းရင်ပြင်တော်ပေါ်ဝယ် မျှော်လေတိုင်းသာယာကြည်နူးစရာဘာသာရေး အဆောက်အဦးများ၊ ကျောင်းကန် စေတီများဖြင့်သာ ပြည့်နှက်နေကြပေ၏။ ညစ်ညမ်းရင့်မာသောစကားလုံးများ၊ ကြမ်းတမ်းသော ဆဲရေးသံများ၊ သီချင်းသံများကိုမူကား လေသံပင်မကြားနိုင်ကြပေ။ အစောင့်အရှောက် အရံအတား လက်နက်ကိုင်ဟူ၍ တစ်ယောက်ကိုမျှ မတွေ့ရဘဲ သီလ၏တံခိုးကိုယုံကြည်စွာ နေထိုင်ကြသည့် တကယ့်ငြိမ်းချမ်းရေး ရွှေမြို့တော်ပင်ဖြစ်ပေ၏။

သီလဝံသမြို့တော်ကို အုပ်ချုပ်ပုံမှာ တောင်တန်းကေရီသခင်ကြီးဦးတ္တရ ပူရတိုင်းသူပြည်သားများ၏ လယ်ယာသီးနှံစိုက်ချိုးခြင်းမှရရှိအပ်သော အသီးအနှံများကို ဆယ်ဘို့တဘို့သာ အခွန်တော်အဖြစ်ထမ်းရွက်စေပြီး၊ သူ၏ရ ရွှေတော်များ၊ အတွင်းပုဂ္ဂိုလ်များ၊ နန်းစောင့်လုလင်များကို ၎င်းအဘိုတွင်းမှရရှိအပ်သော သစ်သီးစားရေရိက္ခာများကို အချိုးကျခွဲဝေပေးကာ တနှစ်စာအတွက် အသုံးစရိတ်



ကို ရွှေအစ ပတ္တမြားအဆုံး အဘိုးတန်ပစ္စည်းများကို နှစ်စဉ်လစာငွေအဖြစ် ဖြန့်ဝေချီမြှင့်လေသည်။

တောင်တန်းကေရီသခင်မကြီး၏တရားစီစဉ်မှုတွင် အတွင်းပုဂ္ဂိုလ်လေးပါးတို့က ဘေးမှထိမ်းသိမ်းကာ အကြံဉာဏ်ပေးလျက် သမာသမတ်ရှိစေရန် တာဝန်ယူအုပ်ချုပ်စေရခြင်းလည်း ဖြစ်ပေ၏။

တောင်တန်းကေရီသခင်မကြီးအဘို့ ကုလားနာရီဆယ်နာရီမှစ၍နှစ်နာရီအထိ တိုင်းပြည်အုပ်ချုပ်မှု ခဏ်းကို တာဝန်ယူဆောင်ကာ အတွင်းပုဂ္ဂိုလ်လေးဦးနှင့် ညှိနှိုင်းတိုင်ပင်ကာ အုပ်ချုပ်လျက်၊ ကျန်အချိန်များတွင် တရားဘာဝနာခဏ်းများဖြင့် အချိန်ကိုကုန်လွန်စေခဲ့ပါသည်။

ညဉ့်အရေးသည် လ,ကေ့ကလေးကို အလယ် ဗဟိုရှိ မြူလျက် တိမ်ရောင်စုံ၏ချယ်လှယ်မှုကို ပေါ်လွင်နေပါတော့သည်။ ည ဆယ်နာရီခန့် အချိန်ရှိပြီဖြစ်၍ သီလဝံသနန်းမြို့ပြင်ဝယ် တိတ်ဆိတ်စပြုနေပါပြီ၊ နန်းမြို့၏ အရှေ့ အရပ်၊ တောင်အရပ်ဆီရှိ စေတီတော်မြတ်ကြီးများ၏ ဆည်းလည်းသံကလေး ခတ်တိုင်း ခတ်သဲ့သဲ့ အသံကလေးများအဖြစ် ပေါ်ထွက်နေပါတော့သည်။

အတွင်းဆောင်၏သလွန်ထက်တွင် တောင်တန်ကေရီသခင်မကြီးသည် ဗိုလ်ကြီးအောင်မင်းကျော်နှင့်ယှဉ်တွဲကာ စက်တော်ခေါ်ရင်းအတွင်းရေးကိစ္စများ တိုင်ပင်နေကြခိုက်ဖြစ်ပါသည်။

"နက်ဖန်နံနက်ဆိုရင် ခတ်စောစောတပြီး သီလဝံသမြို့ အတွင်းတောင်တော်ပေါ်ကို တက်ကြရလိမ့်မယ် သခင်ကြီး၊ သက်ဆိုင်ရာဆရာတော်ကြီးဘုရားများဆီမှာ ရှေ့လုပ်ငန်းစဉ်အတွက် အမိန့်ချမှတ်တောင်းကြရလိမ့်မယ်လမ်းတလျှောက်မှာအင်မတန်ထူးဆန်းတဲ့အချင်းအရာတွေကို သခင်ကြီးမှချတွေ့ကြရလိမ့်မယ်...ကြည့်"

www.burmeseclassic.com



"ဘယ်လိုထူးဆန်းတဲ့ကိစ္စတွေလဲ သခင်မကြီး၊ မောင်တော်သခင်ကြီးဟာ သခင်မကြီးလို အသက်ရှည်ရေး စီစဉ်ဘို့ ကျန်သေးတယ်နော်"

"မှန်လှပါ သခင်ကြီး၊ နေ့စဉ်ရက်ဆက် သမထ လုပ်ငန်းပင်လဲ အသက်ရှည်မှုတရပ် ပါဝင်ပါကြောင်း၊ ဆေးဝါး အဖြစ်နဲ့ မီဒဲဘို့ အရေးအခင်းကိုလဲ သခင်မကြီး အချိန်ရတိုင်းကြံစည်ကာဆက်သရကြောင်းပါဘုရား"

တောင်တန်းကေရီ သခင်မကြီးသည် သလွန်ပေါ်၌ ပက်လက်ကလေး လှန်ကာ လျှောက်တင်လိုက်သည်တွင်....

"မှန်တယ်-သခင်မကြီး၊ ရှေးဦးစွာ မောင်တော် သခင်ကြီးဆီကို ဆက်သတဲ့ သစ်တော့သီးသုံးလုံးနဲ့ ဟောဒီ သီလပံသမ္ဗိုနယ်ဘက်ကို အလာ တံတားမှအဆင်း ဆက်ကပ်တဲ့ ရေကြည် တော်တွေဟာ သခင်မကြီးစီစဉ်ထားတဲ့ ကိစ္စတွေမဟုတ်လား"

"မှန်လှပါကြောင်းပါဘုရား၊ သာမန် လူသားတွေထက် သခင်ကြီးအတွို့ ကိုးဆယ့် ခြောက်ဖြာ ရောဂါဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်း ရှိရုံမကဘူး ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ ပါးရေနားရေ တွန့်ခြင်း၊ မျက်စေ့မှုံခြင်းစသည့် အင်္ဂါ ချို့ယွင်းချက်များကို တားဆီးစေသည့် ဆေးဝါးရည်များပင်ဖြစ်ပါတယ် သခင်ကြီး၊ အသက်ရာလိုက်ချီပြီး ဘုရားနှမတော်ကြီးလို ရှည်ဘို့ ကိစ္စမှာ တော့ လုပ်ငန်းစဉ်အရ တဆင့်စီတက်ပြီးကူးပြောင်းယူရပါတယ်၊ နက်ဖန်ရောက်ရှိမဲ့ ဒေသက ဆရာတော်ဘုရားများဆီမှ သခင်ကြီးလိုတဲ့ အချက်အလက်တွေကို လျှောက်တင်ခွင့်ရှိပါတယ်"

ဗိုလ်ကြီး-အောင်မင်းကျော်သည် ရက်ရက်စက်စက် လှပ ချောမွေ့နေရှာသည့် တောင်တန်းကေရီ သခင်မကြီး၏ လက်မောင်း



ကလေးများကို ဂရုတစိုက်ကြည့်ရှုအကဲခတ်နေရှာပါသည်။ သာမန်လူသားတွေကဲ့သို့ အင်မတန်သေးငယ်သောမွေးညှင်းပေါက်ကလေးများနှင့်တကွ နူးညံ့ကာ ရွှေရောင်သန်းနေသော အမွေးနုကလေးတွေကို တွေ့ရပြီးနောက် သွေးတိုမှာလည်းမှန်နေလှပေ၏။

"အင်မတန်ထူးဆန်းတဲ့ ပညာရပ်တွေဘဲနော် သခင်မကြီး....၊ သာမန်လူတွေဆိုရင်၊အသက်လေးဆယ်ကျော်ရင် ခေါင်းမွေး ဖြူချင်လာပြီ၊ သခင်မကြီးတော့ ရုပ်တွေမပျက်စီးဘူးလား ဟင်"

"နှစ်ပေါင်း လေးငါးရာခရီးက ဘုရားနှမတော် အနေနဲ့ သုံးလေးကြိမ် ရုပ်ဟောင်း-ရုပ်သစ်ကို ကူးပြောင်းရပါတယ် သခင်ကြီး၊ မျက်ကန်းစေ့တမှိတ် လျှပ်တပျက်အတွင်း ရုပ်ဟောင်းကို စွန့်ခွာပြီး၊ ဘွားကနဲပေါ်လာသဲ ရုပ်သစ်နဲ့ မိသည်ကို ခံယူပြီး ယခုအချိန်အတိ သခင်ကြီးကိုစောင့်မျှော်ခဲ့ရာမှ ပြန်လည်တွေ့ရခြင်း ဖြစ်ပါတယ်"

"ဘယ်လို ကူးတာလဲ သခင်မကြီးရယ်....ရုပ်ဟောင်းတွေကို ဘယ်လိုထားခဲ့သလဲ"

"အရှည်လျှောက်တင်ရရင် သခင်ကြီးရယ်၊ပညာအဆင့်အတန်းနူနယ်သေးလို့ ရှေ့သဘောတော် ကျမှာမဟုတ်ပါဘူး သခင်ကြီးဘုရား၊ ထားကြပါစို့....သခင်ကြီးဘုရား အသက်တဆယ်ကရုပ်ဟာ ခုရုပ်ဟုတ်သေးရဲ့လား"

"မဟုတ်ဘူးပေါ့ သခင်မကြီး၊ ငယ်ရုပ်တုန်းက ငယ်ရုပ်ဘဲ၊ ခု-မောင်တော် သခင်ကြီး အရွယ်ရောက် လူလားမြောက် လာတော့ လူကြီးရုပ်ပေါ့"

"ဟုတ်ပါပြီ သခင်ကြီး၊ ငယ်ရုပ်ဟာ ခု ဘယ်မှာရောက်နေသလဲ၊ ဘယ်လိုပျောက်သွားတယ်လို့မေးရင် သခင်ကြီး ဘယ်ကဲ့သို့ အမိန့်တော် ရှိမလဲ"

www.burmeseclassic.com

www.burmeseclassic.com



ငယ်ရုပ်ပျောင်းပျောက်သွားပြီ၊ ကြီးတဲ့ရုပ်ဟာကျန်ရစ်တယ်လို့ အဖြေတော်ပေးရမှာဘဲ သခင်မကြီး”

ဗိုလ်ကြီးအောင်မင်းကျော်သည် တောင်တန်းကေရီသခင်မကြီး၏ ရှေ့လည်တိုင် ကျော့ကျော့ရှင်း အောက်မှ အလွန်တရာ နုထွတ်ပျောင်းအိသော ရင်သား အထက်ပိုင်းစ အသားများကို ရွှန်းရွှန်း စားစားကြည့်ရင်း ပြောကြားလိုက်ပါသည်။

“ဒီနည်း-အတိုင်းပါဘဲ သခင်ကြီးဘုရား....၊ ဘုရား နှမတော်ရဲ့ ရုပ်ဟာ စိတ်တံခိုးသတ္တိ ထက်မျက်လာခြင်းနှင့် သမထတံခိုကြောင့် မနုဿလူသားတွေထက် လျင်မြန်သော ရုပ်ဟောင်းရုပ်သစ်ပြောင်းလဲမှုကို ဖန်တီးနိုင်စွမ်း ရှိပါတယ်၊ အဓိက ကတော့ စိတ်တံခိုးသတ္တိကို ပိုင်နိုင်စွာ သုံးနိုင်ခြင်းဖြစ်ပါတယ်၊ ဥပမာ ကိုင်း....မောင်တော် သခင်ကြီး၊ တဆိတ် သမထချဉ်ဝင်စားစမ်းပါ”

တောင်တန်း ကေရီ သခင်မကြီးက တောင်းပန်သည်တွင် အိပ်စက်ရင်းပင် ဗိုလ်ကြီး-အောင်မင်းကျော်သည် အာကာသပါနလုပ်ငန်းဆီသို့အာရုံပြောင်းလဲကာ နှလုံးသွင်းလိုက်သည် တခဏတွင် သူနှင့် တောင်တန်းကေရီသခင်မကြီးတို့သည် လေထဲတွင် မြောက်ပါသွားသည်ကို နားလည်လိုက်ရပေ၏။ အလွန် မြင့်မားသော တောင်တန်းကြီးများ၊ အဆောက် အဦများကို ရိပ်ကနဲ-ဝှိကနဲ ဖြတ်ကျော်ကာ မြေပြန့်ကျယ်ကြီးဆီသို့လေဟုန်စီးကာ လိုက်ပါခဲ့ကြသည်။ မကြာမီ ရေဓနုဖွေးဖွေးကိုတွေ့လိုက်ရပြီး ရေဖွေးဖွေးအပိုင်း၏ ကျွန်းလိုလို ဆိပ်ကမ်းလိုလိုနေရာသို့ ထိုးဆင်းခဲ့ကြသည်တွင် စည်ကားလှသောဘုရားရင်ပြင်ပေါ်သို့ ရောက်ရှိခဲ့ပေ၏။ ဗိုလ်ကြီး-အောင်မင်းကျော်သည် ဘုရားစေတီတော်ကြီးကို ဂရုတစိုက်ဖူးမျှော်လိုက်ရာ ရွှေတိဂုံစေတီတော်ကြီးမှန်းသိလိုက်ရပေ၏။



တောင်တန်းကေရီနှင့်သူသည် ရွှေတိဂုံစေတီတော်ကြီးတနင်္ဂနွေဒေါင့်မှနေ၍ ဖူးမျှော်ကာ ဘဝမကွာနိဗ္ဗာန်ရွှေပြည်ကိုရောက်ရှိရေး အတွက် ဆုတောင်းပဌာနပြုကာ၊ စေတီတော်ကြီးကို လက်ျာရစ်စတင်ကာရစ်ပတ်ခဲ့ကြသည်။ ရင်ပြင်ပေါ်၌ ဘုရားဖူးပရိသတ်များကိုလည်း တွေ့နိုင်ပေ၏၊ သို့ရာတွင် ပရိသတ်များသည် သူတို့နှစ်ဦးကို မြင်ဟန်မတူချေ။ သူတို့နှစ်ဦး ရှောက်လာရာသို့ ရင်ဆိုင်လာ၍ တိုးလိုက်ကြ၏။ သို့ရာတွင် သူတို့နှစ်ဦး၏ကိုယ်ကာယသည် မီးခိုးမျှင်တန်းကို လက်နှင့်ဖိလိုက်ရသည်ပမာ အသားထုတယ်ဟူ၍မတိုးမိဟန်ဖြင့် ကျော်လွန်ရှောက်ထွက်ကာ ဘုရားဖူးပရိသတ်များ၏ ကိုယ်ကာယတွေက လွန်သွားပါသည်။ သို့ရာတွင် ဗိုလ်ကြီး အောင်မင်းကျော်နှင့်တောင်တန်းကေရီသခင်မကြီးတို့၏ နှာခေါင်းများ အတွင်း၌ အင်မတန်စူးရှသော ချွေးနံ့ လူနံ့များ၊ စိမ်းရွှေရွှေအနံ့ဆိုးများက ကျန်ရစ်ခဲ့သည်။

“သခင်ကြီး ရှေ့နားပန်ဆင်တော်မူပါ....ဆိုးဝါးသော အနံ့များသည် အသားစားသူများ၏ကိုယ်ကာယမှ ထွက်ပေါ်နေသော အနံ့များဖြစ်၍ ဘုရားနှမအတွက် အင်မတန်အခံရ အရှုရခက်သော အနံ့ဆိုးများဖြစ်နေပါတယ်”

တောင်တန်းကေရီသခင်မကြီးက လျှောက်တင်လိုက်ပြီး သူမ၏ ညာဘက်လက်က ဗိုလ်ကြီး-အောင်မင်းကျော်၏ ဘယ်လက်ကို ဆွဲလိုက်ကာ ကောင်းကင်ပြင်ထဲသို့ ထိုးကာပျံတက်ခဲ့ပါသည်။ ထိုနောက် မြင့်မားသော တောင်တန်းကြီးများဆီသို့ တန်းတန်း မတ်မတ်ကြီး ပျံသန်းခဲ့ကြပြီးနောက် တောင်ရိုးတခုပေါ်သို့ထိုးကာ နှစ်ယောက်သားဆင်းခဲ့ကြပြန်သည်။ မြေသွားလမ်းကလေး တခု၏ ညာဘက် ဂူပေါက်တခုဆီသို့ တောင်တန်းကေရီသခင်မကြီးက ရှေ့ဆုံးမှပင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး သဘာဝအတိုင်း ပေါ်ထွက်နေသော အလင်းရောင်အောက်ဝယ် အရံသင့်ခင်းကျင်းထားသော သလွန်ကြီး တခုလည်း တွေ့လိုက်ရပေ၏။ သလွန်၏အနီး ကျောက်စားပွဲတခု ပေါ်တွင်မူကား....ကျောက်ရေတခေါင်းတလုံးနှင့် ကျော်ခွက်တခွက်ကို တွေ့ရပြီးနောက် ကျောက်ဖူပုပန်ပြားတချပ်အတွင်း၌ အမည်မဖော်နိုင်သော သစ်သီးနီနီရဲရဲနှစ်လုံးကို တွေ့လိုက်ရပေ၏။

တောင်တန်းကေရီသခင်မကြီးသည် သက်ပြင်း တချက် ချကာ သလွန်ကြီးကိုကြည့်ရင်း....

"ဖေါ်မစုံတဲ့ ဘဝတုံးက နှမတော်ဘုရားတဦးတည်းစံမြန်းခဲ့ရတဲ့ ဘဝဆိုးကဖြင့် လွတ်မြောက်ခဲ့ပါပြီ၊ မောင်တော်သခင်ကြီးရေကြည်တော်ကိုသောက်သုံးပြီး ဟောဒီက မဟာရဿသစ်သီးကိုသုံးဆောင်တော်မူပါသခင်ကြီး"

ဗိုလ်ကြီးအောင်မင်းကျော်သည် အနည်းငယ်သာဆာလောင်နေသည်ကြောင့် သစ်သီးတလုံးကို စားသောက်ရင်း ကျောက်ခွက်နှင့်ထည့်ပေးသည့်ရေတခွက်ကို သောက်ချလိုက်ရာ-သူ၏တကိုယ်လုံး ပူသွားပါတော့သည်။ သူ၏ကိုယ်တွင်းမှ အငွေ့များသည် အထက်သို့ပျံတက်သွားသည်ဟုထင်လိုက်ရပေ၏။ မျက်စေ့နှင့်နားတွေကလည်း ပွင့်ထွက်သွားသည်ဟုအောက်မေ့ရ၏။ သူ၏ပါးစပ်တွင်းမှလည်း အငွေ့တွေတလူလူ ထွက်နေသည်ဟူ၍လည်း ထင်မြင်နေပါတော့သည်။ ထိုနောက် တောင်တန်းကေရီသခင်မကြီးသည် ဗိုလ်ကြီးအောင်မင်းကျော်နည်းတူ ကျန်သည့်သစ်သီးတလုံးနှင့်ကျောက်ခွက်ရေကိုသောက်ချလိုက်ပြီးနောက်....

"ညဥ့်နက်ပြီသခင်ကြီး....အိပ်စက်ကြစို့ရှဲ"

ဗိုလ်ကြီးအောင်မင်းကျော်သည် အနည်းငယ် အေးလာသည့်အတွက် သလွန်၏ခြေရင်း၌ အရံသင့်ခေါက်ထားသည့် ကတီပါခြုံလွှာကိုဖြန့်ကာ သလွန်ထက်သို့လှဲချလိုက်ရာ- တောင်တန်းကေရီသခင်မကြီးသည် ဗိုလ်ကြီး-အောင်မင်းကျော်ကို သလွန်ခြေရင်းမှ ဦးသုံးကြိမ်ချကာ ကန်တော့လိုက်ပြီး ဘယ်ဘက်ဘေးမှ ဝင်ရောက်ကာ လဲလျောင်းလိုက်ပြီး ကတီပါစောင်ကြီးကို ဝင်ရောက် ခြုံလွှမ်းလိုက်ပါသည်။



ဗိုလ်ကြီးအောင်မင်းကျော်သည် တောင်တန်း ကရေီသခင်မကြီး၏ကိုယ်လုံးကို ပွေ့ဖက်လိုက်ရာတွင် အတော် အံ့အားသင့်သွားမိပေ၏။ ထို့ကြောင့်လည်းမသိမသာ ကတီပါခြုံလွှာ၏ အထက်စကို မ,ကာ အတွင်းပိုင်းသို့ကြည့်လိုက်မိပြန်သည်။ ချက်ခြင်းပင်အံ့သြလှပသောမျက်နှာဖြင့် တောင်တန်းကေရီ သခင်မကြီး၏ ပါးပြင်ကို မွှေးမွှေးမရပ်မနားပေးလိုက်ပါတော်သည်။ ကိုယ်ဝတ်လွှာတစုံတရာမရှိကြသော ကတီပါခြုံလွှာအောက်မှ ဗိုလ်ကြီးအောင်မင်းကျော်နှင့် တောင်တန်းကေရီသခင်မကြီးတို့အဘို့၌ တိပ်ငြိမ်သာယာလှသော ဂူတွင်းဝယ် နှစ်စိတ်မေတ္တာရိပ်မြုံဝယ် ချစ်တို့ဖလှယ် ရှင်မြူးလျက်ပါတကား....။

ကြေးငှက်သံများသည် တညံညံ တွန်ကြူးလျက် အရှေ့ဆီက နေရောင်ခြည်စများကို ကြိုလင့်နေတော့သည်။

တောင်တန်းကေရီသခင်မကြီးသည် နှစ်ခြိုက်စွာအိပ်မောကျနေရှာသည်။ ဗိုလ်ကြီးအောင်မင်းကျော်၏ နဖူးပြင်ကို တယုတယ ယနမ်းရှုံ့ကာ နက်မှောင်နေသော ဆံစများကို သူမ၏ ပြေပြစ်လှသော လက်ချောင်းကလေးများဖြင့် ပွတ်သပ်ကာ ရွှန်းရွှန်းစားစားကြည့်ရှုနေရှာပါသည်။ ဗိုလ်ကြီး အောင်မင်း ကျော်သည် အိပ်မောကျနေရာက အိပ်မက်မက်သည်ကြောင့်....

"သခင်မကြီး....သခင်မကြီး- ဒီဘက်ကိုလျောက်ရအောင် လာ-လာ"ဟူ၍ ပါးစပ်မှယောင်ရမ်းကာ သူ၏လက်တဖက် တောင်တန်း

www.burmeseclassic.com

www.burmeseclassic.com



ကေရီသခင်ကြီး၏ကျောပြင်ပေါ်သို့ လှမ်းကာဖက်လိုက်ပါတော့သည်။

"မောင်တော်သခင်ကြီး"

လေသံကလေးနှင့် ခေါ်ယူလိုက်ပြီး တောင်တန်းကေရီ-သခင်မကြီးက ဗိုလ်ကြီး-အောင်မင်းကျော်၏ပါးပြင်ကို သူမ၏ပါးပြင်နှင့်ကပ်ကာ နှိုးလိုက်ပါသည်။ မျက်လုံးများကိုပွတ်ကာ ဗိုလ်ကြီး-အောင်မင်းကျော်သည် အိပ်ရာမှနိုးလာပြီးနောက်....

"ဩြော်....နေ့တောင်မြင့်နေပါပကောလား သခင်မကြီးနိုးနေတာကြာပြီလားဟင်"

မေးမြန်းရင်း သူ၏ကိုယ်ပေါ်သို့တောင်တန်းကေရီသခင်မကြီးကိုဆွဲကာတင်ယူလိုက်ပြန်ပါသည်။

"မကြာမတင်ကာလသာ နှမတော်ဘုရားနိုးခဲ့တာ မျက်နှာတော်သစ်ပြီး ရှေ့ခရီးဆက်ကြစို့ရဲ့မောင်တော်သခင်ကြီး"

ဤတွင်ဗိုလ်ကြီးအောင်မင်းကျော်သည် သလွန်ထက်မှ တောင်တန်းကေရီသခင်မကြီးနှင့်ယှဉ်တွဲကာ ဂူအပြင်ဘက်သို့ ထွက်ခဲ့ကြပါသည်။ ဂူ၏လက်ျာဘက်တွင် တဝေါဝေါစီးဆင်းနေသော စမ်းချောင်းအနီးတွင် နှစ်ယောက်သားယှဉ်တွဲကာရပ်လိုက်ကြပြီး မျက်နှာသစ်လိုက်ကြပြန်သည်။

"မကြာခင် စောသံ့ါနဲ့အတွင်းပုဂ္ဂိုလ်ကြီးလေးဦးတို့ ရောက်လာကြလိမ့်မယ်သခင်ကြီး....ဒီနေရာက အသင့်စောင့်နေကြတို့ ဖြစ်ပါတယ်"

"ဩြော်... စောခမ်းနွဲ့တို့ပါ ရောက်လာမှာကိုး၊ ခုသွားရမှာက ဒီမြေလှမ်းကလေးအတိုင်းဘဲလား"

"မှန်ပါတယ်သခင်ကြီး...ဒီသီလဝံသအတွင်းနယ်ကို သခင်မကြီး



အမိန့်မရဘဲ မည်သူမှ ဝင်ထွက်သွားလာခြင်းမရှိစေရပါဘူး၊ ခုခရီးလမ်းထက်ဝက်မှာ ဘုရားနှမတို့ရောက်ရှိနေခြင်းဖြစ်ပါတယ်"

စကားပြောရင်း ကြည့်ရှုကြရင်း ဗိုလ်ကြီး-အောင်မင်းကျော်နှင့် တောင်တန်းကေရီသခင်မကြီးတို့သည် အင်မတန် သာယာလှသော တောင်တန်းကြီးများကို ကြည့်ရှုကာနေစဉ်တွင် သူတို့နေ့ံပိုင်းဆီမှ ခြေလျင်လာကြသောလူတစုကို တွေ့လိုက်ရပေ၏။ ရှေ့ဆုံးမှ စောသံ့ါက ခေါင်းဆောင်ပြီး၊ နောက်တွင် အတွင်းပုဂ္ဂိုလ်ကြီး လေးဦးတို့သည် ခတ်သုတ်သုတ်ခြေလှမ်းများနှင့် လာနေကြပါသည်။

မကြာမီ စောခမ်းနွဲ့တို့ ဆိုက်ရောက်လာပြီး နှုတ်ခွန်းဆက်ကာ တောင်တန်းကေရီသခင်မကြီးသည်ရှေ့ဆောင်ကာ ခြေလမ်းကလေးအတိုင်း တောင်ကျောပေါ်သို့ ဆက်လက် လျှောက်ခဲ့ကြပါသည်။ ကျောက်ထူထပ်သောတောင်တန်းကြီးများဖြစ်ပြီး၊ သစ်ပင်ပန်းမလ်များကလည်း ထူးခြားစွာစိမ်းလန်းစိုပြေနေပါတော့သည်။

"မောင်တော်သခင်ကြီး လက်ျာဘက်ကို ရှုစားတော်မူပါ"

တောင်တန်းကေရီ သခင်မကြီးက တောင်းပန်လိုက်သည့်ကြောင့် သူတို့ခရီးသွားနေရာမှ လက်ျာဘက်သို့လှမ်းကြည့်လိုက်ရာ တတောင်လုံး နီရဲနေသော မီးလောင်ပြင်ကြီးကဲ့သို့ တောင်တန်းကြီးကို တွေ့လိုက်ရပေ၏။

"ဘယ်လိုဖြစ်တာလဲ့ သခင်မကြီး ရဲတက်နေတာ"

"မှန်လှပါသခင်ကြီး၊ ပတ္တမြား တောင်တန်းကြီး ဖြစ်ပါတယ်၊ အဲဒီနောက်က စိမ်းနေတာဟာ မြ-တောင်တန်းကြီး ဖြစ်ပါတယ်.... ခုလောက် ရတနာတွေ ပေါနေတဲ့နေရာမှာ လောဘဆိုတဲ့ စိတ်ကိုကင်းပါယ်ဘို့ အရေးကြီးပါတယ်၊ လောဘသားတွေက မရှိတာ ရှားပါးတာကို တံဘိုးထားကြပါတယ်၊ ပေါများခြင်း၊ ကြွယ်ဝခြင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေခဲ့ရင် တန်ဘိုး မထားကြပါဘူး၊ ဒါကြောင့်လဲ သခင်မကြီးရဲ့ သီလဝံသမြို့သူမြို့သားတွေအဘို့ အမိကဟာ တရားတော်ကို အမြတ်နိုးဆုံးဖြစ်ပါတယ်”

ဗိုလ်ကြီး-အောင်မင်းကျော်သည် အဘိုးတန်လှသော ပတ္တမြားတောင်တန်ကြီး၊ မြ-တောင်တန်းကြီးများကို တအံ့သြသြနှင့်ကြည့်ရှုနေရင်း ချီတက်ခဲ့ကြပြန်သည်။

သုံးမိုင်ခန့် လျှောက်မိကြသည်တွင် တောင်တန်းကြီး၏ အခြေအနေမှာ သိသိသာသာကြီး ပြောင်းလွဲလာချေ၏။ ကျောက်ဂူများ၊ ကျောင်းအဆောက်အဦးများနှင့်တူလှသည့် ကျောက်မိုးကြီးများကို စတင်ကာတွေ့လိုက်ရပေ၏။ တနေရာ၌မူကား မုတ်ဆိတ်မွေးဖါးဖါးနှင့် ယောဂီဝတ်ပုဂ္ဂိုလ်ကြီးတပါးသည် တင်ပလ္လင်ခွေကာ ဈာန်ဝင်စား နေလေသည်။

“အဲဒီပုဂ္ဂိုလ်ဟာ သုံးလပိုင်းအချိန်အထိ ဈာန်ဝင်စား နေခြင်းဖြစ်ပါတယ် သခင်ကြီး”

“ဘယ်လို သုံးလပိုင်း....ဟုတ်လား၊ ရေမသောက်-အစာမစားရင် အားပြတ်ပြီး သေမသွားဘူးလား သခင်မကြီး”

“မှန်လှပါ....သခင်ကြီးကို စောင့်မျှော်နေရှာတဲ့ ပုဂ္ဂိုလ်ကြီးနဲ့ တွေ့ရင် မေးမြန်းခွင့်ရှိပါတယ် သခင်ကြီး”

“ဒါတော့ထားပါလေ.... မိုးရွာ၊နှင်းကျ၊နေဒဏ်ကို အတော်ခံရရှာမှာဘဲနော် သခင်မကြီး”

“စိတ်တံခိုးသတ္တိနဲ့ ထက်မျက်မှု၊ သီလ-သမာဓိရဲ့ တံခိုးကို ဒီလိုမြင်ပဒဏ်တွေဟာ မထိုးဖေါက်နိုင်ပါဘူး သခင်ကြီး၊ ခုလို သူတော်ကောင်းထွေနေရာမှာ ရာသီဥတုရဲ့ ပြင်းပျမှုဒဏ်ဟာလဲ မရှိစကောင်းပါဘူး၊ နေအလွန်ပူခြင်း၊ မိုးသည်းထန်ခြင်း၊ နှင်းကျကာ အချမ်း



ပိုကဲခြင်းစသည့် မကောင်းသည့် ရာသီဥတုဒဏ် များဟာ မပေါ်ပေါက်စေရပါဘူး သခင်ကြီး”

“အံ့သြစရာပါဘဲ သခင်မကြီးရယ်”

ဗိုလ်ကြီး-အောင်မင်းကျော်က ဝန်ခံပြောဆို လိုက်ပြန်ပါသည်။

“မြင်တော်မူရဲ့လား သခင်ကြီး....ဟောဟိုက ပုဂ္ဂိုလ်တွေ ဆိုရင် သူတို့ရဲ့ ဝိညာဉ်တွေဟာ ဗြဟ္မာ့ဘုံမှာရောက်နေကြတယ်၊ ရုပ်ခန္ဓာသာ ပတ်မှာ လွန်ကဲနေကြတဲ့ ယောဂီပုဂ္ဂိုလ်ကြီးတွေဖြစ်ပါတယ်”

တောင်တန်း ကေရီ သခင်မကြီးသည် တနေရာသို့ညွှန်ပြရာ ဗိုလ်ကြီး- အောင်မင်းကျော်နှင့် စောခမ်းနွဲ့တို့က ဂရုတစိုက်ကြည့်ရှုလိုက်သည်အခါ ရုတ်တရက် ချုံပုတ်ကြီးများကို တွေ့လိုက်ရပေ၏။ ထိုကြောင့် ချုံပုတ်ကြီးများကို သေချာစွာ ကြည့်ရှုလိုက်သည်တွင် လူတယောက်စီ၏တင်ပလ္လင်ခွေထိုင်ကာ နေသောပုံများပေါ်ပေါက်လာပြန်သည်။

“ဟာ... လူကို သစ်ပင်-နွယ်ပင်တွေ ပါတ်နေတာဘဲ သခင်မကြီးရယ်....”

ဗိုလ်ကြီး-အောင်မင်းကျော်က လွှတ်ကနဲ အံ့ အား သင့် စွာ ဖြင့် ပြောလိုက်ရာ....

“မှန်ပါသယ် သခင်ကြီး၊ ဘယ်လိုအမိဋ္ဌာန်နဲ့ သမထဈာန်ဝင်စား ခဲ့တယ်ဆိုဘာ ရွှေဥာဏ်ဆင်တော်မူပါ သခင်ကြီး၊ ကိုယ်လုံးကို သစ်ပင်-နွယ်ပင်တွေ ရစ်ပတ်နေတဲ့ အခြေအနေတောင် ကြာမြင့်စွာ အားထုတ်ခြင်းဖြစ်ပါတယ်”

“အဲဒီပုဂ္ဂိုလ်ကြီးတွေဟာ ယခုနေရာက အာယုကြောင်း ပြတ်သွားတာနဲ့ တပြိုင်နက်ထည်း ဗြဟ္မာ့ဘုံမှာ တန်းပြီး ဗြဟ္မာ ဘဝကို ကူးကြမဲ့ပုဂ္ဂိုလ်တွေဖြစ်တယ်”

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်ဆက်လက်၍ ခြေလမ်းကလေး အတိုင်း ချီတက်ခဲ့ကြသည်တွင် ကျယ်ပြန့်သော လမ်းကြောင်းတခုကို ရောက်ရှိခဲ့ကြပါသည်။ လမ်းတလျှောက်တွင် သစ်သီးမျိုးစုံ ပွင့်ဖူးနေကြသော သစ်ပင် ဝါးပင်များကိုတွေ့ရှိရပြီး၊ အရိပ်အာဝါသ ကောင်းမွန်လှပါပေ၏။

ကျောက်မီး-ကျောက်ကာထားသောအဆောက်အဦးကြီးတခု၏ အပေါက်ဝမှ ပိတ်ပြူဝတ်ထားသော ပုဂ္ဂိုလ်တဦးသည် လူးလာတုံ့ပြန် လမ်းလျှောက်နေသည်ကို ဗိုလ်ကြီး-အောင်မင်းကျော်တို့ကတွေ့လိုက်ရပေ၏။

"လာကြ-လာကြ....အဘိုး-အာယုဆီရောက်ပြီ၊ သူ့ ခမျာ စောင့်မျှော်နေတာ ကြာပြီထင်ပါရဲ့"

တောင်တန်းကေရီ သခင်မကြီးက ပြောလိုက်ပြီး....ဝမ်းမြောက်ဝမ်းသာနှင့် ရှေ့ဆုံးမှတက်သွားပါသည်။

အသက်ခြောက်ဆယ်ခန့် ခေါင်းပေါင်းဖြူဖေါ့လုံးထုံးထားသည့် အဘိုးကြီးသည် ရွှင်ပြုံးသောမျက်နှာဖြင့်....

"သခင်ကြီး ကျန်းမာတော်မူပါစ"

ရှတ်တရက် လှမ်း၍နှုတ်ဆက်လိုက်ပါသည်။

ဤတွင်ဗိုလ်ကြီး-အောင်မင်းကျော်သည်ချက်ခြင်းသတိရကာ....

"ဟာ....ဘိုးဘိုး-သက်ရှည်ပါကလား၊ ဝမ်းသာလိုက်တာဘိုးဘိုးရယ်"

ပြန်လှန်၍နှုတ်ဆက်ရင်း အနီးသို့ပြေးသွားပါသည်။

တောင်တန်းကေရီသခင်မကြီးသည် ရှေ့ဦးစွာ ကန်တော့ဝတ်ပြုလိုက်ရာ ဗိုလ်ကြီး-အောင်မင်းကျော်ကလည်း ရှိသေ သမှု အနေဖြင့် ကန်တော့ဦးချ လိုက်သည်တွင် နောက်ပါ ပရိသတ် အားလုံးသည် ဝတ်ပြုလိုက်ကြပါသည်။



ဘိုးဘိုး-သက်ရှည်သည် တည်ငြိမ်လှသော မျက်နှာဖြင့် ဆုများပေးအပ်နေပြန်ပါသည်။

ဗိုလ်ကြီး-အောင်မင်းကျော်သည် ဘိုးဘိုး-သက်ရှည်၏ ယခုမျက်ဝါးထင်ထင် နီးကပ်စွာတွေ့မြင်နေရခြင်းကြောင့် ဇေ့ဇေ့စပ်စပ်ကြည့်ရှုလိုက်ပါသည်။

မကြာခဏတွေ့မြင်နေကြ ဖြူဆွတ်သော ဆံပင်အစားနှင့် နှုတ်ခမ်းမွေးအစား၊ နက်ပြောင်သောဆံပင်နှင့် နှုတ်ခမ်းမွေးများကို တွေ့လိုက်ရပြီး မျက်နှာအမူအယာမှာလည်း မအိုသေးသော အဖြစ်ကိုတွေ့ရှိပြီး၊ သူနှင့်ခါးတိုင်းတွေ့နေကြ အမူအယာတိုင်းပင် တွေ့ရှိလိုက်ကြပါသည်။

"စဉ်းစားနေသလား သခင်ကြီး၊ ဆံပင်နဲ့နှုတ်ခမ်းမွေးမဖြူတာက လွဲပြီး အားလုံးဟာ ဘိုးသက်ရှည်ပါဘဲလေ....ဟိုတုန်းကဘော့ အသက်အရွယ်နဲ့ သဏ္ဌာန်လုပ် သရုပ်နဲ့တူအောင် ဖန်ဆင်းထားရတယ်"

"ရောက်မဆိုက်ဘဲ ဘိုးသက်ရှည် အမိန့်ရှိရအုံးမယ်၊ သခင်ကြီးလာခဲ့တဲ့မြေပြန့်မှာ သာသနာ့ရန်သူတွေကြောင့် ရဟန့်ရှင်လူတွေ အတိဒုက္ခရောက်နေကြပြီ၊ ဂျပန်အယုတ်တမာတွေဟာ ကျောင်းကန်ဘုရားတွေမှစပြီး ရဟန်းတွေ၊ သူတော်ကောင်းတွေ၊ မြန်မာ အမျိုးသားတွေကို နှိပ်စက်နေကြပြီ သခင်ကြီး"

× × × ×

ဤတွင် နေ့စဉ်မှတ်တမ်း ဒုတိယတွဲသည် ပြီးဆုံးသွားပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနေနှင့် ဗိုလ်ကြီး-အောင်မင်းကျော်၏ တတိယတွဲ နေ့စဉ်မှတ်တမ်းကို အခရေးတကြီး ဖြတ်တောက် ဖတ်ရှုကြည့်လိုက်ရာတွင် ရုပ်ကူး-နာမ်ကူးပညာရပ်များအကြောင်း၊ သူနှင့်ရဲမက်များ၏ အပြန်ခရီးလမ်းနှင့် ဖက်ဆစ်တိုက်ပွဲကြီးများ၊ ဗိုလ်ကြီး-အောင်မင်းကျော်၏ သီလဝံသမြို့တော် သို့မဟုတ် ဥတ္တရံပူရမြို့တော်သို့ အပြီးအပိုင် ပြန်သွားခြင်းနှင့်အန္တရာယ်များ....

တောင်တန်းဧကရီ သခင်မကြီးနှင့် ဗိုလ်ကြီး-အောင်မင်းကျော်တို့၏ ရင်ခွဲသွားသားရတနာနှင့် ဗိုလ်ကြီး-အောင်မင်းကျော်နှင့် စောခမ်းနွဲ့ခေါ် စောသခ်ါတို့၏ရင်သွေးသားရတနာများ၏အကြောင်းအရာများ၊ မှတ်တမ်းများကိုဖတ်ရှုရပြန်ပါသည်။

ဒုတိယတွဲကို ယခုတောင်တန်းဧကရီဝတ္ထု ဒုတိယပိုင်းနှင့် ပြီးဆုံးရန် ရည်ရွယ် ထားပါသော်သည်း အကြောင်းအရာ အချက်အလက်များမှာ များပြားလွန်း၍ ဒုတိယတွဲတအုပ်ထည်းနှင့် မဖေါ်ပြ မပြီးဆုံးခြင်းကို စာဖတ် ပရိသတ်များအား တောင်းပန်အပ်ပါကြောင်း။

ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းနိုင်ကြပါစေသတည်း။

ဗိုလ်တာရာ

[ရဲဘော်သုံးကျိပ်]

# ရှေ့လတွင် ထုတ်ဝေမည့် ဝတ္ထုကောင်း တပုဒ်

## ဗိုလ်မြင့် ရေး-

# ကျွန်းဝေဟင်ဝယ်

လေယာဉ်ဝတ္ထုရေးရာတွင် ယနေ့ဗမာပြည်၌ အထင်ရှားဆုံးဖြစ်သော စာရေးဆရာ "ဗိုလ်မြင့်" က တကယ့်သဘာဝ ကျကျဖြင့် သေသေသပ်သပ် ရေးသားထားသောဝတ္ထု။

စာရေးဆရာ ဗိုလ်မြင့် ဆိုလျှင် စာဖတ်ပရိသတ်များ အားလုံး သိရှိတော်မူကြသည့်အတိုင်းဖြစ်လို့ မို့ အထူး ကျေညာရန် လိုမည်မထင်ပါ။

သို့အတွက်ကြောင့် စာရေးဆရာ ဗိုလ်မြင့် တယောက်က ဝေဟင်ပေါ်မှ လေယာဉ်စစ်တိုက်ခန်းများနှင့် အချစ်၏အကြောင်းအရာများ မည်သို့မည်ပုံ ကလောင်သွေးထားလိုက်သည်ကို စောင့်မျှော်၍ ဖတ်ရှုတော်မူကြပါ။

ရှေ့လထွက်မည် တအုပ် တကျပ်။

နယ်ကိုယ်စားလှည်တော်ကြီးများ အမှာစာကြိုတင်ပို့မှ စိတ်ချရမည်။

"ဖလင်စတားစာပေ" အမှတ် ၂၇၆-ဘားလမ်း ရန်ကုန်မြို့။

www.burmeseclassic.com